# သုတ္တနိပါတ်

(သို့မဟုတ်)

# မြတ်ဗုဒ္ဓ၏ဓမ္မအမြုတေများ

၉၂

ဓမ္မာစရိယဦးမောင်မောင်လေး

ဝင်းမော်ဦးစာပေတိုက်၊ ရန်ကုန်မြို့။

ဦးကြည်ညွန့်
အမှတ်-၂၃၊ ကျောင်းလမ်း၊ မြေနီကုန်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဝင်းဖေဦး
စာပေဖြန့်ချိရေး
အမှတ်၊ ၅၀၁၊ ကုန်သည်လမ်း၊
ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ် (၀၁၄၆)
စာအုပ်စာတမ်းဆိုင်ရာ မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၀၇၉၈

ပထမအကြိမ်

အုပ်ရေ-၁၅၀၀

၁၉၈၂-ခု၊ အောက်တိုဘာလ

အရောင်ရိုက်-ကာလာမောင်ဝင်း

ဇော် စာအုပ်ချုပ်လုပ်ငန်း
အမှတ် ၁၁၄၊ ၉၂ လမ်း၊ ကန်တော်ကလေး

ရောင်းဈေး-၁၅ (တစ်ဆယ့်ငါးကျပ်)

ပုံနှိပ်သူနှင့်/ထုတ်ဝေသူ

ရွှေဟသာပုံနှိပ်တိုက် (၀၁၀၀) အမှတ် ၉၂၊ ၉၃ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့တွင် ဦးကျော်ညွန့်က တာဝန်ခံ ပုံနှိပ်၍ ရွှေစင်ဝင်းစာပေ (၀၂၁၄၅) အမှတ် ၁၂၉၊ စုဒပေါင်းအိမ်ယာ၊ သုဝဏ္ဏမြို့မှ ဒေါ်ဝင်းကြည်က တာဝန်ခံ ထုတ်ဝေသည်။

ဓမ္မာစရိယ ဦးမောင်မောင်လေး

သုတ္တနိပါတ်

[သို့မဟုတ်]

# မြတ်ဗုဒ္ဓ၏ဓမ္မအမြုတေများ

# မာတိကာ


အဖွင့်နိဒါန်း .... ၉

၁။ ဥရဂဝဂ်

၁။ ဥရဂသုတ်-မြွေဥပမာတရား .... ၁၇
၂။ ဓနိယသုတ်-နွားကျောင်းသား၏ ဝင့်ကြွားသံ .... ၂၉
၃။ ခဂ္ဂဝိသာဏသုတ်-ကြံ့ချိုဥပမာတရား .... ၃၆
၄။ ကသိဘာရဒွါဇသုတ်-လွတ်မြောက်ရေး လယ်သမား .... ၈၈
၅။ စုန္ဒသုတ်-စုန္ဒအား ရဟန်းလေးမျိုးကို ဟောကြားခြင်း .... ၉၃
၆။ ပရာဘဝသုတ်-ဆုတ်ယုတ်ပျက်စီးခြင်း အကြောင်းတရားများ .... ၉၆
၇။ ဝသလသုတ်-သူယုတ်မာတို့၏တရား .... ၁၀၁
၈။ မေတ္တသုတ်-မေတ္တာပွားများပုံ .... ၁၀၅
၉။ ဟေမဝတသုတ်-ဟေမဝတ နတ်ဘီလူးအား ဆုံးမခြင်း .... ၁၀၈
၁၀။ အာဠဝကသုတ်-အာဠဝကနတ်ဘီလူးကို ဆုံးမခြင်း .... ၁၁၈
၁၁။ ဝိဇယသုတ်-ရာဂကို အောင်နိုင်ရေး .... ၁၃၄
၁၂။ မုနိသုတ်-မုနိဟုဆိုထိုက်သူ .... ၁၃၆

၂။ စူဠဝဂ်

၁၃။ ရတနသုတ်-ရတနာသုံးပါး၏ ဂုဏ်တော်များ .... ၁၄၈
၁၄။ အာမဂန္ဓသုတ်-ညှီစော်နံသောတရား .... ၁၅၄

၁၅။ ဟိရိသုတ်-အရှက် မရှိသောမိတ်ဆွေ .... ၁၆၂
၁၆။ မင်္ဂလသုတ်-မင်္ဂလာတရား သုံးဆယ့်ရှစ်ပါး .... ၁၆၈
၁၇။ သူစိလောမသုတ်-သူစိလောမဘီလူးအား
ဆုံးမခြင်း .... ၁၇၁
၁၈။ ဓမ္မစရိယသုတ်-တရားကိုကျင့်ကြံရေး .... ၁၇၄
၁၉။ ဗြာဟ္မဏ ဓမ္မိကသုတ်-တရားစောင့်သော
ပုဏ္ဏားများ .... ၁၇၈
၂၀။ နာဝါသုတ်-လှေ ဥပမာတရား .... ၁၈၂
၂၁။ ကိံသီလသုတ်-မင်္ဂဖိုလ်ရောက်ကြောင်း
အကျင့်သီလ .... ၁၈၅
၂၂။ ဥဋ္ဌာနသုတ်-ထကြလို့ လရှိချန်
တိုက်တွန်းခြင်း .... ၁၈၈
၂၃။ ရာဟုလသုတ်-ရှင်ရာဟုလာအား ဆုံးမဩဝါဒ
ပေးခြင်း .... ၁၉၁
၂၄။ နိဂြောဓကပ္ပသုတ်-လွတ်မြောက်သွားသော
အရှင်နိဂြောဓကပ္ပ .... ၁၉၄
၂၅။ သမ္မာပရိဗ္ဗာဇနီယသုတ်-ကောင်းစွာ
နေနိုင်ရေးတရားများ .... ၁၉၆
၂၆။ ဓမ္မိကသုတ်-တရားစောင့်သောဥပါသကာ .... ၂၀၃

၃။ မဟာဝဂ်

၂၇။ ပဗ္ဗဇ္ဇာသုတ်-အလောင်းတော်သိဒ္ဓတ္ထ
ရဟန်းပြုခဲ့ပုံ .... ၂၀၈
၂၈။ ပဓာနသုတ်-အလောင်းတော်သိဒ္ဓတ္ထ
တရားအားထုတ်ခဲ့ပုံ .... ၂၁၂

၂၉။ သုဘာသိတသုတ်-ကောင်းစွာပြောဆိုအပ်သောစကား .... ၂၁၉

၃၀။ သုန္ဒရိကဘာရဒွါဇသုတ်-မှန်ကန်သော ပူဇော်မှုကို လိုလားသောပုဏ္ဏား .... ၂၂၁

၃၁။ မာဃသုတ်-မာဃလုလင်၏ ဒါနပြဿနာ .... ၂၂၇

၃၂။ သဘိယသုတ်-သဘိယပရိဗိုဇ်၏ ပြဿနာငါးချပ် .... ၂၃၁

၃၃။ သေလသုတ်-လက္ခဏာဖတ်သော သေလပုဏ္ဏား ... ၂၄၀

၃၄။ သလ္လသုတ်-သောကမြားကို နုတ်ပယ်ရေး .... ၂၄၅

၃၅။ ဝါသေဋ္ဌသုတ်-ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့၏ ပြဿနာကို ဖြေကြားခြင်း .... ၂၄၈

၃၆။ ကောကာလိကသုတ်-အဂ္ဂသာဝက နှစ်ပါးကို ပြစ်မှားသောကောကာလိက .... ၂၅၂

၃၇။ နာလကသုတ်-မောနေယျအကျင့်ကို ကျင့်သောရှင်နာလက .... ၂၅၇

၃၈။ ဒွယတာနုပဿနာသုတ်-နှစ်ပါးစုံ တရားများကိုရှုခြင်း .... ၂၆၂


## ၄။ အဋ္ဌကဝဂ်


၃၉။ ကာမသုတ်-ကာမဂုဏ်တို့၏အပြစ်ကို ဟောကြားခြင်း .... ၂၆၇

၄၀။ ဂုဟဋ္ဌကသုတ်-ခန္ဓာကိုယ်တည်းဟူသော လှိုဏ်ဂူ .... ၂၇၀

၄၁။ ဒုဋ္ဌဋ္ဌကသုတ်-ယုတ်ညံ့သောအကျင့်၌တည်သူ.... ၂၇၄

၄၂။ သုဒ္ဓဋ္ဌကသုတ်-စင်ကြယ်သောအကျင့် တည်သူ .... ၂၇၀

၄၃။ ပရမဋ္ဌကသုတ်-မြင့်မြတ်သောအကျင့်၌ တည်သူ .... ၂၇၁

၄၄။ ဇရာသုတ်-အိုခြင်းတရား .... ၂၇၄

၄၅။ တိဿမေတ္တေယျသုတ်-တိဿနှင့်မေတ္တေယျ တို့အား ဟောကြားချက် .... ၂၇၇

၄၆။ ပသူရသုတ်-ဝါဒပြိုင်လိုသော ပရိဗိုဇ် .... ၂၈၁

၄၇။ မာဂဏ္ဍိယသုတ်-ဗုဒ္ဓအား သားမက် ဖမ်းလိုသော မာဂဏ္ဍိယပုဏ္ဏား .... ၂၈၄

၄၈။ ပုရာဘေဒသုတ်-မသေမီလုပ်ရမည့်အလုပ် .... ၂၈၉

၄၉။ ကလဟဝိဝါဒသုတ်-ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံ ခြင်း၏အကြောင်း .... ၃၀၂

၅၀။ စူဠဗျူဟသုတ်-ဝါဒစစ်ဆင်ရေးအကျဉ်း .... ၃၀၇

၅၁။ မဟာဗျူဟသုတ်-ဝါဒစစ်ဆင်ရေးအကျယ် .... ၃၁၄

၅၂။ တုဝဋ္ဋကသုတ်-လျင်မြန်စွာ ကိလေသာ ငြိမ်းအေးကြောင်းတရား .... ၃၂၀

၅၃။ အတ္တဒဏ္ဍသုတ်-မိမိကိုယ်မိမိ အပြစ်ဒဏ်ခတ်ခြင်း ၃၂၅

၅၄။ သာရိပုတ္တသုတ်-ရှင်သာရိပုတ္တရာအား ဟောကြားသောတရား .... ၃၂၈


## ၅။ ပါရာယနဝဂ်


၅၅။ အဇိတလုလင်၏ မေးခွန်း .... ၃၃၈

၅၆။ တိဿမေတ္တေယျလုလင်၏ မေးခွန်းကိုဖြေခြင်း .... ၃၄၀

# မာတိကာ


၅၇။ ပုဏ္ဏကလုလင်၏ မေးခွန်းကို ဖြေခြင်း .... ၃၄၁
၅၈။ မေတ္တဂူ လုလင်၏ မေးခွန်းကို ဖြေခြင်း .... ၃၄၂
၅၉။ ဓောတကလုလင်၏ မေးခွန်းကို ဖြေခြင်း .... ၃၄၂
၆၀။ ဥပသီဝ မေးခွန်းကို ဖြေခြင်း .... ၃၄၃
၆၁။ နန္ဒလုလင်၏ မေးခွန်းကို ဖြေခြင်း .... ၃၄၅
၆၂။ ဟေမကလုလင်၏ မေးခွန်းကို ဖြေခြင်း .... ၃၄၆
၆၃။ တောဒေယျလုလင်၏ မေးခွန်းကို ဖြေခြင်း .... ၃၄၇
၆၄။ ကပ္ပလုလင်၏ မေးခွန်းကို ဖြေခြင်း .... ၃၄၇
၆၅။ ဇတုကဏ္ဏိ လုလင်၏ မေးခွန်းကို ဖြေခြင်း .... ၃၄၈
၆၆။ ဘဒြာဝုဓလုလင်၏ မေးခွန်းကို ဖြေခြင်း .... ၃၄၉
၆၇။ ဥဒယလုလင်၏ မေးခွန်းကို ဖြေခြင်း .... ၃၄၉
၆၈။ ပေါသာလလုလင်၏မေးခွန်းကို ဖြေခြင်း .... ၃၅၀
၆၉။ မောဃရာဇလုလင်၏ မေးခွန်းကို ဖြေခြင်း .... ၃၅၁
၇၀။ ပိင်္ဂိယလုလင်၏ မေးခွန်းကို ဖြေခြင်း .... ၃၅၁


| | |
|---|---|
| ဝဂ် | ၅ ခု |
| သုတ် | ၇၀ |
| ဂါထာ | ၅၃ |
| ဂါထာ စုဏ္ဏိယရော | ၁၇ |
| ဂါထာပေါင်း | ၁၁၅၅ |
| အဋ္ဌကထာ | ပရမတ္ထဇောတိကာ |
| ရှင်ဗုဒ္ဓဃောသ | |
| ပါဠိ မျက်နှာ | ၄၅၅-၂၇၆=၁၇၉ |
| မြန်မြန် | ၄၃၁-၂၆၃=၁၆၈ |
| ဘာဏဝါရ | ဂ |

# အဖွင့် နိဒါန်း

## သုတ္တနိပါတ်ကျမ်း

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သုံးလမြောက်သောအခါ ရှင်မဟာကဿပအမှူးရှိသော ရဟန္တာငါးရာတို့သည် ရာဇဂြိုဟ်ပြည်၌ စည်းဝေး၍ ဗုဒ္ဓမြတ်စွာ ဟောကြားခဲ့သော တရားတော်များကို အညီအညွတ် စုပေါင်းရွတ်ဆိုကာ သံဂါယနာ တင်ခဲ့ကြသည်။ ယင်းသို့ သံဂါယနာတင်သည့်အခါ ဗုဒ္ဓမြတ်စွာ၏ စကားတော် "ဗုဒ္ဓဝစန" များကို ဓမ္မဝိနယအားဖြင့် နှစ်ပါး၊ ဝိနယ၊ သုတ္တန္တ၊ အဘိဓမ္မ ဟူ၍ ပိဋကတ်အားဖြင့် သုံးသွယ်၊ဒီဃ၊ မဇ္ဈိမ၊ သံယုတ္တ၊ အင်္ဂုတ္တရ၊ ခုဒ္ဒက ဟူ၍ နိကာယ်အားဖြင့် ငါးရပ် ခွဲခြားသတ်မှတ်ခဲ့ကြသည်။

အထက်ပါ နိကာယ် ငါးရပ်တို့တွင် နောက်ဆုံးဖြစ်သော ခုဒ္ဒကနိကာယ်၌ ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ ဥဒါန၊ ဣတိဝုတ္တက၊ သုတ္တနိပါတ၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ၊ ထေရီဂါထာ၊ ဇာတက၊ နိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ္ဂ၊ အပဒါန၊ ဗုဒ္ဓဝံသ၊ စရိယာပိဋက ဟူ၍ ကျမ်း ၁၅ ကျမ်း ရှိသည်။ ယင်းတို့အနက် သုတ္တနိပါတ်သည် ပဉ္စမမြောက်ကျမ်း ဖြစ်သည်။ "သုတ္တနိပါတ" ဟူသည် သုတ်တို့၏ အစုအဝေး ဟူ၍ အဓိပ္ပာယ် ရသည်။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ အဖြစ်အပျက် တစ်ခုခုကိုဖြစ်စေ

အကြောင်းပြု၍ မြတ်စွာဘုရား၏ ဟောကြားဆုံးမချက်များ ပါဝင်သော စကားရပ်ကို သုတ် ဟုခေါ်ပါသည်။ သုတ္တနိပါတ် ဟူသည် အခြားကျမ်းများ၌ မပါဝင်သေးသည့် သုတ်များကို စုစည်းထားသည့် ကျမ်းတစ်ကျမ်းပင် ဖြစ်ပါသည်။

သုတ္တနိပါတ်၌ သုတ်ပေါင်း (၇၀) တိတိ ပါဝင်ရာ ယင်းတို့ကို "ဝဂ်" ဟုခေါ်သော "သုတ်စု" အားဖြင့်-

| | | | |
|---|---|---|---|
| ၁။ ဥရဂဝဂ် | ၌ | ၁၂ | သုတ် |
| ၂။ စူဠဝဂ် | ၌ | ၁၄ | သုတ် |
| ၃။ မဟာဝဂ် | ၌ | ၁၂ | သုတ် |
| ၄။ အဋ္ဌကဝဂ် | ၌ | ၁၆ | သုတ် |
| ၅။ ပါရာယနဝဂ် | ၌ | ၁၆ | သုတ် |

ဟူ၍ ငါးစု ခွဲခြားထားလေသည်။

ဂါထာပေါင်း တစ်ထောင်ကျော်

သုတ္တနိပါတ်တွင် ပါဝင်သော သုတ်တို့သည် အများအားဖြင့် ဒီဃနိကာယ် စသော နိကာယ်ကြီးများတွင် ပါဝင်သော သုတ်များသောက် မရှည်လျားချေ။ သို့သော် ခုဒ္ဒကပါဌကျမ်းမှာကဲ့သို့ သုတ်တိုကလေးများချည်းသက်သက် မဟုတ်ပဲ အလယ်အလတ် အရှယ်ပမာဏရှိသော သုတ်များလည်း အတော်များများ ပါဝင်ပေသည်။ အထူးအားဖြင့် ဤသုတ္တနိပါတ်ကျမ်းတွင် သုတ်ပေါင်း (၇၀) ရှိသည့်အနက် (၅၃) သုတ်မှာ ဂါထာလင်္ကာ သက်သက်ဖြင့် ဟောကြားထားသော သုတ်များဖြစ်ပြီး

ကျန် (၁၇) သုတ်မှာ ဂါထာနှင့် စုံလွှဲယှ ခေါ် စကားပြေ နှစ်မျိုး ရော၍ ဟောကြားထားသော သုတ်များ ဖြစ်ပေသည်။ တစ်ကျမ်းလုံးကို ချုပ်၍ ကြည့်သော် ဂါထာပေါင်း (၁၁၅၅) ဂါထာ ပါဝင်လျက်ရှိကြောင်း တွေ့ရပေသည်။

## အနှစ်သာရပြည့်ဝ

ကျွန်တော်သည် ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ် စသော နိကာယ်ကြီးများကို လူအများ ဖတ်ရှု နားလည်နိုင်စေရန် "နိကာယ်ငါးရပ် ပိဋကတ်အဖွင့်" ဟူသော ခေါင်းစဉ်ဖြင့် အကျဉ်းချုပ်ပြန်ဆို ရေးသားနေသည်နှင့် တပြိုင်နက်တည်းမှာပင် တဖက်မှလည်း ကြားဖြတ်၍ ဤ သုတ္တနိပါတ်ကို ရေးသားခဲ့ခြင်းမှာ ယင်းသို့ ပြုလုပ်ရန် ဖန်တီးလှုံ့ဆော်ပေးသော အကြောင်းတရားများစွာ ရှိခဲ့သောကြောင့်ပင် ဖြစ်ပါသည်။

ထိုအကြောင်းတရား များစွာတို့အနက်မှ ပထမဦးဆုံးသော အကြောင်းတရားကား သုတ္တနိပါတ်ကျမ်းသည် အနက်အဓိပ္ပာယ် လွန်စွာ သိမ်မွေ့နက်နဲပြီး ပုဒ်၊ ပါဠိ၊ အက္ခရာ၊ သဒ္ဒါအနေအထား အားဖြင့်လည်း သိပ်သည်းဆန်းကြယ်လှပုံကို သိရှိခဲ့ရသောကြောင့် ဖြစ်ပါသည်။ စင်စစ် သုတ္တနိပါတ်သည် သင်ရိုးကျမ်းများတွင်လည်း မပါဝင်၊ စာမေးပွဲများတွင်လည်း ပြဋ္ဌာန်းခြင်း မရှိသောကြောင့် လူဂိုလ်များလောကကို မဆိုထားဘိ၊ ရဟန်းသံဃာများ လောကဉ်ပင် အသင်အကြား နည်းနေသော ကျမ်းတစ်ကျမ်း ဖြစ်ပါသည်။ ဤသို့ အသင်အကြားနည်းနေသော သုတ္တနိပါတ်ကျမ်းကို ကျွန်တော် ဆဌ သံဂါယနာတင်စဉ်

က ရဟန်းငယ်ဘဝဖြင့် တည်းဖြတ်ပြင်ဆင်ရန် တာဝန်ကျခဲ့ပါသည်။ အနောက်တိုင်း ပါဠိ ပညာရှင်တို့၏ ရေးသားချက်များ၌ သုတ္တနိပါတ်အား အမွမ်းတင် ရေးသားထားချက်များကို ဖတ်ဖူးနေပြီဖြစ်သော ကျွန်တော်သည် သုတ္တနိပါတ် တည်းဖြတ်ပြင်ဆင်ရေးကိစ္စကို ဝတ်ကျေတန်းကျေမျှသာ မဟုတ်ပဲ သိဟိုဠ်မူ၊ ယိုဒယားမူ၊ အင်္ဂလိပ်မူတို့နှင့် တိုက်ဆိုင်၍ စိတ်ပါဝင်စားစွာ ဆောင်ရွက်ခဲ့ပါသည်။ အသေးစိတ် လေ့လာဖတ်ရှုရသော သုတ္တနိပါတ် တရားတော်များ၏ အနှစ်သာရကိုလည်း လွန်စွာ မြတ်နိုး ကြည်ညိုခဲ့ရပါသည်။

## ထင်ရှားသင့်သလောက် မထင်ရှား

ပါဠိဘာသာဖြင့်သာ တည်ရှိခဲ့သော ဘုရားဟော ပိဋကတ်တော်များကို ဗုဒ္ဓသာသနအဖွဲ့က ရဟန်းရှင်လူများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန် ဆဋ္ဌသံဂါယနာမူ မြန်မာပြန်များကို ထုတ်ဝေလိုက်သောအခါ သုတ္တနိပါတ်ကျမ်းကိုလည်း မြန်မာဘာသာဖြင့် ဖတ်ရှုလေ့လာခွင့် ရရှိခဲ့ကြပါသည်။ သို့ရာတွင် သုတ္တနိပါတ် မြန်မာပြန်မှာ ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ ဥဒါန၊ ဣတိဝုတ္တကဟူသော ကျမ်းလေးကျမ်းတို့နှင့် ပေါင်း၍ ငါးစောင်တွဲ အဖြစ်ဖြင့်သာ ရှိနေသောကြောင့် သီးခြားကျမ်း တစ်ကျမ်းအဖြစ်ဖြင့် လူသိနည်းနေသည်ကို တွေ့ရပေသည်။ ထိုငါးစောင်တွဲမှ ဒုတိယမြောက်ကျမ်းဖြစ်သော ဓမ္မပဒမှာမူ အစီအစဉ် အမျိုးမျိုးဖြင့် ပညာရှင်အသီးသီးတို့က ရေးသား ထုတ်ဝေခဲ့ကြသောကြောင့် သီးခြားကျမ်းတစ်ကျမ်း အဖြစ်ဖြင့်

လွန်စွာ ထင်ရှားလျက်ရှိပေသည်။အမှန်စင်စစ် ဓမ္မပဒကျမ်းမှာ ကဲ့သို့ပင် ဤသုတ္တနိပါတ်ကျမ်း၌လည်း ရဟန်းရှင်လူတို့ သိရှိမှတ်သားဖွယ်ကောင်းသော အချက်များ၊ လိုက်နာကျင့်ကြံသင့်သော လမ်းညွှန်ဟောကြားချက်များ ပြည့်နှက်လျက် ရှိပေသည်။ ထို့ကြောင့် ဤသုတ္တနိပါတ်ကျမ်းကို မြတ်ဗုဒ္ဓ၏ ဓမ္မအမြုတေများ ဟု ဆိုလျှင် မှားနိုင်မည် မဟုတ်ပါ။ ဤသို့ အနှစ်သာရ ပြည့်ဝသော ကျမ်းကောင်းတစ်ဆူအား ထင်ရှားသင့်သလောက် မထင်ရှားပဲ တိမ်မြုပ်နေရာမှ တတ်စွမ်းသမျှ ဖော်ထုတ်ပေးလိုသော ရည်ရွယ်ချက်ဖြင့်လည်း ဤသုတ္တနိပါတ်ခေါ် မြတ်ဗုဒ္ဓ၏ ဓမ္မအမြုတေများ ကို ရေးသားပြုစုခဲ့ခြင်း ဖြစ်ပါသည်။

## ပါဠိရာယနနှင့် မဟာသမယ

ဤ သုတ္တနိပါတ်ကို ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့ လောက၌ သီးခြားကျမ်းတစ်ခု အဖြစ်ဖြင့် ဖတ်ရှုလေ့လာမှု နည်းပါးလှသော်လည်း ယနေ့ ကျွန်တော်တို့ အမြဲရွတ်ဖတ်နေသော ပရိတ်ကြီး (၁၁)သုတ်မှ မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တသုတ်တို့သည် သုတ္တနိပါတ်ကျမ်းထွက်များ ဖြစ်ကြပါသည်။ ထို့ပြင် အသောကကျောက်စာတွင် မင်းကြီးကိုယ်တိုင် လိုက်နာကျင့်သုံးပြီး ရဟန်းရှင်လူ ပြည်သူအများကိုလည်း လိုက်နာကျင့်သုံးစေရန် ဖော်ညွှန်းခဲ့သော မုနိသုတ်၊ သာရိပုတ္တသုတ်၊ မောနေယျသုတ်နှင့် ရာဟုလာဝါဒသုတ်များမှာလည်း ဤသုတ္တနိပါတ်ကျမ်းထွက်များပင် ဖြစ်ပါသည်။ တဖန် သုတ္တ-

နိပါတ် ပါရာယနဝဂ်လာ ဗာဝရီရသေ့ကြီးနှင့် တပည့် (၁၆)ယောက်တို့ တရားထူးရရှိခဲ့ကြပုံကို အင်းဝခေတ် စာဆို ကျော် ရှင်မဟာသီလဝံသက ပါရာယနဝတ္ထုတွင် ရေးဖွဲ့ထားပြီး ဖြစ်ပါသည်။ ကပိလဝတ်ပြည် မဟာဝုန်တော၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် နတ်ပြဟ္မာပေါင်းများစွာ စုဝေးရောက်ရှိလာ၍ ထိုနတ်ပြဟ္မာတို့အား စရိုက်ခြောက်ပါးနှင့်လျော်ညီစွာ ဟော ကြားခဲ့သော မဟာသမယသုတ် ခြောက်သုတ်မှာလည်း ဤသုတ္တ နိပါတ်၌ ပါဝင်ပေသည်။

ဖော်ညွှန်းချက်များ

သုတ္တနိပါတ်တွင် ရေးသူတော်သူမြတ်တို့၏ ကျင့်စဉ်တို့ကို ဥပမာ နှိုင်းယှဉ်ချက်များဖြင့် ဖော်ပြထားပုံများမှာ ကြည်ညိုဖွယ် ကောင်းလှသည်ကို တွေ့ရပါသည်။ မိမိတကိုယ်လုံး၌ ပျံ့နှံ့နေ သောမြွေဆိပ်များ ကင်းရှင်းပြေပျောက်သွားစေရန် ဆေးဖြင့် ကုစားရသကဲ့သို့ ဖြစ်ပေါ်လာသော အမျက်ဒေါသများ ပြေ ပျောက်သွားစေရန် တရားဖြင့် ဖြေဖျောက်ရကြောင်း၊ မြွေသည် ဆွေးမြေ့နေသော အရေဟောင်းကို စွန့်ခွာသကဲ့သို့ သူတော် သူမြတ်သည်လည်း သံသရာတည်းဟူသော ဤမှာဖက်ကမ်းကို စွန့်ခွာသင့်ကြောင်းကို ဥရဂသုတ်၌ ဖော်ညွှန်းထားပါသည်။

ခဂ္ဂဝိသာဏသုတ်တွင်မူ ပေါင်းသင်းဆက်ဆံမှု ရှိ၍ ချစ်ခင်မှု ဖြစ်ပေါ်ပြီး ထိုချစ်ခင်မှုကြောင့်ပင် ဆင်းရဲဒုက္ခအမျိုးမျိုး

ပေါ်ပေါက်လာရပုံကို သိမြင်သောပုဂ္ဂိုလ်သည် ကြံ့ချိုကဲ့သို့ တစ်ယောက်တည်း ကျင့်သုံးနေထိုင်သင့်ကြောင်း ဖော်ညွှန်းထားသည့် ပစ္စေကဗုဒ္ဓ (၄၁)ဆူတို့၏ မိန့်မြွက်ချက်များ ပါရှိပါသည်။

ခနိယသုတ်၊ ကသိဘာရဒွါဇသုတ်တို့၌ နွားကျောင်းသားနှင့် လယ်သမားတို့အား ဗုဒ္ဓက တရားပြပုံ၊ ပရာဘဝသုတ်နှင့် ဝသလသုတ်တို့မှ ပျက်စီးကြောင်းတရားနှင့် ကြီးပွားကြောင်းတရား၊ သူယုတ်မာနှင့် သူယုတ်မာဖြစ်ကြောင်းတရား၊ မင်္ဂလသုတ်မှ မင်္ဂလာတရား(၃၈)ပါးတို့မှာမူ လောကရေးအတွက်ပါ မှတ်သားသင့်သော အချက်များ ဖြစ်ပါသည်။ ထို့ပြင် သားငါးစားခြင်းသို့မဟုတ် သက်သတ်လွတ်စားခြင်းနှင့်ပတ်သက်၍ ဗုဒ္ဓမြတ်စွာ၏ သဘောထားကို အာဂမန္ဓသုတ်၌ တွေ့ရှိရပါသည်။ ထို့နောက် သုတ်ပေါင်းများစွာတို့၌ကား ကိလေသာကင်းစင်ရေးနှင့် အယူမှား၊ အမြင်မှားများအား ပယ်ခွာတိုက်ဖျက်ရေးတို့ကို ဦးတည် ဟောကြားထားပေးသည်။

အထက်ပါ အနှစ်သာရများဖြင့် ပြည့်နှက်နေသော သုတ္တနိပါတ်ကျမ်းကို လူအများ ဖတ်ရှုနားလည်စေရန် ပြန်ဆိုရေးသားရာတွင် နေရာတိုင်း၌ မူရင်းပါဠိတော်နှင့် ထပ်တူထပ်မျှ မကျစေကာမူ ဆိုလိုရင်း အနက်အဓိပ္ပာယ်ကိုမူ လွှမ်းခြုံမိအောင် ကြိုးစားပြန်ဆိုထားပါသည်။ သုတ်ကို ဟောကြားခြင်း၏ အကြောင်း နိဒါန်းမပါသော သုတ်တို့၌ အဋ္ဌကထာဖွင့်ကို မှီငြမ်းပြု၍ နိဒါန်းကိုပါ ထည့်ထားပါသည်။ မူရင်း

ပါဠိတော်မှာ ဆဋ္ဌမူ စာမျက်နှာ (၁၇၉)မျက်နှာရှိပြီး မြန်မာပြန်မှာ (၁၆၀)မျက်နှာ ရှိပါသည်။ ပါဠိတော်မူရင်းအဖြစ် သုတ်အသီးသီး၏အကြောင်း နိဒါန်းနှင့်ပတ်သက်၍ အဋ္ဌကထာဖွင့်ဆိုချက်များကို ပါသင့်သမျှပါအောင် ထည့်သွင်းထားသော်လည်း မကျဉ်းမကျယ် ဖတ်ရှု လွယ်သောစာအုပ်တစ်အုပ်အဖြစ်ဖြင့် ဘာသာရေးစာပေသမားများအား ထိုက်တန်စွာ အကျိုးပြုလိမ့်မည်ဟု မျှော်လင့်ပါသည်။

မောင်မောင်လေး

၁၃၄၁ ခု၊ ဝါဆိုလပြည့်နေ့။
(၈-၇-၇၉)

# ၁။ ဥရဂသုတ်

## မြွေဥပမာတရား

### ဒေါသကိုပယ်

တရံရောအခါ ဗုဒ္ဓရှင်တော်မြတ်သည် အာဠဝီပြည် အဂ္ဂါဠဝ စေတီ၌ သီတင်းသုံးတော်မူ၏။ ထိုအခါ အာဠဝီပြည်သား ရဟန်းတို့သည် ကျောင်းကန် အဆောက်အဦသစ်များကို အပြိုင် အဆိုင် ကြိုးစားဆောက်လုပ် နေကြ၏။ ကျောင်းကန် ဆောက် လုပ်ရာတွင် သစ်ဝါးများ လိုအပ်သဖြင့် မြို့ပတ်ဝန်းကျင်ရှိ သစ်ပင်ဝါးပင်များကို လိုက်လံရှာဖွေ၍ အချို့ရဟန်းများက ကိုယ်တိုင် ခုတ်လှဲကြ၏။ အချို့ကမူ တပည့်ဒကာများကို အလှဲ ခိုင်းကြ၏။

အာဠဝီပြည်သား ရဟန်းတစ်ပါးသည် အခြားရဟန်းများကို အားကျသဖြင့် မိမိနေထိုင်သည့် ကျောင်းဟောင်းကလေးကို အသစ်ပြင်၍ ဆောက်လုပ်ရန် အားထုတ်ကြိုးပမ်းလေသည်။

ထိုရဟန်းကား ထင်ပေါ်ကျော်ကြား လူသိများသော ပုဂ္ဂိုလ် မဟုတ်သဖြင့် သူ့ကျောင်းအတွက် လှူဒါန်းထောက်ပံ့မည့်တပည့် ဒကာလည်း တစ်ဦးတစ်ယောက်မျှ မရှိချေ။ သို့ဖြစ်၍ ကျောင်း အတွက် လိုအပ်သည့် သစ်ဝါးများကို ကိုယ့်ဘာသာပင် ရှာဖွေ စုဆောင်းရလေ၏။

ယင်းသို့ ရှာဖွေစုဆောင်းနေစဉ် လမ်းဘေး တစ်နေရာ၌ အရိပ်အာဝါသကောင်းသည့် အင်ကြင်းပင်ကြီး တစ်ပင်ကို တွေ့ မြင်လေ၏၊ အမှန်စင်စစ် လမ်းသွားလမ်းလာများ နားရာဖြစ်၍ ထိုအင်ကြင်းပင်ကြီးကို လူအများက မခုတ်ပဲ ထားကြခြင်း ဖြစ်၏။အချို့ကမူ"နတ်ကြီးသည့်အပင်" ဟု ယုံကြည်ယူဆကာ အကိုင်းအခက်ကိုပင် ချိုးဖြတ်ခြင်း မပြုဝံ့ကြချေ။

ကျောင်းဆောက်လုပ်လိုဇော ပြင်းပြနေသည့် ထိုရဟန်း ကား အင်ကြင်းပင်ကြီးကို မြင်လျှင်-"ငါ့ကျောင်းအတွက် သစ် အလုံအလောက် ရပေတော့မည်။" ဟု တွေးတောစဉ်းစားကာ ချက်ချင်းပင် ခုတ်လှဲရန် ပြင်ဆင်လေသည်။ လက်သမားများကို အရေးတကြီး ရှာဖွေခေါ်ယူ၍ ကိုယ်တိုင်ပင် ကမကထပြုကာ သစ်ပင်ကို ခုတ်ဖြတ်လေသည်။

ထိုအင်ကြင်းပင်၌ကား ရုက္ခစိုး နတ်သမီး တစ်ယောက်သည် အရွယ်မရောက်သေးသော သားငယ်တစ်ဦးနှင့်အတူ နေထိုင်၏။ အင်ကြင်းပင်ကို ခုတ်မည်ပြုသောအခါ နတ်သမီးသည် ကိုယ် ထင်ရှားပြ၍ ရဟန်းအား တောင်းပန်လေသည်။

"အရှင်ဘုရား၊ တပည့်တော်၏ ဗိမာန်ကို မဖျက်ဆီးပါလင့်။"

ရဟန်းကား နတ်သမီးစကားကို နားမဝင်၊ ဟစ်စုံတစ်ယောက်ကဝင်၍ မိမိ ကျောင်းဆောက်လုပ်ရေးကို နှောင့်ယှက်သည်ဟုသာ မှတ်ထင်၏။ ထို့ကြောင့် စိတ်လိုက်မာန်ပါဖြင့် ဆက်လက်ခုတ်ဖြတ်ရာ ရှေ့မှ ဟန့်တားကာဆီးနေသော နတ်သမီးနှင့် သားငယ်၏လက်ကိုပင် ထိခိုက်သွား၏။ ထိုအခါ နတ်သမီးသည် လွန်စွာစိတ်ဆိုးလျက် ရဟန်း၏ အသက်ကို အန္တရာယ်ပြုရန် ကြံရွယ်လိုက်၏။ သို့သော်လည်း ရုတ်တရက် မိမိဒေါသကို ပြန်၍ သိမ်းဆည်းပြီး အကြောင်းစုံကို အဂ္ဂါဝဋ္ဋစေတီ၌ သီတင်းသုံးသော ဗုဒ္ဓထံ သွားရောက် လျှောက်ထားလေသည်။

"အချင်း နတ်သမီး၊ သင်သည် မိမိဒေါသကို သိမ်းဆည်းနိုင်ခဲ့သည်မှာ ကောင်းလှပေစွ။အကယ်၍ သင်သည် ထိုရဟန်း၏ အသက်အန္တရာယ် ပြုလုပ်လိုက်မိပါမူ အကုသိုလ်တရားများ တိုးပွားရာ၏"။

ဗုဒ္ဓသည် နတ်သမီးအား ဤသို့ အားပေးနှစ်သိမ့်စကားမိန့်ကြားတော်မူပြီး ကျောင်းအနီးရှိ အစောင့်လွတ်နေသော သစ်ပင်တစ်ပင်ကို နတ်သမီးအား ညွှန်ပြလိုက်၏။

"အချင်း နတ်သမီး၊ ဤသစ်ပင်၌ မှီခိုနေထိုင်လေတော့။"

နတ်သမီးသည် နေစရာသစ်ပင် ရရှိသဖြင့် စိတ်ကျေနပ်သွား၏။ အင်ကြင်းပင်စောင့် နတ်သမီးနှင့် သစ်ပင်ကို ခုတ်လှဲသော ရဟန်းတို့၏ ပြဿနာဖြစ်ပွားသည့် ကိစ္စသည် အာဠဝီပြည်၌ သတင်းပျံ့နှံ့သွားရာ လူများက ရဟန်းတို့ကို ကဲ့ရဲ့ ရှုတ်ချကြလေသည်။

"သာကီဝင်မင်းသား ရဟန်းဂေါတမ၏ တပည့်တို့သည် သစ်ပင်များကို ဖျက်ဆီးနေကြကုန်၏။"

လူတို့ ကဲ့ရဲ့ခြင်းကို အကြောင်းပြု၍ ဗုဒ္ဓသည် ရဟန်းများကို စည်းဝေးစေပြီး-"သစ်ပင်ကို ခုတ်ဖြတ်သော ရဟန်းအား ပါစိတ် အာပတ် သင့်စေ။" ဟု ဝိနည်းသိက္ခာပုဒ် ပညတ်တော်မူလေသည်။

ထို့နောက် ဤဖြစ်ရပ်ကို အကြောင်းပြု၍ပင် ရဟန်းတို့အား ဆုံးမသြဝါဒတရပ်ကို မိန့်မြွက်တော်မူလေသည်။

"ချစ်သားတို့၊ ရဟန်းမည်သည် တစ်ကိုယ်လုံးပျံ့နှံ့၍ တည်သော မြွေဆိပ်ကို ဆေးဖြင့် ကင်းပျောက်စေသကဲ့သို့ ဖြစ်ပေါ်လာသော အမျက်ဒေါသကို ပယ်ဖျောက်အပ်၏။ မြွေသည် အရေဟောင်းကို စွန့်သကဲ့သို့ အမျက်ဒေါသကို ပယ်ဖျောက်သော ရဟန်းသည် သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်ခွာနိုင်ပေသည်။"

## ရာဂကို ချိုးဖြတ်

ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ရှင်သာရိပုတ္တရာ၏ တပည့်ဖြစ်သော "သုဝဏ္ဏကာရ" ရွှေပန်းတိမ်သည်သည် မထေရ်မြတ်၏ ထံ၌ ရဟန်းပြုလေသည်။

သုဝဏ္ဏကာရကား အသက်နှစ်ဆယ်ကျော်ရုံမျှသာ ရှိသေး၏။ ငယ်ရွယ်သူများ၌ တဏှာရာဂ ထူပြောတတ်သည်ဖြစ်၍ မထေရ်သည် ရဟန်းငယ်အား တဏှာရာဂ ခေါင်းပါးစေနိုင်သည့်

အသုဘကမ္မဋ္ဌာန်းကို ပေးလေသည်။ ရဟန်းငယ်သည် မထေရ် ညွှန်ကြားပြသသည့် နည်းအတိုင်း မနေမနား ပွားများအားထုတ်သော်လည်း ကမ္မဋ္ဌာန်းအာရုံ၌ စိတ်မသက်ဝင်နိုင်ပဲ ဖြစ်နေ၏။ ဤအကြောင်းကို မထေရ်ထံ ပြန်၍လျှောက်တင်သော်လည်း မထေရ်က အသုဘကမ္မဋ္ဌာန်းကိုပင် ဆက်လက်ပွားများရန် မိန့်ကြားလေသည်။ ဤသို့ဖြင့် လေးလမျှ အချိန်ကုန်ခဲ့သော်လည်း သုဝဏ္ဏကာရ ရဟန်းငယ်၏ အခြေအနေကား လုံးဝ တိုးတက်ခြင်း မရှိချေ။

ထိုအခါ ရှင်သာရိပုတ္တရာသည် ရဟန်းငယ်ကို ဗုဒ္ဓထံသို့ ခေါ်ဆောင်သွားပြီး အကြောင်းစုံကို လျှောက်တင်၏။ ဗုဒ္ဓသည် လတ်ဆတ်တင့်တယ်သော ကြာနီပန်းတစ်ပွင့်ကို တန်ခိုးဖြင့် ဖန်ဆင်း၍ ရဟန်းငယ်အား ပေးသည်။

"ချစ်သား၊ ကြာနီပန်းကို ကျောင်းအရိပ် သဲပုံပေါ်တွင် စိုက်ထားလော့။ ထို့နောက် အနီးတွင်ထိုင်၍ 'လောဟိတကံ၊ လောဟိတကံ–အနီရောင်၊ အနီရောင်'ဟု ရွတ်ဆို ပွားများလော့။"

ဤသို့ ညွှန်ကြားမိန့်မြွက်တော်မူရာ ရဟန်းငယ်သည် ဗုဒ္ဓ၏ အမိန့်အတိုင်း အားထုတ်လေသည်။ ရဟန်းငယ်သည် ရွှေပန်းတိမ်သည်အဖြစ်ဖြင့် ဘဝငါးရာတိုင်အောင် ဆက်တိုက် ကျင်လည်ခဲ့သူဖြစ်၍ ရွှေ၏အရောင်ဖြစ်သော အနီရောင် အာရုံကို အခြားအရောင်များထက် ပို၍ ကြိုက်နှစ်သက်၏။ ထို့ကြောင့် ကြာနီပွင့်ကို ကြည့်၍ လောဟိတကံ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်သောအခါ ကမ္မဋ္ဌာန်းအာရုံများ အလွယ်တကူ

ထင်မြင်လာပြီး နာရီပိုင်းအတွင်း၌ပင် ဈာန်လေးဆင့်ကို ရရှိလေသည်။

ထိုအခါ ဗုဒ္ဓသည် ကြာပွင့်ကို "ညှိုးခြောက်သွားစေ"ဟု အဓိဋ္ဌာန်တော်မူလိုက်၏။ ရဟန်းငယ်သည် ရုတ်တရက် ညှိုးခြောက်သွားသော ကြာပွင့်ကိုမြင်လျှင် အနိစ္စသဘော ထင်မြင်၍ မိမိခန္ဓာကိုယ်၏ တည်တံ့ခိုင်မြဲခြင်း မရှိပုံကို ဆင်ခြင်သုံးသပ်မိလေသည်။

ဤသို့ ဆင်ခြင်ပွားများနေသော ရဟန်း၏အနီး၌ ရေကန်တစ်ခုရှိရာ ကလေးငယ်တစ်စုသည် ရေကန်ထဲမှ ကြာပွင့်များကို ချိုးယူနေကြ၏။ ထိုကလေးငယ်များ ချိုးယူ၍ ကြာပွင့်တို့သည် ခဏချင်းပင် ညှိုးနွမ်းခြောက်သွေ့သွားကြလေသည်။

ဤသို့ ကြာပန်းများ ရုတ်တရက် အခြေအနေပြောင်းလဲသွားပုံကို မြင်လျှင် ရဟန်းငယ်၏ ဝိပဿနာဉာဏ်အမြင်သည် ပို၍ ကြည်လင်ပြတ်သားလာလေ၏။ ထိုအချိန်တွင် ဗုဒ္ဓသည် ဂန္ဓကုဋီတိုက်တွင်းမှ ထွက်ကြွလာပြီး ပြိုးပြိုးပြက်ပြက် တောက်ပသော ရောင်ခြည်တော်များကို လွှတ်လျက် ရဟန်းငယ်အား နိမိတ်ပြ ဂါထာတစ်ပုဒ်ကို ဟောကြားတော်မူလေသည်။

"ကလေးငယ်တို့သည် ရေအိုင်သို့ ဆင်း၍ ရေအိုင်ထဲ၌ ပေါက်နေသော ပဒုမ္မာကြာပန်းများကို ချိုးဖြတ်ယူကုန်သကဲ့သို့ အကြင်ရဟန်းသည် တဏှာရာဂကို အကြွင်းမဲ့ ချိုးဖြတ်၏။ မြွေသည် အရေဟောင်းကို စွန့်ခွာသကဲ့သို့ တဏှာရာဂကို အကြွင်းမဲ့ ချိုးဖြတ်သော ရဟန်းသည် သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကိုစွန့်ခွာနိုင်ပေသည်။"

ဤဂါထာကို ကြားနာရသောအခါ သုဝဏ္ဏကာရ ရဟန်းငယ်သည် အရဟတ္တဖိုလ်တိုင်အောင် ပေါက်ရောက် သိမြင်သွားလေတော့သည်။

အနှစ်ရှာ ဘယ်မှာမှ မတွေ့

ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သတင်းသုံးတော်မူ၏။ ထိုအခါ သာဝတ္ထိပြည်သားပုဏ္ဏားတစ်ယောက်သည် မိမိ၏တစ်ဦးတည်းသော သမီးပျိုအားအမျိုးအနွယ် စည်းစိမ်ဥစ္စာ စသည်အားဖြင့် တူညီသည့် လုလင်ပျိုတစ်ဦးနှင့် ထိမ်းမြားလက်ထပ်ပေးရန်အတွက် စီမံစိုင်းပြင်းလျက်ရှိသည်။

တစ်ဦးတည်းသော သမီးအား အစွမ်းကုန် ချီးမြှောက်လိုသော ထိုပုဏ္ဏားသည်–"ငါ့သမီး မင်္ဂလာပွဲ၌ မည်သူမျှ ပန်ဆင် သုံးစွဲခြင်း မပြုဖူးသည့် ပန်းများကို ပန်ဆင်ပေးအံ့။" ဟု ကြံ၍ မြို့တွင်းမြို့ပြင်ရှိ ပန်းဥယျာဉ်များသို့ လှည့်လည်ကာ ပန်းရှာပုံတော် ဖွင့်လေသည်၊ မြို့၏ ပတ်ဝန်းကျင်၌ စပယ်၊ နှင်းဆီ၊ သရဖီ၊ ခတ္တာ စသည့် ပန်းမျိုးစုံတို့ကား မကုန်နိုင် မခန်းနိုင်အောင် ပေါများလှပါ၏။ သို့သော်လည်း ထိုပန်းများမှာ အမျိုးသမီး ကြီးကြီး ငယ်ငယ် ရွယ်ရွယ် လတ်လတ်တို့ နေ့စဉ်မပြတ် ပန်ဆင် သုံးစွဲနေကြသည့် ပန်းများဖြစ်၍ သတို့သမီးဘခင် ပုဏ္ဏားကြီး၏ အကြိုက်နှင့် မတွေ့နိုင်ပဲ ရှိနေလေသည်။

"မောင်တို့ဥယျာဉ်မှာ ဘယ်မိန်းကလေးမှ မပန်ဖူးတဲ့ထူးထူးဆန်းဆန်း ပန်းများရှိယင် ပေးကြပါ။ ထိုက်သင့်တဲ့တန်ဖိုးထက် နှစ်ဆတိုး၍ ကျွန်ုပ် ပေးပါ့မယ်။"

ပုဏ္ဏားကြီးသည် တွေ့သမျှ ဥယျာဉ်မှူးများအား ဤသို့ ပြောဆိုကာ သူလိုချင်သည့် ပန်းကို အပန်းတကြီး ရှာနေ၏။ ထိုစကားကို ကြားလျှင် အချို့ဥယျာဉ်မှူးများက အံ့အားသင့်နေကြ၏။ အချို့ကမူ- "ဒီပုဏ္ဏားကြီး စိတ်မှကောင်းရဲ့လား။" ဟုတွေးတော ပြောဆိုနေကြ၏။

"ကျွန်တော်တို့ဥယျာဉ်မှာ ပန်းတွေတော့ စုံပါတယ်ဦးကြီး။ ဒါပေမယ့် ပန်းဆိုတာ မိန်းကလေးတွေ ပန်ဘို့အဓိကပဲ မဟုတ်လား။ ဘယ်သူမှ မပန်ဖူးတဲ့ ပန်းရယ်လို့တော့ ဘယ်ဥယျာဉ်မှာမှ ရှိမှာ မဟုတ်ပါဘူး။"

ဤသို့သော အခြေအနေများကိုသာ ထပ်ဘလဲလဲ ကြားနေရသော်လည်း ပုဏ္ဏားကြီးက ရတ်တရက် လက်မလျှော့။ ဤသို့ ဥယျာဉ် တစ်ခုမှတစ်ခုသို့ လှည့်လည်နေစဉ် လမ်းဘေး တနေရာတွင် ထိုင်နေကြသော လူငယ်တစ်စုကို ပုဏ္ဏားကြီး တွေ့မြင်မိလေသည်။ "မေးပါများ စကားရ" ဟူသော ထုံးကို နှလုံးမူလျက် ပုဏ္ဏားကြီးသည် ထိုလူငယ်များအားလည်း မိမိလိုချင်သည့် ပန်းကို မေးမြန်းလေသည်။ ထိုအခါမှ လူငယ်များထဲမှ လျှာသွက်သော လူငယ်တစ်ယောက်က-"ဦးကြီး၊ဘယ်သူမှ မပန်ဖူးတဲ့ ပန်းတစ်မျိုးကိုတော့ ကျွန်တော် သိပါတယ်။ အဲဒီ ပန်းကတော့ ရေသဖန်းပွင့်ပါပဲ။" ဟု အဖြေပေးလိုက်၏။

စင်စစ် ရေသဖန်းပင်သည် အပွင့်ပွင့်ရိုးထုံးစံ မရှိ။ လူငယ်က နောက်ပြောင်၍ ပြောလိုက်ခြင်းသာ ဖြစ်၏။ သို့သော်လည်း သမီးကို အမွှမ်းတင်ချင်ဇော ပြင်းပြနေသည့် ပုဏ္ဏားကြီးကား ထိုအကြောင်းကို မစဉ်းစားမိ။ ထို့ကြောင့် ပုဏ္ဏားကြီးသည်

အစိရဝတီမြစ်ကမ်း၌ လှည့်လည်၍ ရေသဖန်းပွင့်ကို ရှာပြန်လေသည်။

မြစ်ကမ်းတလျှောက်၌ ရေသဖန်းပင်များကား အစီရရ ပေါက်နေကြ၏။ သို့သော် အပွင့်မဆိုထားဘိ၊ အဖူးအငုံမျှ ကိုပင် မတွေ့ရသောကြောင့် ပုဏ္ဏားကြီး မကျေမနပ်ဖြစ်ကာ ရေသဖန်းပင်တစ်ပင်၏ အကိုင်းအခက်များကိုပင် ဖယ်ရှား လှန်လှော၍ အပွင့်ကို ရှာဖွေလေသည်။

ယင်းသို့ တပင်တပန်း ရှာဖွေနေသည်ကို ထိုရေသဖန်းပင် ရင်း၌ တရားထိုင်နေသည့် ရဟန်းတစ်ပါးက တွေ့မြင်၍ ပုဏ္ဏားအား မေးမြန်းလေသည်။

"ပုဏ္ဏား၊ ဘာရှာသလဲ။"

"ရေသဖန်းပွင့် ရှာပါသည် ရှင်ရဟန်း။"

"ရေသဖန်းပင်ဆိုတာ ဘယ်တော့မှ အပွင့်မပွင့်ဘူး ပုဏ္ဏား။ အပင်ပန်းခံ၍ မရှာလေလင့်။"

ဤသို့ ပုဏ္ဏားအား မိန့်ကြားချိန်၌ ထိုရဟန်းမှာ ကမ္မဋ္ဌာန်း အာရုံများ ထင်မြင်၍ တရားအမြင် ပေါက်လုဆဲဆဲ ဖြစ်လေ သည်။ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသော ဗုဒ္ဓရှင်တော်မြတ်ကလည်း သဗ္ဗညုတ ဉာဏ်တော်ဖြင့် ဤ အကြောင်းကို လှမ်း၍ သိမြင်တော်မူ၏။ မှန်ပေ၏။ ဗုဒ္ဓသည် မိမိထံမှ ကမ္မဋ္ဌာန်း တောင်းယူ၍ သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင် အောက် စသည်တို့၌ အသီးသီး တရားအားထုတ်နေကြသည့် တပည့်သာဝကတို့၏ အခြေအနေကို သဗ္ဗညုတဉာဏ်တော်ဖြင့် အမြဲတစေ လှေလာစောင့်ကြည့်တော်မူလေ့ ရှိ၏။

သို့ဖြစ်၍ ရေသဖန်းပင်ရင်း၌ တရားထိုင်သော ရဟန်းအား ရေသဖန်းပွင့်ရှာသော ပုဏ္ဏားကို အကြောင်းပြု၍ တရားအမြင် ပေါက်ရောက်နိုင်မည့် အခွင့်အလမ်းကို ဗုဒ္ဓရှင်တော်မြတ်က သိမြင်တော်မူသည်။ ထို့ကြောင့် ဗုဒ္ဓသည် ဇေတဝန်ကျောင်း တော်မှပင် နေ၍ ထိုရဟန်း၏ အနီးပတ်ဝန်းကျင်၌ ပြိုးပြိုး ပြက်ပြက် တလက်လက်တောက်ပသော ရောင်ခြည်တော်တို့ကို လွှတ်ကာ အောက်ပါအရိပ်ပြ ဂါထာတို့ကို မိန့်မြွက်တော် မူလေသည်။

"ရေသဖန်းပင်၌ အပွင့်ကိုရှာလျှင် မရနိုင်ဘိသကဲ့သို့ အကြင် ရဟန်းသည် ဘဝသုံးပါး၌ အနှစ်သာရကို ရှာမတွေ့။ မြွေသည် အရေဟောင်းကို စွန့်ခွာသကဲ့သို့ ထိုရဟန်းသည် သံသရာတည်း ဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်ခွာနိုင်ပေတော့ သည်။

"အကြင်ရဟန်း၌ အမျက်ဒေါသ မရှိ၊ မွေးဖွားခြင်း၊ ပျက်စီး ခြင်းများကိုလည်း လွန်မြောက်၏။ မြွေသည် အရေဟောင်းကို စွန့်ဘိသကဲ့သို့ ထိုရဟန်းသည် သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်ခွာနိုင်ပေတော့သည်။

"အကြင်ရဟန်းသ ကာမဝိတက် စသည်တို့ကို ရှို့မြှိုက် ဖျက်ဆီးပြီး ဖြစ်၏။ မိမိကိုယ်ခန္ဓာပေါ်၌ တွယ်တာကပ်ငြိခြင်း ကိုလည်း ခန်းခြောက်စေပြီး ဖြစ်၏၊ မြွေသည် အရေဟောင်းကို စွန့်သကဲ့သို့ ထိုရဟန်းသည် သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်ခွာနိုင်ပေတော့သည်။

"အကြင်ရဟန်းသည် အတိတ်ကိုပြန်၍ တမ်းတနေခြင်း၊ အနာဂတ်ကို မျှော်လင့် တောင့်တနေခြင်း မရှိ၊ သံသရာကို ရှည်စေသည့် တရားများကိုလည်း လွန်မြောက်ပြီး ဖြစ်၏။ မြွေသည် အရေဟောင်းကို စွန့်သကဲ့သို့ ထိုရဟန်းသည် သံသရာ တည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်ခွာနိုင်ပေ တော့သည်။

"အကြင်ရဟန်းသည် အတိတ်ကို ပြန်၍ တမ်းတနေခြင်း၊ အနာဂတ်ကို မျှော်လင့် တောင့်တခြင်း မရှိ၊ ဤလောကသည် ခိုင်မြဲတည်တံ့ခြင်း မရှိဟု သိမြင်၏။ ထိုရဟန်းသည် လောဘ၊ ဒေါသ၊ မောဟ စသည့် ကိလေသာတို့မှ ကင်းကွာ၍ မြွေသည် အရေဟောင်းကို စွန့်သကဲ့သို့ သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်ခွာနိုင်ပေတော့သည်။

"အကြင်ရဟန်းအား အနုသယ ကိလေသာ မရှိ၊ အကုသိုလ် အမြစ်အရင်း တို့ကိုလည်း နုတ်ပယ်ပြီး ဖြစ်၏။ မြွေသည် အရေ ဟောင်းကိုစွန့်ခွာသကဲ့သို့ ထိုရဟန်းသည် သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်ခွာနိုင်ပေတော့သည်။

"အကြင်ရဟန်းအား ယုတ်နိမ့်သောဘဝသို့ ရောက်ကြောင်း ဖြစ်သည့် ပူပန်မှု မရှိ၊ ဘဝ၏အနှောင်အဖွဲ့ဖြစ်သော သံယောဇဉ် ကြိုးလည်း မရှိ၊ နိဝရဏ ငါးပါးကို ပယ်ပြီးဖြစ်၏။ သို့လော သို့လော တွေးတောခြင်းမှ ကင်း၏။ရာဂစသော ငြောင့်တံသင်း မှလည်း ကင်း၏။ မြွေသည် အရေဟောင်းကို စွန့်သကဲ့သို့ ထိုရဟန်းသည် သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဤမှာဘက် ကမ်းကို စွန့်ခွာနိုင်ပေတော့သည်။"

ဤဂါထာတို့ကို ကြားနာနေရသောအခါ ရေသဖန်းပင်ရင်း၌ တရားအားထုတ်နေသောရဟန်းသည် ဝိပဿနာဉာဏ်အမြင်ပေါက်၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားလေ၏။ ရေသဖန်းပွင့်ရှာသော ပုဏ္ဏားသည်လည်း အမှန်တရားကို သိမြင်သွားတော့သည်။

# ၂။ ခနိယသုတ်

## နွားကျောင်းသား၏ ဝင့်ကြွားသံ

ဝိဒေဟတိုင်း၊ ဓမ္မကောဋ္ဌမြို့၌ ခနိယအမည်ရှိသော သဌေးသားတစ်ယောက် ရှိ၏။ သူသည် သဌေးသားပင် ဖြစ်လင့်ကစား စည်းစိမ်ခံစားပြီးအလကားမနေ၊ ရာပေါင်းများစွာသောနွားထီး နွားမတို့ကို မွေးမြူ၍ နွားနို့နှင့်နွားမျိုးကောင်းများကို ရောင်းချ အသက်မွေးနေလေသည်။ နွားအုပ်အသီးသီးကိုထိန်းကျောင်းရန်အတွက် နွားကျောင်းသားများစွာကိုလည်း ငှားရမ်းထားသည်။ ထို့ပြင် နို့ညှစ်သူ၊နို့ရောင်းသူ စသည်များလည်း ရှိပြန်သောကြောင့် သူ၏နွားအုပ်ကြီးနှင့် ခြွေရံပရိတ်သတ်တို့မှာ ရွာတစ်ရွာတမျှ ရှိလေသည်။

ဤသို့ အသိုင်းအဝန်း၊ အသိုက်အအုံ ကြီးမားလှသဖြင့် နွားပိုင်ရှင်ကြီး ခနိယသည် တမြို့တရွာထဲ၌ အတည်တကျ မနေနိုင်၊သူ့နွားများအတွက် စားကျက်ကောင်း ရှိမည့်နေရာကို ရှာဖွေပြီး ရေကြည်ရာ မြက်နုရာအရပ်များ၌ စတည်းချ၍ နေလေ့ရှိသည်။ အများအားဖြင့် သူစတည်းချရာ အရပ်များမှာ မဟီမြစ်ကမ်းတလျှောက် ဖြစ်၏။ ပူပြင်းခြောက်သွေ့သည့်

နွေရာသီများတွင်မူ မဟီမြစ်၏ ရေလယ်ကျွန်း တစ်ခုသည် သူ၏ အမြဲတမ်းစခန်း ဖြစ်ပေသည်။

ဓနိယသည် နဂိုက သဌေးသားဖြစ်ရုံသာမက နွားမွေးမြူရေးကို အကြောင်းပြု၍လည်း ဓနဥစ္စာများ တနေ့တခြား တိုးပွားလာ၏။ အချိန်တန်အရွယ်ရောက်လျှင် အိမ်ထောင်ရက်သားကျ၍ သား(၇)ယောက်နှင့် သမီး(၇)ယောက်တို့ ရှေ့ဆင့်နောက်ဆင့် ပေါက်ဖွားလာကြသည်။ ထိုသားသမီးများကို အကြောင်းပြု၍သားမက်နှင့်ချွေးမများကိုလည်း တစ်ယောက်ပြီးတစ်ယောက် ရရှိလာပြန်ရာ အိမ်ထောင်စုကြီးတစ်ခု အနေဖြင့် လွန်စွာ အင်အား တောင့်တင်း လာတော့သည်။

တရံရောအခါ ဓနိယသည် မိုးရာသီ နီးလာသဖြင့် မြစ်ရေ မလွှမ်းနိုင်မည့် မဟီမြစ်ကမ်း တစ်နေရာ၌ စခန်းချနေထိုင်၏။ လူများနေရန် တဲအိမ်များနှင့် နွားထားရန် နွားတင်းကုပ်များကို စနစ်ကကျ စီမံဆောက်လုပ်စေ၏။ မိုးရာသီအတွင်း [illegible] စားနပ်ရိက္ခာများကိုလည်း အလုံအလောက် စုဆောင်း သိုလှောင်ထားလေသည်။

ယင်းသို့ သူ့လူနှင့် သူ့နွားများအတွက် လိုလေသေး မရှိအောင် ကြိုတင်လုပ်ဆောင်ပြီးချိန်တွင် မိုးရာသီကျရောက်လာသဖြင့် မိုးသားမိုးတိမ်လိပ်များ တက်လာသည်။ မိုးချုန်းသံများ ကြားလာရသည်။ ထိုအချိန်တွင် စားစရာ နေစရာ မပြည့်စုံသေးသူများမှာ နေစရာလုရ၊ စားစရာ ရှာရသဖြင့် အပြေးအလွှား ဗျာများ၍ နေကြသည်။ ဓနိယကား ပူစရာ ပင်စရာ လုံးဝမရှိတော့။ မိုးရွာမည်ကို စိုးရိမ်ကြောက်ရွံ့စရာ မရှိတော့။

သို့ဖြစ်၍ ဓနိယသည် အရပ်လေးမျက်နှာမှ မည်းမှောင်ညို့မှိုင်းလျက် ရှိသော မိုးကောင်းကင်ကို ကြည့်ကာ ဤသို့ မြွက်ဆိုဟစ်ကြွေးနေလေသည်။

"ငါသည် ထမင်းချက်ပြီးသူ ဖြစ်၏။ နွားနို့ ညှစ်ပြီးသူ ဖြစ်၏။ မဟီမြစ်၏ ကမ်းနား၌ အခြံအရံနှင့်တကွ နေသူဖြစ်၏။ ငါ၏ အိမ်ကို မိုးပြီးခဲ့ပြီ။ မီးကိုလည်း ထွန်းညှိပြီးပြီ။ အို မိုးနတ်သား၊ သင်သည် ကြိုက်သလောက် ရွာသွန်းပါလော။"

ဤသို့ ဓနိယက မိုးနတ်သားအား စိန်ခေါ်၍ အားမာန်အပြည့်ဖြင့် ကြုံးဝါးနေစဉ် ဗုဒ္ဓရှင်တော်မြတ်သည် ဓနိယ၏ တဲအနီးသို့ ဆိုက်ရောက်လာ၏။ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေသော ဗုဒ္ဓသည် မဟီမြစ်ကမ်းတလျှောက်၌ တစ်ပါးတည်း ခရီးကြွချီခဲ့ရာမှ ဤနေရာသို့ ဆိုက်ရောက်လာခြင်း ဖြစ်၏။

ဓနိယ၏ ဝင့်ကြွား ကြွေးကြော်သံကို ကြားလျှင် ဗုဒ္ဓရှင်တော်မြတ်ကလည်း အလားတူ ဂါထာတစ်ပုဒ်ကို မြွက်ဟတော်မူလိုက်သည်။

"ငါသည် အမျက်မထွက်သူ ဖြစ်၏။ စိတ်၌ စူးဝင်တတ်သော ငြောင့်တံသင်း ကင်းသူ ဖြစ်၏။ မဟီမြစ်၏ ကမ်းနား၌ တညဉ့်မျှသာ နေသူဖြစ်၏။ ငါ၏အိမ်ကို အမိုးဖွင့်ထား အပ်ပြီ။ မီးကိုလည်း ငြိမ်းအပ်လေပြီ။ အို မိုးနတ်သား၊ သင်ကြိုက်သလောက် ရွာသွန်းပါလေလော့။"

ဓနိယသည် မိမိနေစရာ တဲအိမ်ကို လုံလုံခြုံခြုံ မိုးကာပြီး မီး၊ ထင်း၊ ရေများကိုလည်း လုံလောက်အောင် စုဆောင်း သိုလှောင်ထားပြီး ဖြစ်၍–"ငါ၏အိမ်ကို မိုးပြီးခဲ့ပြီ။ မီးကိုလည်း ထွန်းညှိ

ပြီးပြီ။''ဟု ဝင့်ကြွားခြင်း ဖြစ်၏။ဗုဒ္ဓကာမူခန္ဓာကိုယ်တည်းဟူသော အိမ်၏ ကိလေသာ အမိုးအကာများကို ဖျက်ဆီးပြီးဖြစ်၍ လည်းကောင်း၊ လောဘ၊ ဒေါသ စသော ကိလေသာမီးများကို ငြိမ်းသတ်ပြီးဖြစ်၍လည်းကောင်း-''ငါ၏ အိမ်ကို အမိုးဖွင့်ထား အပ်ပြီ။ မီးကိုလည်း ငြိမ်းအပ်လေပြီ။''ဟု ကျူးရင့်ခြင်း ဖြစ်ပေသည်။

သို့သော်လည်း ဓနိယကား ဗုဒ္ဓ၏ ရည်ညွှန်းချက်ကို မရိပ်မိချေ။ ထို့ကြောင့် မိမိ၏ ပြည့်စုံကြွယ်ဝမှုများကို ဆက်လက်၍ ထုတ်ဖော် ဝင့်ကြွားပြန်လေသည်။

ဓနိယ - ဤအရပ်၌ မှက် ခြင်များမရှိ၊ နွားများ ကျက်စားရန်အတွက်လည်း မြစ်ကမ်းတလျှောက်၌ မြက်ခင်းများ ရှိ၏။ ငါ၏ နွားများသည် သည်းထန်သော၊ မိုးရေဒဏ်ကို ခံနိုင်ရည် ရှိကြ၏။ အို မိုးနတ်သား၊ သင်ကြိုက်သလောက် ရွာသွန်းပါလော့။

ဗုဒ္ဓ - ငါသည် မဂ္ဂင်ဖောင်ကို ဖွဲ့ပြီးပြီ။ ကိလေသာ ရေအလျဉ်ကို ဖြတ်သန်း၍ နိဗ္ဗာန်တည်းဟူသော တဘက်ကမ်းသို့ ရောက်ခဲ့ပြီ။ ထို့ကြောင့် ဖောင်သည် ငါ့အတွက် အသုံးမဝင်တော့။ အို မိုးနတ်သား၊ သင်ကြိုက်သလောက် ရွာသွန်းပါလော။

ဓနိယ - ငါ့၌ လင့်အကြိုက်ကို လိုက်တတ်သော အိမ်ရှင်မလည်း ရှိ၏။ သူမသည် လော်လီမှု ကင်း၏။ ကြာမြင့်စွာ ပေါင်းသင်းခဲ့သော မယား ဖြစ်၏။

ငါ့ကို ချစ်ခင်မြတ်နိုး၏။ သူမ၏ အပြစ် တစုံ တရာကိုမျှ ငါ မကြားစဖူး။ အို မိုးနတ်သား၊ သင်ကြိုက်သလောက် ရွာသွန်းပါလော။

ဗုဒ္ဓ - ငါ၏စိတ်သည် ငါ့အလိုသို့ လိုက်၏။ ကိလေသာ အနှောင်အဖွဲ့မှ လွတ်၏။ ကာလကြာမြင့်စွာ ပွားများအပ်ပြီး ဖြစ်၍ ယဉ်ကျေးပြီး ဖြစ်ရကား ငါ့မှာ မကောင်းမှု တစုံတရာမျှ မရှိတော့ချေ။ အို မိုးနတ်သား၊ သင်ကြိုက်သလောက် ရွာသွန်းပါလော။

ဓနိယ - ငါသည် ကိုယ်ပိုင်အလုပ်ဖြင့်သာ အသက်မွေးသူ ဖြစ်၏။ ငါ့သားသမီးတို့သည်လည်း ငါနှင့်အတူ ပင်နေထိုင်ကြ၏။ အနာရောဂါကင်းရှင်းသူများ လည်း ဖြစ်ကြ၏။ အပြစ်တစုံတရာ ရှိသည်ဟု လည်း မကြားစဖူး။ အို မိုးနတ်သား၊ သင်ကြိုက် သလောက် ရွာသွန်းပါလော။

ဗုဒ္ဓ - ငါသည် တစ်စုံတစ်ယောက်သောသူ၏ အခစား မဟုတ်။ လောကသုံးပါး၌ စိုးပိုင်သူ မရှိပဲ လှည့် လည်နိုင်သူ ဖြစ်၍ အဖိုးအခကို ငါအလို မရှိ။ အို မိုးနတ်သား၊ သင်ကြိုက်သလောက် ရွာသွန်း ပါလော။

ဓနိယ - ငါ့မှာသင်းကွပ်ခြင်းမပြုရသေးသော နွားခေါက် များလည်း ရှိ၏။ နို့စို့ နွားငယ်များလည်း ရှိ၏။ ကိုယ်ဝန်ဆောင် နွားမများလည်း ရှိ၏။ အရွယ်

ရောက်သော နွားမများလည်း ရှိ၏။ နွားလား ဥသဘကြီးများလည်း ရှိ၏။ အို မိုးနတ်သား၊ သင်ကြိုက်သလောက် ရွာသွန်းပါလော။

ဗုဒ္ဓ - ငါ့မှာ နွားပေါက်နှင့်တူသည့် ပရိယုဋ္ဌာန ကိလေသာလည်း မရှိ။ နို့စို့နွားငယ်နှင့်တူသည့် အနုသယ ကိလေသာလည်း မရှိ။ ကိုယ်ဝန်ဆောင် နွားမနှင့်တူသည့် အဘိသင်္ခါရလည်း မရှိ။ အရွယ်ရောက်သော နွားမနှင့်တူသည့် တဏှာလည်း မရှိ။ နွားလား ဥသဘနှင့်တူသည့် ဝိညာဉ်လည်း မရှိ။ အို မိုးနတ်သား၊ သင်ကြိုက်သလောက် ရွာသွန်းပါလော။

ဓနိယ - ငါသည် နွားချည်တိုင်တို့ကို မလှုပ်မယိုင် ခိုင်မြဲစွာစိုက်ထားအပ်ပြီ။ ဖြူဆန်မြက်ဖြင့် ပြီးသော ကြိုးတို့ကိုလည်း ကောင်းစွာ ကျစ်ထားအပ်ပြီ။ ထိုကြိုးတို့ကို နွားငယ်များ ဖြတ်ခြင်းငှာ မစွမ်းနိုင်။ အို မိုးနတ်သား၊ သင် ကြိုက်သလောက် ရွာသွန်းပါလော။

ဗုဒ္ဓ - နွားလားဥသဘသည် ချည်ကြိုးကို ဖြတ်သကဲ့သို့၊ ဆင်ပြောင်ကြီးသည် ဆင်တုံးမနွယ်ကြိုးကိုဖြတ်သကဲ့သို့ ငါသည် သံယောဇဉ် နှောင်ကြိုးများကို ဖြတ်ပြီးလေပြီ။ သို့ဖြစ်၍ အမိဝမ်း၌ တဖန် ကိန်းအောင်းခြင်းသို့ ရောက်တော့မည် မဟုတ်။ အို မိုးနတ်သား၊ သင်ကြိုက်သလောက် ရွာသွန်းပါလော။

ဤသို့လျှင် ခနိယက မိမိ၏ လောကီပြည့်စုံကြွယ်ဝမှုကို ဖွင့်ဟမြွက်ဆိုလေတိုင်း ဗုဒ္ဓက ယင်းစကားများကို ချေဖျက်၍ ဆန့်ကျင်ဘက် အနက်အဓိပ္ပာယ်တို့ကို ဖော်ညွှန်းတော်မူသည်။ ဗုဒ္ဓ၏ ဖော်ညွှန်းချက်များသည် သံသရာမှ လွတ်မြောက်ရေး "ဝိမုတ္တိတရား"များသာ ဖြစ်၍ ခနိယ၏ အသိအမြင်နှင့် ပြဒါးတလမ်း သံတလမ်းသာ ဖြစ်တော့သည်။

သို့ဖြစ်၍အဦးအစ၌ ခနိယသည် ဗုဒ္ဓ၏လမ်းညွှန်ချက်ကို လုံးဝ သဘောမပေါက်။ သို့ရာတွင် ဗုဒ္ဓက တစ်ပုဒ်ပြီးတစ်ပုဒ် ဆက်လက်ဟောကြားသဖြင့် ဂါထာ ၆ ပုဒ် ပြီးဆုံးသောအခါ သူ၏ မူလအသိအမြင်များ လုံးဝ ပြောင်းလဲသွားတော့သည်။ "လောကီစည်းစိမ်များသည် အချည်းနှီးပါတကား။" ဟူသော ဉာဏ်အမြင်သည် ဘွားကနဲ ပေါ်ပေါက်လာ၏။ ထို့ကြောင့် သူ၏ဇနီးမယား သမီးသားတို့နှင့်အတူ သောတာပန်အဖြစ်သို့ ဆိုက်ရောက်သွားလေသည်။

ထိုနည်းတူ မရှေးမနှောင်းမှာပင် မိုးနတ်သားကလည်း သည်းထန်စွာရွာသွန်းလိုက်ရာ ခနိယမှာ အတိုင်းမသိသော အေးချမ်းကြည်နူးမှုကို ရရှိသွားလေသည်။ ထို့ကြောင့် ချက်ချင်းပင် မိမိတို့ဇနီးမောင်နှံအား ရဟန်းပြုပေးရန် ဗုဒ္ဓအား တောင်းပန်သည်။ ဤသို့ဖြင့် ခနိယဇနီးမောင်နှံတို့ ရဟန်းဘဝ ဆိုက်ရောက်သွားကြလေသည်။

# ၃။ ခဂ္ဂဝိသာဏသုတ်

## ကြံ့ချိုဥပမာတရား

### ပစ္စေကဗုဒ္ဓဟူသည်

ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။ ထိုအခါ ရှင်အာနန္ဒာမထေရ်အား တစ်ပါးတည်းနေစဉ် အကြံတစ်ခု ဖြစ်ပေါ်လာ၏။

> “ဗုဒ္ဓရှင်တော်မြတ်နှင့် တပည့်သာဝကတို့၏ ဆုတောင်းပုံ၊ ပါရမီဖြည့်ပုံများကို ထင်ထင်ရှားရှား သိရ၏။ ပစ္စေကဗုဒ္ဓတို့၏ ဆုတောင်းပုံ၊ ပါရမီဖြည့်ပုံများကိုမူ မသိရသေး။ ဤအကြောင်းကို ဗုဒ္ဓအား မေးလျှောက်ရသော် သင့်မြတ်ပေရာ၏။”

ဤသို့ အကြံဖြစ်ပြီးနောက် ရှင်အာနန္ဒာသည် ဗုဒ္ဓထံသို့ ချဉ်းကပ်၍ ပစ္စေကဗုဒ္ဓတို့၏ ဆုတောင်းပတ္ထနာပြုပုံ၊ ပါရမီဖြည့်ကျင့်ပုံများကို ဟောကြားရန် လျှောက်ထားတောင်းပန်

လေသည်။ ထိုတောင်းပန်ချက်အရ ဗုဒ္ဓသည် ပစ္စေကဗုဒ္ဓတို့၏ အကြောင်းခြင်းရာများကို အကျယ်တဝင့် ဟောကြားတော်မူခဲ့လေသည်။

သစ္စာလေးပါးကို သိမြင်၍ ကျွတ်တမ်းဝင်သော ပုဂ္ဂိုလ်များသည် ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓနှင့် သာဝကဟူ၍ သုံးမျိုးရှိ၏။ ယင်းတို့တွင် မိမိကိုယ်တိုင် သစ္စာလေးပါးကို သိမြင်ပြီး အခြားသူတို့အားလည်း ယင်းသို့ သိမြင်အောင် ဟောပြောညွှန်ကြားနိုင်သည့်ပုဂ္ဂိုလ်များကို ဗုဒ္ဓဟု ခေါ်၏။ တတိယအမျိုးအစားဖြစ်သော သာဝကတို့သည် ဗုဒ္ဓ၏ ဟောပြောညွှန်ကြားမှုကို အမှီပြု၍ တရားကို သိမြင်သူများ ဖြစ်၏။ ပစ္စေကဗုဒ္ဓတို့ကား ဗုဒ္ဓ၏ဆုံးမဩဝါဒကို လုံးဝ အမှီမပြုပဲ မိမိဘာသာ သီးခြားကင်းလွတ်စွာ တရားကို သိမြင်သူများ ဖြစ်ပေသည်။ ထို့ကြောင့် ပစ္စေကဗုဒ္ဓတို့သည် သာသနာတွင်းကာလ၌ မပေါ်ပေါက်ပဲ သာသနာပ အချိန်၌သာ ပေါ်ထွန်းလာမြဲ ဖြစ်ပေသည်။

ပစ္စေကဗုဒ္ဓတို့သည် မိမိတို့ကိုယ်တိုင် သစ္စာလေးပါးကို ထိုးထွင်းသိမြင်နိုင်ကြ၏။ သူတပါးတို့အား နားလည်အောင် ထုတ်ဖော် ဟောကြားခြင်း မပြုနိုင်ကြချေ။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်တို့ကဲ့သို့ တပည့်သာဝက အသိုင်းအဝိုင်းများဖြင့် ထင်ရှားခြင်းမရှိ၊ သာမန် အရိယာသူတော်စဉ် တစ်ပါးအနေဖြင့်သာ ပေါ်ထွန်းကာ နိဗ္ဗာန်ဝင်သွားကြလေ၏။ ပစ္စေကဗုဒ္ဓအလောင်းလျာများသည် ဗုဒ္ဓအလောင်းလျာများ ကဲ့သို့ပင် ပညာလွန်ကဲသည့် "ပညာဓိက" ပုဂ္ဂိုလ်၊ ဝီရိယလွန်ကဲသည့်

''ဝီရိယာဓိက'' ပုဂ္ဂိုလ်၊ သဒ္ဓါလွန်ကဲသည့် ''သဒ္ဓါဓိက'' ပုဂ္ဂိုလ် ဟူ၍ သုံးမျိုးသုံးစား ကွဲပြား၏။ ပုဂ္ဂိုလ်သုံးစား ကွဲပြားသည့်အလျောက်ပါရမီဖြည့်ရသည့် အချိန်ကာလမှာလည်း အနည်းအများအားဖြင့် ကွဲပြားလေသည်။ သို့သော်လည်း အနည်းဆုံး နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြစ်ပြီး အများဆုံး သုံးသင်္ချေထက် မပိုဟု ဆိုပေသည်။

ဥပမာအားဖြင့် သုံးလသက်တန်းရှိသော စပါးပင်များကို ရေသွင်းခြင်း၊ ပေါင်းသင်ခြင်း၊ မြေသြဇာ ကျွေးခြင်း စသည်အားဖြင့် မည်သို့ပင်ဂရုစိုက်၍ ပြုစုစိုက်ပျိုးသော်လည်း တစ်လ နှစ်လ အတွင်း၌ အသီးအနှံ မထွက်နိုင်ချေ။ ထို့အတူပင် ပစ္စေက ဗုဒ္ဓ အလောင်းလျာများသည်လည်း အနည်းဆုံး နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း တိုင်အောင် ပါရမီ ဖြည့်ကျင့်ခြင်း မပြုပဲ မည်သည့်နည်းနှင့်မျှ ပစ္စေကဗုဒ္ဓ အဖြစ်သို့ မရောက်နိုင်ပါချေ။

ပစ္စေကဗုဒ္ဓ လောင်းလျာတို့ ဖြည့်ကျင့်ရမည့် ပါရမီများမှာ လည်း ဒါန၊ သီလ စသော ပါရမီ ဆယ်ပါးပင် ဖြစ်၏။ သတ္တဝါတို့အပေါ်၌ သနားကြင်နာခြင်း ကရုဏာကို အခြေခံ၍ ယင်းတို့အား ဝဋ်ဆင်းရဲမှ ကယ်တင်ရန် ရည်ရွယ်လျက် ပါရမီ ဆယ်ပါးကို ဖြည့်ကျင့်သည့် ပုဂ္ဂိုလ်တို့သည် ဘုရားအဖြစ်သို့ ရောက်ကြ၏။ ပစ္စေကဗုဒ္ဓနှင့် သာဝကလောင်းလျာတို့ကား အခြားသတ္တဝါတို့အား ကယ်တင်ရန် ရည်ရွယ်ချက်ဖြင့် ပါရမီ ဖြည့်ကြသည်မဟုတ်၊ မိမိတို့ ကိုယ်တိုင် ဝဋ်ဆင်းရဲမှ လွတ်မြောက် ရန်အတွက်သာ ဖြည့်ကျင့် အားထုတ်ခဲ့ကြခြင်း ဖြစ်ပေသည်။

## ဂတပစ္စာဂတဝတ်

ပစ္စေကဗုဒ္ဓအဖြစ်သို့ ရောက်ရေးအတွက် အထူးလေ့ကျင့် အားထုတ်ရမည့် ကျင့်စဉ်တစ်ရပ်ကို ကျမ်းဂန်တို့၌ ဖော်ပြထား၏။ ထိုကျင့်စဉ်ကား ရဟန်းဘဝဖြင့် ကမ္မဋ္ဌာန်းဘာဝနာများကို နာရီပိုင်း မိနစ်ပိုင်းမျှပင် မပျက်ကွက်ရအောင် နှစ်ပေါင်းများစွာ ပွားများအားထုတ်ခြင်း ဖြစ်ပေသည်။ ရဟန်းတို့သည် များသောအားဖြင့် ကမ္မဋ္ဌာန်းဘာဝနာ တစ်မျိုးမျိုးကို အချိန်ရှိသရွေ့ ပွားများအားထုတ်နေကြစမြဲပင် ဖြစ်၏။ သို့သော်လည်း ခန္ဓာကိုယ် တည်တံ့ရေးအတွက် မြို့တွင်း ရွာတွင်းသို့ တစ်နေ့တစ်ကြိမ် ဆွမ်းခံလှည့်လည်ခြင်း အလုပ်ကား ရဟန်းကောင်း ရဟန်းမြတ်တို့၏ တာဝန်တရပ်ပင် ဖြစ်ပေသည်။ မြို့တွင်းသို့ ဆွမ်းခံဝင်ချိန်တွင် မိမိတို့ ဆင်ခြင်ပွားများနေကျ ကမ္မဋ္ဌာန်းဘာဝနာများကို ယာယီအားဖြင့် ရပ်ဆိုင်းထားရသည်သာ များ၏။ အကြောင်းကား လူဒါယကာတို့နှင့် အလ္လာပ သလ္လာပ စကားပြောခြင်း၊တရားစကားဟောပြောခြင်းစသည့်ကိစ္စများကို မလွှဲသာ မရှောင်သာ ဆောင်ရွက်ကြရသောကြောင့် ဖြစ်၏။

သို့ရာတွင် တရားဘာဝနာတို့ အလွန်အမင်း အလေးအနက်ထားသည့် ရဟန်းတော် အချို့ကား ဆွမ်းခံဝင်ချိန်လေးမှာပင် တရားလက်လွှတ် မဖြစ်အောင် ကြိုးစား အားထုတ်တော်မူကြ၏။ လူဒါယကာတို့နှင့် စကားပြောဆိုခြင်း မပြုမိအောင် ရှောင်၍ ဆွမ်းခံဝင်လေ့ရှိကြ၏။ ဆွမ်းခံကြွစဉ် တရားကို နှလုံးမသွင်းပဲ ခြေတလှမ်း လှမ်းမိပါက နောက်သို့ တစ်လှမ်းပြန်ဆုတ်

၍ လွတ်သွားသော ကမ္မဋ္ဌာန်းကို နှလုံးသွင်းလေ့ ရှိကြ၏။ ဤသို့ ဆွမ်းခံကြွချိန်၊ ဆွမ်းဘုဉ်းပေးနေချိန်၊ ဆွမ်းခံရာမှ ပြန်လာချိန်တို့၌ပင် အလွတ်မပေးပဲ ကမ္မဋ္ဌာန်းကို အမြဲဆင်ခြင် ပွားများနေခြင်းကို "ဂတ ပစ္စာဂတ" ကျင့်ဝတ်ဟု ခေါ်လေသည်။ အသွားရော အပြန်ပါ ကျင့်ဆောင်သောဝတ်ဟု ဆိုလိုပေသည်။

ဤ "ဂတပစ္စာဂတ" ကျင့်ဝတ်သည် ပစ္စေက ဗောဓိဉာဏ် ရရှိရေးအတွက် များစွာ အထောက်အကူ ပြုပေ၏။ ဤကျင့်ဝတ်ကို နှစ်ပေါင်းများစွာ အားထုတ်ဖူးသည့် ပုဂ္ဂိုလ်များသာလျှင် ပစ္စေကဗုဒ္ဓ ဖြစ်နိုင်၏။

သို့သော်လည်း "ဂတပစ္စာဂတ ကျင့်ဝတ်" ကြောင့် ပစ္စေက ဗောဓိဉာဏ် တစ်မျိုးကိုသာ ရရှိနိုင်သည် မဟုတ်၊ သာဝက ဗောဓိဉာဏ်ကိုလည်း ရရှိနိုင်ပေ၏။ သီဟိုဠ်ကျွန်းမှ ဖုဿဒေဝ မထေရ်သည် နှစ်ပေါင်း ၂၀ တိုင်အောင် "ဂတ ပစ္စာဂတ" ဝတ်ကို ဖြည့်ကျင့်သဖြင့် ရဟန္တာအဖြစ်သို့ ရောက်ခဲ့၏။ မဟာနာဂမထေရ်ကား ၁၆ နှစ်တိုင်အောင် ဖြည့်ကျင့်သဖြင့် ရဟန္တာ ဖြစ်ခဲ့၏။

ပြဆိုပြီးခဲ့သည့်အတိုင်း ပါရမီဆယ်ပါးကို လုံလောက်အောင် ဖြည့်ကျင့်၍ "ဂတ ပစ္စာဂတ" ဝတ်ကိုလည်း အားထုတ်ခဲ့သော ပုဂ္ဂိုလ်သည် အသိဉာဏ် ရင့်ကျက်သော ဘဝသို့ ရောက်သည့်အခါ တစုံတခုသော အာရုံကိုမြင်၍ သံဝေဂဉာဏ်ဖြစ်ပေါ်လာ၏။ ဘဝကို ငြီးငွေ့ စက်ဆုပ်လာ၏။ သံဝေဂဉာဏ်ကို အခြေခံ၍ ဝိပဿနာ ပွားများရာမှ သစ္စာလေးပါးကို သိမြင်သော ပစ္စေကဗောဓိဉာဏ်ကို မျက်မှောက် ပြုသွားကြလေသည်။

## နန္ဒမူ လိုဏ်ဂူ

ပစ္စေကဗုဒ္ဓအဖြစ်သို့ ရောက်သွားသော ပုဂ္ဂိုလ်တို့သည် အများအားဖြင့် လူ့ပြည်လူ့ရွာကို စွန့်ခွာ၍ ဟိမဝန္တာတော အတွင်းရှိ ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူတတ်ကြသည်။ ရာဇဂြိုဟ်ပြည်ကို ဝန်းရံလျက်ရှိသော တောင်ငါးလုံးအနက် တစ်လုံးအပါအဝင် ဖြစ်သည့် ဣသိဂိလိတောင်၌လည်းကောင်း၊ အခြားမြို့ရွာ ဒေသ အသီးသီး၌လည်းကောင်း အကြောင်းအား လျော်စွာ သီတင်းသုံးသည့် ပစ္စေကဗုဒ္ဓများလည်း ရှိကြပေ၏။ သို့သော်လည်း ဂန္ဓမာဒနတောင် နန္ဒမူလိုဏ်ဂူကား ပစ္စေကဗုဒ္ဓတို့ သီတင်းသုံးရာ ဌာနအဖြစ် အထင်ရှားဆုံး ဖြစ်ပေသည်။

ပစ္စေကဗုဒ္ဓ အသင်တစ်ပါး ဂန္ဓမာဒနတောင်သို့ ရောက်ရှိလာလျှင် နန္ဒမူလိုဏ်ဂူတွင်း၌ သီတင်းသုံးလျက်ရှိသော ပစ္စေကဗုဒ္ဓတို့သည် တောင်ခြေရှိ မဉ္ဇူသက ပန်းပင်ရင်း၌ စုဝေးတော်မူကြ၏။ ထို့နောက် အကြီးအကဲဖြစ်သော ပစ္စေကဗုဒ္ဓအရှင်မြတ်က အသစ်ရောက်လာသော ပစ္စေကဗုဒ္ဓအား တရားရရှိပုံကို မေးမြန်းလေ့ ရှိ၏။ တခါတရံ လူပုဂ္ဂိုလ်တစ်ဦးဦးက မေးလျှောက်သဖြင့်လည်း ပစ္စေကဗုဒ္ဓ အရှင်မြတ်တို့သည် မိမိတို့ တရားရရှိခဲ့ပုံကို ထုတ်ဖော် မြွက်ကြားတော်မူတတ်ကြ၏။

ဤ ခဂ္ဂဝိသာဏသုတ်သည် အခြားသူများက မေးလျှောက်ခြင်းကြောင့်ဖြစ်စေ၊ မိမိဘာသာ ဥဒါန်းကျူးရင့်သည့် အနေဖြင့်ဖြစ်စေ၊ ပစ္စေကဗုဒ္ဓ အရှင်မြတ်များ မြွက်ကြားခဲ့သည့် တရားဂါထာတို့ကို စုစည်း၍ ဗုဒ္ဓရှင်မြတ်က ပြန်လည် ဟော

ကြားထားခြင်း ဖြစ်ပေသည်။ တနည်းဆိုသော် ဤသုတ်လာဂါထာ (၄၁)ပုဒ်တို့မှာ ပစ္စေကဗုဒ္ဓ အရှင်မြတ် (၄၁)ပါးတို့၏ ဥဒါန်းစကားများ ဖြစ်ပေသည်။

## လက်နက်ချသူ

ကဿပဘုရားရှင်လက်ထက် ရဟန်းတော် တစ်ပါးသည် နှစ်ပေါင်း နှစ်သောင်းပတ်လုံး တောရဆောက်တည်၍ ရဟန်းတရားကို အားထုတ်၏။ ဆွမ်းခံဝင်ချိန်၊ ဆွမ်းခံရာမှ ပြန်ချိန်တို့၌ပင် ကမ္မဋ္ဌာန်းအာရုံကို လက်မလွှတ်ပဲ ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်၏။

ထိုရဟန်းသည် ယင်းဘဝမှ စုတေလျှင် နတ်ပြည်သို့ ရောက်လေ၏။ နတ်ပြည်မှ တဖန် စုတေပြန်သော် ဗာရာဏသီပြည်ရှင် ဘုရင်ဗြဟ္မဒတ်၏ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေ နေ၏။ ဖွားမြင်၍ အရွယ်ရောက်သောအခါ ခမည်းတော်၏ ထီးနန်းအမွေကို ဆက်ခံလျက် ဗြဟ္မဒတ်မင်းဟူသော အမည်ဖြင့် ဗာရာဏသီပြည်ကို အုပ်စိုးလေသည်။ ထိုမင်းလက်အောက်၌ မြို့ကြီးပေါင်း နှစ်သောင်းနှင့်တကွ ဆင် မြင်း ရထားစသော စစ်သည်အင်အား အလွန်များပြား၏။ မိဖုရားမောင်းမပေါင်း သောင်းခြောက်ထောင်တို့ဖြင့် အခဆ င်ဆောင် အခန်းခန်းသော နန်းပြာသာဒ်များမှာလည်း အလွန်ပင် ခမ်းနားကြီးကျယ်လှပေသည်။

ဤသို့ဖြင့် ကြီးကျယ်ခမ်းနားသော မင်းစည်းစိမ်ကို ခံစားနေရသော်လည်း ဗြဟ္မဒတ်မင်းသည် ပါရမီခံ ရင့်သန်သူ ဖြစ်၍

စည်းစိမ်ယစ်မူးခြင်းမရှိ။ ရှေးဘဝက ဝါသနာခတ်ခဲ ပါရှိခဲ့သော ကသိုဏ်းပရိကံတို့ကို အချိန်ရတိုင်း ပွားများအားထုတ်၍နေ၏။ ထို့ကြောင့် ထီးနန်းစိုးစံယင်းဖြင့်ပင် မကြာမီ ဈာန်အဘိညာဉ်တို့ကို ရရှိလေသည်။

သို့သော်လည်း မြားမြောင်ကြီးလေးသော တိုင်းရေးပြည်ရေး ကိစ္စများကြောင့် ရရှိထားသောဈာန်သည် မကြာမီ ပျောက်ကွယ်သွားပြန်၏။ ထိုအခါ ဗြဟ္မဒတ်မင်းသည် တိုင်းရေးပြည်ရေးကိစ္စများကို အမတ်တစ်ယောက်အား လွှဲအပ်ထားပြီး နန်းပြာသာဒ်၏ အပေါ်ဆုံးထပ်သို့တက်၍ ဈာန်သမာပတ်ချမ်းသာဖြင့်သာ တစ်ယောက်တည်း ပျော်မွေ့နေလေသည်။

ယင်းသို့ မင်းကြီးက တရားအားထုတ်၍ တစ်ကိုယ်တည်း ပျော်မွေ့နေသောအခါ ကိလေသာရာဂကိုမချုပ်တည်းနိုင်သော မိဖုရားကြီးသည် မင်းကြီးက တာဝန်လွှဲအပ်ထားသော အမတ်နှင့် ဖောက်ပြား ကျူးလွန်လေသည်။ ဤအကြောင်းကို အခြားသော အမတ်တို့က မင်းကြီးအား လျှောက်တင်ကြ၏။ မင်းကြီးသည် မိဖုရားကြီးနှင့် ထိုအမတ်တို့ ဖောက်ပြန်ကျူးလွန်နေကြသည်မှာ အမှန်ပင်ဖြစ်ကြောင်း စုံစမ်းသိရှိရသော်လည်း အမျက်ဒေါသထွက်ခြင်းမရှိ။ သို့ရာတွင် ဆက်လက်ကျူးလွန်မှု မပြုနိုင်စေရန် ထိုအမတ်ကို တိုင်းပြည်မှ နှင်ထုတ်လိုက်၏။

ထိုအမတ်သည် ဗာရာဏသီပြည်မှ ထွက်ခွာ၍ တိုင်းတပါးမင်းတစ်ပါးထံ၌ ချဉ်းကပ်ခစားလေသည်။ ထိုမင်းနှင့် အကျွမ်းတဝင်ဖြစ်သောအခါ ဗာရာဏသီပြည်ကို တိုက်ခိုက်သိမ်းယူရန် အကြံပေး တိုက်တွန်း၏။ ထိုမင်းသည် ဗာရာဏသီမြို့တွင်းသို့ သူလျှိုများ စေလွှတ်၍ အခြေအနေကို စုံစမ်းထောက်လှမ်း

စေ၏။ ထိုသူလျှိုများကို ဗာရာဏသီမင်း၏ ရဲမက်များက ဖမ်းဆီးမိသဖြင့် မင်းကြီးထံ ခေါ်ဆောင်သွားကြသည်။ တိုင်းပြည်ကို တိုက်ခိုက်လုယူရန် ကြံစည်အားထုတ်ခြင်းသည် သေဒဏ်ထိုက်သင့်သော ပြစ်မှုဖြစ်သော်လည်း ဗာရာဏသီမင်းကား မေတ္တာတရားကိုလက်ကိုင်ထားသူဖြစ်၍ သူလျှိုတို့အားအပြစ်ဒဏ်မပေး သတိပေး ဆုံးမစကားပြော၍ ပြန်လွှတ်လိုက်၏။

ဗာရာဏသီမင်း၏ နူးညံ့ပျော့ပျောင်းပုံကို ကြားသိရသောအခါ တိုင်းတပါးမင်းသည် စစ်တပ်ကြီးချီတက်လာပြီး ဗာရာဏသီ လက်အောက်ခံမြို့များကို တစ်မြို့ပြီးတစ်မြို့ တိုက်ခိုက်သိမ်းယူလေသည်။ နောက်ဆုံး၌ ရန်သူစစ်တပ်ကြီး မြို့တော်အနီးသို့ ဆိုက်ရောက်လာသောအခါ အမတ်တို့က ခုခံတိုက်ခိုက်ရန် ပြဟ္မဒတ်မင်းအား စိုင်းဝန်းလျှောက်တင်ကြ၏။ မင်းကြီးသည် အမတ်တို့၏ အလိုဆန္ဒကို မငြင်းသာသဖြင့် ရန်သူတို့ကို ခုခံတိုက်ခိုက်ရန် ခွင့်ပြုလိုက်ရ၏။ သို့သော် တိုက်ခိုက်ရာတွင် ရန်သူစစ်သည်တစ်ဦးတစ်ယောက်ကိုမျှ သေကြေပျက်စီးအောင် မပြုလုပ်ရဟူ၍ ညွှန်ကြားလိုက်လေသည်။

ထိုညွှန်ကြားချက်အရ ဗာရာဏသီမင်း၏ စစ်သည်ရဲမက်တို့သည် ညအချိန်တွင် ရန်သူစစ်တပ်ကြီး အတွင်းသို့ အငိုက်ဝင်၍ စီးကြရာ တိုင်းတပါး မင်းကို လက်ရ ဖမ်းမိလေသည်။ တိုင်းတပါး မင်းသည်- "ငါကား သူတော်ကောင်းကို ပြစ်မှားမိလေပြီ။" ဟု နောင်တရလျက် မိမိအား အသက်ချမ်းသာပေးရန် တောင်းပန်၏။ ဗာရာဏသီမင်းကလည်း ဆုံးမဩဝါဒစကား ပြောကြားပြီး ကြည်ဖြူစွာ ပြန်လွှတ်လိုက်လေသည်။

ဗြဟ္မဒတ်မင်းသည် သည်းခံခြင်းတရားကို လက်တွေ့ကျင့်သုံးခဲ့သဖြင့် သွေးတစ်ပေါက်မျှ မစွန်းပဲ နှစ်နိုင်ငံ စစ်ပွဲကြီးကို ငြိမ်းအေးသွားရပုံကို တွေ့မြင်ရသောအခါ မေတ္တာတရား၏ အကျိုးကို ပို၍ သိမြင်လာ၏။ ထို့ကြောင့် မေတ္တာကို အခြေခံ၍ ဝိပဿနာတရားကို ပွားများဆင်ခြင်လေရာ သစ္စာလေးပါးကို ထိုးထွင်းသိမြင်သော "ပစ္စေကဗောဓိဉာဏ်" ကို မျက်မှောက်ပြုသွားလေတော့သည်။

အမတ်တို့သည် စစ်ပွဲ ပြီးစီးသဖြင့် မင်းကြီးအား နန်းတော်သို့ ပြန်ကြွရန် လျှောက်ဘင်ကြ၏။ ထိုအခါ မင်းကြီးက- "အချင်းအမတ်တို့၊ ငါကား ပစ္စေကဗုဒ္ဓ အဖြစ်သို့ ရောက်ပြီ။ မင်း မဟုတ်တော့။" ဟု မိန့်ကြားလေ၏။

"အရှင်မင်းကြီး၊ ပစ္စေကဗုဒ္ဓဟူသည် မင်းကြီး၏ အသွင်သဏ္ဌာန်မျိုး မဟုတ်ပါ။ ဆံမုတ်ဆိတ်ကို ပယ်၍ ဖန်ရည်စွန်းသော သင်္ကန်းကို ဝတ်ဆင်ထားကြပါသည်။"

အမတ်တို့က ယင်းသို့ လျှောက်တင်ကြလေသော် ဗြဟ္မဒတ်မင်းကြီးသည် လက်ယာလက်ဖြင့် မိမိဦးခေါင်းကို သုံးသပ်လိုက်သည်နှင့် တပြိုင်နက် လူအသွင်ပျောက်ကွယ်ကာ သင်္ကန်း၊သပိတ် ပရိက္ခရာအစုံဖြင့် ရဟန်းအသွင်သို့ ပြောင်းလဲသွားတော့၏။

ထိုအခါ ပစ္စေကဗုဒ္ဓ အရှင်မြတ်က မိမိသည် မိဖုရား၊ သားတော်၊ သမီးတော်များနှင့်တကွ မှူးမတ် ဗိုလ်ပါအပေါင်းကို စွန့်ခွာ၍ ဟိမဝန္တာဘော ဂန္ဓမာဒနတောင်သို့ တစ်ပါးတည်း ကြွသွားတော့မည်ဖြစ်ကြောင်း မိန့်ကြားယင်း အောက်ပါ ဂါထာကို ဟောမြွက်တော်မူခဲ့လေသည်၊

"အကြင်သူသည် သတ္တဝါတို့ကို ပျက်စီးစေတတ်သောဓား လှံ လက်နက်ဟူသမျှကို ချထားပြီး ဖြစ်၏။ တစ်ဦးတစ်ယောက်သော သတ္တဝါကိုမျှ ညှဉ်းဆဲနှိပ်စက်ခြင်း မပြု၊ ထိုသူသည် မိမိ၏ ရင်သွေးသည်းချာဖြစ်သော သားသမီးများကိုပင် ချစ်ခင်စုံမက်ခြင်း မရှိတော့။ မိတ်ဆွေ အပေါင်းအဖော်များကိုမူ အဘယ်ဆိုဘွယ်ရာ ရှိမည်နည်း။ ထိုသူကဲ့သို့ အတွယ်အတာကင်းရှင်းစွာ နေလိုသူမှန်သမျှသည် ကြံ့ချိုကဲ့သို့ တစ်ဦးတည်း လွတ်လပ်စွာ နေနိုင်အောင် ကျင့်ကြံ အားထုတ် သင့်ပေသည်။" (၁)

ဤသို့ မိန့်မြွက်တော်မူပြီး ပစ္စေကဗုဒ္ဓ အဲရှင်မြတ်သည် ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူလေသည်။

**သောကလမ်းဆုံး**

ဗာရာဏသီပြည့်ရှင် ဘုရင်ဗြဟ္မဒတ်မင်း၏ မိဖုရားကြီးသည် သားတော်တစ်ပါးကို ဖွားမြင်ရာ ထိုသားတော်လေးမှာ ဗြဟ္မပြည်မှလာသူဖြစ်၍ နို့စို့အရွယ်မှစ၍ မိန်းမတို့၏ ပွေ့ချီ ကိုင်တွယ်မှုကို လုံးဝလက်မခံပဲ ငြင်းဆန်ငိုကြွေးလေ့ရှိ၏။ အထိန်းတော်များက နို့ချိုတိုက်ကြွေးသည်ကိုပင် လက်မခံသောကြောင့် ယောကျ်ားအသွင် ဝတ်ဆင်၍ နို့တိုက်ကြရလေသည်။ မိန်းမတို့၏ အထိအတွေ့တို့ကိုသာမက မိန်းမတို့၏အသံ၊ မိန်းမတို့၏ အနံ့ကိုပင် စက်ဆုပ်ရွံရှာသော အမူအရာတို့ကို ပြသလေသည်။ ဤသို့ မိန်းမတို့၏အနံ့ အသက်ကိုပင် စက်ဆုပ်ရွံရှာသောကြောင့် ထိုမင်းသားလေးအား "အနိတ္ထိဂန္ဓ" ဟု အမည်ပေးထားကြ၏။

အနိတ္ထိဂန္ဓ မင်းသားလေး အရွယ် ရောက်လာသောအခါ မယ်တော်၊ ခမည်းတော်တို့က နန်းတွင်းကချေသည် အချော အလှတို့ဖြင့် မင်းသားငယ်အား ချော့မြူဖြားယောင်းကြစေ၏။ သို့သော် မင်းသားငယ်ကား ထိုကချေသည်တို့၏ ဖြေဖျော်မှု များကို လုံးဝလက်မခံပဲ စိတ်ဆိုးမာန်ဆိုးဖြင့် မောင်းနှင်၍သာ ထုတ်လေ၏။

မည်သို့ပင်ဖြစ်စေ မယ်တော်ခမည်းတော်တို့ကား သားတော် လေးအား ထီးနန်း လွှဲအပ်နိုင်ရန်အတွက် သင့်တော်သော မင်းသမီးတစ်ပါးနှင့် လက်ထပ်ရန် အတန်တန် တိုက်တွန်း နှားချလေသည်။ မင်းသားငယ်သည် မိဘတို့၏ နှားချမှုကို မခံနိုင်သောကြောင့် အလွန်လှပသောမိန်းမရုပ်တစ်ခုကို ရွှေသား ဖြင့် ထုလုပ်၍-"ဒီရွှေရုပ်လိုလှတဲ့မိန်းမကိုရလျှင် ယူပါမည်။"ဟု ပြောဆိုလေသည်။

ထိုအခါ ဗြဟ္မဒတ်မင်းကြီးသည် အမတ်တစ်ယောက်အား ထို ရွှေရုပ်ကဲ့သို့ လှပသောမိန်းမကို မရအရရှာဖွေရန် တာဝန် ပေးလိုက်၏။ ထိုအမတ်သည် အတိုင်းတိုင်းအပြည်ပြည်သို့ လှည့် လည် ရှာဖွေရာ မဒ္ဒရာဇ်တိုင်း၊ သာဂလမြို့မှ ဘုရင့်သမီးတော်ကို ရရှိ၍ ဗာရာဏသီပြည်သို့ ခေါ်ဆောင်လာလေသည်။

မင်းသားလေးအား ခေါ်ဆောင်လာသည့် အကြောင်းကို အထောက်တော်စေလွှတ်၍ ဗာရာဏသီပြည်သို့ ကြိုတင်သတင်း ပို့လိုက်၏။ ထိုသတင်းကို ကြားရသော အနိတ္ထိဂန္ဓမင်းသား၏ ရင်သည် ထူးထူးခြားခြားလှုပ်ရှား၍ မမြင်ရသေးသောမင်းသမီး လေးအပေါ် စွဲလမ်းတပ်မက်ခြင်း ဖြစ်ပေါ်လာ၏။ မင်းသမီး လေး နေပြည်တော်သို့ ဆိုက်ရောက်လာသောအခါ မြို့ပြင်ရှိ

မဂ်လာဥယျာဉ်အတွင်း၌ ခေတ္တနေရာချထားပြီး နန်းတော်သို့ အခမ်းအနားဖြင့် သွင်းရန်စီစဉ်လေသည်။

သို့သော်လည်း မင်းသမီးလေးကား ရာသီဥတု အပြောင်းအလဲနှင့် ခရီးပင်ပန်းမှုတို့ကြောင့် ထိုညမှာပင် ရုတ်တရက်ကွယ်လွန်သွားရှာ၏။ ထိုသတင်းကို မင်းသားလေး ကြားသိရလျှင် အကြီးအကျယ် စိတ်ထိခိုက်သွားလေသည်။ သို့ရာတွင် ကဿပ ဘုရားရှင်လက်ထက်၌ ရဟန်းဘဝဖြင့် နှစ်ပေါင်းများစွာ တရားအားထုတ်ခဲ့ဖူးသူဖြစ်၍ ချက်ချင်းပင် မိမိစိတ်ကို ထိန်းသိမ်းရန် ကြိုးစား၏။ မွေးလာသူတိုင်း သေခြင်း၊ နာခြင်း၊ အိုခြင်း တရားများကို မည်သူမှ မရှောင်ရှားနိုင်ကြောင်း ဆင်ခြင်သုံးသပ်၍ ဝိပဿနာ ပွားများ၏။ ထိုအခါ ပါရမီဓာတ်ခံရင့်သန်ပြီးသူဖြစ်၍ မကြာမီအချိန်အတွင်း၌ပင် "ပစ္စေကဗောဓိဉာဏ်" ကို မျက်မှောက်ပြုလေသည်။

မင်းသမီးလေး သေဆုံးသည့်သတင်းကို ကြားပြီးသည့်အချိန်မှစ၍ မလှုပ်မယှက် ငြိမ်သက်စွာ ထိုင်နေသောမင်းသားကို အမတ်များက သောကမီး လောင်မြိုက်၍ မရှုနိုင် မရှိက်နိုင်ဖြစ်နေသည်ဟု မှတ်ထင်ကြ၏။ ထို့ကြောင့်– "အရှင်မင်းသား၊ ပူဆွေးသောကကို သတိဖြင့်ဆင်ခြင်၍ထိန်းသိမ်းတော်မူပါ။" ဟု လျှောက်တင်ကြလေသည်။

ထိုအခါ မင်းသားက–"အချင်းအမတ်တို့၊ ငါကား ပူဆွေးသောက ကင်းသော ပစ္စေကဗုဒ္ဓအဖြစ်သို့ ရောက်ပြီ။" ဟု ထုတ်ဖော်မြွက်ကြား၏။ ထို့နောက် မင်းသားသည် ပစ္စေကဗုဒ္ဓအသွင်သို့ ပြောင်းလဲသွားပြီး အမတ်တို့အား တရားဟော၍ ဂန္ဓမာဒန တောင်သို့ ကြွသွားလေသည်။

"အချင်းအမတ်တို့၊ ပေါင်းသင်းဆက်ဆံမှုကြောင့် ငြိတွယ်စွဲလမ်းခြင်း ဖြစ်ပေ၏။ ငြိတွယ်စွဲလမ်းမှုကြောင့် ပူဆွေးသောက ရောက်ရခြင်း စသည့် ဆင်းရဲဒုက္ခများ ဖြစ်ပေါ်လာ၏။ ထိုဆင်းရဲဒုက္ခများ၏ အဖြစ်ကိုသိမြင်သောပုဂ္ဂိုလ်သည် ကြံ့ချိုကဲ့သို့ တစ်ယောက်တည်းလွတ်လက်စွာ နေနိုင်အောင် ကျင့်ကြံအားထုတ်သင့်ပေသည်။" (၂)

## မိတ်ဆွေ သံယောဇဉ်

ဗရာဏသီပြည့်ရှင် ဘုရင်တစ်ပါးသည် တိုင်းရေးပြည်ရေးကိစ္စများကို အမတ်တို့နှင့် လွှဲအပ်ထားပြီး မိမိကိုယ်တိုင်ကား တရားဘာဝနာဖြင့်သာ ပျော်မွေ့နေလေသည်။ ထိုအခါ မှူးကြီးမတ်ရာများနှင့်တကွ မြို့ဝါနိဂုံးရုံးသူကြီး စသူများသည် လာဘ်စား၍ မတရားမှုများကို ပြုလုပ်နေကြ၏။ ဘုရင်နှင့်ရင်းနှီးသော သူကြွယ်တစ်ဦးသည် အမွေမှုတစ်ခုနှင့် ပတ်သက်၍ တရားရုံးသို့ ရောက်ရှိသွားရာ အမှုမှန်ပါလျက် တရားသူကြီးများက လာဘ်စား၍ သူကြွယ်အား အရှုံးပေးလိုက်လေသည်။

ဤအကြောင်းကို ဘုရင်မင်းမြတ် ကြားသိလေသော် မိမိ၏မိတ်ဆွေအတွက် စိတ်နှလုံး မချမ်းမသာဖြစ်၍ တရားကိုဖြောင့်ဖြောင့်တန်းတန်း ပွားများဆင်ခြင်ခြင်း မပြုနိုင်ပဲရှိလေသည်။ သို့သော်လည်း မင်းကြီးသည် စိတ်မချမ်းမသာမှုကို သတိဖြင့် ဆင်ခြင်ဖြေဖျောက်ပြီး တရားကို ဆက်လက်ပွားများရာ နန်းတော်ထက်မှာပင် ပစ္စေကဗုဒ္ဓအဖြစ်သို့ ဆိုက်ရောက်လေသည်။ ထိုအခါ ပစ္စေကဗုဒ္ဓအရှင်မြတ်သည် မှူးမတ်တို့အား

အောက်ပါဂါထာကိုဟောကြားပြီးဂန္ဓမာဒနတောင်သို့ ကြွသွား လေသည်။

"အချင်းအမတ်တို့၊ ချစ်ခင်မြတ်နိုးသော မိတ်ဆွေအပေါင်း အသင်းများကို ငဲ့ညှာ၍ တွယ်တာမှုရှိသော ပုဂ္ဂိုလ်သည် မိမိ၏အကျိုးစီးပွားကို ဆုတ်ယုတ် ပျက်ပြားစေ၏။ မိတ်ဆွေ အပေါင်းအသင်းတို့၌ ငဲ့ကွက် တွယ်တာခြင်း၏ အပြစ်ကို မြင်သောသူသည် ကြံ့ချိုကဲ့သို့ တစ်ယောက်တည်း လွတ်လပ်စွာ နေနိုင်အောင် ကျင့်ကြံအားထုတ် သင့်ပေသည်။ (၃)

ဝါးမျှစ်စို့ပမာ

ကဿပဘုရား လက်ထက်၌ ရဟန်းတော်သုံးပါးတို့သည် အသက်ထက်ဆုံး ရဟန်းတရားကို ကျင့်ကြံအားထုတ်၍ ကွယ် လွန်သောအခါ နတ်ပြည်သို့ ဆိုက်ရောက်ကြလေ၏။ နတ် ပြည်မှ စုတေသောအခါ တစ်ဦးသောသူသည် ဗာရာဏသီ ပြည်၌ ဘုရင်ဖြစ်၍ ကျန်နှစ်ဦးမှာလည်း အခြားသော တိုင်း ငယ်ပြည်ငယ် နှစ်ခုတို့၌ အသီးသီး ဘုရင်များပင် ဖြစ်လာကြ လေသည်။

တိုင်းငယ်ပြည်ငယ်နှစ်ခုမှ ဘုရင်နှစ်ပါးတို့သည် အတန်ငယ် အသက်အရွယ်ရလာသော် ထီးနန်းကိုစွန့်ခွာ၍ တောထွက် ရဟန်း ပြုကြလေ၏၊ ထို နောက် ဝိပဿနာ ပွားများသဖြင့် ပစ္စေက ဗောဓိဉာဏ်ကို မျက်မှောက်ပြုကြပြီး ဂန္ဓမာဒနတောင်၌ သီတင်းသုံး နေထိုင်ကြလေသည်။

ထိုပစ္စေကဗုဒ္ဓနှစ်ပါးတို့သည် မိမိတို့၏ အတိတ်ဘဝများကို အဘိညာဉ်ဉာဏ်ဖြင့် ဆင်ခြင်ကြလေသော် ကဿပဘုရား

လက်ထက်က မိမိတို့၏သီတင်းသုံးဘော်ဖြစ်သော ရဟန်းတစ်ပါးမှာ ဗာရာဏသီပြည်၌ ဘုရင်ဖြစ်နေကြောင်း သိမြင်ကြလေ၏။ ထိုအခါ ထိုအရှင်နှစ်ပါးတို့သည် ဗာရာဏသီဘုရင်အား တရားပြ၍ ရဟန်းဘဝသို့ရောက်အောင် ဆွဲဆောင်ကြမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဗာရာဏသီပြည်သို့ ကြွရောက်လာကြလေ၏။

ဥယျာဉ်ကစားရန် ထွက်လာသော ဗာရာဏသီဘုရင်သည် ပစ္စေကဗုဒ္ဓများကိုတွေ့မြင်လျှင် ကြည်ညို၍–"အရှင်တို့ကို မည်သို့ ခေါ်ပါသနည်း။"ဟု မေးလျှောက်လေ၏။

"မင်းကြီး၊ ငါတို့ကား တပ်ငြိခြင်းမရှိသည့် ပုဂ္ဂိုလ်များ ဖြစ်၏။"

ယင်းသို့မိန့်ကြားပြီး ဈာန်အဘိညာဉ်တန်ခိုးဖြင့် ကောင်းကင်သို့ ပျံတက်၍ ဟိမဝန္တာသို့ကြွသွားကြလေသည် ဗာရာဏသီဘုရင်သည်လည်း ထိုပစ္စေကဗုဒ္ဓတို့ကို အားကျ၍ ဝိပဿနာကို ပွားများအားထုတ်ရာ ပစ္စေကဗုဒ္ဓအဖြစ်သို့ဆိုက်ရောက်လေသည်။ ထိုအခါ ထိုပစ္စေကဗုဒ္ဓသည်လည်း မှူးမတ်၊ ပြည်သူတို့အား အောက်ပါဂါထာကို ဟောကြားပြီး ဂန္ဓမာဒနတောင်သို့ပင် ကြွသွားလေသည်။

"သားသမီးများအပေါ်၌ ငဲ့ကွက်ခြင်းသည် ကျယ်ပြန့်သော ဝါးရုံကြီးကဲ့သို့ ငြိတွယ်ထွေးယှက်တတ်သည့် သဘော ရှိ၏။ ထို့ကြောင့် ပညာရှိသော ပုဂ္ဂိုလ်သည် ဝါးရုံ၏ အလယ်၌ ပေါက်သစ်စဖြစ်သော ဝါးမျှစ်စို့ကဲ့သို့ ငြိကပ်တွယ်တာခြင်း ကင်းကာ ကြံ့ချိုကဲ့သို့ လွတ်လပ်စွာ တစ်ယောက်တည်း နေနိုင်အောင် ကျင့်ကြံအားထုတ်သင့်ပေသည်။" (၄)

## သားသမင်ဘဝကို အားကျသူ

ကဿပဘုရားရှင် လက်ထက်၌ တရားအားထုတ်သော ရဟန်းတစ်ပါးသည် သေလွန်သောအခါ နတ်ပြည်သို့ ရောက်၍ နတ်ပြည်မှတဖန် စုတေပြန်သော် ဗာရာဏသီပြည်၌ သဌေးသား ဖြစ်လေ၏။ ထိုသဌေးသားသည် ပစ္စည်းအားကိုးဖြင့် သူတပါး တို့၏ သမီးပျိုများအား ဖျက်ဆီးခြင်းအမှုကို အကြိမ်များစွာ ပြုလုပ်ခဲ့၏။ ထိုအကောင်းမှုကြောင့် သေလျှင် ငရဲသို့ ကျရောက် ပြီး ငရဲမှလွတ်သောအခါ လူ့ပြည်၌ သဌေးသမီး ဖြစ်လေ၏။

ထိုသဌေးသမီးကား လူအများ၏ စက်ဆုပ် မုန်းတီးခြင်းကို ခံရ၏။ အရွယ်ရောက်၍ မိဘများက သဌေးသားတစ်ယောက် နှင့် လက်ထပ်ထိမ်းမြား ပေးလိုက်သော်လည်း သဌေးသားသည် သူမအား ချစ်ခင်နှစ်သက်ခြင်း မရှိ။ သူမကို ပစ်ပယ်ပြီး အခြား သော မိန်းမများနှင့်သာ ပျော်ပါးနေလေသည်။

လင်၏ ပစ်ပယ်မှုကြောင့် စိတ်မချမ်းမသာ ဖြစ်နေသော သဌေးသမီးသည် တစ်နေ့တွင် ပစ္စေကဗုဒ္ဓ တစ်ပါးကို တွေ့ မြင်၍ ထိုအရှင်အား ဆွမ်းလောင်းလှူပြီး ယောကျ်ားဆုကို တောင်းလေသည်။ သူမသည် နောက်ဘဝ၌ ဗာရာဏသီပြည့်ရှင် မင်းကြီး၏ သားတော် ဖြစ်လာ၏။ မင်္ဂလာဥယျာဉ်တော်ရှိ ရေကန်အတွင်း ပဒုမ္မာကြာချပ်ထဲမှ ရရှိခြင်းကြောင့် ထိုသား တော်အား ပဒုမ မင်းသားဟု နာမည်ပေးကြသည်။

ပဒုမ မင်းသားလေးအား မယ်တော်၊ ခမည်းတော်များက သာမက တတိုင်းပြည်လုံးကပါ ဝိုင်း၍ ချစ်ခင်ကြ၏။ တိုင်းသူ ပြည်သားတို့သည် မင်းသားလေးအတွက် စားဖွယ်သောက်ဖွယ်

အမျိုးမျိုး စီမံချက်ပြုတ်၍ နေ့စဉ်နေ့တိုင်း အလှူအယက် ပေးပို့ကြ၏။ တနေ့သ၌ မင်းသားသည် လမ်း၌ ပစ္စေကဗုဒ္ဓ တစ်ပါးကို တွေ့မြင်၍- "အရှင်၊ ဒီကို မလာပါနဲ့။ လူတွေက ဟိုဟာစားပါ ဒီဟာစားပါလို့ ပြောကြလိမ့်မယ်။" ဟု လျှောက်တင်၏။ ပစ္စေကဗုဒ္ဓကား မည်သို့မျှ မိန့်ကြားခြင်း မပြုပဲ လမ်းခရီးအတိုင်းပင် ဆက်လက်ကြွသွားလေသည်။

မင်းသားသည် ပစ္စေကဗုဒ္ဓက မိမိအား စိတ်ဆိုးသွားသည် ထင်၍ နောက်ပါအခြွေအရံများနှင့်အတူ ကျောင်းသို့လိုက်သွား၏။ လမ်းတွင် လွတ်လပ်စွာ ကျက်စားနေသည့် သားသမင်တို့ကိုမြင်လျှင်-"ငါလည်း ဒီသားသမင်တွေလို ဘယ်တော့များလွတ်လွတ်လပ်လပ်နေရပါ့မလဲ။"ဟု ဆင်ခြင်၍ ဝိပဿနာ ဉာဏ်သက်ဝင်လာ၏။ ထိုဝိပဿနာကို အခြေခံ၍ ဆက်လက်ပွားများအားထုတ်သောအခါ ပစ္စေကဗောဓိဉာဏ်ကို သိမြင်သဖြင့် မှူးမတ်တို့အား အောက်ပါဂါထာကို ဟောကြားခဲ့လေသည်။

"သားသမင်သည် တောအရပ်၌ အနှောင်အဖွဲ့ မရှိပဲ သွားလိုရာသွားနိုင်သကဲ့သို့ သူတပါးတို့နှင့်မစပ်ပဲ လွတ်လပ်စွာ နေလိုသောသူသည် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏၊" (၅)

## အတောင်းခံဘဝ

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ ထိုမင်းကား စိတ်သဘောထား နူးညံ့ပျော့ပြောင်းသူဖြစ်၍ မှူးမတ်တို့၏

လိုအင်ဆန္ဒကို အစွမ်းကုန်လိုက်လျောလေ့ ရှိ၏။ ထို့ကြောင့် မှူးမတ်တို့သည် မင်းကြီးထံ ချဉ်းကပ်၍ မိမိတို့၏ အခွင့်အရေးများကို မကြာခဏ တောင်းဆိုကြ၏။ ညီလာခံကျင်းပချိန်၌လည်းကောင်း၊ မြို့ပြင်သို့ ထွက်သည့်အခါ၌ လည်းကောင်း အခွင့်အရေး တောင်းသူများနှင့်သာ ရင်ဆိုင်နေရသောကြောင့် မင်းကြီးသည် မိမိ၏ဘဝကို ငြီးငွေ့လာ၏။ ထို့ကြောင့် ထီးနန်းကိုစွန့်ပယ်၍ ရသေ့ရဟန်းပြုပြီး မြို့ပြင်ရှိ မင်္ဂလာဉယျာဉ်၌ သီတင်းသုံးနေလေသည်။

ဤသို့ ရသေ့ရဟန်း ပြုလိုက်ငြားသော်လည်း အတောင်းခံဘဝမှကား လုံးဝလွတ်မြောက်ခြင်း မရှိသေးချေ။ မြို့စားရွာစား လုပ်လိုသူများသည် ဆွမ်းကွမ်း လှူဘွယ်ဝတ္ထုများဖြင့် မင်းရသေ့ထံ ချဉ်းကပ်၍ နားပူနားဆာ လုပ်ကြပြန်သည်။ "တပည့်တော်အား မြို့စားခန့်ဘို့ သားတော်အား ပြောပေးပါ။" ဤသို့သော အသနားခံမှုများကိုသာ နေ့စဉ်မပြတ်ကြားနေရလေသည်။

ထိုအခါ မင်းရသေ့သည် လူသားတို့၏ လောဘသဘောကြီးမားပုံကို ဆင်ခြင်၍ ဝိပဿနာ ပွားများရာ ပစ္စေကဗုဒ္ဓအဖြစ်သို့ ဆိုက်ရောက်လေသည်။ ထိုပစ္စေကဗုဒ္ဓအရှင်မြတ်သည် လူအပေါင်းတို့အား အောက်ပါဂါထာကို ဟောကြားပြီး ဂန္ဓမာဒနတောင်သို့ ကြွသွားလေသည်၊

"အပေါင်းအဖော်များနှင့် နေရသူသည် ထိုင်နေစဉ်၌သော်လည်းကောင်း၊ ရပ်နေစဉ်သွားနေစဉ်တို့၌လည်းကောင်း သူတပါးတို့၏ အကူအညီ တောင်းခံခြင်းကို အမြဲတွေ့ကြုံနေရ၏။ ထို့ကြောင့် သူတပါးတို့မက်မောခြင်းမခံရပဲ မိမိအလိုဆန္ဒ

အတိုင်း လွတ်လပ်စွာ နေလိုသူသည် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။" (၆)

## သားငယ်အတွက် ရတက်ပွေရသူ

ဗာရာဏသီပြည်ရှင် ဗြဟ္မဒတ်ဘုရင်ကြီး၌ သားတော်တစ်ပါး ထွန်းကားလာ၏။ ဘုရင်သည် သားတော်လေးအား ချစ်ခင်မြတ်နိုးလှသောကြောင့် အမြဲလိုပင် ပွေ့ချီပိုက်ဖက်၍ နေလေ့ရှိ၏။ ညအိပ်စက်သည့် အခါ၌ပင် အထိန်းတော်များနှင့် မအိပ်စေပဲ မိမိရင်ခွင်၌သာ ပွေ့ချီ၍ အိပ်လေ့ရှိလေသည်။

တနေ့သ၌ ဘုရင် ဥယျာဉ်တော်သို့ ထွက်နေစဉ် သားတော်လေးသည် ရုတ်တရက် ဖျားနာ၍ သေဆုံးသွားလေသည်။ ထိုသတင်းကို ဘုရင်ကြီး ကြားသိလျှင် သောကဝေဒနာ ပြင်းစွာ ဖိစီးခြင်းခံရသဖြင့် မစားနိုင်၊ မအိပ်နိုင် ဖြစ်သွားလေသည်။ သို့သော်လည်း ဘုရင်ကြီးသည်-"ငါ့မှာ သားရှိ၍သာ ဒီလို သောကဝေဒနာ ခံစားရခြင်း ဖြစ်၏။ သားမရှိယင် ဒီဝေဒနာကို ခံစားရမည် မဟုတ်။" ဟု ဆင်ခြင်၍ ဝိပဿနာ ပွားများရာ ပစ္စေကဗုဒ္ဓ အဖြစ်သို့ ရောက်သွားလေသည်။

ထိုပစ္စေကဗုဒ္ဓ အရှင်မြတ်သည် လူတို့အား အောက်ပါ ဂါထာကိုဟောကြားပြီး ဂန္ဓမာဒနတောင်သို့ကြွသွားလေသည်။

"အပေါင်းအဖော်များနှင့် နေသူအား မြူးတူးပျော်ပါးခြင်း၊ ကာမဂုဏ်ဖြင့် မွေ့လျော်ခြင်းများ ဖြစ်ပေါ်၏၊ သားသမီးများအပေါ်၌ ကြီးမားသော ချစ်ခင်ခြင်းသည်လည်း ဖြစ်ပေါ်၏။ ချစ်ခင်ကြင်နာအပ်သော သားသမီးတို့နှင့် ကွေ

ကွင်းရခြင်းမှ လွတ်ကင်းလိုသူသည်ကား ကြံ့ချိုကဲ့သို့ တစ်ယောက်တည်း နေနိုင်အောင် အားထုတ်သင့်ပေသည်။" (၇)

**အန္တရာယ်ကင်းရေး မေတ္တာဆေး**

ဗာရဏသီပြည်ကိုအစိုးရသောဗြဟ္မဒတ်မင်းကြီးသည် တစ်ညတွင် ကြောက်မက်ဖွယ်ကောင်းသော အိပ်မက်ကိုမြင်မက်သဖြင့် အိပ်မပျော်နိုင်ပဲရှိလေ၏။ နံနက်လင်းသောအခါ ထိုအကြောင်းကို ပုရောဟိတ်ပုဏ္ဏားကြီးအား ပြောပြရာ မင်းကြီးအတွက် အသက်အန္တရာယ် မြင်သည်ဟု ဆိုသောကြောင့် ယဇ်ပူဇော်ရန် စီစဉ်ရလေသည်။

ယဇ်ပူဇော်ရန်အတွက် ဆင်၊မြင်း၊ကျွဲ၊နွား စသည့်တိရစ္ဆာန်ပေါင်းများစွာတို့ကို စုရုံးနေစဉ် နန်းရင်ပြင်သို့ ပစ္စေကဗုဒ္ဓလေးပါး ကြွလာ၏။ ထိုအရှင်များသည် ကဿပဘုရားရှင်လက်ထက်၌ မင်းကြီးနှင့်အတူ တရားကျင့်ခဲ့သည့် ပုဂ္ဂိုလ်များဖြစ်၏။ မင်းကြီးသည် ထိုအရှင်တို့ကိုမြင်လျှင်မြင်ချင်းကြည်ညို၍ နန်းတော်သို့ပင့်ဖိတ်ပြီး ဆွမ်းဆက်ကပ်လေသည်။

ဆွမ်းကပ်ပြီးသောအခါ မင်းကြီးက- "အရှင်ဘုရားတို့ကိုမည်သို့ ခေါ်ပါသနည်း။ မည်သည့်တရားကို ပွားများကြပါသနည်း။" စသည်ဖြင့် ပစ္စေကဗုဒ္ဓတို့အား မေးလျှောက်၏။

"မင်းကြီး၊ ငါတို့ကား ပစ္စေကဗုဒ္ဓများ ဖြစ်ကြ၏။ ငါတို့သည် မေတ္တာ၊ကရုဏာစသော ဗြဟ္မဝိဟာရတရား လေးပါးကို ပွားများကြ၏။ ထို့ကြောင့် ငါတို့အား အရပ်လေးမျက်နှာ၌ ဘေးရန်အန္တရာယ် တစုံတခုမျှ မရှိ။ ထိတ်လန့်ကြောက်ရွံ့ခြင်းလည်း မရှိပေ။"

ပစ္စေကဗုဒ္ဓတို့သည် မင်းကြီးအား ဤသို့ မိန့်ကြားပြီး ဂန္ဓာမာဒနတောင်သို့ ကြွသွားကြလေသည်။ မင်းကြီးသည် ထိုစကားကို ကြားလျှင်- "မိမိအသက်အန္တရာယ် ကင်းရှင်းရေးအတွက် သတ္တဝါတို့ကို သတ်၍ ယဇ်ပူဇော်ခြင်းသည် မှန်ကန်သော အလုပ်မဟုတ်။" ဟု ဆင်ခြင်သုံးသပ်မိသဖြင့် ယဇ်ပူဇော်ရန် ဖမ်းဆီးထားသော ကျွဲ၊နွား၊ဆင်၊မြင်း တို့ကို ချက်ချင်းလွှတ်ပစ်စေ၏။ ထို့နောက် ဝိပဿနာတရားကို ဆင်ခြင်ပွားများသဖြင့် မင်းကြီးကိုယ်တိုင်လည်း ပစ္စေကဗုဒ္ဓအဖြစ်သို့ ဆိုက်ရောက်ပြီး အောက်ပါ ဂါထာကို ဟောကြားခဲ့လေသည်။

"ရသမျှဖြင့် ရောင့်ရဲတင်းတိမ်သောသူသည် အရပ်လေးမျက်နှာတို့၌ အနှောင့်အယှက် မရှိပဲ လွတ်လပ်စွာ သွားလာနိုင်၏။ ဘေးရန်တို့ကို ခံနိုင်ရည်ရှိပြီး ထိတ်လန့်ကြောက်ရွံ့ခြင်းကင်းရှင်းစွာ နေလိုသောသူသည် ကြံ့ချိုကဲ့သို့ တစ်ယောက်တည်း လွတ်လပ်စွာ နေနိုင်အောင် အားထုတ်သင့်ပေသည်။" (ဂ)

## ချီးမြှောက်ရန် ခက်ပါဘိ

ဗာရာဏသီမင်းတစ်ပါးအား မိဖုရား ကွယ်လွန်သွားသဖြင့် အမတ်တို့က အိမ်နီးချင်းနိုင်ငံတစ်ခုမှ နတ်ရွာစံသွားသော မင်း၏ မိဖုရားကို ဆောင်ယူခဲ့ကြ၏။ ထိုမိဖုရားသည် ပထမဦး မင်းနှင့် ကိုယ်ဝန်ရှိခဲ့သဖြင့် ရက်လစေ့သောအခါ သားတော်လေးတစ်ပါး ဖွားမြင်လေ၏။

ဗာရာဏသီမင်းသည် မိမိသားမဟုတ်မှန်း သိသော်လည်း ထိုသားတော်လေးအား အလွန်ချစ်ခင်မြတ်နိုး၏။ အမြဲလိုပင် တယုတယ ပွေ့ချီနေလေ့ ရှိ၏။ အခြွေအရံ မောင်းမတို့က ပြောသောကြောင့် မင်းကြီးမှာ မိမိ၏ ဘခင်ရင်း မဟုတ်ကြောင်း မင်းသားလေး သိသွားလေသည်။ ထို့ကြောင့် မင်းသားလေးသည် မင်းကြီးအပေါ်၌ ရှေးကလို ချစ်ခင်ခြင်း မရှိပဲ ခပ်စိမ်းစိမ်း ဖြစ်သွားလေသည်။

ထိုအခါ မင်းကြီးသည်– "ငါက ထိုက်တန်စွာ ချီးမြှောက်ထားပါလျက် ဤမောင်းမများသည် ငါ့အကျိုးကို ပျက်ပြားအောင် လုပ်ရက်ဘိကြသည်။" ဟု တွေးတောစိတ်နာပြီး မင်းအဖြစ်ကို စွန့်၍ ရဟန်းပြုလေသည်။ မင်းကြီး ရဟန်းပြုလျှင် များစွာသော မှူးမတ်ပြည်သူတို့ကလည်း လိုက်၍ ရဟန်းပြုကြ၏။ မင်းဥယျာဉ်၌ သီတင်းသုံးနေသော ထို့ရသေ့ ရဟန်းတို့အား ဆွမ်းဘောဇဉ် သကာ်န်း ပရိက္ခရာစသည့်တို့ကို ပြည်သူတို့က လိုလေသေးမရှိအောင် လှူဒါန်းကြလေသည်။

မင်းရသေ့သည် ထိုသို့ လှူဒါန်းရရှိသော ပစ္စည်းများကို မိမိ၏ ခြွေရံ နောက်လိုက်တို့အား မျှတအောင် ခွဲဝေပေးနေရသဖြင့် မအားမလပ်အောင် ရှိနေ၏။ သို့သော်လည်း သူ့အခြွေအရံများကား– "သူ့မှာ ပစ္စည်းကောင်း ရသည်။ ငါ့မှာ ပစ္စည်းကောင်း မရ။" ဟု အငြင်းပွားလျက် အမြဲလိုပင် မကျေမနပ် ဖြစ်နေကြလေသည်။

ဤအကြောင်းကို မင်းရသေ့ ကြားသိလေသော်– "ဤပရိတ်သတ်ကို ကျေနပ်အောင် ချီးမြှောက်ရန် မလွယ်ပါတကား။" ဟု စဉ်းစား၍ တစ်ပါးတည်း ခွဲထွက်သွားကာ တရားကို အား

ထုတ်ရာ ပစ္စေကဗောဓိဉာဏ်ကို သိမြင်လေသည်။ အောက်ပါဂါထာကား ထိုပစ္စေကဗုဒ္ဓအရှင်မြတ် ဟောကြားသော ဂါထာဖြစ်ပေသည်။

"အိမ်ရာထောင်သော လူ့ဘောင်၌ နေသူများကိုလည်းကောင်း၊ အချို့သောရသေ့ရဟန်းများကိုလည်းကောင်း ကျေနပ်အောင် ချီးမြှောက်ရန် မလွယ်ကူပေ။ ထို့ကြောင့် သူတပါးသားသမီးများအပေါ်၌ ကြောင့်ကြဗျာပါရစိုက်ထုတ်ခြင်းမပြုပဲ ကြံ့ချိုကဲ့သို့ တစ်ယောက်တည်း လွတ်လပ်စွာ နေနိုင်အောင် ကျင့်ကြံအားထုတ်သင့်ပေသည်။" (၉)

## ပင်ပျိုနှင့် ပင်အို

ဗာရာဏသီပြည်ရှင် ဗြဟ္မဒတ်မင်းကြီးသည် တပေါင်းလ၏ သာယာသော နေ့တစ်နေ့တွင် ဥယျာဉ်တော်သို့ ထွက်ခဲ့ရာ ဥယျာဉ်တော်အတွင်း၌ စိမ်းလန်းသော အရွက်တို့ဖြင့် ဖုံးအုပ်နေသော ပင်လယ်ကသစ်ပင်တစ်ပင်ကိုတွေ့မြင်၍ ထိုအပင်ရင်း၌ အိပ်စက် နားနေခဲ့လေ၏။ နောက်တစ်ကြိမ် ဥယျာဉ်တော်သို့ ထွက်လာသည့်အခါ ပင်လယ်ကသစ်ပင်မှာ အဖူးအပွင့်များဖြင့် ယခင်ကထက် ပို၍ စည်ကားနေသည်ကို တွေ့ရပြန်၏။ သို့ရာတွင် တတိယအကြိမ် မင်းကြီး ဥယျာဉ်တော်သို့ ထွက်လာသည့်အခါတွင်မူ နွေရာသီနောက်ပိုင်းသို့ ရောက်နေပြီဖြစ်၍ ပင်လယ်ကသစ်ပင်ကြီးမှာ အဖူးအပွင့်များရော အရွက်အခက်များပါ ကြွေကျ၍ သစ်ခြောက်ပင်ကြီးသဖွယ် ဖြစ်နေသည်ကို တွေ့မြင်ရလေသည်။

ထိုအခါ မင်းကြီးသည်- "အိုခြင်းတရားကား သက်မဲ့ဖြစ်သော သစ်ပင်ကိုပင် နှိပ်စက်ဖျက်ဆီးဘိ၏။ သက်ရှိဖြစ်သော ငါ့ကိုကား ဘယ်မှာဆိုဖွယ်ရာ ရှိမည်နည်း။" ဤသို့ ဆင်ခြင်၍ ဝိပဿနာပွားများရာ တစ်ထိုင်တည်းဖြင့်ပင် ပစ္စေကဗုဒ္ဓ အဖြစ်သို့ ဆိုက်ရောက်လေသည်။ အောက်ပါ ဂါထာကား ထိုပစ္စေကဗုဒ္ဓ အရှင်မြတ် ဟောကြားခဲ့သောဂါထာ ဖြစ်လေသည်။

"ရဲရင့်သော စိတ်ဓာတ်ရှိသော ပုဂ္ဂိုလ်သည် အဖူး အပွင့် အရွက်များအားလုံး ကြွေကျ၍ ခြောက်သွေ့နေသော ပင်လယ်ကသစ်ပင်ကဲ့သို့ လောကီလူသားတို့၏ အဝတ်အစား အသွင်အပြင်များကို စွန့်ပယ်ပြီး ကြံ့ချီကဲ့သို့ တစ်ယောက်တည်း လွတ်လပ်စွာ နေနိုင်အောင် ကျင့်ကြံ အားထုတ်သင့်ပေသည်။"(၁၀)

## အပျင်းကိုပယ်

ကဿပဘုရားရှင် လက်ထက်က တရားကျင့်ဘက် ရဟန်းနှစ်ပါးတို့သည် နတ်ပြည်မှ လူ့ပြည်သို့ ပြန်ရောက်လာသောအခါ တစ်ပါးက ဗာရာဏသီပြည့်ရှင် မင်းကြီး၏ သားတော်ဖြစ်၍ ကျန်တစ်ပါးမှာ ပုရောဟိတ်ပုဏ္ဏားကြီး၏သား ဖြစ်လာ၏။ သူတို့နှစ်ဦးသည် သက်တူရွယ်တူများဖြစ်၍ အလွန်လည်း ချစ်ခင်ကြ၏။ အရွယ်ရောက်သောအခါ တက္ကသိုလ်ပြည်သို့သွား၍ ပညာသင်ရန် နှစ်ယောက်အတူထွက်လာကြရာ လမ်းတွင် ပစ္စေကဗုဒ္ဓငါးပါးကို တွေ့မြင်ကြလေသည်။

ထိုအခါ- "ဤအရှင်များသည် တစုံတခုသော အတတ်ပညာကို တတ်မြောက်ကြပေလိမ့်မည်။" ဟု စဉ်းစား၍ မိမိတို့

အား ပညာသင်ကြားပေးရန် တောင်းပန်ကြသည်။ ပစ္စေကဗုဒ္ဓတို့က မိမိတို့ထံ၌ ရဟန်းပြုမှသာပညာသင်ပေးနိုင်မည် ဆိုသောကြောင့် လုလင်နှစ်ယောက်လုံး ရဟန်းပြုကြသည်။ ထိုရဟန်းငယ်တို့အား ပစ္စေကဗုဒ္ဓတို့က သစ်ရွက်မိုး ကျောင်းတစ်ကျောင်းစီ၌ထားပြီး တရားအားထုတ်စေလေသည်။

ဤသို့ တစ်ပါးစီခွဲ၍ နေရသည်ကို ပျင်းရိငြီးငွေ့လှသောကြောင့် မင်းသားရဟန်းသည် ပုရောဟိတ်၏ သားထံသို့သွား၍လည်၏။ ပုရောဟိတ်၏သားက ပညာတတ်မြောက်ရန် မပျင်းမရိ အားထုတ်သင့်ကြောင်း အားပေးတိုက်တွန်း၏။ သို့သော်လည်း မင်းသားကား တရားဖြင့် မပျော်မွေ့နိုင်သဖြင့် ပုရောဟိတ်၏သားထံသို့သာ မကြာခဏ အလည်လာနေသောကြောင့် ပုရောဟိတ်၏သားသည် မင်းသားမတွေ့နိုင်မည့် နေရာသို့ ပုန်းရှောင်၍ တရားကို အားထုတ်နေလေသည်။

မင်းသားသည် နောက်တစ်ကြိမ်လာလျှင် ပုရောဟိတ်၏သားကို မတွေ့သဖြင့် မိမိအား ပုန်းရှောင်နေကြောင်း သိရှိသွားသည်။

ထိုအခါ-"ငါလိုမင်းသားကို ပုရောဟိတ်၏သားက ရှောင်မှ အတွေ့မခံတော့ပါလား။" ဟု သတိတရားရ၍ မခံချင်စိတ်ဖြင့် တရားအားထုတ်ရာ မကြာမီ ပစ္စေကဗုဒ္ဓ ဖြစ်သွား၏။ ထို့နှင့် မရှေးမနှောင်းမှာပင်ပုရောဟိတ်၏ သားမှာလည်းပစ္စေကဗုဒ္ဓဖြစ်နေပြီဖြစ်၍ ထိုအရှင်နှစ်ပါးတို့သည် ဂန္ဓမာဒနတောင်၌တွေ့ဆုံပြီး အောက်ပါဂါထာကို မြွက်ဆိုကြလေသည်။

"ပညာရှိ၍ ကောင်းမွန်စွာ နေထိုင်သည့်ပြင် ထကြွလုံးလဝီရိယနှင့်လည်း ပြည့်စုံသော တရားကျင့်ဘက် အဆွေခင်ပွန်း

ကောင်းကို အကယ်၍ ရရှိလျှင် ထိုသူနှင့်အတူ ဘေးရန်များကို ပယ်ဖျောက်၍ မြတ်သောအကျင့်ကို ကျင့်သုံးသင့်ပေသည်။

"ထိုကဲ့သို့သော အဆွေခင်ပွန်းကောင်းကို အကယ်၍ မရ ပါမူကား တိုင်းပြည်ကို စွန့်ခွာသွားသော ပြည့်ရှင်မင်းကဲ့သို့ လည်းကောင်း၊ တောထဲ၌ တစ်စီးတည်း ပျော်မွေ့သော ဆင်ပြောင်ကြီးကဲ့သို့ လည်းကောင်း တစ်ယောက်တည်း နေ၍ ကျင့်ကြံအားထုတ်သင့်ပေသည်။" (၁၁-၁၂)

အပြစ်ကင်းသော သုံးဆောင်ခြင်း

ဗာရာဏသီပြည့်ရှင် ဘုရင်တစ်ပါးသည် ဆွမ်းခံကြွလာသော ပစ္စေကဗုဒ္ဓတို့ကို တွေ့မြင်လျှင် ကြည်ညို၍ နန်းတော်သို့ ပင့် ဖိတ်ပြီး ဆွမ်းကပ်လှူ၏။ ထို့နောက်-"အရှင်တို့ကို မည်သို့ ခေါ်ပါသနည်း။"ဟု မေးလျှောက်ရာ ပစ္စေကဗုဒ္ဓတို့က—"ငါတို့ သည် အပြစ်ကင်းသော သုံးဆောင်ခြင်းရှိသော ပစ္စေကဗုဒ္ဓများ ဖြစ်ပေသည်။"ဟု မိန့်ကြားကြကုန်၏။

ဘုရင်သည် ထိုအရှင်တို့၏စကား မှန်မမှန်ကို စုံစမ်းလိုသော ကြောင့် နောက်နေ့များတွင် ဆန်ကွဲထမင်း၊ ပုန်းရည်ဟင်း များကို ဆက်ကပ်၏။ ထို့နောက် တဖန် မွန်မြတ်သော ဘောဇဉ် ဟင်းလျာများကိုတလှည့် ဆက်ကပ်ပြန်၏။ ဤသို့ အကောင်းတလှည့်၊ အဆိုးတလှည့် ဆက်ကပ်သော်လည်း အရှင်မြတ်တို့ကား စိုးစဉ်းမျှ ဖောက်ပြန်ပြောင်းလဲခြင်းမရှိပဲ ဣန္ဒြေရရပင် ဘုဉ်းပေးသုံးဆောင်တော်မူကြ၏။

ထိုအခြင်းအရာကို မင်းကြီးမြင်လျှင်–“ငါသည်လည်း ဤအရှင်တို့ကဲ့သို့ အပြစ်ကင်းသော သုံးဆောင်ခြင်းကိုသာ ပြုတော့အံ့။”ဟု ကြံပြီး တောထွက် ရဟန်းပြု၍ ဝိပဿနာ ပွားများရာ ပစ္စေကဗောဓိဉာဏ်ကို ရရှိလေသည်။ ထို ပစ္စေကဗုဒ္ဓသည် ဂန္ဓမာဒနတောင်သို့ ရောက်သောအခါ အခြားသော ပစ္စေကဗုဒ္ဓတို့အား အောက်ပါ ဂါထာကို မြွက်ကြားလေသည်။

“အပေါင်းအဖော်နှင့် ပြည့်စုံခြင်းကို စင်စစ် ချီးကျူးသင့်ပေ၏။ သို့သော် အပေါင်းအဖော်များနှင့် ပေါင်းသင်းဆက်ဆံရာတွင် မိမိထက် မြင့်မြတ်သူ၊ မိမိနှင့် တန်းတူသူတို့ကိုသာ ပေါင်းသင်းမှီဝဲအပ်၏။ ထိုကဲ့သို့သော အပေါင်းအဖော်များကို မရပါမူကား အပြစ်ကင်းသော သုံးဆောင်ခြင်းကိုသာ ပြုလျက် ကြံ့ချိုကဲ့သို့ တစ်ယောက်တည်း နေနိုင်အောင် ကျင့်ကြံအားထုတ်သင့်ပေသည်။” (၁၃)

## လက်ကောက်နှစ်ခု အာရုံပြု

ဗာရာဏသီပြည့်ရှင် ဘုရင်တစ်ပါးသည် နွေရာသီ စံနန်းတော်၌ စံမြန်းနေစဉ် မိမိအနီး၌ စန္ဒကူးနံ့သာ သွေးနေသော မောင်းမ၏လက်မှ ရွှေလက်ကောက်နှစ်ခု ထိခိုက်သံကို အာရုံပြု၍ ဆင်ခြင်စဉ်းစားမိလေသည်။

“ဤ လက်ကောက်နှစ်ခုသည် ထိခိုက်သကဲ့သို့ ငါတို့သည်လည်း အပေါင်းအဖော်နှင့်နေလျှင် တစ်ယောက်နှင့်တစ်ယောက် ထိခိုက်မှု ရှိမည်သာ ဖြစ်၏။ တစ်ယောက်တည်း နေမှသာ ထိခိုက်မှု ကင်းနိုင်မည်။”

မင်းကြီးသည် ဤသို့ဆင်ခြင်၍ ထိုမောင်းမအား စူးစိုက်စွာ ကြည့်ရှုနေသည်ကို မိဖုရားကြီးမြင်လျှင် မနှစ်သက်သော ကြောင့် သူမကိုယ်တိုင် ဝင်၍ နံ့သာသွေးလေ၏။ ထိုအခါ မိဖုရားကြီးလက်၌ ရွှေလက်ကောက် မြောက်မြားစွာ ဝတ်ဆင် ထားသဖြင့် ထိခိုက်သည့် အသံများ ပိုမို ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ မင်းကြီးသည် ထိုအသံများကို အာရုံပြု၍ ဝိပဿနာ ပွားများရာ တထိုင်တည်းဖြင့်ပင် ပစ္စေကဗုဒ္ဓအဖြစ်သို့ ဆိုက်ရောက်လေသည်။ ထိုပစ္စေကဗုဒ္ဓသည် မူးမတ်တို့အား အောက်ပါဂါထာကို ဟောကြားပြီး ဂန္ဓမာဒနတောင်သို့ ကြွ သွားလေသည်။

"ရွှေပန်းတိမ်ဆရာကောင်းစွာပြုလုပ်အပ်သည့် လက်တဖက်၌ ဝတ်ဆင်အပ်သော ရွှေလက်ကောက်များ တစ်ခုနှင့်တစ်ခု ထိခိုက် ကြသည်ကို သိမြင်၍ ပညာရှိသောပုဂ္ဂိုလ်သည် ကြံ့ချိုကဲ့သို့ တစ်ယောက်တည်း နေနိုင်အောင် ကျင့်ကြံအားထုတ်သင့်ပေ သည်။" (၁၄)

## သားသံယောဇဉ်

ဗာရာဏသီပြည့်ရှင် ဘုရင်တစ်ပါးသည် ငယ်ရွယ်စဉ်ကပင် မင်းစည်းစိမ်ကို ငြီးငွေ့သဖြင့် တောထွက်မည်ပြုရာ အမတ် တို့က ထီးနန်းအမွေကို ဆက်ခံမည့်သူ မရှိသေး၍ ဆိုင်းငံ့ပါရန် တောင်းပန်ကြသောကြောင့်ဆိုင်းငံ့နေရ၏။ မိဖုရားမှသားတော် တစ်ပါး ဖွားမြင်သောအခါ၌လည်း အမတ်တို့၏ တောင်းပန် ချက်အရ ထိုသားတော်လေး အရွယ်ရောက်အောင် ဆိုင်းငံ့နေ

ရပြန်၏။ သားတော်လေး ၁၆ နှစ် အရွယ် ရောက်သည့်အခါ တွင်ကား မှူးမတ်တို့ တောင်းပန်နေသည့်ကြားမှပင် ရဟန်းပြုရန် နန်းတော်မှ အတင်းထွက်ခဲ့လေသည်။

မိဖုရားကြီးနှင့်တကွ မှူးမတ်ပြည်သူတို့သည် ငိုယိုမြည်တမ်း ကာ မင်းကြီးနောက်မှ လိုက်သွားကြလေသည်။ မင်းကြီးသည် မိမိပိုင်နိုင်ငံ၏အဆုံးသို့ရောက်လျှင် တောင်ဝှေးဖြင့် စည်းကြောင်း တစ်ခု ရေးဆွဲ၍-"ဤစည်းကြောင်းကို ဖြတ်ကျော်ပြီး မည်သူမျှ မလိုက်ရ။"ဟု အမိန့်ထုတ်လိုက်သည်။ထိုအခါ နောက်လိုက်ပရိတ် သတ်အားလုံး ရှေ့ဆက်၍ မလိုက်ဝံ့တော့သဖြင့် စည်းကြောင်း ဘေး၌ ရပ်တံ့နေကြရတော့သည်။

သို့သော် မိဖုရားကြီးသည် မိန်းမတို့ပရိယာယ်ဖြင့် မင်းသား လေးအား ရှေ့သို့ဆက်၍ လိုက်သွားရန် တိုက်တွန်း၏။ မင်းသား လေးကလည်း ကြောက်ရမှန်းမသိပဲ လိုက်သွားရာ မင်းကြီးသည် မင်းသားလေးအား မိမိနှင့်အတူ တောထဲသို့ ခေါ်သွားလေ သည်။ တောထဲသို့ ရောက်သောအခါ သားအဘနှစ်ယောက်လုံး ရဟန်းပြု၍ သစ်သီး သစ်ရွက်များကို စားသောက်နေထိုင်ကြလေ သည်။

ထိုအခါ တောထဲ၌ ဆင်းရဲစွာ နေထိုင်စားသောက်ရသည့် ဒုက္ခကို မခံနိုင်သောကြောင့် မင်းသားလေးသည် တစ်နေ့ တစ်ခြား ပိန်ချုံးအားနည်း၍လာ၏။မင်းကြီးသည် သားငယ်၏ ဖြစ်အင်ကို မကြည့်ရက်နိုင်သဖြင့် သားငယ်ကိုခေါ်၍ လာ လမ်းအတိုင်း ပြန်ခဲ့လေသည်။ မိဖုရားကြီးနှင့် မှူးမတ်တို့က လည်း-"မင်းကြီးသည် မကြာမီရက်ပိုင်း အတွင်း၌ပင် ပြန်လာ လိမ့်မည်။"ဟု ယုံကြည်ကာ မင်းကြီး စည်းတားခဲ့သော နေရာ၌

စောင့်မျှော်နေကြသည်။ သို့သော် မင်းကြီးကား ထိုနေရာသို့ ရောက်သည့်အခါ သားတော်လေးကိုသာ မိဖုရားကြီးထံသို့ စေလွှတ်လိုက်ပြီး မိမိကိုယ်တိုင်မှာမူ တောကျောင်းသို့သာ ပြန်လာခဲ့၏။ တောကျောင်းသို့ ပြန်ရောက်သည့်အခါ ဝိပဿနာကို ပွားများအားထုတ်သဖြင့် ပစ္စေကဗုဒ္ဓ အဖြစ်သို့ ဆိုက်ရောက်လေသည်။ အောက်ပါဂါထာကား ထိုအရှင်မြတ် ဥဒါန်းကျူးရင့်သည့်ဂါထာ ဖြစ်ပေသည်။

"အဖော်နှင့် အတူနေရသူမှာ စကားစမြည် ပြောဆိုခြင်း၊ တွယ်တာခြင်းများ ရှိ၏။ ဤအပြစ်ကို သိမြင်သော ပညာရှိသည် ကြံ့ချိုကဲ့သို့ တစ်ယောက်တည်း လွတ်လပ်စွာ နေထိုင်ကျင့်သုံးသင့်ပေသည်။" (၁၅)

## ရွှေဘိုး နောက်ဆုတ်

ဗာရာဏသီပြည်မှ သင်္ဘေးသားတစ်ယောက်သည် လူ့ဘဝကို ငြီးငွေ့သဖြင့် ဂန္ဓမာဒနတောင်၌ နေသော ပစ္စေကဗုဒ္ဓတို့ထံသို့ သွား၍ ရဟန်းပြုလေသည်။ ရဟန်းဖြစ်သောအခါ သင်္ဘေးသားဘဝတုန်းကလို အိစက်ညက်ညောသော မွေ့ရာကြီးပေါ်၌ မအိပ်ရပဲ မာကျောသော ကြမ်းပြင်ပေါ်၌ ဖျာခင်း၍ အိပ်ရ၏။ သင်္ဘေးသားဘဝတုန်းက ဆီဦး ထောပတ်များကိုသာ စားသုံးခဲ့ရသော်လည်း ယခုအခါတွင်မူ ဆွမ်းခံ၍ ရသမျှကို အကောင်းအဆိုး မရွေးပဲ စားသုံးရ၏။ ဤသို့ အစားဆင်းရဲခြင်း၊ အအိပ်အနေ ဆင်းရဲခြင်းဒဏ်တို့ကို မခံနိုင်သောကြောင့် သင်္ဘေးသားသည် သုံးလေးရက် ကြာလျှင် လူထွက်လေ၏။

သို့သော် သူသည် လူ့ဘဝ၌ မပျော်ပိုက်သဖြင့် မကြာမီ ရဟန်းပြုပြန်၏။ ဤသို့ ၂ ကြိမ်တိုင်အောင် ရဟန်းပြုလိုက်၊ လူထွက်လိုက်လုပ်ပြီး တတိယအကြိမ် ရဟန်းပြုသော အခါ၌ကား ဝိပဿနာကိုပွားများသဖြင့် ပဋိသမ္ဘိဒါဉာဏ်ကို ရရှိလေသည်။ ထိုအခါ ထိုအရှင်မြတ်သည် အောက်ပါဂါထာကို မြွက်ဆိုလေသည်။

"ချိုမြိန်ကောင်းမြတ်၍ စိတ်နှလုံးကို ရွှင်ပြုံးကြည်နူးစေတတ်သော ကာမဂုဏ်အာရုံ အမျိုးမျိုးတို့သည် ပုထုဇဉ်လူသားတို့၏ စိတ်ကို အမျိုးမျိုးသော အသွင်အပြင်ဖြင့် မွေနှောက်ချောက်ချား စေကြကုန်၏။ ထိုကာမဂုဏ်တို့၏ အပြစ်ကို သိမြင်သော ပညာရှိသည် ကြံ့ချိုကဲ့သို့ တစ်ယောက်တည်း နေထိုင်ကျင့်သုံး သင့်ပေသည်။" (၁၆)

## အနာပျောက်ဆေး

ဗာရာဏသီပြည် မင်းတစ်ပါးအား အနာပေါက်သဖြင့် သမားတော်တို့က ခွဲစိတ်ကုသပေးကြရသည်။ သို့သော် ခွဲစိတ်ပြီးနောက်မကြာမီပင်မတည့်သောအစားအစာများကို စားသောက်သည့်အတွက် အနာမှာ ပြန်၍ရင်းလာ၏။ ထို့ကြောင့် အနာကို ဒုတိယအကြိမ် ခွဲစိတ်ကြရပြန်သည်။ မင်းကြီးကား သမားတော်တို့၏စကားကို ခဏသာနားထောင်ပြီး အနာအနည်းငယ် သက်သာလျှင် မတည့်သောအစာများကို စားမြဲ စားပြန်သည်။ သို့ဖြစ်၍ သုံးကြိမ်တိုင်အောင် ခွဲစိတ်ပေးသော်လည်း အနာမှာ

မပျောက်နိုင်ပဲ ဖြစ်နေသောကြောင့် သမားတော်များကလည်း ရှောင်ရှားသွားကြတော့သည်။

ထိုအခါ မင်းကြီးသည် အနာ နှိပ်စက်ခြင်း ခံနေရသော မိမိဘဝကို ငြီးငွေ့သဖြင့် ရဟန်းပြုပြီး တရားအားထုတ်ရာ ပစ္စေကဗောဓိဉာဏ်ကို မျက်မှောက်ပြုလေသည်။ ထိုပစ္စေကဗုဒ္ဓသည် ကိုယ်အနာသာမက စိတ်အနာပါ ကင်းရှင်းသွားသော မိမိဘဝကို ဆင်ခြင်စဉ်းစားလျက် အောက်ပါဂါထာကို မြွက်ဆိုလေသည်။

"ဤရာဂ ဒေါသစသော ကိလေသာများသည် အကျိုးစီးပွားကို ဖျက်ဆီးတတ်သော ရန်သူများဖြစ်၏။ ကိုယ်တွင်း၌ ပေါက်သောအနာနှင့် တူ၏။ ရှုတ်တရက် ကျရောက်တတ်သော ကပ်ရောဂါနှင့်လည်း တူ၏။ ကိုးဆယ့်ခြောက်ပါးသောရောဂါများနှင့်လည်း တူ၏။ စူးဝင်တတ်သော ငြောင့်တံကျင်နှင့်လည်းတူ၏။ ကြောက်မက်ဖွယ် ဘေးအန္တရာယ်ကြီးများ ဖြစ်၏။ ကာမဂုဏ်တို့၏အပြစ်ကို သိမြင်သော ပညာရှိသည် ကြံ့ချိုကဲ့သို့ တစ်ယောက်တည်း နေထိုင်ကျင့်သုံးသင့်ပေသည်။ (၁၇)

## အပူအအေးဒဏ်ကို သည်းခံ၍

ဗာရာဏသီပြည်ရှင် ဘုရင်တစ်ပါးသည် မင်းစည်းစိမ်ကို စွန့်၍ ရဟန်းပြုကာ တောထဲ၌နေစဉ် ပြည့်ရှင်မင်းဘဝမှာကဲ့သို့ ချမ်းသာစွာမနေရပဲ အပူအအေးဒဏ်ကို ခံစားခြင်း၊ ဆွမ်းကွမ်း မျှတအောင် မရခြင်းတို့ကြောင့် တရားကို ကောင်းစွာ အားမထုတ်နိုင်ပဲ ရှိလေ၏။ ထိုအခါ သူသည် ရာသီဥတု

မျှတ၍ ဆွမ်ဘောဇဉ် ပေါများသော အရပ်ဒေသတစ်ခုသို့သွား၍ နေထိုင်ရန် အကြံ ဖြစ်ပေါ်လေသည်။ သို့သော်လည်း ရဟန်းဟူသည် ပစ္စည်း၌ မက်မောမှု မပြုသင့်ကြောင်း စဉ်းစားမိသဖြင့် မိမိစိတ်ကို ဆုံးမလျက် ထိုအရပ်၌ပင် နေထိုင်၍ တရားအားထုတ်ရာ မကြာမီ ပဋိသမ္ဘိဒါ ဉာဏ် ရရှိသဖြင့် အောက်ပါဂါထာကို မြွက်ဆိုလေသည်။

"ပညာရှိသောသူသည် အအေးအပူ၊ ဆာလောင်မွတ်သိပ်ခြင်း၊ လေနေပူ၊ မှက်ခြင်၊ မြွေ၊ ကင်းသန်းတို့၏ဒဏ်ကို လွှမ်းမိုး နှိမ်နင်းကာ ကြံ့ခိုင်ကဲ့သို့ တစ်ယောက်တည်း ကျင့်သုံးနေထိုင်သင့်ပေသည်။" (၁၈)

## ဆင်ပြောင်ကြီးကဲ့သို့

ရှေးအခါက ဟိမဝန္တာ၌ ဆင်ပြောင်တစ်စီးသည် တောထဲ၌ ဆင်အများနှင့် နေရသည်ကို ငြီးငွေ့သဖြင့် တစ်စီးတည်း ခွဲထွက်ခဲ့ရာ ဗာရာဏသီပြည့်ရှင် ဘုရင်မင်းမြတ်၏ ဥယျာဉ်တော်အတွင်းသို့ ဆိုက်ရောက်လာလေ၏။ ဥယျာဉ်တော်သို့ အပန်းဖြေရန် ထွက်ခွာလာသော ဘုရင်မင်းမြတ်သည် ထိုဆင်ပြောင်ကြီးကို မြင်လျှင် သနားကြင်နာသဖြင့် ဖမ်းဆီးပစ်ခတ်ခြင်း မပြုပဲ အစားအစာကျွေးမွေး၍ ဘေးမဲ့ပေးထားရန် ဥယျာဉ်မှူးအား ညွှန်ကြားထားလေသည်။

တနေ့သ၌ ဘုရင်မင်းမြတ်သည် မင်္ဂလာဆင်တော်ဖြင့် မြို့ကို လှည့်လည်စဉ် ထိုဆင်ပြောင်ကြီးကို သတိရ၍ "အပေါင်းအဖော်နှင့် နေရခြင်းသည် ဆင်းရဲ၏။ ဆင်ပြောင်ကြီးကဲ့သို့ တစ်ဦး

တည်း နေရပါမူ ချမ်းသာပေရာ၏။" ဟူ၍ ဆင်ခြင်စဉ်းစားပြီး ဝိပဿနာကို ပွားများလေရာ ဆင်ကျောကုန်းပေါ်၌ ဓနလျက်ပင် ပစ္စေကဗုဒ္ဓ အဖြစ်သို့ ဆိုက်ရောက်လေ၏။ ထို ပစ္စေကဗုဒ္ဓ အရှင်မြတ်သည် အောက်ပါဂါထာကို မြွက်ဆိုလေ၏။

"ကောင်းသော လုံးရပ်သဏ္ဌာန်၊ ကြန်အင်လက္ခဏာနှင့် ပြည့်စုံ၍ ပဒုမ္မာကြာအဆင်းရှိသော ဆင်ပြောင်ကြီးသည် ဆင်အပေါင်းတို့ကို ရှောင်ဖယ်စွန့်ခွာလျက် တစ်စီးတည်း ပျော်မွေ့သကဲ့သို့ ပညာရှိသော ပုဂ္ဂိုလ်သည် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်သုံး နေထိုင်ရာ၏။" (၁၉)

## အဖော်ကို စွန့်ပါ

ဗာရာဏသီပြည့်ရှင် ဘုရင်မင်းမြတ်၏ သားတော်တစ်ပါးသည် ငယ်ရွယ်စဉ်ကပင် လူ့ဘဝကို ငြီးငွေ့၍ မယ်တော်၊ ခမည်းတော်များထံ ခွင့်ပန်ကာ ရဟန်းပြုလေသည်။ ယင်းသို့ ရဟန်း ပြုလိုက်သော်လည်း မယ်တော် ခမည်းတော်တို့က တောင်းပန်ကြသောကြောင့် ရပ်ဝေးသို့ မသွားပဲ မြို့တော်အနီးရှိ မင်းဥယျာဉ်၌ပင် သီတင်းသုံး နေထိုင်ရလေ၏။

သားတော်အပေါ် အလွန်ချစ်ခင်မြတ်နိုးသော မိဖုရားကြီးသည် နံနက်စောစောကပင် မောင်းမအပေါင်း ခြံရံလျက် သားတော်ထံ ဆိုက်ရောက်လာ၏။ သားတော်အား ယာဂု၊ ခဲဘွယ်များ ဆက်ကပ်လျက် တမနက်လုံး ဥယျာဉ်အတွင်း၌ နေထိုင်ပြီး နေမွန်းတိမ်းအချိန်ရောက်မှ နန်းတော်သို့ ပြန်သွားလေ၏။

ခမည်းတော် ဘုရင်မင်းမြတ်သည်လည်း နံနက်အချိန်တွင် မှူးမတ်တို့နှင့် တိုင်းရေးပြည်ရေး ကိစ္စတို့ကို စီမံညွှန်ကြားပြီး သဘင်းဘော်အား ဆက်ကပ်ရန် ဆွမ်းဘောဇဉ်တို့ကို ယူဆောင်ကာ ဥယျာဉ်တော်သို့ ရောက်လာပြန်၏။ ဘုရင်သည် တနေ့ပတ်လုံး ဥယျာဉ်တော်၌နေထိုင်ပြီး ညနေမိုးချုပ်မှ နန်းတော်သို့ ပြန်၏၊ ဘုရင်သည် ညအချိန်တွင် သားတော် ရဟန်းအား စောင့်ရှောက်ရန်အတွက် မင်းချင်း ယောကျ်ားအချို့ကို ဥယျာဉ်တော်၌ တာဝန်ချထားခဲ့၏။ ဤသို့ဖြင့် မင်းသားငယ်သည် မိမိမုချ ရရှိမည့် ထီးနန်းအမွေကိုပင် မငဲ့ကွက်ပဲ ရဟန်းပြုခဲ့သော်လည်း နေ့ရောညပါ လူသူပရိသတ်နှင့် ရောနှောဆက်ဆံ၍ နေရသောကြောင့် တရားအားထုတ်ခွင့်ကို မရနိုင်ပဲရှိလေ၏။

တနေ့သောအခါ ဂန္ဓမာဒနတောင်မှ ပစ္စေကဗုဒ္ဓတစ်ပါးသည် ဗာရာဏသီပြည်သို့ ကြွလာ၍ ဥယျာဉ်တော်အတွင်း မင်းသားရဟန်း၏ ကျောင်းအနီး၌ သီတင်းသုံး နေထိုင်လေ၏။ ယင်းသို့နေထိုင်စဉ် နေ့ရောညပါ လူသူပရိတ်သတ်နှင့် ရောနှောဆက်ဆံလျက် အချည်းနှီးအချိန်ကုန်နေသော မင်းသားရဟန်းကို တွေ့မြင်ရသဖြင့် ရဟန်းဟူသည် ဤကဲ့သို့ မနေသင့်ကြောင်း ပြောဆိုဆုံးမပြီး ဂန္ဓမာဒနတောင်သို့ပင် ပြန်လည်ကြွသွားလေ၏။

မင်းသားရဟန်းသည် ရှင်ပစ္စေကဗုဒ္ဓ၏ ဆုံးမစကားကြောင့် သတိတရားရရှိကာ ညအချိန်တွင် ဥယျာဉ်တော်မှ တိတ်တဆိတ်ထွက်ခွာခဲ့ပြီး သင့်လျော်သော တောအုပ်တစ်ခု၌ တပါးတည်း

နေလျက် တရားကို အားထုတ်လေ၏။ ထိုမင်းသားရဟန်းသည် မကြာမီပင် ပစ္စေကဗောဓိဉာဏ်ကို ရရှိသဖြင့် အောက်ပါ ဂါထာကို မြွက်ဆိုလေသည်။

"အပေါင်းအဖော်၌ မွေ့လျော်သူအား ကိလေသာမှ လွတ်မြောက်မှုကို ရရှိရန်အကြောင်းသည် စင်စစ် မရှိချေ။ နေမင်း၏ အဆွေဖြစ်သော ပစ္စေကဗုဒ္ဓ၏ ဤသို့သော ဆုံးမ စကားကို ဉာဏ်ဖြင့် ဆင်ခြင်၍ ပညာရှိသော ပုဂ္ဂိုလ်သည် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်သုံးနေထိုင်ရာ၏။"(၂၀)

## အယူများကိုကျော်လွှား၍

ဗာရာဏသီပြည့်ရှင် ဘုရင်တစ်ပါးသည် ဆိတ်ငြိမ်ရာအရပ်၌ တစ်ယောက်တည်းနေစဉ် ဤလောက၌ အပူနှင့်အအေး၊ ဆင်းရဲနှင့်ချမ်းသာ စသော ဆန့်ကျင်ဘက် တရားတို့သည် အသီးသီး ဒွန်တွဲတည်ရှိ နေကြကုန်၏။ ထို့ကြောင့် သတ္တဝါတို့၏ ဘဝ သံသရာဟူသည်မှာ ထင်ရှားရှိသကဲ့သို့ ထိုဘဝသံသရာ၏ ကုန်ဆုံးရာသည်လည်း စင်စစ် ရှိပေရာ၏ဟူ၍ ဆင်ခြင် စဉ်းစားမိ လေသည်။

ဘုရင်သည် ယင်းသို့ ဆင်ခြင်စဉ်းစားမိသဖြင့် အမတ်တို့အား ထိုအကြောင်းကို မေးမြန်းလေ၏။ထိုအခါ အချို့သောအမတ် တို့က-"ဘဝသည် မပျက်မစီး အမြဲတည်သော သဿတတရား ဖြစ်ပါသည်။"ဟူ၍လည်းကောင်း၊ အချို့သော အမတ်တို့က- "ဘဝသည် သေလျှင်ပြတ်စဲသွားသော ဉစ္ဆေဒတရား ဖြစ် ပါသည်။" ဟူ၍လည်းကောင်း အမျိုးမျိုး ဖြေဆိုကြလေ၏။

ဘုရင်သည် အမတ်တို့၏ စကားများမှာ အယူမှားနှင့် မိစ္ဆာဒိဋ္ဌိများသာ ဖြစ်ကြောင်း သိမြင်သဖြင့် ဘဝသံသရာ၏ ကုန်ဆုံးမှုကို ပြုတတ်သော တရားကို မရ ရအောင် ရှာဖွေမည် ဟူသော ရည်ရွယ်ချက်ဖြင့် တောထွက်၍ ရဟန်းပြုခဲ့လေသည်။ ရဟန်းပြုပြီးနောက် ဝိပဿနာကို ပွားများသဖြင့် ပစ္စေက ဗောဓိဉာဏ်ကို ရရှိသောအခါ အောက်ပါဂါထာကို မြွက်ဆို လေ၏။

"ငါသည် မိစ္ဆာအယူဟူသော ခြောင့်တံသင်းတို့ကို ကျော် လွန်၍ သောတာပတ္တိမဂ်နှင့်တကွ အထက်မဂ်သုံးပါးကိုပါ ရရှိ သူ ဖြစ်ခဲ့၏။ သူတပါးတို့ သိစေအပ်သည်မဟုတ်ပဲ ဖြစ်ပေါ် လာသော ပစ္စေကဗောဓိဉာဏ်ကိုလည်း ရရှိခဲ့၏။ ငါကဲ့သို့ ဗောဓိ ဉာဏ်ကို အလိုရှိသူသည် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်သုံး နေထိုင်ရာ၏။" (၂၁)

လောဘကို ခွာ

ဗာရာဏသီပြည့်ရှင် ဘုရင်တစ်ပါး၏ စားဖိုမှူးသည် တနေ့ သ၌ မင်းကြီးထံမှ ဆုလာဘ် ရရှိရန် မျှော်ကိုးလျက် ထူးခြား သော အနံ့အရသာနှင့် ပြည့်စုံသော စားသောက်ဖွယ်တို့ကို စီမံချက်ပြုတ်၍ မင်းကြီးအား ဆက်သလေ၏။ မင်းကြီးသည် နတ်သုဒ္ဓါကဲ့သို့ အရသာနှင့် ပြည့်စုံသော စားသောက်ဖွယ်တို့ကို စားသုံးရသော်လည်း စားဖိုမှူးအား မည်သို့မျှ ချီးကျူးစကား မိန့်ကြားခြင်းမပြုချေ။ စားဖိုမှူးသည်-"ဤမင်းကား အကောင်း အဆိုးကို မခွဲခြားတတ်လေတကား။"ဟု ကြံ၍ နောက်တစ်နေ့

တွင် အလွန်ညံ့ဖျင်းသော စားသောက်ဖွယ်တို့ကို ဆက်သပြန်၏။ ထိုအခါတွင်လည်း မင်းကြီးသည် စားဖိုမှူးအား မည်သို့မျှအပြစ်မဆိုပဲ အေးဆေးစွာပင် သုံးဆောင်လေ၏။

ဤကဲ့သို့ မင်းကြီးက ကောင်းသည်ဆိုးသည် တစုံတရာမျှ မပြောပဲ ရှိသမျှနှင့်ပင် သုံးဆောင်သည်ကို တွေ့ရသောအခါ စားဖိုမှူးသည် နေ့စဉ် စားတော်ချက်ပြုတ်ရန် ရရှိသောရိက္ခာ ပစ္စည်းများကို မိမိကိုယ်ကျိုးအတွက်သာ သုံးစွဲပြီး မင်းကြီး၏ စားတော်ပွဲကိုမူ ဖြစ်ကာဘတ်ဆန်း ချက်ပြုတ်ပေးလေ၏။ မင်းကြီးသည် အစားအသောက်နှင့်ပတ်သက်၍ ဇီဇာမကြောင်လိုသော်လည်း စားဖိုမှူး၏ လောဘကြောင့် အဆင်မပြေသော ထမင်းဟင်းများကိုသာ နေ့စဉ်ရက်ဆက် စားသုံးနေရသောအခါ မင်းအဖြစ်၌ ငြီးငွေ့လာသည်။ "ဗာရာဏသီပြည်ကြီးကို အစိုးရသည့် မင်းကြီး ဖြစ်ပါလျက် စားဖိုမှူး၏ လောဘကြောင့် နှုးနပ်သော ထမင်းကိုပင် မစားရပါတကား။"ဟူ၍ သံဝေဂ ဉာဏ် ဖြစ်ပေါ်လာပြီး တောထွက်၍ ရဟန်းပြုလေရာ မကြာမီ ပစ္စေကဗုဒ္ဓအဖြစ်သို့ ရောက်လေ၏။ အောက်ပါဂါထာကား ထိုပစ္စေကဗုဒ္ဓအရှင်မြတ် မြွက်ဆိုသော ဥဒါန်းစကားဖြစ်ပေသည်။

"ပညာရှိသော ပုဂ္ဂိုလ်သည် အာဟာရ၌ လော်လီခြင်း၊ အံ့ဖွယ်သရဲပြုခြင်း၊ မွတ်သိပ်ခြင်း၊ သူ့ကျေးဇူးကို ချေဖျက်ခြင်း၊ တော့ဝေခြင်း၊ တခလောကလုံး၌ တွယ်တာခြင်းတို့မှ ကင်းလျက် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်သုံးနေထိုင်ရာ၏။"(၂၂)

## မကောင်းသော မိတ်ဆွေ

ဗာရာဏသီပြည့်ရှင် ဘုရင်တစ်ပါးသည် မင်္ဂလာဆင်တော်ကို စီးလျက် မှူးမတ်အပေါင်းနှင့်အတူ မြို့တော်ကို လှည့်လည်ကြည့်ရှုစဉ် မှူးမတ်တို့အား လခရိက္ခာပေးရန်အတွက် စပါးများသိုလှောင်ထားသည့် ဂိုဒေါင်မှ စပါးဟောင်းများကို ထုတ်၍ စပါးသစ်များ သွင်းနေကြသည်ကို တွေ့မြင်လေသည်။ မင်းကြီးသည် ပိုလျှံသော စပါးဟောင်းများကို အလဟဿ မဖြစ်စေပဲ ဆင်းရဲသားများအား ပေးလှူပစ်ရန် အမတ်တို့အား မိန့်ကြားသည်။ ထိုအခါ မိစ္ဆာအယူရှိသော အမတ်တစ်ယောက်က ဆင်းရဲသားများအား ပေးလှူခြင်းဖြင့် အကျိုးတစုံတရာ ရရှိမည် မဟုတ်ကြောင်း မင်းကြီးအား လျှောက်ကြားလေသည်။ မင်းကြီးက သုံးကြိမ်တိုင် ထပ်မံ မိန့်ကြားသော်လည်း အမတ်သည် ရှေးနည်းတူပင် ထပ်၍ လျှောက်ကြားလေသည်။ ယင်းသို့ လျှောက်ကြားလေသော် မင်းကြီးသည်- "ဤမျှ မိုက်မဲသော အမတ်တို့နှင့် အတူနေခြင်းဖြင့် ဘယ်အကျိုး ရှိမည်နည်း။" ဟူ၍ စဉ်းစားဆင်ခြင်ပြီး တောထွက်၍ ရဟန်းပြုလေရာ မကြာမီ ပစ္စေကဗုဒ္ဓအဖြစ်သို့ ရောက်လေ၏။ အောက်ပါဂါထာကား ထိုပစ္စေကဗုဒ္ဓအရှင်မြတ် မြွက်ဆိုသော ဥဒါန်းဂါထာဖြစ်လေသည်။

"ပညာရှိသော ပုဂ္ဂိုလ်သည် အကျိုးမဲ့ကိုသာ ညွှန်ပြတတ်၍ မသင့်လျော်သော အမှု၌သာ သက်ဝင်တတ်သော၊ ကာမဂုဏ်၌သာ စိတ်ဝင်စား၍ ကောင်းမှု၌ မေ့လျော့တတ်သော မိတ်ဆွေယုတ်များကို ရှောင်ရှားကာ ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်သုံး နေထိုင်ရာ၏။" (၂၃)

**ဗဟုသုတကို မြတ်နိုးသူ**

ဗာရာဏသီပြည့်ရှင် ဘုရင်တစ်ပါးသည် တနေ့သောအခါ ပစ္စေကဗုဒ္ဓ ရှစ်ပါးကို ပင့်ဖိတ်ဆွမ်းကပ်၍ ထိုအရှင်တို့ ဟောကြားသော တရားကို ကြားနာရသဖြင့် ထိုအရှင်တို့ကဲ့သို့ ပညာဗဟုသုတနှင့် ပြည့်စုံမှုကို ရရှိလိုသောကြောင့် တောထွက်၍ ရဟန်းပြုလေရာ မကြာမီ ပစ္စေကဗုဒ္ဓ အဖြစ်သို့ ရောက်လေ၏။ အောက်ပါဂါထာသည် ထိုပစ္စေကဗုဒ္ဓ မြွက်ကြားသော ဂါထာဖြစ်သည်။

"ပညာရှိသော ပုဂ္ဂိုလ်သည် အကြားအမြင်များ၍ တရားကိုဆောက်တည်သူ၊ မြင့်မြတ်ပြန့်ပြောသော ပဋိဘာန်ဉာဏ် အမြင်ရှိသူ မိတ်ဆွေကို မှီဝဲဆည်းကပ် ရာ၏။ အကျိုးစီးပွားကို သိ၍ယုံမှားခြင်းကို ပယ်ဖျောက်ပြီးလျှင် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်သုံး နေထိုင်ရာ၏။" (၂၄)

အလှ မဆင်လိုပြီ

မိမိကိုယ်ကို လှပတင့်တယ် ရှုချင်ဖွယ်ဖြစ်အောင် ခြယ်သပြင်ဆင်ခြင်း၊ ဝတ်စားခြင်းဖြင့်သာ အမြဲ ပျော်မွေ့နေလေ့ရှိသော ဗာရာဏသီပြည့်ရှင် ဘုရင်တစ်ပါးသည် တနေ့သ၌ သံဝေဂဉာဏ် ဖြစ်ပေါ်လာသဖြင့် တောထွက်၍ ရဟန်းပြုရာမကြာမီ ပစ္စေကဗုဒ္ဓ အဖြစ်သို့ ဆိုက်ရောက်လေ၏။ အောက်ပါဂါထာကား ထိုအရှင်မြတ် မြွက်ကြားသော ဂါထာ ဖြစ်လေသည်။

"ပညာရှိသောပုဂ္ဂိုလ်သည် လောက၌ မြူးတူးပျော်ပါးခြင်း၊ ကာမချမ်းသာကို မြတ်နိုး တွယ်တာခြင်းမပြုပဲ မိမိကိုယ်ကို ဆင်ယင်ခြယ်သခြင်းမှ ရှောင်ရှားလျက် မှန်သော စကားကိုသာ ပြောဆိုကာ ကြံ့ခိုင်ပမာ တစ်ယောက်တည်း ကျင့်သုံး နေထိုင်ရာ၏။ (၂၅)

## မင်းစည်းစိမ် မလိုပြီ

မိမိပယောဂကြောင့် တိုင်းသူပြည်သားများ ဆင်းရဲဒုက္ခ ရောက်ကြရသည်ကို တွေ့မြင်၍ မင်းအဖြစ်၌ ငြီးငွေ့သော ဗာရာဏသီပြည့်ရှင် ဘုရင်တစ်ပါးသည် တောထွက်၍ရဟန်းပြု ရာမှ ပစ္စေကဗုဒ္ဓအဖြစ်သို့ ရောက်ရှိသဖြင့် အောက်ပါဂါထာကို မြွက်ကြားခဲ့လေသည်။

"ပညာရှိသော ပုဂ္ဂိုလ်သည် မိဘ၊ သားမယားတို့ကို လည်းကောင်း၊ ဆန်ရေစပါး၊ စီးပွားဥစ္စာ၊ မိတ်သဟာတို့ကို လည်းကောင်း၊ အခြားသော ကာမဂုဏ်တို့ကို လည်းကောင်း စွန့်ပယ်လျက် ကြံ့ခိုင်ပမာ တစ်ယောက်တည်း ကျင့်သုံး နေထိုင်ရာ၏။" (၂၆)

## လောဘအလို

ဗာရာဏသီပြည့်ရှင် ဘုရင်တစ်ပါးသည် ကြီး၊ ငယ်၊ ရွယ် သင့်စသောအားဖြင့် အမျိုးမျိုးသော နန်းတွင်းသူ ကချေသည် တို့နှင့် နေ့စဉ်မပြတ် ပျော်ပါးနေရသော်လည်း အားရကျေနပ် သည်ဟူ၍ မရှိ၊ တိုး၍တိုး၍သာ လိုချင်လောဘ ဖြစ်ပေါ်လာ

သောကြောင့် မဆုံးနိုင်သော လောဘ၏ အပြစ်ကိုမြင်ကာ တောထွက်၍ ရဟန်းပြုလေရာ မကြာမီ ပစ္စေကဗုဒ္ဓ အဖြစ်သို့ ဆိုက်ရောက်လေ၏။ အောက်ပါ ဂါထာသည် ထိုအရှင်မြတ် မြွက်ကြားသော ဥဒါန်းစကားပင် ဖြစ်လေသည်။

"သတ္တဝါတို့၏ငြိတွယ်ရာဖြစ်သော ဤကာမဂုဏ်အပေါင်း၌ ချမ်းသာခြင်းသည် နည်းပါးလှ၏။ သာယာဖွယ်မရှိ၊ ဆင်းရဲ အတိသာ ဖြစ်၏။ ကာမဂုဏ်အပေါင်းသည် ငါးမျှားချိတ်နှင့် တူ၏ ဟူ၍ သိမြင်သော ပညာရှိသည် ကြံ့ချိုပမာ တစ်ယောက် တည်း ကျင့်သုံး နေထိုင်ရာ၏။ (၂၇)

တောမီးပမာ

ဗာရာဏသီပြည့်ရှင် ဘုရင်တစ်ပါးသည် ဥယျာဉ်တော်သို့ ထွက်စဉ် လမ်းခရီး၌ တောမီးလောင်နေသည်ကို လည်းကောင်း၊ တံငါသည်တို့၏ ပိုက်ကွန်မှ ငါးကြီးတစ်ကောင် ဖောက်ထွက် သွားသည်ကိုလည်းကောင်း တွေ့မြင်လေ၏။ ထိုအခါ ဘုရင် သည်-"ငါသည်လည်း ကာမဂုဏ် ပိုက်ကွန်ကို ဖောက်ထွက်ပြီး လောဘ၊ ဒေါသ စသော ကိလေသာတို့ကို အကြွင်းမဲ့ ရှို့မြှိုက် ဖျက်ဆီးတော့အံ့။"ဟု ကြံ၍ တောထွက် ရဟန်းပြုလေရာ မကြာမီ ပစ္စေကဗုဒ္ဓ အဖြစ်သို့ ရောက်လေ၏။ အောက်ပါ ဂါထာသည် ထိုအရှင်မြတ် မြွက်ကြားသည့် ဥဒါန်းစကား ဖြစ်လေသည်။

"ရေ၌ ကျက်စားသော ငါးကြီးသည် တံငါသည်တို့၏ ပိုက်ကွန်ကို ဖောက်ထွက်ဘိသကဲ့သို့ လည်းကောင်း၊ တောမီး

သည် နောက်သို့မပြန်ပဲ ရှေ့သို့သာ တိုး၍ လောင်ကျွမ်းဘိ သကဲ့သို့လည်းကောင်း ထို့အတူ ပညာရှိသောသူသည် ကာမဂုဏ် တောသို့ ပြန်မဝင်ပဲ ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်သုံး နေထိုင်ရာ၏။” (၂၈)

ဒု-သ-န-သော

ဗာရာဏသီပြည့်ရှင် ဘုရင်တစ်ပါးသည် လင်ရှိမိန်းမတစ် ယောက်ကို မြင်၍ ပြစ်မှားလိုစိတ် ဖြစ်ပေါ်ရာမှ မိမိစိတ်ကို ဆုံးမ၍ ရဟန်းပြုလေရာ မကြာမီ ပစ္စေကဗုဒ္ဓအဖြစ်သို့ ရောက် လေ၏။ အောက်ပါဂါထာမှာ သိုအရှင်မြတ် မြွက်ကြားသည့် ဥဒါန်းစကား ဖြစ်ပေသည်။

“ပညာရှိသော ပုဂ္ဂိုလ်သည် မျက်လွှာချလျက် ခြေလက် လျှပ်ပေါ်ခြင်းမရှိပဲ စောင့်စည်းသောကိုယ်၊ စောင့်စည်းသော စိတ် ရှိသည် ဖြင်ရာ၏။ကိလေသာမိုးရေဖြင့် စွတ်စိုခြင်း၊ကိလေ သာမီးဖြင့် ပူလောင်ခြင်းတို့မှလည်း ကင်းလျက် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်သုံးနေထိုင်ရာ၏။ (၂၉)

အပွင့်မဲ့သစ်ပင်

ဗာရာဏသီပြည့်ရှင် ဘုရင်တစ်ပါးသည် မူးမတ်အပေါင်းနှင့် အတူ ဥယျာဉ်တော်သို့ ထွက်လာစဉ် လမ်းတွင် အဖူးအပွင့် တို့ဖြင့် ဝေဆာနေသော ပင်လယ်ကသစ်ပင်တစ်ပင်ကို တွေ့မြင် လေသည်။ ထိုအဖူးအပွင့်များကို မင်းကြီးနှင့်တကွ မူးမတ် အပေါင်းတို့က အသီးသီး ခူးဆွတ်ကြရာ ပင်လယ်ကသစ်ပင်

သည် အရိုးကဲ့ကဲ့မျှသာ ကျန်လေတော့သည်။ မင်းကြီးသည် ဥယျာဉ်တော်မှ ပြန်သောအခါ အရိုးကဲ့ကဲ့ ဖြစ်နေသော ပင်လယ်ကသစ်ပင်ကိုလည်းကောင်း၊ ဖူးပွင့်ခြင်းမရှိသည့် အခြား သစ်ပင်များမှာမူ အခြေအနေမပျက်ပဲ အခက်အရွက်တို့ဖြင့် စည်ကားလျက် ရှိသည်ကိုလည်းကောင်း တွေ့မြင်ရလေသည်။ ထိုအခါ မင်းကြီးသည်–"မင်းအဖြစ်ကား အဖူးအပွင့်နှင့်ပြည့်စုံ သော ပင်လယ်ကသစ်ပင်ကဲ့သို့ ပျက်စီးခြင်းသဘော ရှိချေ၏။" ဟူ၍ စဉ်းစားမိသဖြင့် တောထွက်၍ ရဟန်းပြုလေရာ မကြာမီ ပစ္စေကဗုဒ္ဓ အဖြစ်သို့ ရောက်လေ၏။ အောက်ပါဂါထာသည် ထိုအရှင်မြတ် မြွက်ကြားသော ဥဒါန်းစကား ဖြစ်လေသည်။

"ပညာရှိသော ပုဂ္ဂိုလ်သည် ဝက်ကြောင်ကို စွန့်ပယ်၍ လူ့ဘောင်မှ ထွက်ခွာပြီးလျှင် အရွက်အခက်တို့ဖြင့် ဖုံးလွှမ်းအပ် သော ပင်လယ်ကသစ်ပင်ကဲ့သို့ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံဖုံးလွှမ်းလျက် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်သုံး နေထိုင်ရာ၏။" (၃၀)

ရသတဏှာ

ဗာရာဏသီပြည့်ရှင် ဘုရင်တစ်ပါးသည် ဥယျာဉ်တော်ရှိ ရေကန်၌ အမတ်သားတို့နှင့်အတူ ရေကစား နေလေ၏။ စားဖိုမှူးသည် ဘုရင်အား အသားမျိုးစုံ ရော၍ အထူးစီမံချက်ပြုတ် သော ပွဲတော်စာကို ဆက်သလေသည်။ ဘုရင်သည် ထူးခြား သော အရသာနှင့်ပြည့်စုံသည့် ပွဲတော်စာကို မက်မောခြင်း ကြီးစွာဖြင့် အခြားသူတို့အား လုံးဝမပေးပဲ မိမိတစ်ဦးတည်း

သုံးဆောင်လေသည်။ ထိုနောက်မှ – "ငါသည် ရသတဏှာ၏ အလိုသို့ လိုက်သွားမိခဲ့လေပြီ။" ဟု နောင်တရသဖြင့် တောထွက်၍ ရဟန်းပြုလေရာ မကြာမီ ပစ္စေကဗုဒ္ဓ အဖြစ်သို့ ရောက်လေ၏။ အောက်ပါဂါထာသည် ထိုအရှင်မြတ် မြွက်ကြားသော ဥဒါန်း စကား ဖြစ်လေသည်။

"ပညာရှိသော ပုဂ္ဂိုလ်သည် အရသာ အမျိုးမျိုး၌ မက်မောခြင်း မရှိရာ၊ လော်လီမှုမှလည်း ကင်းရာ၏။ သူတပါးတို့၏ လုပ်ကျွေးပြုစုမှုကိုလည်း မခံယူပဲ အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်ကာ ဆွမ်းလောင်းသူ ဒါယကာ ဒါယိကာမတို့ အပေါ်၌လည်း ကပ်ငြိနှောင်ဖွဲ့သောစိတ် မရှိမူ၍ ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်သုံး နေထိုင်ရာ၏။" (၃၁)

## ချောန်မှုတဆင့်

အောက်ပါဂါထာ နှစ်ပုဒ်ကား ဗာရာဏသီပြည့်ရှင် ဘုရင် အဖြစ်နှင့်ပင် လောကီစျာန်ကိုရရှိ၍ ထိုစျာန်ကိုတိုးတက်ပွားများ ရန်အတွက် ရဟန်းပြုရာမှ ပစ္စေကဗုဒ္ဓ အဖြစ်သို့ ဆိုက်ရောက်သွားသော အရှင်နှစ်ပါး၏ ဥဒါန်းစကားများ ဖြစ်လေသည်။

"ပညာရှိသော ပုဂ္ဂိုလ်သည် စိတ်၏ အပိတ်အပင် နီဝရဏ ငါးပါးနှင့် စိတ်၏ ညစ်ညူးကြောင်း အားလုံးကိုပယ်၍ မှားသော အယူသို့လည်း မကပ်ရောက်ပဲချစ်ခြင်း၊ မုန်းခြင်းကို ဖြတ်တောက်ဖြီးလျှင် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်သုံး နေထိုင်ရာ၏။" (၃၂)

"ပညာရှိသော ပုဂ္ဂိုလ်သည် ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းတို့ကို ရှေးမဆွကပင် စွန့်ပစ်ပယ်ကာ ကျော်ခိုင်းထားလျက် အထူးစင်ကြယ်သော တည်ငြိမ်မှုကို ရရှိပြီး ကြံ့ခိုင်မာ တစ်ယောက်တည်း ကျင့်သုံး နေထိုင်ရာ၏။" (၃၃)

ဉာဏ် ဝီရိယ စွမ်းရည်

တိုင်းငယ်ပြည်ငယ်တစ်ခုကို အုပ်စိုးသော မင်းတစ်ပါးသည် မိမိ၏ ဉာဏ် ဝီရိယစွမ်းရည်ကို အစွမ်းကုန်စိုက်ထုတ်၍ မိမိထက် အားကြီးသော နိုင်ငံများကို တိုက်ခိုက်သိမ်းပိုက်ရာ ဗာရာဏသီပြည်နှင့်တကွ ဇမ္ဗူဒိပ် တစ်ကျွန်းလုံးသည် ထိုမင်း၏ လက်တွင်းသို့ ကျရောက်လေ၏။ ထိုနောက် ထိုမင်းသည်- "ငါ့ကား ဤကဲ့သို့သော ဉာဏ် ဝီရိယစွမ်းရည်ဖြင့် လောကုတ္တရာ တရားကို ရှာဖွေအားထုတ်ရသော် ကောင်းလေစွ။" ဟု အကြံဖြစ်ပေါ်လာသဖြင့် ရဟန်းပြု၍ တရားအားထုတ်ရာ မကြာမီ ပစ္စေကဗုဒ္ဓအဖြစ်သို့ ရောက်လေ၏။ အောက်ပါဂါထာသည် ထိုအရှင်မြတ်မြွက်ကြားသော ဥဒါန်းစကား ဖြစ်လေသည်။

"ပညာရှိသော ပုဂ္ဂိုလ်သည် မြတ်သောတရားကို ရရှိရန် ထက်သန်သောလုံ့လ၊ မဆုတ်နစ်သောစိတ်၊ မပျင်းရိသော အကျင့်၊ မြဲမြံသောဝီရိယ ရှိသည်ဖြစ်၍ ကိုယ်အားဉာဏ်အားနှင့် ပြည့်စုံလျက် ကြံ့ခိုင်မာ တစ်ယောက်တည်း ကျင့်သုံး နေထိုင်ရာ၏။" (၃၄)

## ဈာန်ဝင်စားသူ

အောက်ပါဂါထာသည်လည်း ဗာရာဏသီပြည့်ရှင် မင်းဘဝမှ ရဟန်းပြု၍ ဈာန်ရရှိပြီး ပစ္စေကဗုဒ္ဓ ဖြစ်သွားသော အရှင်တစ်ပါး၏ ဥဒါန်းစကား ဖြစ်၏။

"ပညာရှိသော ပုဂ္ဂိုလ်သည် တစ်ပါးတည်း ကိန်းအောင်းခြင်းနှင့် ဈာန်ဝင်စားခြင်းကိုမကင်းကွာစေဘဲ ခန္ဓာငါးပါးတို့၌ အစဉ်မပြတ် ရှုမှတ်ခြင်းကို အားထုတ်ရာ၏။ ဘဝသုံးပါး၌ အပြစ်ကို ဆင်ခြင်သုံးသပ်လျက် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်သုံး နေထိုင်ရာ၏။ (၃၅)

## စိတ်ကို ဆုံးမခြင်း

ဗာရာဏသီ မင်းတစ်ပါးသည် လင်ရှိ မိန်းမတစ်ယောက်ကို မြင်၍ ပြစ်မှားလိုစိတ် ဖြစ်ပေါ်လာရာမှ မိမိစိတ်ကို ဆုံးမ၍ ရဟန်းပြုရာ မကြာမီ ပစ္စေကဗုဒ္ဓ ဖြစ်လေ၏။ အောက်ပါ ဂါထာသည် ထိုအရှင်၏ ဥဒါန်းစကား ဖြစ်၏။

"ပညာရှိသော ပုဂ္ဂိုလ်သည် တဏှာကုန်ရာ နိဗ္ဗာန်ကို တောင့်တလျက် မမေ့မလျော့ခြင်း၊ အကြားအမြင် ဆင်ခြင်ဉာဏ်တို့နှင့် ပြည့်စုံလျက် အမှန်တရားကို ပိုင်းခြား၍ သိအောင် အားထုတ်ရာ၏။ စွဲမြဲသောလုံ့လ ဝီရိယရှိ၍ အမှန်တရားကို ပိုင်းခြားသိပြီး သူသည် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်သုံး နေထိုင်ရာ၏။" (၃၆)

ခြင်္သေ့ကဲ့သို့ ရဲရင့်သူ

ဗာရာဏသီပြည့်ရှင် ဘုရင်တစ်ပါးသည် ဥယျာဉ်တော်သို့ ထွက်စဉ် လမ်းခရီး၌ ခြင်္သေ့ငယ် တစ်ကောင်ကို တွေ့မြင်၍ စည်မောင်း စသည်တို့ကို တီး၍ ခြောက်လှန့်စေသည်။ ခြင်္သေ့ငယ်ကား လုံးဝ ကြောက်လန့်ခြင်းမရှိပဲ အိပ်မြဲ အိပ်နေ၏။ မင်းကြီးသည်-"ငါသည်လည်း ဤခြင်္သေ့ငယ်ကဲ့သို့ ကြောက်လန့်ခြင်းကင်းစွာ နေရပါမူ ကောင်းလေစွ။"ဟု ကြံ၍ဆက်လက်သွားရာ တံငါသည်တို့ ဖြန့်လှန်းထားသော ပိုက်ကွန်ကြားမှ လေတို့ မထိမခိုက် ဖြတ်သန်း တိုက်ခိုက်သွားသည်ကို တွေ့မြင်ပြန်၏။ထိုအခါ မင်းကြီးသည်-"ငါသည် လေကဲ့သို့ လွတ်လပ်စွာ သွားလာနိုင်ပါမူ ကောင်းလေစွ။"ဟု အကြံဖြစ်ပြန်၏။ ဥယျာဉ်တော်သို့ ရောက်၍ ကြာပင်တို့ကို တွေ့မြင်သည့်အခါ၌လည်း "ဤကြာပင်တို့သည် ရေ၌ မကပ်ငြိသကဲ့သို့ ငါသည်သည်း-လူအပေါင်း၌ မကပ်ငြိပဲ နေနိုင်ပါမူ ကောင်းလေစွ။"ဟု စိတ်ကူးမိပြန်၏။ ထိုသို့ ကြံစည်ပြီးနောက် မင်းအဖြစ်ကို စွန့်၍ ရဟန်းပြုလေရာ မကြာမီ ပစ္စေကဗုဒ္ဓ အဖြစ်သို့ ရောက်လေ၏။ အောက်ပါ ဂါထာသည် ထိုအရှင်မြတ် မြွက်ကြားသော ဥဒါန်းစကားပင် ဖြစ်ပေသည်။

"ပညာရှိသော ပုဂ္ဂိုလ်သည် ခြင်္သေ့သည် အသံကြောင့် မထိတ်လန့်သကဲ့သို့ အနိစ္စ စသည်တို့ကြောင့် မထိတ်လန့်ပဲ၊ လေသည် ပိုက်ကွန်၌မကပ်ငြိသကဲ့သို့ ခန္ဓာစသည်တို့၌မကပ်ငြိပဲ၊ပဒုမ္မာကြာသည်ရေဖြင့် မလိမ်းကျံသကဲ့သို့ ကိလေသာဖြင့် မလိမ်းကျံပဲ ကြံ့ချိုပမာ တစ်ယောက်တည်းကျင့်သုံးနေထိုင်ရာ၏။" (၃၇)

## ခြင်္သေ့ကဲ့သို့ လွှမ်းမိုးနိုင်သူ

ဗာရာဏသီပြည့်ရှင် ဘုရင်တစ်ပါးသည် သူပုန်ရန်ကို နှိမ်နင်းရန်အတွက် ပစ္စန္တရာဇ်အရပ်သို့ သွားစဉ် လမ်း၌ အိပ်နေသော ခြင်္သေ့တစ်ကောင်ကို တွေ့၍ စည်မောင်း စသည်တို့ကို တီး၍ ချောက်လှန့်စေသည်။ ခြင်္သေ့သည် အိပ်ရာမှ နိုးသော် ကြီးစွာသောအသံဖြင့် ဟိန်းဟောက်လေ၏။ ဘုရင်၏ စစ်သည်ရဲမက်တို့သည် ထိတ်လန့်ကြောက်ရွံ့၍ ကစဉ့်ကလျား ထွက်ပြေးကြရာ ဘုရင်သည် ဆင်ပေါ်မှကျ၍ ကျန်ရစ်လေ၏။ တစ်ယောက်တည်း ကျန်ရစ်သောဘုရင်သည် ခြေဦးတည့်ရာသို့ ထွက်ခွာခဲ့ရာ ပစ္စေကဗုဒ္ဓတို့ သီတင်းသုံးရာအရပ်သို့ ရောက်သွားလေ၏။

"အရှင်ဘုရားတို့သည်ခြင်္သေ့ကိုမကြောက်ကြပါကုန်လော။" ဟူ၍ ဘုရင်က မေးလျှောက်ရာ ပစ္စေကဗုဒ္ဓတို့က- "ငါတို့သည် ဘာကိုမျှ မကြောက်ကြကုန်။" ဟူ၍ မိန့်ကြားကြသည်။ ထိုအခါ ဘုရင်သည် ပစ္စေကဗုဒ္ဓတို့ကဲ့သို့ မကြောက်မရွံ့ နေလိုသဖြင့် ထိုအရှင်မြတ်တို့ထံ၌ ရဟန်းပြုလေရာ မကြာမီ ပစ္စေကဗုဒ္ဓ အဖြစ်သို့ ရောက်လေ၏။ အောက်ပါဂါထာသည် ထိုအရှင်မြတ် မြွက်ကြားသော ဥဒါန်းစကား ဖြစ်ပေသည်။

"အစွယ်ဟူသောအား ရှိသောခြင်္သေ့မင်းသည် သားကောင်တို့ကို လွှမ်းမိုးနှိပ်စက်၍ သွားလာဘိသကဲ့သို့ ပညာရှိသော ပုဂ္ဂိုလ်သည် လူနှင့်ဝေးသော ကျောင်းဆင်ခြေ တို့ကို မှီဝဲလျက် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်သုံးနေထိုင်ရာ၏။" (၃၈)

## မေတ္တာပွားသူ

အောက်ပါဂါထာကား မင်းစည်းစိမ်ကို ခံစားယင်း မေတ္တာစျာန်ကို ပွားများပြီး ရဟန်းပြုသောအခါ ပစ္စေကဗုဒ္ဓ အဖြစ်သို့ ဆိုက်ရောက်သော အရှင်မြတ်တစ်ပါး၏ ဥဒါန်းဂါထာဖြစ်ပေသည်။

"ပညာရှိသောပုဂ္ဂိုလ်သည် ချစ်ချင်းမေတ္တာ၊ သနား၊ခြင်း ကရုဏာ၊ ဝမ်းမြောက်ခြင်း မုဒိတာနှင့် လျစ်လျူရှုခြင်း ဥပေက္ခာတို့ကို အခါအားလျော်စွာ ပွားများပြီး တလောကလုံးနှင့် မဆန့်ကျင်မူ၍ ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်သုံးနေထိုင်ရာ၏။" (၃၉)

## ဘဝနောက်ဆုံး

မာတင်္ဂ အမည်ရှိသော ပစ္စေကဗုဒ္ဓသည် ကပိလဝတ်ပြည်၌ ဆွမ်းခံ လှည့်လည်စဉ် အလောင်းတော်သိဒ္ဓတ္ထမင်းသား ဖွားမြင်၍ နတ်လူအပေါင်းတို့ အုတ်အော်သောင်းနင်း ဖြစ်နေသည်ကို တွေ့မြင်လေ၏။ထိုအခါ ထိုပစ္စေကဗုဒ္ဓသည် လောက၌ ဘုရားတစ်ဆူ ပွင့်ချိန်ရောက်ပြီဖြစ်၍ မိမိ၏ သက်တမ်းလည်း ကုန်ဆုံးနေပြီဖြစ်ကြောင်း စဉ်းစားဆင်ခြင်မိသဖြင့် ဟိမဝန္တာတောအတွင်းရှိ မဟာပမာတတောင်ထိပ်၌ ရပ်တည်လျက် အောက်ပါဂါထာကို မြွက်ဆိုပြီး ပရိနိဗ္ဗာန် စံဝင်လေ၏။

"ပညာရှိသောပုဂ္ဂိုလ်သည် စွဲလမ်းမှု ရာဂ၊ အမျက်ထွက်မှု ဒေါသ၊ တွေဝေမှု မောဟတို့ကို စွန့်ပယ်လျက် သံယောဇဉ် အနှောင်အဖွဲ့တို့ကို ဖြတ်တောက်ကာ အသက်ကုန်ဆုံးခြင်း၌ ထိတ်လန့်မှု မရှိသည်ဖြစ်၍ ကြံ့ခိုင်ပမာ တစ်ယောက်တည်း ကျင့်သုံး နေထိုင်ရာ၏။ (၄၀)

## လူ့မနော

ဗာရာဏသီပြည့်ရှင် ဘုရင်တစ်ပါးသည် မိမိ မကျန်းမမာ ဖြစ်နေစဉ်၌ အမတ်တို့က မိမိအား စွန့်ခွာသွားပြီး ကျန်းမာသည့်အခါ မိမိထံ ပြန်လာကြသည်ကို တွေ့မြင်ရလျှင်-'သာလျှင်နား၊ မသာလျှင်သွား'တတ်သည့် လူ့သဘာဝကို ဆင်ခြင် စဉ်းစားမိသဖြင့် တောထွက်ပြီး ရဟန်းပြုလေရာ မကြာမီ ပစ္စေကဗုဒ္ဓ အဖြစ်သို့ ရောက်လေ၏။ အောက်ပါဂါထာသည် ထိုအရှင်မြတ် မြွက်ကြားသော ဥဒါန်းစကား ဖြစ်ပေသည်။

"အဆွေခင်ပွန်းတို့သည် ကိုယ်ကျိုးစီးပွား ဟူသော အကြောင်းကြောင့်သာ မှီဝဲ ဆည်းကပ်ကြကုန်၏။ ကိုယ်ကျိုးစီးပွားဟူသော အကြောင်းမရှိပဲ မှီဝဲဆည်းကပ်သော ခင်ပွန်းတို့ကို ရခဲ၏။ မစင်ကြယ်သောလူတို့သည် ကိုယ်ကျိုးစီးပွားကိုသာ မြင်တတ်သောသဘော ရှိကုန်၏။ ပညာရှိသော ပုဂ္ဂိုလ်သည် ထိုသို့သော လူ့သဘောကို တွေးတောဆင်ခြင်လျက် ကြံ့ခိုင်ပမာ တစ်ယောက်တည်း ကျင့်သုံး နေထိုင်ရာ၏။ (၄၁)

# ၄။ ကသိဘာရဒွါဇသုတ်

## လွှတ်မြောက်ရေး လယ်သမား

တရံရောအခါ ဗုဒ္ဓမြတ်စွာသည် မဂဓတိုင်း၊ ဒက္ခိဏာဂိရိအနီး ဧကနာဠ အမည်ရှိသောပုဏ္ဏားရွာ၌ သီတင်းသုံးနေတော်မူ၏။ ထိုအချိန်တွင် ဘာရဒွါဇ မည်သော ပုဏ္ဏားသည် ထွန်တုံး ငါးရာတို့ဖြင့်စပါးစိုက်ပျိုးရန် ထွန်ယက်လျက်ရှိ၏။ ဗုဒ္ဓသည်နံနက်စောစောအချိန်တွင် သင်္ကန်းကိုရုံ၍သပိတ်ကို ပွေ့ပိုက်ကာ ဘာရဒွါဇပုဏ္ဏား၏ လယ်ထဲသို့ တစ်ပါးတည်း ကြွတော်မူလေသည်၊

ဗုဒ္ဓဆိုက်ရောက်သွားချိန်၌ ပုဏ္ဏားကြီးနှင့် လယ်လုပ်သားများ နံနက်စာ ထမင်းစားနေကြ၏။ ဗုဒ္ဓသည် ပုဏ္ဏားကြီး မြင်လောက်ရာ အရပ်၌ တည်ငြိမ်စွာ ရပ်တန့်တော်မူလေသည်။ ပုဏ္ဏားကြီးသည်ဗုဒ္ဓဆွမ်းခံရပ်နေသည်ကိုမြင်လျှင် ဤရဟန်းကား အလုပ်အကိုင် မရှိပဲ တောင်းရမ်းစားသောက် နေသည်ဟု ယူဆသဖြင့် ဤသို့လှမ်း၍ ပြောကြားလေသည်။

"ရဟန်း၊ ကျွန်ုပ်သည် ထွန်ယက်စိုက်ပျိုးမှ စားသောက်ရသူ ဖြစ်ပါသည်။ သင်လည်း စားချင် သောက်ချင်ယင် ကျွန်ုပ်လို ထွန်ယက်စိုက်ပျိုးပါလော။"

ထိုအခါ ဗုဒ္ဓက "အို ပုဏ္ဏား၊ ငါသည် ထွန်လည်းထွန် ယက်၏၊ စိုက်လည်း စိုက်ပျိုး၏။ သင်ကဲ့သို့ပင် ထွန်ယက် စိုက်ပျိုးပြီးမှ စားသောက်သူ ဖြစ်ပေသည်။" ဤသို့ ပြန်လည် မိန့်ကြားတော်မူ၏။

ဗုဒ္ဓ၏စကားကြောင့် ဘာရဒွာဇပုဏ္ဏား အံ့အားသင့်သွား၏။ ရဟန်းဂေါတမမှာ ထွန်တုံးထွန်သွားလည်း မရှိ၊ ကျွဲ၊ နွား များလည်း မတွေ့ရ။ သို့ပါလျက် သူ့ကိုယ်သူ လယ်သမား တစ်ယောက်ဟု ပြောဆိုနေသည်မှာ ထူးဆန်းပေစွတကား ဟု တွေးတောမိလေသည်။ ထို့ကြောင့်- "အို ရဟန်း၊ သင်သည် လယ်သမားဟုဆိုဘိ၏။ သို့ရာတွင် သင်၏ လယ်လုပ်ငန်းများကို ကျွန်ုပ်တို့ မတွေ့မမြင်ရပါ။ သင့်စကားကို ကျွန်ုပ်တို့ နားလည် သဘောပေါက်အောင် ရှင်းလင်း ပြောပြပါလော။"ဟု ဖွင့်ဟ မေးမြန်း၏။

ထိုအခါ ဗုဒ္ဓက သာမန် လယ်လုပ်ငန်းများနှင့် မတူသည့် မိမိ၏ လယ်လုပ်ငန်းကို ပုဏ္ဏားအား မိန့်မြွက် ဟောကြားတော် မူလေသည်။

"အို ပုဏ္ဏား၊ ငါ၏ လယ်လုပ်ငန်း၌ ယုံကြည်မှု သဒ္ဓါသည် မျိုးစေ့ ဖြစ်၏။ ဣန္ဒြေ စောင့်စည်းမှုသည် မိုးရေ မည်၏။ ပညာ သည် ထမ်းပိုး ထွန်တုံး ဖြစ်၏။ မကောင်းမှုမှ ရှက်ကြောက်ခြင်း

ဟီရိဩတ္တပ္ပသည် ထွန်သန် မည်၏။ စိတ်သည် ကြိုးလွန် မည်၏။ သတိသည် ထွန်သွား နှင်တံတို့နှင့် တူပေ၏။

''သင်သည် သင်၏ လယ်ကို စောင့်ရှောက်သကဲ့သို့ ငါသည်လည်း မိမိကိုယ်ကို စောင့်ရှောက်၏။ အာဟာရ၌ အသက်မွေးမှုစင်ကြယ်စေရန် စောင့်ရှောက်၏။ ဝမ်း၌ အတိုင်းအရှည်ကို သိရန် စောင့်ရှောက်၏။ မှန်သောစကားဖြင့် မုသား ပြောခြင်းဟူသော ပေါင်းမြက်ကို နုတ်ပယ် ရှင်းလင်း၏။ အရဟတ္တဖိုလ်သည် ငါ၏ လွတ်မြောက်ကြောင်းတရား ဖြစ်၏။ အနှောင်အဖွဲ့ ကင်းရာ နိဗ္ဗာန်သို့ ပို့ဆောင်ပေးတတ်သော ဝီရိယကား ဝန်ဆောင် နွားနှင့် တူပေသည်။

''အိုပုဏ္ဏား၊ ငါ၏ လယ်လုပ်ငန်းသည် နိဗ္ဗာန်တည်းဟူသော အသီးအနှံကို ဖြစ်ထွန်းစေ၏။ ဆင်းရဲ ဟူသမျှမှလည်း လွတ်မြောက် စေနိုင်၏။''

ဤသို့ ဗုဒ္ဓက ရှင်းလင်းဟောကြားသောအခါ ဘာရဒွါဇ ပုဏ္ဏားသည် ဗုဒ္ဓအပေါ်၌ နှစ်သက်ကြည်ညိုမှုဖြစ်ပေါ်လာပြီး– ''အရှင်ဂေါတမသည် လယ်ထွန်ယောကျ်ား ပီသပါပေ၏။'' ဟု ပြောဆိုကာ အဖိုးများစွာ ထိုက်တန်သော ရွှေခွက်ဖြင့် နို့ဃနာကို ဆက်ကပ်လေသည်။

ဗုဒ္ဓကား သူ၏ နို့ဃနာကို လက်မခံ။ ဂါထာ သီဆို၍ ရသော ဘောဇဉ်ကို သူတော်သူမြတ်တို့ သုံးဆောင်ခြင်း ပြုလေ့မရှိကြောင်း မိန့်ကြား၍ ပုဏ္ဏား၏နို့ဃနာကို ပယ်တော်မူသည်။

"အရှင်ဂေါတမ၊ ဤ နို့ဃနာကို အဘယ်သူအား ကျွန်ုပ် လှူရပါမည်နည်း။"

ဤသို့ ပုဏ္ဏားက မေးလျှောက်လျှင်- "ပုဏ္ဏား၊ ဤလောက၌ ငါဘုရားနှင့် ငါဘုရား၏ တပည့်သာဝကမှ တပါး ဤနို့ဃနာကို ကောင်းစွာကြေကျက် စေနိုင်သူ မရှိ။ ထို့ကြောင့် သင်သည် ဤနို့ဃနာကို စိမ်းစိုသော မြက်ပင် မရှိရာ အရပ်၌ စွန့်ပစ်လော၊ သို့မဟုတ် ပိုးမရှိသောရေ၌ မျှော လေလော။"

ထိုအခါ ပုဏ္ဏားသည် နို့ဃနာကို ပိုးမရှိသော ရေ၌ မျှော လေသည်။ ရေ၌ ပစ်ချအပ်သော နို့ဃနာသည် တရှဲရှဲ မည်၏။ အခိုးတထောင်းထောင်း ထွက်၍ လာ၏။ တစ်နေ့လုံး မီးဖုတ် ထားသည့် ထယ်သွားကို ရေ၌ ပစ်ချသကဲ့သို့ ရှိလေသည်။

ဤသို့ ထူးဆန်းသောအခြင်းအရာကိုမြင်တွေ့ရလျှင် ဘာရ ဒွာဇ ပုဏ္ဏားသည် ထိတ်လန့်လျက် ဗုဒ္ဓထံသို့ချဉ်းကပ်ပြီး ခြေတော် အစုံကို ဦးခိုက်ကာ ဤသို့လျှောက်တင်လေသည်။

"အရှင်ဂေါတမ၊ အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ အရှင် ဂေါတမ၊ အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ အရှင်ဂေါတမ၊သင်၏ တရားသည် မှောက်ထားသည့် အိုးကို လှန်လိုက်ဘိသကဲ့သို့ ဖြစ်၏၊ ဖုံးထားသည့်ဝတ္ထုကို ဖွင့်ပြလိုက်ဘိသကဲ့သို့ ဖြစ်၏၊ မျက်စိလည်နေသူအား လမ်းမှန်ကို ပြလိုက်ဘိသကဲ့သို့ ဖြစ်၏၊ အမှောင်ထဲ၌ ဆီမီးကို ထွန်းလိုက်ဘိသကဲ့သို့ ဖြစ်ပေ၏။ အရှင် ဂေါတမ၊ ကျွန်ုပ်သည် အရှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ တရားတော်နှင့် သံဃာတော်ကိုလည်း ကိုးကွယ် ရာ ဟူ၍ ဆည်းကပ်ပါ၏။"

ယင်းသို့ ဓမ်းမြောက်ဝမ်းသာ လျှောက်ထားပြီးနောက် ဘာရဒွါဇပုဏ္ဏားသည် မိမိအား ရဟန်းပြုပေးရန် ဗုဒ္ဓကို တောင်းပန်၏။ ဗုဒ္ဓကလည်း မဆိုင်းမတွပင် ရဟန်းပြုပေး လိုက်၏။

ရဟန်းအဖြစ်သို့ ဆိုက်ရောက်သောအခါ ရှင်ဘာရဒွါဇသည် ဆိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ်၍ တစ်ပါးတည်းနေကာ ရဟန်း တရားကို မနားမနေ အားထုတ်ရာ မကြာမီ ရဟန္တာ ဖြစ်သွား လေသည်။

# ၅။ စုန္ဒသုတ်

## စုန္ဒအား ရဟန်းလေးမျိုးကို ဟောကြားခြင်း

ဗုဒ္ဓမြတ်စွာသည် မလ္လတိုင်း၊ ပါဝါမြို့သို့ ဆိုက်ရောက်စဉ် စုန္ဒအမည်ရှိသော ရွှေပန်းတိမ်သည်၏သားသည် ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား မိမိနေအိမ်သို့ ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်၏။ စုန္ဒသည် ဆွမ်းဟင်းလျာတို့ကို ရွှေခွက်၊ ငွေခွက်တို့ဖြင့် ထည့်၍ ဆက်ကပ်ရာ အလိုလောဘကြီးသော ရဟန်းတစ်ပါးသည် အဖိုးတန်သော ရွှေခွက်တစ်ခုကို မိမိသပိတ်၌ ထည့်၍ ယူဆောင်သွားလေသည်။ စုန္ဒသည် ထိုအကြောင်း သိသော်လည်း မသိချင်ယောင်ဆောင်၍ နေလိုက်ပြီး ညချမ်းအချိန်သို့ ရောက်သည့်အခါ ဗုဒ္ဓထံသို့ချဉ်းကပ်၍ ပြဿနာတစ်ရပ်ကို မေးလျှောက်လေသည်။

"အရှင်ဘုရား၊ လောက၌ ရဟန်းဘယ်နှစ်မျိုးရှိပါသနည်း။"

ထိုအခါ ဗုဒ္ဓမြတ်စွာသည် စုန္ဒအား လောက၌ ရဟန်းလေးမျိုးရှိကြောင်း ရှင်းလင်း ဟောကြားတော်မူသည်။

"စုန္ဒ၊ အကြင်သူသည် သို့လောသို့လော တွေးတောယုံမှားခြင်းကို လွန်မြောက်ပြီးဖြစ်၏။ ရာဂစသော ဆူးငြောင့်တံသင်းမှ ကင်းပြီးဖြစ်၏။ ကိလေသာ ငြိမ်းအေးမှု၌ မွေ့လျော်၏။ မက်မောခြင်းမရှိ။ နတ်နှင့်တကွသော လောကကို နိဗ္ဗာန်သို့ ပို့ဆောင်တတ်၏။ ထိုကဲ့သို့သော သူကို မဂ်ခရီးဖြင့် အောင်မြင်သော ရဟန်း ဟူ၍ဆိုအပ်၏။

"စုန္ဒ၊ ဤလောက၌ အကြင်သူသည် မြတ်သော နိဗ္ဗာန်ကို မြတ်သောနိဗ္ဗာန်ဟု သိမြင်ပြီး ထိုနိဗ္ဗာန်ကို အခြားသူတို့အား ဟောကြားတတ်၏။ ယုံမှားခြင်းကိုဖြတ်တောက်ပြီး၍ကိလေသာ မှုကင်းသော ထိုရဟန်းကို မဂ်ခရီးကိုညွှန်ပြတတ်သောရဟန်း ဟူ၍ဆိုအပ်၏။

"စုန္ဒ၊ အကြင်သူသည် သီလကို ကောင်းစွာ စောင့်စည်းလျက် သတိရှိကာ အပြစ်မရှိသော တရားတို့ကို ပွားများမှီဝဲသည်ဖြစ်၍ နိဗ္ဗာန်၏အကြောင်း ကောင်းသောမဂ်ခရီး၌ အသက်ရှင်နေ၏။ ထိုသူကို မဂ်ခရီး၌ အသက်ရှင်နေသောရဟန်း ဟူ၍ ဆိုအပ်၏။

"စုန္ဒ၊အကြင်သူသည် ကောင်းသောအကျင့်ရှိသူတို့၏အဝတ်ကိုဝတ်၍ ရဟန်းဘဝသို့ သက်ဝင်ပြီး ဒါယကာတို့၏ ကြည်ညိုမှုကို ဖျက်ဆီးတတ်၏။ ကိုယ်နှုတ်နှလုံး ကြမ်းတမ်း၏။ စောင့်စည်းမှုမရှိ။ လှည့်စားတတ်၏။ သေးသိမ်ပြိန်ဖျင်းသော စကားကို ပြောဆိုတတ်၏။ရဟန်းတု ရဟန်းယောင်အသွင်ဖြင့် လှည့်လည်သွားလာတတ်၏။ ထိုသူကို မဂ်ခရီးကိုဖျက်ဆီးတတ်သောရဟန်း ဟူ၍ဆိုအပ်၏။"

ဗုဒ္ဓမြတ်စွာသည် စုန္ဒအား ဤသို့ ရဟန်းလေးမျိုးကို ခွဲခြား၍ ဟောတော်မူပြီး ပညာဗဟုသုတနှင့် ပြည့်စုံ၍ ရဟန်းလေးမျိုးကို ခွဲခြားသိမြင်သော လူပုဂ္ဂိုလ်သည် ရဟန်းအားလုံး ယုတ်မာသောသဘော မရှိကြောင်း၊ စင်ကြယ်သော ရဟန်းကို မစင်ကြယ်သော ရဟန်းနှင့် တတန်းတစားတည်း မထားသင့်ကြောင်း မိန့်ကြားဆုံးမတော်မူသည်။ ထိုအခါ စုန္ဒသည် ကျေနပ်ဝမ်းမြောက်သွားလေတော့သည်။

# ၆။ ပရာဘဝသုတ်

## ဆုတ်ယုတ်ပျက်စီးခြင်း အကြောင်းတရားများ

အခါတပါး၌ ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ နတ်သားတစ်ယောက်သည် လှပတင့်တယ် နှစ်သက်ဖွယ်ကောင်းသော အသွင်သဏ္ဍာန်ဖြင့် သန်းခေါင်ယံ အချိန်တွင် ဗုဒ္ဓထံသို့ ချဉ်းကပ်လာ၏။ ထိုနတ်သားသည် ဗုဒ္ဓထံသို့ ရောက်လျှင် သင့်တင့်လျောက်ပတ်သော အရပ်၌ ရပ်တည်၍– "အရှင်ဂေါတမ၊ ကျွန်ုပ်အား ဆုတ်ယုတ် ပျက်စီးခြင်း၏ အကြောင်းတရားများကို ဟောကြားတော်မူပါလော။" ဟု လျှောက်ထားတောင်းပန်လေသည်။

ထိုအခါ ဗုဒ္ဓက– "အို နတ်သား၊ ကြီးပွားမည့်သူကိုလည်း ကောင်း၊ ဆုတ်ယုတ် ပျက်စီးမည့် သူကိုလည်းကောင်း သိရန် လွယ်ကူလှပေ၏။" ဟု မိန့်ကြား၍ ကြီးပွားခြင်း ဆုတ်ယုတ် ပျက်စီးခြင်းတို့၏ အကြောင်းတရားများကို တစ်ခုပြီးတစ်ခု ဖော်ထုတ် ဟောကြားတော်မူလေသည်။

"နတ်သား၊ အကြင်သူသည် တရားမျှတမှုကို လိုလားနှစ်သက်၏။ ထိုသူသည် ကြီးပွားချမ်းသာ၏။ အကြင်သူသည် တရားမျှတမှုကို လိုလားနှစ်သက်ခြင်း မရှိ။ ထိုသူသည် ဆုတ်ယုတ်ပျက်စီး၏။

"အကြင်သူသည် သူယုတ်မာတို့ကို ချစ်ခင်မြတ်နိုး၏။ သူတော်ကောင်းတို့ကို ချစ်ခင်မြတ်နိုးခြင်း မရှိ။ သူယုတ်မာတို့၏ တရားကို လိုလားနှစ်သက်၏။ သူတော်ကောင်းတို့၏ တရားကို လိုလားနှစ်သက်ခြင်း မရှိ၊ ထိုသူသည် ကေန်စင်စစ် ဆုတ်ယုတ်ပျက်စီးမည့်သူ ဖြစ်၏။

"အအိပ်အနေများခြင်း၊ အပေါင်းအဖော်နှင့် ပျော်မွေ့ခြင်း၊ စကားပြောဆိုမှု၌ မွေ့လျော်ခြင်း၊ နိုးကြားထကြွမှု မရှိ၊ ပျင်းရိခြင်း၊ ဒေါသလျင်စွာ အမျက်ထွက်ခြင်းတို့သည်လည်း ဆုတ်ယုတ်ပျက်စီးခြင်း အကြောင်းတရားများ ဖြစ်ကုန်၏။

"အကြင်သူသည် အိုမင်း၍ တတိယအရွယ်သို့ ရောက်သော မိဘတို့ကို ထောက်ပံ့ ကျွေးမွေးနိုင်စွမ်းရှိသူ ဖြစ်ပါလျက် ထောက်ပံ့ ကျွေးမွေးခြင်း မပြု။ ထိုသူသည် ဆုတ်ယုတ် ပျက်စီးမည့်သူသာ ဖြစ်၏။

"အကြင်သူသည် ရဟန်း ပုဏ္ဏားတို့ကိုလည်းကောင်း၊ ဖုန်းတောင်း ယာစကာတို့ကိုလည်းကောင်း၊ ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားပြီးမှ လှူဒါန်းခြင်း မပြုပဲ လိမ်လည်လှည့်ဖျား၏။ ထိုသူသည်လည်း ဆုတ်ယုတ် ပျက်စီးမည့်သူ ဖြစ်၏။

"စည်းစိမ်ဥစ္စာ အသပြာ ရွှေငွေ အလှံုပယ် ကြွယ်ဝချမ်းသာသူ ဖြစ်ပါလျက် ကောင်းမွန်သော စားဘွယ်

သောက်ဘွယ်တို့ကို တစ်ယောက်တည်း စားသုံးခြင်းသည်လည်း ပျက်စီးဆုတ်ယုတ်ခြင်း၏ အကြောင်းတရား ဖြစ်၏။

"အကြင်သူသည် အမျိုးမာန် ခက်ထန်၏။ ဓနမာန် ခက်ထန်၏။ အနွယ်မာန် ခက်ထန်၏။ ဆွေမျိုးများကို မထီမဲ့မြင်ပြု၏။ ထိုသူသည်လည်း ဆုတ်ယုတ်ပျက်စီးမည့်သူဖြစ်၏။"

"မိန်းမ၊ သေအရက်၊ လောင်ကစားကြူးသည်ဖြစ်၍ ရတိုင်း ရတိုင်းသော ဥစ္စာတို့ကို ဖျက်ဆီးသူသည်လည်း ဆုတ်ယုတ် ပျက်စီးမည့်သူ ဖြစ်၏။

"အကြင်သူသည် မိမိမယားဖြင့် မရောင့်ရဲပဲ ပြည့်တန်ဆာမ တို့နှင့် ပျော်ပါး၏။ သူတပါးသားမယားကို ပြစ်မှား၏။ ထိုသူ သည်လည်း ဆုတ်ယုတ်ပျက်စီးမည့်သူ ဖြစ်၏။

"အရွယ်လွန်ပြီးသော အကြင်ယောကျ်ားသည် တည်သီး သဖွယ် ငယ်သော သားမြတ်ရှိသော မိန်းမငယ်ကို သိမ်းပိုက် ဆောင်ယူအိမ်သူပြုလုပ်၏။ ထိုယောကျ်ားသည် မိန်းမငယ်အား ယောကျ်ားတပါးနှင့် စိတ်မချသဖြင့် အိပ်မပျော်နိုင်ဖြစ်ကာ ဆုတ်ယုတ်ပျက်စီးခြင်းသို့ ရောက်ရ၏။

"အကြင်သူသည် အသားငါး စသော စားဖွယ်သောက်ဖွယ် တို့၌ မက်မော၍ စည်းကမ်းမဲ့ ဖရိုဖရဲ ပြုလုပ်တတ်သော မိန်းမကို ဖြစ်စေ၊ ယောကျ်ားကိုဖြစ်စေ အိမ်ထောင်ထိန်း အရာ၌ထား၏။ ထိုသူသည်လည်း ဆုတ်ယုတ်ပျက်စီးမည့်သူ ဖြစ်၏။"

"အကြင်သူသည် ဓနဥစ္စာ နည်းပါး၍ စည်းစိမ်ဥစ္စာတို့၌ တပ်မက်မှုကြီးမား၏။ မင်းမျိုး၌ဖြစ်သော်လည်း မိမိနှင့် မထိုက် တန်သည့် မင်းအဖြစ်ကို လိုလားတောင့်တ၏။ ထိုသူသည် မိမိ

လိုလားသည့် မင်းအဖြစ်ကို မရရှိပဲ ဆုတ်ယုတ်ပျက်စီးမည့်သူ ဖြစ်လေသည်။

"ဤလောက၌ ဖြူစင်ကောင်းမြတ်သော ဉာဏ်အမြင်နှင့် ပြည့်စုံသော အကြင်ပညာရှိသည် အထက်ပါဆုတ်ယုတ်ပျက်စီး ကြောင်း တရားများကို ကောင်းစွာကြည့်ရှုဆင်ခြင်၍ ရှောင် ရှား၏။ ထိုပညာရှိသည် သာယာချမ်းမြေ့သော နတ်ပြည်သို့ ရောက်မည် မလွဲတည်း။"

ဤတရားဒေသနာ၏အဆုံး၌ ရာပေါင်းများစွာသော နတ် ဒေဝါတို့သည် ဆုတ်ယုတ်ပျက်စီးခြင်း၏ အကြောင်းတရား များကို ကြားနာရသဖြင့် မကောင်းမှုတို့ကို ထိတ်လန့်ကြောက် ရွံ့သော သံဝေဂဉာဏ် ဖြစ်ပေါ်လာကြ၏။ ထိုသံဝေဂ ဉာဏ်ကိုအခြေခံ၍ သင့်တင့်လျောက်ပတ်သောတရားကို ထပ်ဆင့် ဆင်ခြင်ပွားများကြရာ သောတာပန်စသည့် အရိယာပုဂ္ဂိုလ်များ အဖြစ်သို့ မဆိုင်းမတွ ဆိုက်ရောက်သွားကြလေသည်။

# ၇။ ဝသလသုတ်

## သူယုတ်မာတို့၏ တရား

အခါတပါး၌ ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။ ထိုအခါ ဗုဒ္ဓသည်နံနက်အချိန်၌သင်္ကန်းကို ပြင်ဝတ်၍ သပိတ်ကို ယူဆောင်လျက် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံစင်တော်မူ၏။

ထိုအချိန်တွင် ဘာရဒွါဇမည်သော ပုဏ္ဏား၏နေအိမ်၌ မီးပူဇော်ပွဲ ကျင်းပလျက် ရှိသည်။ မီးပူဇော်ပွဲအတွက် နို့ဃနာ ထောပတ် စသည်များကိုလည်း စီမံပြုလုပ်ထားလေသည်။ ဗုဒ္ဓသည် အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်ယင်း ဘာရဒွါဇပုဏ္ဏား၏ အိမ်ရှေ့သို့ ရောက်သွားလေသည်။

ဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓ ကြွလာသည်ကို အဝေးကပင် လှမ်းမြင်ပြီး—"ဦးပြည်းယုတ်၊ ထိုနေရာ၌ပင် ရပ်လော့။ ရဟန်းယုတ်၊ ထိုနေရာ၌ပင် ရပ်လော့။ သူယုတ်မာ၊ ထိုနေရာ၌ပင် ရပ်လော့။"ဟု ဆီး၍ ပြောလေသည်။

ထိုအခါ ဗုဒ္ဓသည် ပုဏ္ဏားအပေါ် ကရုဏာရှေ့ထားလျက် ကြည်လင်သော မျက်နှာ၊ ချိုသာအေးမြသော အသံတော်ဖြင့် ဤသို့ မိန့်ကြားတော်မူလေသည်။

"ပုဏ္ဏား၊ သင်သည် သူယုတ်မာဖြစ်သူကို လည်းကောင်း၊ သူယုတ်မာဖြစ်အောင် ပြုလုပ်တတ်သောတရားကိုလည်းကောင်း သိပါ၏လော။"

ဘာရဒ္ဒွာဇပုဏ္ဏားကား- "အမျိုးဇာတ် ယုတ်ညံ့သူသည် သူယုတ်မာ ဖြစ်၏။ ရဟန်းများသည် အမျိုးဇာတ် ယုတ်ညံ့ သူများ ဖြစ်၍ သူယုတ်မာများ ဖြစ်ကြသည်။"ဟု အယူရှိလေသည်။ သို့ရာတွင် ဗုဒ္ဓက သူ၏ရင့်သီးသောစကားကို အမှုမထားပဲ- "သူယုတ်မာဆိုတာ ဘာလဲ။"ဟု တစ်တစ်ခွခွ ပြန်၍ မေးလိုက်သောအခါ တိတိကျကျ ပြန်၍ မဖြေဝံ့တော့ချေ။ ထို့ကြောင့် ဗုဒ္ဓအား ဤသို့ ပြန်၍ လျှောက်ထားလေသည်။

"အရှင်ဂေါတမ၊ ကျွန်ုပ်သည် သူယုတ်မာဆိုတာ ဘယ်လိုလူကို ခေါ်တယ်၊ သူယုတ်မာဖြစ်စေတဲ့ တရားတွေက ဘာတွေပဲဆိုတာ ကွဲကွဲပြားပြား နားမလည်ပါ။ အရှင်ဂေါတမကပင် ထိုအချက်များကို ရှင်းလင်း ဟောကြားပေးရန် တောင်းပန်ပါတယ်။"

ယင်းသို့ လျှောက်ထားတောင်းပန်ချက်အရ ဗုဒ္ဓသည် ဘာရဒ္ဒွာဇပုဏ္ဏားအား မည်သူသည် သူယုတ်မာ ဖြစ်သည်။ မည်သည့်တရားများကြောင့် သူယုတ်မာ ဖြစ်ရသည် ဟူသော အချက်များကို ရှင်းလင်းဟောကြားတော်မူသည်။

"ပုဏ္ဏား၊ အကြင်သူသည် အမျက်ထွက်လေ့ ရှိ၏၊ ရန်ငြိုး ဖွဲ့တတ်၏။ သူ့ကျေးဇူးကို လွဲမှားသောအယူ ရှိ၏။ လှည့်ပတ် တတ်၏။ ထိုသူကို သူယုတ်မာဟု သိရာ၏။

"ဤလောက၌ အကြင်သူသည် လူကိုဖြစ်စေ၊ ငှက်တိရစ္ဆာန် စသော သတ္တဝါတို့ကိုဖြစ်စေ သနားကြင်နာခြင်း မရှိပဲ ညှဉ်းဆဲ သတ်ဖြတ်လေ့ ရှိ၏။ ထိုသူကို သူယုတ်မာဟု သိရာ၏။

"အကြင်သူသည် မြို့ရွာတို့ကို ဖျက်ဆီးတတ်၏။ သူတပါး တို့၏ ပစ္စည်းကို ပိုင်ရှင်မပေးပဲ ခိုးယူ၏။ သူတပါးထံမှ ကြွေးမြီ ကို ချေးယူပြီး ပြန်မဆပ်ပဲ ရှောင်လွှဲနေ၏။ အနည်းငယ်မျှသော ပစ္စည်းကိုပင် အကြောင်းပြု၍ ခရီးသွားများကို သတ်ဖြတ် လုယက်၏။ သက်သေအဖြစ် ထွက်ဆိုရာတွင် မမှန်မုသား ပြော၏။ ဆွေမျိုး၊ မိတ်ဆွေတို့၏ သားမယားများနှင့် ဖောက်ပြား ကျူးလွန်၏။ ထိုသူကို သူယုတ်မာဟု သိရာ၏။

"အကြင်သူသည် အိုမင်း၍ ပစ္ဆိမအရွယ်သို့ရောက်နေသော မိဘတို့ကို ထောက်ပံ့ကျွေးမွေးနိုင်စွမ်း ရှိပါလျက် ထောက်ပံ့ ကျွေးမွေးခြင်း မပြု။ မိဘ ညီအစ်ကို မောင်နှမ စသည်တို့ကို ရိုက်နှက်ပုတ်ခတ်၏။ ကြမ်းတမ်းသော စကားဖြင့် ညှဉ်းဆဲ နှိပ်စက်၏။ ထိုသူကို သူယုတ်မာဟု သိရာ၏။

"အကြင်သူသည် သူတပါးက အကျိုးစီးပွား တိုးပွားစေ မည့် နည်းလမ်းကို ညွှန်ပြရန်မေးမြန်းသည့်အခါ အကျိုးစီးပွား ပျက်ပြားစေမည့် နည်းလမ်းကို ညွှန်ကြား ပြောဆို၏။ သို့မဟုတ် မေးသူ နားမလည်အောင် လျှို့ဝှက်သော စကားဖြင့် ညွှန်ကြား ပြောဆို၏။ ထိုသူကို သူယုတ်မာဟု သိရာ၏။

"အကြွင်သူသည် တစ်စုံတစ်ခုသောမကောင်းမှုကိုပြုလုပ်ပြီး သူတပါးမသိအောင် ဖုံးကွယ်ထား၏။ သူတပါးအိမ်သို့သွား၍ မွန်မြတ်သော ဘောဇဉ်တို့ကို စားပြီး မိမိအိမ်သို့လာသည့်အခါ တုန့်ပြန်ကျွေးမွေးခြင်းမပြု၊ ရဟန်းပုဏ္ဏားများကိုဖြစ်စေ၊ အခြားသော ဖုန်းတောင်းယာစကာတို့ကိုဖြစ်စေ ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားပြီး တကယ်လှူဒါန်းခြင်းမပြုပဲ လိမ်လည်လှည့်ပတ်၏။ ထမင်းစားချိန်၌ ရောက်လာသော ရဟန်းပုဏ္ဏားများကို ပေးလှူခြင်းမပြုပဲ စကားဖြင့် ချုပ်ချယ်၏။ ထိုသူကို သူယုတ်မာဟု သိရာ၏။

"အကြွင်သူသည် အနည်းငယ်သောပစ္စည်းကိုလိုချင်၍ မမှန်ကောစကားကို ဆို၏။ မိမိကိုယ်ကို ချီးမြှောက်ပြီး သူတပါးကို ရှုတ်ချ၏။ သူတပါးကို ချုပ်ချယ်တတ်၏။ သူတပါးပေးလှူသည်ကို မနာလို၏။ ဝန်တိုစေးနှဲ ကောက်ကျစ်၏။ အရှက်အကြောက်မရှိ။ ထိုသူကို သူယုတ်မာဟု သိရာ၏။

"အကြွင်သူသည် ဘုရားကိုဖြစ်စေ၊ ဘုရား၏တပည့်သာဝကများကိုဖြစ်စေ ထိပါးပုတ်ခတ်ပြောဆို၏။ ထိုသူကိုသူယုတ်မာဟု သိရာ၏။ ရဟန္တာမဟုတ်ပဲလျက် ရဟန္တာဟုပြောဆိုသူကား လောက၌ အယုတ်မာဆုံး ခိုးသူကြီး ဖြစ်၏။ ပုဏ္ဏား၊ အမျိုးဇာတ်ကြောင့် သူယုတ်မာ မဖြစ်နိုင်။ အမျိုးဇာတ်ကြောင့် ဗြာဟ္မဏ မဖြစ်နိုင်။ မိမိပြုသော အမှုကြောင့်သာ သူယုတ်မာ ဖြစ်၏။ မိမိပြုသောအမှုကြောင့်သာ ဗြဟ္မာဏဖြစ်၏။

"ပုဏ္ဏား၊ ရှေးအခါကမာတင်္ဂမည်သော ဒွန်းစဏ္ဍားသည် အလွန် ထင်ရှားကျော်ကြားခြင်းသို့ ရောက်လျက် အမျိုးလေးပါးတို့၏ ခစားဆည်းကပ်ခြင်းကို ခံခဲ့ရ၏။ ဈာန်သမာပတ်

တည်းဟူသော မြတ်သောယာဉ်ကို စီး၍ ဗြဟ္မာ့ပြည်သို့ပင် ရောက်ခဲ့၏။ အမျိုးဇာတ်သည် ဗြဟ္မာ့ပြည်သို့ မရောက်အောင် ပိတ်ပင်ဘားဆီးခြင်း မပြုနိုင်ချေ။

"ဗေဒင်ကို သင်အံလေ့ကျက်သော ပုဏ္ဏားမျိုးပင် ဖြစ်သော်လည်း မကောင်းမှုကို ပြုလုပ်လျှင် ယခုဘဝ၌ပင် ကဲ့ရဲ့ ရှုတ်ချခြင်း ခံရ၏။ နောင်ဘဝ၌လည်း မကောင်းသောဘုံသို့ ရောက်ရ၏။ အမျိုးဇာတ်သည် မကောင်းသောဘုံသို့ရောက်ခြင်း မှလည်းကောင်း၊ ကဲ့ရဲ့ရှုတ်ချခံရခြင်းမှလည်းကောင်း မတားနိုင် ချေ။"

ဤတရားဒေသနာကို ကြားနာရသောအခါ ဘာရဒွာဇ ပုဏ္ဏားသည် အမြင်မှန် ရရှိ၍ ဗုဒ္ဓ၏ တပည့်သာဝကအဖြစ် ခံယူသွားလေသည်။

# ၈။ မေတ္တသုတ်

## မေတ္တာ ပွားများပုံ

သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေစဉ် ရဟန်းငါးရာတို့သည် ဗုဒ္ဓထံမှ ကမ္မဋ္ဌာန်းကို သင်ယူ၍ ဟိမဝန္တာတောအနီးရှိ တောအုပ်တစ်ခုသို့သွားကာ တရားအား ထုတ်ကြလေသည်။ ထိုတောအုပ်၌နေသော နတ်တို့သည် ရဟန်းတို့၏သီလတန်ခိုးကြောင့် မိမိတို့၏ဘုံဗိမာန်ဖြစ်သော သစ်ပင်များပေါ်၌ မနေနိုင်ကြသဖြင့် ရဟန်းတို့အား ထိတ်လန့်ကြောက်ရွံ့ဖွယ် အာရုံများကို ဖြစ်စေ၍ ခြောက်လှန့်ကြလေသည်။ ထိုအခါ ရဟန်းတို့သည် တရားကို ဖြောင့်ဖြောင့်ဖြူးဖြူး အားမထုတ်နိုင်ကြသဖြင့် သာဝတ္ထိပြည်သို့ ပြန်သွားပြီး ဗုဒ္ဓမြတ်စွာအား ထိုအကြောင်းကို လျှောက်ထားကြသည်။ ဗုဒ္ဓသည် ရဟန်းတို့အား နတ်တို့၏ ခြိမ်းခြောက် နှောင့်ယှက်မှုမှ ကင်းဝေးစေရန်အတွက် မေတ္တာသုတ် ပရိတ်ကို ပွားများရန် ညွှန်ကြားတော်မူသည်။ ရဟန်းတို့အား ဗုဒ္ဓ ဟောကြားသည့် မေတ္တာသုတ်ပရိတ်မှာ အောက်ပါအတိုင်း ဖြစ်၏။

"ကိလော ငြိမ်းအေးရာ နိဗ္ဗာန်ကို ဉာဏ်ဖြင့် သက်ဝင်၍ နေလိုသည့် အကျိုးစီးပွား၌ လိမ္မာသောရဟန်းသည် ဤဆိုလတ္တံ့သောနည်းအတိုင်း ကျင့်ကြံ အားထုတ်အပ်၏။ မည်သို့ ကျင့်ကြံ အားထုတ်ရမည်နည်းဆိုသော်—

"ထိုရဟန်းသည် တရားကို ကျင့်ကြံအားထုတ်ခြင်းငှာ စွမ်းနိုင်သူ ဖြစ်ရမည်။ ကိုယ်နှုတ် ဖြောင့်မတ်သူ၊ စိတ်နေစိတ်ထားကောင်းစွာ ဖြောင့်မတ်သူ ဖြစ်ရမည်။ ဆိုဆုံးမ လွယ်သူ၊ စိတ်ထား နူးညံ့သိမ်မွေ့သူ၊ လွန်ကဲမြင့်မောက်သော မာန်မာန မရှိသူ ဖြစ်ရမည်။

"ထိုရဟန်းသည် ပစ္စည်းလေးပါး၌ ရောင့်ရဲလွယ်သူ၊ မွေးမြူလွယ်သူ၊ အမှုကိစ္စ နည်းပါးသူ ဖြစ်ရမည်။ ဝန်ကျဉ်းပေါ့ပါးသော အသက်မွေးမှု၊ ငြိမ်သက်သောဣန္ဒြေ၊ ရင့်ကျက်သော ပညာရှိသူ ဖြစ်ရမည်။ ကိုယ်နှုတ်နှလုံး ကြမ်းတမ်းခြင်းမရှိပဲ ဒါယကာတို့၌ တပ်မက်မှုကင်းရမည်။ ပညာရှိတို့ ကဲ့ရဲ့စုပ်စွဲဖွယ် ဖြစ်သည့် ဒုစရိုက်မှုကိုလည်း စိုးစဉ်းအနည်းငယ်မျှ မပြုကျင့်ရ။

"မိခင်သည် မိမိ၏ ရင်၌ဖြစ်သည့် တစ်ဦးတည်းသောသားကို အသက်ရှင်စေရန် အမြဲစောင့်ရှောက်သကဲ့သို့ ထိုရဟန်းသည် သတ္တဝါခပ်သိမ်းတို့အပေါ်၌ အကန့်အသတ်မရှိသော မေတ္တာစိတ်ကို ပွားများရာ၏။

"မည်သို့ ပွားများရမည်နည်းဆိုသော် ခပ်သိမ်းသောသတ္တဝါတို့သည် ချမ်းသာခြင်းနှင့်ပြည့်စုံ၍ ဘေးရန်ကင်းကြပါစေ၊ ကိုယ်ရောစိတ်ပါ ချမ်းသာကြပါစေ၊ ထွက်သက်ဝင်သက်ရှိသော သတ္တဝါ၊ ထွက်သက်ဝင်သက်မရှိသော သတ္တဝါ၊ ထိတ်လန့်

တတ်သောသတ္တဝါ၊ စိတ်ခေတ်ကြံ့ခိုင်သော သတ္တဝါ၊ ရှည်သောကိုယ်ရှိသော သတ္တဝါ၊ တိုသောကိုယ်ရှိသော သတ္တဝါ၊ ကြီးသောကိုယ်၊ အလယ်အလတ်စားကိုယ်၊ သေးငယ်သောကိုယ်ရှိသောသတ္တဝါ၊မြင်ဖူးသော သတ္တဝါ၊ မမြင်ဖူးသောသတ္တဝါ၊ အနီး၌နေသော သတ္တဝါ၊ အဝေး၌နေသော သတ္တဝါတို့သည် ကိုယ်ရော‌စိတ်ပါချမ်းသာကြပါစေ၊ တစ်ယောက်နှင့်တစ်ယောက် အမျက်မထွက်ကြပါစေလင့်၊ ချုတ်ချယ်လိုခြင်းဖြင့် လည်းကောင်း၊ရန်လိုသောစိတ်ဖြင့်လည်းကောင်း မထီမဲ့မြင်မပြုကြပါစေလင့်။အချင်းချင်းဆင်းရဲမှုကိုအလိုမရှိကြပါစေလင့်။ထိုရဟန်းသည် ထက်အောက်ဝန်းကျင် တလောကလုံး၌ ကျယ်ပြန့်၍ အတွင်းရန်အပြင်ရန်ကင်းပြီး အကန့်အသတ်မရှိသော မေတ္တာစိတ်ကို ပွားများရာ၏။ငိုက်မြည်းခြင်းကင်း၍ ရပ်နေ၊ သွားနေ၊ ထိုင်နေ၊ လျောင်းနေသောအချိန်တိုင်း၌ ဤမေတ္တာနှင့်ယှဉ်သော သတိကို ဆောက်တည်အပ်၏။ ဤသို့ မေတ္တာနှင့်ယှဉ်သော သတိဖြင့်နေခြင်းကို မြတ်သောနေခြင်းဟူ၍ ဆိုကြကုန်၏။

"ထိုရဟန်းသည် မှားသောအယူသို့ မသက်ဝင်ပဲ အကျင့်သီလ၊ မှန်သောဉာဏ်အမြင်နှင့် ပြည့်စုံသည်ဖြစ်၍ ကာမဂုဏ်တို့၌ မက်မောမှုကို ပယ်သည်ရှိသော် အမိဝမ်း၌ တဖန်ပဋိသန္ဓေ နေခြင်းသို့ ရောက်ရတော့မည် မဟုတ်ပေ။"

ရဟန်းငါးပါးတို့သည် ဗုဒ္ဓမြတ်စွာဟောကြားသည့် မေတ္တာသုတ်ပရိတ်ကို သင်ယူမှတ်သား၍ မူလတောအုပ်သို့ပြန်သွားကြသည်။ တောအုပ်ဝသို့ ရောက်သည့်အချိန်မှစ၍ မေတ္တာသုတ်ကို ရွတ်ဆိုပွားများ၍ တရားကို အားထုတ်ကြရာ အနှောင့်အယှက် မရှိပဲ တရားထူးကို ရရှိလေသည်။

# ၉။ ဟေမဝတသုတ်

## ဟေမဝတ နတ်ဘီလူးအား ဆုံးမခြင်း

### ဓမ္မစကြာ တရားပွဲ

ဗုဒ္ဓရှင်တော်မြတ်သည် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်နေ့တွင် ဥရုဝေလ တောအုပ်အတွင်းရှိ မဟာဗောဓိပင်ရင်း၌ ဘုရားအဖြစ်သို့ ရောက်ပြီးနောက် ဗာရာဏသီပြည် အနီး မိဂဒါဝုန်တောသို့ ကြွချီ၍ ဝါဆိုလပြည့်နေ့ ညချမ်းအချိန်ဝယ် ပဥ္စဝဂ္ဂီ ရဟန်းငါးပါးတို့အား တရားဦး ဓမ္မစကြာကို ဟောမြွက်တော်မူလေသည်။

ဗုဒ္ဓ တရားဦးဟောမည်ကို ကြိုတင်သိရှိနိုင်ကြသည့် များစွာသော နတ်ဗြဟ္မာတို့သည် စောစောကပင် ကြိုတင်၍ မိဂဒါဝုန်တောသို့ ဆိုက်ရောက်နေကြ၏။ ဓမ္မစကြာတရားကို စတင် ဟောမြွက်ချိန်တွင် မြေငလျင်လှုပ်ခြင်း၊ တလောကလုံး အလင်းရောင်ကြီး ဖြစ်ပေါ်လာခြင်း၊ သစ်ပင်၊ ပန်းပင်များ အခါမဲ့ သီးပွင့်ကြခြင်း စသည့် ထူးခြားသော ပုဗ္ဗနိမိတ်များ ဖြစ်ပေါ်

လေသည်။ တောတောင်အနှံ့အပြား၌ နေထိုင်ကြသည့် အချို့သော နတ်ဘီလူးတို့သည် ထိုပုဗ္ဗ နိမိတ်များကို မြင်တွေ့သဖြင့် ဓမ္မစကြာတရား ဟောမည့်အကြောင်းကို သိရှိကာ တရားနာ လာကြလေသည်။

ဤသို့ တရားနာလာကြသည့် နတ်ဗြဟ္မာပရိသတ်ကြီးထဲတွင် သာတာဂိရ အမည်ရှိသော နတ်ဘီလူးလည်း တစ်ဦး အပါအဝင် ဖြစ်၏။ သို့သော်လည်း သာတာဂိရသည် အခြားသော နတ်ဗြဟ္မာတို့ကဲ့သို့ ဗုဒ္ဓ၏ တရားသံ၌ ကောင်းစွာ အာရုံသက်ဝင် နိုင်ခြင်း မရှိပဲ ဖြစ်နေ၏။ အဘယ့်ကြောင့်ဆိုသော် သူ၏ မိတ်ဆွေရင်းချာ ဖြစ်သော "ဟေမဝတ" နတ်ဘီလူးကို တရားနာ ပရိသတ်ထဲ၌ မမြင်မတွေ့ရသောကြောင့် ဖြစ်ပေသည်။

## မိတ်ဆွေဟောင်းကို သတိရ

သာတာဂိရနှင့် ဟေမဝတတို့သည် ကဿပ မြတ်စွာဘုရား၏ သာသနာ၌ ရဟန်းဘဝဖြင့် နှစ်ပေါင်းများစွာ ပရိယတ်၊ပဋိပတ် တရားကို အတူသက်တွဲ၍ ကြိုးစားအားထုတ်သူများ ဖြစ်၏။ ယင်းသို့ ရဟန်းတရားကို ကြိုးစား အားထုတ်ခဲ့ကြသော်လည်း ရဟန်းအချင်းချင်း ဖြစ်ပွားသည့် အမှုတစ်ခုတွင် အဂတိ လိုက်စား၍ အမှားကို ဆုံးဖြတ်မိခဲ့ကြခြင်းကြောင့် အထက်နတ်ပြည်သို့ မရောက်ပဲ နတ်ဘီလူး ဖြစ်လာကြရလေသည်။

သူတို့နှစ်ဦးတွင် တစ်ဦးသည် ဟိမဝန္တာ တောကြီးအတွင်း၌ ဟေမဝတ အမည်ရှိသော နတ်ဘီလူး ဖြစ်ခဲ့လေသည်။ ကျန်တစ်ဦးကား မဇ္ဈိမဒေသတွင် သာတာဂိရ အမည်ရှိသော

နတ်ဘီလူး ဖြစ်လေသည်။ သူတို့ နှစ်ဦးလုံးပင် ကုဝေရ နတ်မင်းကြီး၏ စစ်သူကြီး (၂၈) ဦးတို့တွင် ပါဝင်သူများ ဖြစ်၍ ဟိမဝန္တာ တောအတွင်း မဏ္ဍဂိရိတောင်၌ လစဉ် ကျင်းပသော နတ်အစည်းအဝေးသို့ တက်ရောက်ကြရလေသည်။ ယင်းသို့ အစည်းအဝေး တက်ရာမှ တစ်ယောက်နှင့်တစ်ယောက် တွေ့မြင်၍ ဘဝဟောင်းမှ အဖြစ်အပျက်များကို ပြန်ပြောင်း အောက်မေ့ကာ အလွန်ချစ်ခင်သော မိတ်ဆွေများအဖြစ်သို့ ရောက်ခဲ့ကြလေသည်။

ဤသို့ဖြင့်ပင် ကာလကြာမြင့်ခဲ့ရာ "လောက၌ ဗုဒ္ဓဘုရားရှင် တစ်ဆူ ပွင့်ထွန်းပေါ်ပေါက်လာဦးမည်။" ဟူသော ကောလာဟလ သတင်းတရပ် ပြန့်နှံ့လာသည့် အချိန်မှစ၍ မိတ်ဆွေနှစ်ဦးလုံးပင် ဘုရားပွင့်မည့် သတင်းကို နားစွင့်နေကြ၏။ ထို့ကြောင့်လည်း သတင်းထူးရှိလျှင် တစ်ဦးနှင့်တစ်ဦး အမြန်ဆုံး အသိပေးရန် ကတိပြုထားကြလေသည်။

ဗုဒ္ဓ ဓမ္မစကြာတရား ဟောမည့်အချိန်တွင် ထူးခြားသော ပုဗ္ဗနိမိတ်များ ဖြစ်ပေါ်လျက် ရှိသောကြောင့် မိမိ မိတ်ဆွေ ဟေမဝတ နတ်လည်း တရားနာ ရောက်လာလိမ့်မည်ဟု သာတဂိရက ယုံကြည် မျှော်လင့်နေခဲ့၏။ သို့သော်လည်း ဟေမဝတကား ထိုအချိန်တွင် အပျော်ကြူးနေခဲ့သဖြင့် ဗုဒ္ဓအကြောင်းကို ရုတ်တရက် မကြားသိချေ။ ဗုဒ္ဓအကြောင်းကို မကြားသိစေကာမူ ဟိမဝန္တာတစ်တောလုံးသည် သစ်ပင်ပန်းပင်များ အခါမဲ့ ဖူးပွင့်၍ အထူးသာယာနေသည်ကို မြင်လျှင်-"ငါ့မိတ်ဆွေနှင့် အတူ ပျော်မြူးမည်။" ဟု ကြံ၍ သာတာဂိရ နတ်ကိုခေါ်ရန်

အခြေအရံဖြစ်သော နတ်ဘီလူး ငါးရာနှင့်အတူ ဟိမဝန္တာမှ ထွက်ခဲ့လေ၏။

သာတာဂိရ နတ်သည်လည်း တရားနာ ပရိသတ်ထဲ၌ ဟေမဝတ နတ်ကို ရှာသော်လည်း မတွေ့သဖြင့် ဟိမဝန္တာသို့ ရှေးရှု ထွက်ခဲ့ပြန်၏။ သူတို့နှစ်ဦးသည် ရာဇဂြိုဟ်ပြည်၏ အထက် ကောင်းကင်ပြင်၌ ဆုံးစည်းမိပြီး အကျိုးအကြောင်းကို အပြန် အလှန် မေးမြန်း ပြောဆိုကြသည်။ ဟေမဝတက– "အဆွေ တော်၊ ကျွန်ုပ် နေထိုင်ရာ ဟိမဝန္တာသည် ယနေ့ ပန်းမျိုးစုံ ဖူးပွင့်၍ အထူးတင့်တယ်သာယာ နေပါသည်။ တခါမျှ ဤမျှ လောက် သာယာ တင့်တယ်သည်ကို ကျွန်ုပ် မတွေ့မမြင်ခဲ့ဖူးပါ။ ထို့ကြောင့် အဆွေတော်နှင့်အတူ ပျော်မြူးလိုသဖြင့် အဆွေ တော်ကို ခေါ်ရန် ကျွန်ုပ် ထွက်ခဲ့ခြင်း ဖြစ်ပါသည်။" ဟု စတင် ပြောဆိုလေသည်။

ထိုအခါ သာတာဂိရ နတ်က– "ဤကဲ့သို့ သစ်ပင်ပန်းပင်များ အခါမဲ့ ဖူးပွင့်ခြင်း၏ အကြောင်းကို အဆွေတော် သိပါ၏ လော။" ဟု မေးလျှင် ဟေမဝတက မသိပါဟု ဖြေကြားသည်။ သာတာဂိရသည် လောကသုံးပါးတွင် ဗုဒ္ဓမည်သော ပုဂ္ဂိုလ်ထူး တစ်ပါး ထင်ရှားပေါ်ပေါက် လာသောကြောင့် အခါမဲ့ သစ်ပင်ပန်းပင်များ သီးပွင့်ခြင်းစသည့် ပုဗ္ဗနိမိတ်များ ဖြစ်ပေါ် ခြင်း ဖြစ်ကြောင်း ရှင်းလင်း ပြောကြားလေသည်။ ထိုနောက်– "လဆန်း တစ်ဆယ့်ငါးရက်မြောက် နေ့ဖြစ်၍ စန္ဒာလမင်း ပြည့်ဝန်းတောက်ပနေသော ယခုညတွင် ကျွန်ုပ်တို့ နှစ်ဦးလုံး ဗုဒ္ဓရှင်တော်မြတ်ကို သွားရောက် ဖူးမြော် ကြပါစို့။" ဟု ဟေမဝတနတ်ကို ဖိတ်ခေါ်လေသည်။

ဘုရားဟုတ် မဟုတ် စုံစမ်းခြင်း

ဟေမဝတနတ်ကား သာတာဂိရ၏ စကားကို အလွယ်ဖြင့် လက်မခံ။ ဘုရားစစ် ဘုရားမှန် ဟုတ် မဟုတ် ဆန်းစစ်ရန် ပြန်၍ မေးခွန်းများ ထုတ်၏။

"အဆွေ သာတာဂိရ၊ သင်ပြောသည့် ဂေါတမဗုဒ္ဓ ဆိုသူသည် သတ္တဝါအားလုံးအပေါ် အယုတ်အမြတ် မခွဲခြားပဲ တသားတည်းစိတ် ထားနိုင်ပါ၏လော။ အကောင်းအဆိုး နှစ်မျိုးသောအာရုံတို့၌ မိမိစိတ်ကို ကောင်းစွာပိုင်ပိုင်ထား နိုင်သူ ဟုတ်ပါ၏လော။"

"အဆွေ ဟေမဝတ၊ ကျွန်ုပ်ပြောသည့် ဂေါတမဗုဒ္ဓသည် သူ့ဥစ္စာကို ခိုးခြင်း၊ သူ့အသက်ကို သတ်ဖြတ်ညှဉ်းဆဲခြင်းတို့မှ ထိန်းသိမ်း စောင့်ရှောက်ပေ၏။ ကာမဂုဏ် ငါးပါးတို့၌ မေ့ခမ့်လျော့လျော့ နေခြင်းမှ ကင်းဝေး၏။ ဈာန်တရားနှင့် မကင်းကွာ သူလည်း ဖြစ်ပေ၏။"

"အဆွေ သာတာဂိရ၊ သင်ပြောသည့် ဂေါတမဗုဒ္ဓဆိုသူသည် လှုံမှားသောစကား၊ ကြမ်းတမ်းသောစကား၊ စိတ်ဝမ်းကွဲစေသောစကားများကို မပြောဆိုသူ ဟုတ်ပါ၏လော။ ပညာဖြင့် ချင့်ချိန်၍ အကျိုးရှိသော စကားကိုသာ ပြောဆိုတတ်သူ ဖြစ်ပါ၏လော။"

"အဆွေ ဟေမဝတ၊ ကျွန်ုပ်ပြောသည့် ဂေါတမဗုဒ္ဓသည် လှုံမှားသော စကား၊ ကြမ်းတမ်းသောစကား၊ စိတ်ဝမ်း ကွဲစေသောစကားများကို မပြောဆိုသူ ဖြစ်ပေ၏။ ပညာဖြင့် ချင့်

ချိန်၍ အကျိုးရှိသော စကားကိုသာ ပြောဆိုတတ်သူ ဖြစ်ပေ၏။"

"အဆွေ သာတာဂိရ၊ သင်ပြောသည့် ဂေါတမဗုဒ္ဓဆိုသူသည် ငါးဖြာအာရုံ ကာမဂုဏ်တို့၌ တပ်မက်မှု ကင်းပါ၏လော။ ဒေါသကင်း၍ သန့်ရှင်းကြည်လင်သောစိတ် ရှိပါ၏လော။ တွေဝေခြင်း မောဟကို ကျော်လွန်၍ လင်းချင်းသောဉာဏ်အမြင်နှင့် ပြည့်စုံသူ ဟုတ်ပါ၏လော။"

"အဆွေ ဟေမဝတ၊ ကျွန်ုပ်ပြောသည့် ဂေါတမဗုဒ္ဓသည် ငါးဖြာအာရုံ ကာမဂုဏ်တို့၌ တပ်မက်မှု ကင်းပေ၏။ ဒေါသကင်း၍ သန့်ရှင်း ကြည်လင်သောစိတ် ရှိသူ ဖြစ်၏။ မောဟကို ကျော်လွန်၍ လင်းချင်းသော ဉာဏ်အမြင်နှင့် ပြည့်စုံသူလည်း ဖြစ်ပေ၏။"

"အဆွေ သာတာဂိရ၊သင်ပြောသည့် ဂေါတမဗုဒ္ဓဆိုသူသည် ဝိဇ္ဇာဉာဏ်နှင့် ပြည့်စုံ၍ စင်ကြယ်သောအကျင့် ရှိသူ ဖြစ်ပါ၏လော။ အာသဝေါကုန်ခန်း၍ နောက်ထပ် ပဋိသန္ဓေနေခြင်း မရှိတော့သူ ဖြစ်ပါ၏လော။"

"အဆွေ ဟေမဝတ၊ ကျွန်ုပ် ပြောသည့် ဂေါတမဗုဒ္ဓသည် ဝိဇ္ဇာဉာဏ်နှင့် ပြည့်စုံသူ ဖြစ်၏။ စင်ကြယ်သောအကျင့် ရှိသူ ဖြစ်၏။ အာသဝေါကုန်ခန်း၍ နောက်ထပ် ပဋိသန္ဓေနေခြင်း မရှိတော့သူလည်း ဖြစ်ပေ၏။"

ဤသို့ နတ်စစ်သူကြီး ၂ ပါးတို့ အမေးအဖြေ ပြုနေကြပုံကို ရာဇဂြိုဟ်ပြည်မှ ကာဠီ မည်သော သဌေးသမီးသည် မိမိနေရာ ပြာသာဒ်ဆောင်၏ အထက်ထပ်မှနေ၍ အစအဆုံး ကြားသိလေ၏။ ထိုအခါ သူမသည်– "ဗုဒ္ဓဆိုတာ ဤသို့သော

ဂုဏ်တော်များနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးပါတကား။”ဟု ဆင်ခြင် စဉ်းစားယင်း ကိလေသာအချို့ ကင်းကွာ၍ သောတာပန် ဖြစ်သွားလေ၏။

မိမိ၏ မေးမြန်းချက်များကို သာတာဂိရက ပြေလည်အောင် ဖြေကြား၍ ဗုဒ္ဓ၏ဂုဏ်တော်များကို ထုတ်ဖော်ပြောဆိုသော အခါ ဟေမဝတသည် လွန်စွာ ကျေနပ် နှစ်သက်သွားလေ၏။ ထို့ကြောင့် သူကပင် စတင်၍–“အဆွေ သာတာဂိရ၊ ဤသို့ ဖြစ်လျှင် ဤသို့သော ဂုဏ်ထူး ဝိသေသနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်မြတ်ကို ယခုပင် သွားရောက် ဖူးမြော်ကြပါစို့။သေမင်း၏ ခံတွင်းမှ လွတ်မြောက်ကြောင်း တရားကို မေးလျှောက်ကြပါစို့။”ဟု ဖိတ်ခေါ်လေသည်။

ပြဿနာ မေးလျှောက်ခြင်း

ထို့နောက် သူတို့နှစ်ဦးသည် အခြွေအရံဖြစ်သော နတ်ဘီလူးတစ်ထောင်တို့နှင့်အတူ ဗုဒ္ဓရှင်တော်မြတ်ထံသို့ ချက်ချင်း သွားရောက်ကြလေသည်။ သူတို့ ရောက်သွားချိန်မှာ ညဥ့်ဦးယံ လွန်၍ သန်းခေါင်ယံ ရောက်နေပြီဖြစ်၍ ဗုဒ္ဓသည် ပဉ္စဝဂ္ဂီငါးပါးတို့အား ဓမ္မစကြာတရား ဟောကြားခြင်းကို ရပ်တန့်၍ နတ်ပြဟ္မာတို့၏ မေးမြန်းလျှောက်ထားချက် အမျိုးမျိုးကို ဖြေကြားနေဆဲဖြစ်၏။ ထို့ကြောင့် ဟေမဝတသည် ဗုဒ္ဓအား ရိုသေစွာ ရှိခိုးခွင့်ပန်ပြီး မိမိသိလိုသော ပြဿနာတစ်ရပ်ကို ဤသို့ မေးမြန်းလျှောက်ထားလေသည်။

"အရှင်ဘုရား၊ အဘယ်တရားရှိ၍ ဤလောကသည် ဖြစ်ပေါ်လာရပါသနည်း။ ဘယ်တရား၌ ပေါင်းသင်းဆက်ဆံခြင်း ပြုနေကြပါသနည်း။ အဘယ်တရားကို အစွဲပြု၍ လောကဟု သမုတ်ပါသနည်း။ အဘယ်တရားပေါ်၌ ဤလောကသည် နှိပ်စက်ခြင်း ခံရကာ ပင်ပန်းခြင်း ဖြစ်နေပါသနည်း။"

"အချင်း ဟေမဝတ၊ အာယတန ခြောက်ပါးရှိ၍ ဤလောကသည် ပေါင်းသင်းဆက်ဆံခြင်း ပြုနေကြ၏။ အာယတန ခြောက်ပါးကို အစွဲပြု၍ လောကဟု သမုတ်ခြင်း ဖြစ်၏။ အာယတန ခြောက်ပါးပေါ်၌ ဤလောကသည် နှိပ်စက်ခြင်းခံရကာ ဆင်းရဲ ပင်ပန်းနေ၏။"

"အရှင်ဘုရား၊ အကြင်တရား၌ ဤလောကသည် နှိပ်စက်ခြင်း ခံရကာ ပင်ပန်းနေ၏။ ထိုနှိပ်စက်အပ်သော တရားသည် အဘယ်ပါနည်း။ အဘယ်သို့လျှင် ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်နိုင်ပါမည်နည်း။ ထိုလွတ်မြောက်ကြောင်း တရားကိုလည်း ဟောကြားတော်မူပါလော့။"

"အချင်း ဟေမဝတ၊ စိတ်အာရုံလျှင် ခြောက်ခုမြောက်ဖြစ်သော ကာမဂုဏ် အာရုံငါးပါးတို့ကို စွဲလမ်းအပ်သော တရားဟု ခေါ်ဆိုအပ်၏။ ထိုကာမဂုဏ် အာရုံတို့၌ တပ်မက်မှုကို ပယ်ခွာလျှင် ဒုက္ခမှ လွတ်မြောက်နိုင်ပေ၏။"

ဗုဒ္ဓရှင်တော်မြတ်က အထက်ပါအတိုင်း ဖြေဆိုဟောကြားလိုက်သောအခါ သာတာဂိရနှင့် ဟေမဝတ နတ်မင်းနှစ်ပါးတို့သည် အခြွေအရံဖြစ်သော နတ်ဘီလူး တစ်ထောင်တို့နှင့် အတူ သောတပန် အဖြစ်သို့ ဆိုက်ရောက်သွားကြလေသည်။

သို့သော်လည်း ဟေမဝတသည် ဤမျှသော တရားဒေသနာဖြင့် တင်းတိမ်အားရခြင်း မရှိသေးသောကြောင့် ဗုဒ္ဓအား ထပ်မံ မေးလျှောက်ပြန်သည်။

"အရှင်ဘုရား၊ ဤလောက၌ အဘယ်သူသည် ကိလေသာရေ အလျဉ်ကို ကူးမြောက်ကျော်လွန်နိုင်ပါသနည်း။ အဘယ်သူသည် သံသရာပင်လယ်ကို ကူးမြောက်နိုင်ပါသနည်း။ အဘယ်သူသည် ထောက်ရှုလည်းမမှီ၊ ဆွဲကိုင်စရာလည်း မရှိသည့် သံသရာတည်း ဟူသော သမုဒ္ဒရာ၌ မနစ်မြုပ်နိုင်ပါသနည်း။"

"အချင်း ဟေမဝတ၊ အကြင်သူသည် အခါခပ်သိမ်း သီလနှင့် ပြည့်စုံ၏။ သတိ၊သမာဓိ ရှိသည်ဖြစ်၍ ဆင်ခြင်သုံးသပ် လေ့ရှိ၏။ ထူးသောဉာဏ်ပညာနှင့်လည်း ပြည့်စုံ၏။ ထိုသူသည် သံသရာတည်းဟူသော သမုဒ္ဒရာ၌ ကူးမြောက်နိုင်၏။

"အချင်း ဟေမဝတ၊အကြင်သူသည် ကာမဂုဏ်တို့ကို မှတ် သားစွဲလမ်းမှု သံယောဇဉ်နှောင်ကြိုး ဟူသမျှကို ကျော်လွှား နိုင်၏။ နှစ်သက်စွဲလမ်းမှုနှင့် ဘဝသစ်၌ ဖြစ်ရမှုတို့ ကုန်ဆုံးပြီး ဖြစ်၏။ထိုသူသည်သံသရာတည်းဟူသော နက်စွာသောသမုဒ္ဒရာ၌ မနစ်မြုပ်နိုင်တော့ပေ။"

ချီးကျူးမကုန် ဗုဒ္ဓဂုဏ်

ဤသို့သော ဟောကြားချက်ကို ကြားနာရလေသော် ဟေမဝတနတ်မင်းသည် လွန်စွာ ဝမ်းမြောက်ကျေနပ်ခြင်း ဖြစ်လျက် ဗုဒ္ဓအား ချီးကျူးထောပနာပြုသော ဂါထာများကို မြွက်ဆိုပြီး မိမိနေရာ ဟိမဝန္တာတောသို့ ပြန်သွားလေသည်။

"အချင်းတို့၊ နက်နဲသော၊ ပညာရှိတော်မူသော၊ သိမ်မွေ့သော အကြောင်းအရာတို့ကို သိမြင်တော်မူသော၊ ကြောင့်ကြကင်း၍တွယ်တာကပ်ငြိခြင်းလည်းရှိတော်မမူသော၊အလုံးစုံသောအာရုံ၌ နှောင်ဖွဲ့ခြင်းမှ လွတ်မြောက်တော်မူပြီးသော၊ နတ်တို့၏ခရီး၌ ကြွသွားတော်မူသော ရဟန်းမြတ်ကို သင်တို့ပူဇော်ကြပါကုန်လော့။"

"အချင်းတို့၊ သံသာဝဲဂယက်မှ ကူးမြောက်ပြီး ဖြစ်၍အာသဝေါတရား လေးပါတို့မှလည်း ကင်းစင်တော်မူပြီးသောဗုဒ္ဓမြတ်စွာကို ဖူးမြင်ရသော ငါတို့အား ကောင်းခြင်းမင်္ဂလာဖြစ်ခဲ့ပြီ။ ကောင်းသောမိုးသောက်ခြင်း၊ကောင်းသောအိပ်ရာမှထခြင်းလည်း ဖြစ်ခဲ့လေပြီ။

တန်ခိုးအာနုဘော်ကြီးမား၍ အခြွေအရံများသော ဤနတ်ဘီလူး တစ်ထောင်တို့သည် အရှင်ဘုရားကို ကိုးကွယ်ရာဟူ၍ဆည်းကပ်ကြပါကုန်၏။ အရှင်ဘုရားသည် ကျွန်ုပ်တို့၏ အတုမဲ့ဆရာ ဖြစ်တော်မူပါ၏။

"ကျွန်ုပ်တို့သည် ဗုဒ္ဓရှင်တော်မြတ်ကိုလည်းကောင်း၊ ဗုဒ္ဓ၏ကောင်းမြတ်သောတရားတော်ကိုလည်းကောင်း ရှိခိုးဦးညွှတ်ကုန်လျက် တစ်မြို့မှတစ်မြို့၊ တစ်ရွာမှတစ်ရွာသို့ လှည့်လည်ကြပါကုန်အံ့။"

# ၁၀။ အာဠဝကသုတ်

## အာဠဝကနတ်ဘီလူးကို ဆုံးမခြင်း

### မင်းကြီး တောလိုက်သွားခြင်း

မဇ္ဈိမဒေသ၏ အရှေ့မြောက်စွန်း ဟိမဝန္တာတောအုပ်ကြီး အနီး၌ အာဠဝီအမည်ရှိသော တိုင်းပြည်တစ်ခု တည်ရှိ၏။ ထိုအာဠဝီပြည်ကို အစိုးရသော မင်းကြီးသည် ခိုးသားဒမြနှင့် တိုင်းတပါးမင်းတို့၏ရန်ကို တားဆီး ကာကွယ်နိုင်ရန် အတွက် မိမိ၏ လက်ရုံးစွမ်းရည်ကို တိုးပွားအောင် လေ့ကျင့်မှု ပြုသည့် အနေဖြင့် ခုနစ်ရက်တစ်ကြိမ် တောကစားထွက်လေ့ရှိသည်။

တနေ့သ၌ မင်းကြီး တောကစားထွက်စဉ်– "အကြင်သူ၏ တာမှ သမင်ပြေး၏။ ထိုသူသည် ထိုသမင်ကို ရအောင် လိုက်ရမည်။" ဟု သတ်မှတ်ချက် ပြု၍ စစ်သည်ရဲမက်တို့နှင့်အတူ သမင်တစ်ကောင်ကို လိုက်လေသည်။ သမင်သည် မင်းကြီး၏ ဘေးမှပင် ထွက်ပြေးလေ၏။ မင်းကြီးသည် မခံချင်စိတ်ဖြင့် အပြင်းအထန် လိုက်လေရာ မိုင်ပေါင်းများစွာ ဝေးကွာသော တောနက်ကြီးအတွင်းသို့ ရောက်မှ သမင်ကို ဖမ်းမိလေသည်။

မင်းကြီးသည် အလွန် မောပန်းနေသော်လည်း စစ်သည် ရဲမက်တို့အား ပြသရန်အတွက် သမင်သားများကို ထမ်းပိုးဖြင့် ထမ်းကာ တပ်စခန်းသို့ ပြန်လာ၏။ ယင်းသို့ ပြန်လာစဉ် လမ်းခရီး၌ အရိပ်အာဝါသ ကောင်းလှသော ညောင်ပင်ကြီးတစ်ပင်ကို တွေ့မြင်သဖြင့် အပန်းဖြေရန်အတွက် ညောင်ပင်အောက်သို့ ဝင်ရောက် နားခိုလေသည်။ ထိုညောင်ပင်၌ အာဋဝက အမည်ရှိသောဘီလူး နေထိုင်၏။

ထိုအခါ ဘီလူးသည် ကြောက်ဖွယ် ကောင်းလှသော အသွင်ဖြင့် ညောင်ပင်ပေါ်မှ ဆင်းလာပြီး မင်းကြီးကို ဖမ်းဆီးလေသည်။ မင်းကြီးသည် ကြောက်ရွံ့ တုန်လှုပ်လျက်–"အချင်း ဘီလူး၊ ဤသမင်သားကိုယူ၍ ကျွန်ုပ်ကို လွှတ်ပါလော။"ဟု တောင်းပန်ပြောဆို၏။

"အချင်း လူသား သင်ကား ငါ့ဥစ္စာဖြစ်လျက်ပင် ငါ့ကို လှာဘိထိုးဘိသလော။ ဤညောင်ပင်အောက်သို့ ရောက်သည့်အချိန်မှစ၍ သင်သည်လည်းကောင်း၊ သင့်လက်၌ရှိသော သမင်သားသည်လည်းကောင်း ငါ့ဥစ္စာပင် မဟုတ်ပါလော။"

ဘီလူးက ဤသို့ပြောဆိုသောအခါ မင်းကြီးသည် ပရိယာယ်တစ်မျိုး ပြောင်း၍ တောင်းပန်ပြန်၏။

"အချင်း ဘီလူး၊ ကျွန်ုပ်ကား အာဋဝီပြည်ကို အစိုးရသော မင်း ဖြစ်၏။ ယခု ကျွန်ုပ်ကို လွှတ်လျှင် ထမင်းတစ်အိုးနှင့် လူတစ်ယောက် သင့်ထံသို့ နေ့စဉ် ပို့ပါအံ့။"

"အချင်းလူသား၊ သင်သည် နန်းတော်သို့ ရောက်လျှင် မင်းစည်းစိမ်ဖြင့် ယစ်မူး၍ ငါ့ကို မေ့လျော့ နေလိမ့်မည်။

ငါကား ဤညောင်ပင် အောက်သို့ ရောက်လာသူကိုသာ စားခွင့်ရ၏။ ထို့ကြောင့် သင့်ကို ငါ မလွှတ်နိုင်ပေ။”

“အချင်းဘီလူး၊ မင်းမှာ သစ္စာ လူမှာ ဂတိ ဟု ဆိုရိုးရှိပါသည်။ ကျွန်ုပ်သည် မိမိစကားကို ဘယ်အခါမှ ဖောက်ဖျက်မည့်သူ မဟုတ်ပါ။ သင့်ထံသို့ ထမင်းတစ်အိုးနှင့် လူတစ်ယောက် ပေးပို့ရန် ပျက်ကွက်သည့်နေ့တွင် နန်းတော်၌ နေသော ကျွန်ုပ်ကို သင် စားပိုင်စေလော့။”

## အကျဉ်းသားများကို ဘီလူးစာ ကျွေးခြင်း

ဘီလူးသည် ထိုစကားကို ကျေနပ်သဖြင့် မင်းကြီးကို လွှတ်လိုက်လေသည်။ မင်းကြီးသည် ညောင်ပင်အောက်မှ ထွက်ခဲ့၍ တပ်စခန်းသို့ ရောက်သော် မှူးမတ်ဗိုလ်ပါတို့အား ဘီလူးနှင့် တွေ့ခဲ့သည့် အကြောင်းကို ပြောမပြချေ။ နန်းတော်သို့ ရောက်သည့်အခါ မြို့ဝန်ကို ခေါ်၍ တိုးတိုးကြိတ်ကြိတ် ပြောကြားလေသည်။

“အရှင်မင်းကြီး၊ နေ့ရက် အပိုင်းအခြား ပြုခဲ့ပါ၏လော။”

“မပြုခဲ့မိဘူး မြို့ဝန်။”

“ဒီလိုဆိုယင်တော့ ကျွန်ုပ်တို့ အာဋဝိ တစ်ပြည်လုံး ဒုက္ခလှလှကြီး တွေ့တော့မည် မင်းကြီး။ သို့ဖြစ်သော်လည်း အရှင်မင်းကြီး ကြောင့်ကြမဲ့ နေတော်မူပါ။ ဤကိစ္စကို ကျွန်ုပ် အလုံးစုံ တာဝန်ယူ၍ စီစဉ်ဆောင်ရွက်ပါမည်။”

မြို့ဝန်သည် မင်းကြီးထံ၌ အာမခံချက် ပေးခဲ့ပြီးနောက် တစ်နေ့ နံနက်တွင် အကျဉ်းထောင် အတွင်းမှ သေဒဏ်

ထိုက်သင့်သူ တစ်ယောက်ကို ထုတ်၍–"သင်သည် ဤမည်သော ညောင်ပင်ကြီးသို့ သွား၍ ညောင်ပင်စောင့် နတ်မင်းအား သမင်း ပို့ချေလော့။"ဟု ပြောဆို စေလွှတ်လိုက်၏။ ထို အကျဉ်းသားသည် သေဒဏ်မှ ကင်းလွတ်ခွင့် ရမည်အထင်ဖြင့် ဝမ်းသာအားရ သွားလေရာ ညောင်ပင်သို့ ရောက်သော် ဘီလူးစား ခံရရှာလေတော့သည်။

ဤသို့သော နည်းဖြင့် နေ့စဉ် နေ့တိုင်း အကျဉ်းသား တစ်ယောက်ကျ စေလွှတ်လေရာ အချိန်ကာလ ကြာမြင့်လေသော် ထောင်တွင်းမှ အကျဉ်းသားများ ကုန်လေ၏။ ထိုအခါ မြို့ဝန်သည် လမ်းဆုံလမ်းခွစသည်တို့၌ ဉစ္စာထုပ်များကို ပစ်ချထားစေပြီး ကောက်ယူသူများကို သူခိုးဟု စွပ်စွဲကာ ဘီလူးစာ ကျွေးလေသည်။

ထိုအကြောင်းကို ပြည်သူပြည်သားများ တစတစ သိရှိ၍ ဉစ္စာထုပ်ကို လမ်း၌ ချထားသော်လည်း ကောက်ယူဝံ့သူ တစ်ယောက်မျှ မရှိတော့ချေ။ ထိုအခါ မြို့ဝန်သည် ဤအကြောင်းကို မင်းကြီးအား လျှောက်တင်၏။ မင်းကြီးသည် မှူးမတ်တို့နှင့်တိုင်ပင်လေသော် အချို့အမတ်တို့က အိမ်တိုင်းအိမ်တိုင်းမှ အသက်ကြီးသော အဘိုးအို၊ အဘွားအိုများကို အလှည့်ကျ စေလွှတ်ရန် အကြံပေးကြ၏။ မင်းကြီးကား ထိုအကြံကို မနှစ်သက်ချေ။ မိဘကျေးဇူး သိတတ်သူများသည်-"တို့ မိဘ ဘိုးဘွားများကို မင်းကြီး ဘီလူးစာ ကျွေးချေသည်။"ဟု သိလျှင် တိုင်းပြည် ချောက်ချားလိမ့်မည်ဟု မိန့်ကြားတော်မူသည်။

"သို့ဖြစ်လျှင် နို့စို့အရွယ် ကလေးငယ်များကို ဘီလူးထံ ပို့စေသော် မသင့်ပါလော။"

ဤသို့ အမတ်တို့က လျှောက်တင်ကြပြန်ရာ မင်းကြီးလည်း- "ဤအကြံ သင့်ပေ၏။"ဟု မိန့်ကြားလေသည်။ ထိုနေ့မှစ၍ ကလေးငယ်များကို ဘီလူးထံ ပို့စေရာ တိုင်းသူပြည်သားများ သိရှိကြသဖြင့် မိမိတို့ ကလေးငယ်များကို ရပ်ဝေးသို့ ပို့ထား ကြလေသည်။ ကိုယ်ဝန်ဆောင် မိန်းမများသည်လည်း ရပ်ဝေး သို့သွား၍ မီးဖွားကြလေသည်။

ဤသို့သော နည်းဖြင့် ၁၂ နှစ်မျှ ကြာမြင့်လေသော် အာဠဝီမြို့တော်တွင်း၌ နို့စို့ကလေးငယ် ရှာမရအောင် ရှိတော့ သည်။ ထိုအခါန်တွင် မင်းကြီး၏ မိဖုရား၌ သားတော်ကလေး တစ်ပါး မွေးဖွားပြီးစ ဖြစ်၏။ ထိုနေ့၌ မြို့ဝန်သည် မြို့တွင်း၌ ကလေးငယ် တစ်ယောက်မျှ ရှာမရသဖြင့် မင်းကြီးထံ သွား ရောက် လျှောက်ထားလေသည်။

"အရှင်မင်းကြီး၊ မင်းကြီး၏ သားတော် 'အာဠဝက' မင်းသားလေးမှတပါး ဤအာဠဝီ မြို့တော်တွင်း၌ ကလေးငယ် တစ်ယောက်မျှ ရှာမရတော့ပါ။"

ထိုအခါ မင်းကြီးသည်-"ကိုယ်မရှိ အမိသော်လည်း သား တော်ခဲ့"ဟူဘိသကဲ့သို့ မိမိအသက်ဘေးမှ ချမ်းသာခွင့် ရနိုင်ရန် အတွက် သားတော်လေးကိုပင်-"ဘီလူးထံ ပို့စေ။" ဟု အမိန့် ချမှတ်လိုက်သည်။ မြို့ဝန်သည် မိဖုရားကြီးရင်ခွင်၌ ပွေ့ပိုက် ထားသော မင်းသားလေးကို မင်း၏အမိန့်ဖြင့် အတင်းလုယူ၍ ဘီလူးထံ ပို့လေသည်။ နန်းမဆောင်အတွင်း၌ မိဖုရားကြီးနှင့် မောင်းမမိဿံတို့၏ ငိုကြွေးသံများ ဆူညံသွားတော့၏။

ဗုဒ္ဓမြတ်စွာ ကြွလာခြင်း

ဤသို့ အာဠဝက မင်းသားလေးအား ဘီလူးထံ ပို့မည့်နေ့ မတိုင်မီ ညဉ့်ဦးယံအချိန်တွင် ဗုဒ္ဓရှင်တော်မြတ်သည် ယူဇနာ သုံးဆယ်ကွာဝေးသော သာဝတ္ထိပြည်မှ တစ်ပါးတည်းကြွလာ၍ အာဠဝကဘီလူး နေထိုင်ရာ ညောင်ပင်ရင်းသို့ ချဉ်းကပ်တော်မူသည်။ ထိုအချိန်တွင် အာဠဝကဘီလူးသည် ဟိမဝန္တာ နတ်တို့၏ အစည်းအဝေးသို့ သွားရောက်နေသဖြင့် ဗိမာန်၌ မရှိချေ။

အာဠဝက၏ ဗိမာန်တံခါးကို စောင့်သော ဂဒြဘ ဘီလူး သည် ဗုဒ္ဓမြတ်စွာကိုမြင်လျှင် ကြည်ညိုသဖြင့် ကြိုဆိုနှုတ်ဆက်ခြင်း ပြုလေ၏။ ဗုဒ္ဓက–"အချင်း ဂဒြဘ၊ ဝန်မလေးလျှင် အာဠဝက၏ ဗိမာန်၌ ငါ တစ်ည တည်းခိုလို၏။"ဟု မိန့်ကြား လေသော် ဂဒြဘက– "အရှင်ဘုရား၊ တပည့်တော်အတွက် စန်မလေးပါ။ သို့သော်လည်း ဤဗိမာန်၏အရှင် ဖြစ်သော အာဠဝကဘီလူးသည် ကြမ်းကြုတ်ခက်ထန်လှပါ၏။ သို့အတွက် မတည်းခိုစေချင်ပါ။"ဟု လျှောက်တင်လေသည်။

"အချင်း ဂဒြဘ၊ သင် မစိုးရိမ်လင့်။ အာဠဝကအကြောင်း ကို ငါသိ၏။ သည်အတွက် ငါ့မှာ အန္တရာယ်မရှိနိုင်ပေ။"

"အရှင်ဘုရား၊ အာဠဝကဘီလူးကား ပူပြင်းသောမီးအိုး ကင်းနှင့် တူပါ၏။ သူတော်သူမြတ်ဟူ၍ နားလည်သူ မဟုတ် ပါ။ သူ့နေရာသို့ ရောက်သောသူများအား စိတ်ချောက်ချား

အောင်သော်လည်းကောင်း၊ နှလုံးသား ကွဲအောင်သော်လည်းကောင်း ပြုတတ်ပါသည်။ ခြေနှစ်ချောင်းကို ကိုင်၍ သမုဒ္ဒရာထဲသို့သော်လည်း ပစ်ချတတ်ပါသည်။ ထို့ကြောင့် မတည်းခိုပါလင့်။”

## ဘီလူးအာဠဝက တန်ခိုးပြခြင်း

ဂဒြဘက စိုးရိမ်ခြင်း ကြီးစွာဖြင့် သတိပေး တားမြစ်သော်လည်း ဗုဒ္ဓသည် သူ့စကားကို အလေးမမူပဲ တည်းခိုခွင့်ပြုရန်သာ ထပ်မံ မိန့်ကြားတော်မူ၏။ ဂဒြဘသည် တိတိလင်းလင်း မငြင်းသာတော့သဖြင့်—“သို့ဖြစ်လျှင် အာဠဝက ထံ လိုက်၍ တပည့်တော် ခွင့်ပန်ပါရစေဦး။”ဟု လျှောက်တင်၍ ဟိမဝန္တာသို့ ရှေးရှု ထွက်ခဲ့လေသည်။ ထိုအခါ ဗုဒ္ဓသည် အာဠဝက ဗိမာန်အတွင်းသို့ ဝင်၍ ပလ္လင်ပေါ်၌ ထိုင်နေတော်မူ၏။ အာဠဝက၏ မောင်းမမိဿံတို့သည် ဗုဒ္ဓအား ဝန်းရံချဉ်းကပ်၍ ထိုင်နေကြရာ ဗုဒ္ဓကလည်း လျှောက်ပတ်သော တရားစကားများကို မြွက်ကြားတော်မူလေ့သည်။

ဂဒြဘသည် ဟိမဝန္တာသို့ ရောက်လျှင် အာဠဝကဘီလူးအား သူ့ဗိမာန်ထဲသို့ ဗုဒ္ဓရှင်တော်မြတ် ရောက်နေကြောင်း ပြောကြားလေသည်။ အာဠဝကသည် ပရိသတ်အလယ်၌ ရှက်ဖွယ်ဟု ထင်သောကြောင့် –“အချင်း ဂဒြဘ၊တိုးတိုးတိတ်တိတ် နေလော့။ လုပ်စရာရှိတာကို ငါလုပ်မည်။”ဟု ပြန်ပြောလိုက်လေသည်။

ထိုနောက် မကြာမီမှာပင် သာတာဂိရနှင့် ဟေမဝတ နတ်မင်းတို့သည်လည်း အစည်းအဝေးသို့ဆိုက်ရောက်လာကြပြီး အာဠဝကကို မြင်လျှင်-"အဆွေ အာဠဝက၊ သင့်ဗိမာန်ထဲမှာ ဗုဒ္ဓရှင်တော်မြတ် ရောက်နေပါတယ်။ သင်တော့ ဒီနေ့ ကံထူးတာပဲ။"ဟု ဝမ်းသာအားရ ပြောကြ၏။ သူတို့သည် အစည်းအဝေးတက်ရန် လာကြစဉ် လမ်းခရီး၌ ဗုဒ္ဓအား တွေ့မြင်ခဲ့ကြခြင်း ဖြစ်၏။

သာတာဂိရတို့က ဝမ်းသာအားရ ပြောခြင်း ဖြစ်သော်လည်း အာဠဝကအတွက်ကား ထိုစကားမှာ နားမဝံသာဖွယ် ဖြစ်၍ သွား၏။ သူ့ဒေါသကို ဆွပေးသလို ဖြစ်သွား၏။ ထို့ကြောင့်- "သင်တို့ပြောတဲ့ ဗုဒ္ဓဆိုတာ ဘယ်လိုလူလဲ၊ ဘယ်လိုလူပဲ ဖြစ်ဖြစ် ငါ့ဗိမာန်ထဲကို ဝင်ယင်တော့ ချမ်းသာခွင့် မပေးနိုင်၊ ညက်ညက်ကြေအောင် ဝါး၍ စားမည်။"ဟု ဒေါသတကြီး ကြိမ်းဝါးလေသည်။

ထိုအခါ သာတာဂိရနှင့် ဟေမဝတတို့သည် ဗုဒ္ဓ ဂုဏ်ကျေးဇူးများကို ထုတ်ဖော် ပြောဆိုကြပြီး- "အဆွေ အာဠဝက၊ သင်ကဲ့သို့သော သူသည် ငါတို့ဆရာ ဗုဒ္ဓရှင်တော်မြတ်ကို စိုးစဉ်းမျှပင် တုန်လှုပ် ချောက်ချားအောင် ပြုနိုင်မည် မဟုတ်။" ဟု ဆိုကြလေသည်။ ထိုစကားကြောင့် အာဠဝကသည် မခံချင်စိတ်ပိုမို ပြင်းထန်လာပြီး- "သင်တို့ဆရာနှင့် ငါ ဘယ်သူက ပို၍ တန်ခိုးကြီးတယ်ဆိုတာ ကြည့်ကြပေရော့။"ဟု ဆိုကာ အလျားယူဇနာခြောက်ဆယ် ရှိသော ကေလာသ တောင်ထွတ်ကို လက်ယာခြေထောက်ဖြင့် ပြင်းထန်စွာနင်းလိုက်၏။တောင်ထွတ်မှ

ကျောက်တုံး ကျောက်ပြားတို့သည် ချက်ချင်းပင် အချပ်ချပ် အလွှာလွှာ ကွာ၍ ကျကုန်၏။

ထိုနောက် အာဠဝကသည် ကေသာသ တောင်ထိပ်၌ ရပ်လျက်- "ငါ အာဠဝက တဲ့ဟေး။" ဟု ကြုံးဝါးလိုက်ရာ ဟိမဝန္တာတောကြီးနှင့်တကွ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး တုန်ဟည်း၍ သွားလေသည်။ ထို့နောက်- "ရဟန်း ဂေါတမကို လေမုန် တိုင်းဖြင့် လွင့်စေမည်။" ဟု ကြံ၍ ပြင်းထန်သော လေမုန်တိုင်း ကြီးကို ဖြစ်ပေါ်စေ၏။ ထို လေမုန်တိုင်းကြီးသည် သစ်ပင် တောတောင်များကို ပြိုလဲပျက်စီးစေပြီး ဗုဒ္ဓထံပါးသို့ရောက်သည့် အခါ သင်္ကန်းစကိုပင် လှုပ်ရှားအောင် မပြုနိုင်ချေ။

ထိုအခါ အာဠဝကသည် ကြီးစွာသော ရေအလျှဉ်ကို ဖြစ်စေ ၍လည်းကောင်း၊ ကျောက်နက်မိုး၊ ရွှံ့ညွန်မိုး၊ ပြာပူမိုး၊ မီးကျီးမိုး တို့ကို ရွာသွန်းစေ၍လည်းကောင်း ဗုဒ္ဓအား ထိခိုက် ပျက်စီး စေရန် အားထုတ်ပြန်၏။ သို့သော် ထိုအားထုတ်မှုများမှာသည်း ဗုဒ္ဓအား အနည်းငယ်မျှပင် အန္တရာယ်ပြုနိုင်ခြင်း မရှိကြသဖြင့် နောက်ဆုံးတွင် ဘဲ့ဖြူလက်နက်ကို ပစ်လွှတ်လေသည်။

ဘဲ့ဖြူလက်နက်ကား ကောင်းကင်သို့ ပစ်လျှင် တဆယ့်နှစ်နှစ် မိုးမရွာနိုင်၊ မြေပေါ်သို့ ပစ်လျှင် တဆယ့်နှစ်နှစ် တိုင်အောင် သစ်ပင်များ အညွန့်အတက် မပေါက်နိုင်၊ သမုဒ္ဒရာထဲသို့ ပစ်လျှင်လည်း ပင်လယ်ရေထုကြီးအားလုံး ခန်းခြောက် သွား စေနိုင်သည့်ဟု အဆိုရှိလေသည်။

သို့သော်လည်း အာဠဝက ပစ်လွှတ်အပ်သော ဘဲ့ဖြူလက်နက် ကား တန်ခိုးသတ္တိ လုံးဝမရှိပဲ ဗုဒ္ဓ၏ ခြေတော်ရင်းသို့ ရောက် လေသော် ခြေသုတ်ပုဆိုးကဲ့သို့ ဖြစ်၍ ဘည်လေသည်။

အာဠဝကသည် မိမိ၏ အန္တရာယ်ပြုမှုများ အချည်းအနှီးသာ ဖြစ်ပြီး ဣန္ဒြေမပျက် ငြိမ်သက်စွာ ထိုင်နေသော ဗုဒ္ဓရှင်တော် မြတ်ကို မြင်တွေ့ရလျှင်– "ဤရဟန်းသည် အဘယ်ကြောင့် ဤကဲ့သို့ မတုန်မလှုပ် နေနိုင်ဘိသနည်း။" ဟု ဆင်ခြင် စဉ်းစား လေသည်။ ထိုအခါ မေတ္တာကို ပွားများနေသောကြောင့်သာ ဤကဲ့သို့ မထိခိုက်ခြင်း ဖြစ်သည်ဟု ဆင်ခြင်မိသောကြောင့် ဗုဒ္ဓအား မေတ္တာစိတ် ပျက်ပြား၍ ဒေါသပွားစေမည့် စကား များကို ပြောဆိုလေသည်။

"ရဟန်း၊ ငါ့ဗိမာန်ထဲမှ အမြန်ဆုံး ထွက်သွားလော။"

## ပြဿနာ မေးလျှောက်ခြင်း

ဗုဒ္ဓကား–"အကြမ်းမှုကို အနုဖြင့်သာ အောင်မြင်စေရာ၏။" ဟူသော မှုကို စွဲကိုင်ထားသူ ဖြစ်၏။ သူ့စကားကို ဆင်ခြေ မပွားပဲ လိုက်နာလျှင် အာဠဝကဘီလူးကြီး စိတ်ပျော့ပျောင်း လာမည်ဟု သိရှိတော်မူ၏။ ထို့ကြောင့် ဗိမာန်တွင်းမှ ချက်ချင်း ထွက်တော်မူ၏။

ထိုအခါ ဘီလူးက– "ရဟန်း၊ ပြန်ဝင်လော့။" ဟု ဆိုပြန် ၏။ ဗုဒ္ဓသည် မဆိုင်းမတွ ပြန်ဝင်လေသည်။ ဤသို့ နှစ်ကြိမ် သုံးကြိမ်တိုင် ပြုလုပ်ပြီးနောက် အာဠဝကသည်– "ဒီတကြိမ် ရဟန်းကြီး အပြင်ထွက်ယင် ခြေနှစ်ချောင်းကိုင်ပြီး သမုဒ္ဒရာထဲ ပစ်ချမည်။" ဟု ကြံ၍– "ရဟန်း ထွက်သွားလော။" ဟု ဆိုပြန် ၏။ ဤတကြိမ်တွင်ကား ဗုဒ္ဓသည် ထိုင်ရာမှ မထပဲ ထိုင်နေ၏။

ဘီလူးက– "ရဟန်း၊ အဘယ့်ကြောင့် မထွက်သလဲ။" ဟု မေးလျှင် ဗုဒ္ဓက– "သင်သည် ငါ့ကို သမုဒ္ဒရာထဲ ပစ်ချရန်

ကြံသည် မဟုတ်လော။'' ဟု မေးလေသည်။ ထိုအခါ ဘီလူးသည်- ''ဤရဟန်းကား တန်ခိုးကြီးရှိသာမက ငါ့ စိတ်အကြံကိုလည်း သိပေ၏။ ဤကဲ့သို့ ပညာရှိသော သူမြတ်ကို ပြဿနာမေးရလျှင် ကောင်းမည်။'' ဟု ကြံ၍- ''ရဟန်း၊ သင့်ကို ငါပြဿနာ တစ်ခု မေးမည်။ ထိုပြဿနာကို မဖြေနိုင်လျှင် သင့်စိတ်ကို ချောက်ချားအောင် ပြုမည်။ သင့် နှလုံးသားကိုသော်လည်း ခွဲပစ်မည်။ သို့မဟုတ်ပါကလည်း မြစ်တဖက်ကမ်းသို့ လွှင့်ပစ်မည်။'' ဟု ဆိုလေသည်။

''အချင်းအာဠဝက၊ လောကသုံးပါး၌ ငါ့အား ဤသို့အန်တုနိုင်သူ တစ်ဦးတစ်ယောက်မျှ မရှိ။ သို့ဖြစ်စေကာမူ သင် မေးလိုသော ပြဿနာကို မေးလော့။ ငါဖြေမည်။'' ဤသို့ ဗုဒ္ဓက မိန့်ကြားလေသော် အာဠဝကသည် အောက်ပါ ပြဿနာများကို မေးလျှောက်လေသည်။

''အရှင်ရဟန်း၊ ဤလောက၌ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ မြတ်သောဥစ္စာ ဟူသည် အဘယ်ပါနည်း။ အဘယ် အလေ့အကျင့်ကို ကောင်းစွာ လေ့ကျင့်အားထုတ်သော် ချမ်းသာကို ဆောင်နိုင်ပါသနည်း။ အရသာဟူသမျှတို့တွင် ဘယ်အရသာသည် အချိုမြိန်ဆုံးဖြစ်ပါသနည်း။ အသက်မွေးခြင်းဟူသမျှတွင်လည်း အဘယ်သို့သော အသက်မွေးခြင်းကို အမြတ်ဆုံးဟု ဆိုထိုက်ပါသနည်း။''

ဤပြဿနာများကို အာဠဝကသည် မိဘနှစ်ပါးထံမှ သင်ကြားရရှိခဲ့ခြင်းဖြစ်၏။ သူ့မိဘများဖြစ်သောနတ်ဘီလူးတို့သည် ကဿပ ဘုရားရှင်လက်ထက်၌ ဘုရားရှင်အား ဆည်းကပ်၍ ဤပြဿနာကို အဖြေနှင့်တကွ နာကြားသင်ယူခဲ့ကြ၏။ သား

ဖြစ်သူ အာဠဝကအားလည်း ငယ်စဉ်ကပင် သင်ပေးခဲ့ကြ၏။ သို့သော် အာဠဝကသည် အချိန်ကြာမြင့်သဖြင့် အဖြေကို မေ့လျော့ပြီး အမေးပုစ္ဆာကိုသာ မှတ်မိတော့သည်။ ထို့ကြောင့် ဗုဒ္ဓအား ဤပြဿနာများကို မေးလျှောက်ခြင်းဖြစ်လေသည်။

ဗုဒ္ဓသည် ကဿပဘုရားရှင် ဖြေကြားသည့်နည်းအတိုင်းပင် ပြဿနာများကို ဖြေဆိုတော်မူလေသည်။

"အချင်းအာဠဝက၊ ဤလောက၌ လူ၊နတ်၊ ဗြဟ္မာ သတ္တဝါ တို့၏ မြတ်သောဥစ္စာ ဟူသည် ယုံကြည်မှု သဒ္ဓါ ပင်တည်း။ ကုသိုလ်တရားကို ကောင်းစွာလေ့ကျင့်အားထုတ်လျှင် ချမ်းသာ ကို ဆောင်နိုင်ပေ၏။ မှန်ကန်ဖြောင့်မတ်သော စကားသည် အရ သာဟူသမျှတို့တွင် အချိုမြိန်ဆုံး ဖြစ်ပေ၏၊ အသက်မွေးခြင်း ဟူသမျှတွင်လည်း ပညာဖြင့် အသက်မွေးခြင်းကို အမြတ်ဆုံး ဟု ဆိုကြကုန်၏။"

အာဠဝကသည် ဗုဒ္ဓ၏ ဖြေကြားချက်ကို လွန်စွာ နှစ်သက် သဖြင့် ဒုတိယပြဿနာကို ဆက်လက် မေးလျှောက်လေသည်။

"အရှင်ရဟန်း၊ အဘယ်ဖြင့် သံသရာဝဲဩဃကို လွန်မြောက် နိုင်ပါသနည်း။ အဘယ်ဖြင့် သံသရာတည်းဟူသော သမုဒ္ဒရာကို ကူးခပ်နိုင်ပါသနည်း။ အဘယ်ဖြင့် ဆင်းရဲဒုက္ခကို ကျော်လွန် နိုင်ပါသနည်း။ အဘယ်ဖြင့် အလုံးစုံ စင်ကြယ်နိုင်ပါသနည်း။"

"အချင်း အာဠဝက၊ ယုံကြည်မှု သဒ္ဓါဖြင့် သံသရာဝဲဩဃ ကို လွတ်မြောက်နိုင်၏။ မမေ့မလျော့ခြင်း "အပ္ပမာဒ" ဖြင့် သံသရာတည်းဟူသော သမုဒ္ဒရာကို ကူးခပ်နိုင်၏။ ထကြွလုံ့လ ပြုခြင်းဖြင့် ဆင်းရဲဒုက္ခကို ကျော်လွန်နိုင်၏။ ပညာဖြင့် အလုံးစုံ စင်ကြယ်နိုင်ပေ၏။"

ဤဒုတိယ ပြဿနာ၏အဖြေကို ကြားနာရသောအခါ အာဠဝက ဘီလူးသည် ရှေးရှေးက ဖြည့်ကျင့် ဆည်းပူးခဲ့သော ပါရမီရှိသူ ဖြစ်၍ ယုံမှားခြင်းကင်းကွာသော သောတာပန် အရိယာ အဖြစ်သို့ ဆိုက်ရောက်လေသည်။

ထိုအခါ ဘီလူးသည် မိမိ၏ဉာဏ်၌ ဖြစ်ပေါ်လာသော ပြဿနာအချို့ကို ဤသို့ ဆက်လက် မေးလျှောက်ပြန်သည်။

"ဗုဒ္ဓ ရှင်တော်မြတ်ဘုရား၊ အဘယ်သို့သော အကြောင်းဖြင့် ထူးပြားသောပညာကို ရနိုင်ပါသနည်း။ အဘယ်သို့သော အကြောင်းဖြင့် ပစ္စည်းဥစ္စာကို ရနိုင်ပါသနည်း။ အဘယ်သို့ သော အကြောင်းဖြင့် ကျော်စောခြင်းသို့ ရောက်နိုင်ပါ သနည်း။ အဘယ်သို့သော အကြောင်းဖြင့် အဆွေခင်ပွန်းတို့ကို ရနိုင်ပါသနည်း။ အဘယ်သို့သော အကြောင်းဖြင့် တမလွန် ဘဝသို့ ရောက်သော် စိုးရိမ်သောက ကင်းနိုင်ပါသနည်း။"

"အချင်း အာဠဝက၊ အကြင်သူသည် ရဟန္တာ သူမြတ် တို့၏ နိဗ္ဗာန်ရောက်ကြောင်း တရားကို ယုံကြည်သက်ဝင်၍ မမေ့ မလျော့သောသတိဖြင့် ကောင်းစွာနာယူ၏။ အကျိုးအကြောင်း ကိုလည်း စူးစမ်းဆင်ခြင်တတ်၏။ ထိုသူသည် ယင်းသို့သော အကြောင်းတရားများဖြင့် ထူးပြားသော ပညာကို ရရှိနိုင် ပေ၏။

"အကြင်သူသည် ကာလ၊ဒေသ၊ အခြေအနေနှင့် လျော်ညီ အောင် ပြုလုပ်တတ်၏။ တာဝန်ကို မလွှဲမရှောင် ထမ်းဆောင် လေ့ရှိ၏။ ထကြွလုံ့လ ဝီရိယနှင့်လည်း ပြည့်စုံ၏။ ထိုသူသည် ယင်းသို့သော အကြောင်းတရားများဖြင့် စီးပွားဥစ္စာကို ရရှိ

နိုင်ပေ၏။ မှန်ကန်သော၊ ဖြောင့်မတ်သော သစ္စာစကားကို ဆိုခြင်းဖြင့် ကျော်စောခြင်းသို့ ရောက်နိုင်၏။ ပေးကမ်းစွန့်ကြဲခြင်းဖြင့် အဆွေခင်ပွန်းတို့ကို ရရှိနိုင်ပေ၏။

"အချင်းအာဠဝက၊ အိမ်ရာတည်ထောင် လူ့ဘောင်၌ နေ၍ ယုံကြည်မှု သဒ္ဓါနှင့် ပြည့်စုံသော အကြင်သူသည် မှန်ကန် ဖြောင့်မတ်သောစကား၊ အကျိုးအကြောင်းကို စူးစမ်းဆင်ခြင်တတ်သောပညာ၊ ထကြွလုံ့လ ပြုခြင်းဟူသော ဝီရိယ၊ စွန့်လွှတ်ခြင်း စာဂ စသော တရားလေးပါးနှင့် ပြည့်စုံ၏။ ထိုသူသည် တမလွန်ဘဝသို့ ရောက်သော် စိုးရိမ်သောကကင်းစွာဖြင့် နေရပေ၏။

"အချင်းအာဠဝက၊ ဤတရားလေးပါးထက် သာလွန်သော တရားကား ဤလောက၌ မရှိတော့ပေ။သင်သည် အခြားသော ရဟန်း ပုဏ္ဏားတို့ကိုလည်း ဤပြဿနာများကို မေးလျှောက်လိုက မေးလျှောက်လေဦးလော့။"

"အရှင်ဘုရား၊ ကျွန်ုပ်သည် တမလွန်ဘဝအတွက် အကျိုးစီးပွားကို မျက်မှောက်ထင်ထင် သိမြင်ရပါပြီ။ အခြားသော ရဟန်းပုဏ္ဏားတို့ကို မေးလျှောက်နေဖွယ် မလိုတော့ပါ။ အရှင်မြတ် ကြွလာသည့်အတွက် ကျွန်ုပ်မှာ အကျိုးစီးပွားများစွာ တိုးတက်ခဲ့ပါပြီ။

"အရှင်ဘုရား၊ တပည့်တော်သည် ဗုဒ္ဓရှင်တော်မြတ်ကိုလည်းကောင်း၊ ဗုဒ္ဓ၏တရားတော်မြတ်ကိုလည်းကောင်း အစဉ်ဦးညွှတ်လျက် တစ်မြို့မှတစ်မြို့ တစ်ရွာမှ တစ်ရွာသို့ လှည့်လည်နေပါတော့မည်ဘုရား။"

## မင်းသားငယ် အသက်ချမ်းသာ

ဤသို့လျှင် အာဠဝကဘီလူး၏ မေးခွန်းပြဿနာတို့ကို ဗုဒ္ဓရှင်တော်မြတ်က ဖြေဆိုဟောကြားပြီးချိန်တွင် နေအရုဏ် ကျင်း၍ အလင်းရောက်လာလေသည်။ သို့ဖြစ်၍ အာဠဝီပြည်မှ မင်းချင်းယောကျ်ားတို့သည် ဘီလူးအား ဆက်သရန်အတွက် အာဠဝကမင်းသားလေးကို ယူဆောင်ကာ ညောင်ပင်ကြီးသို့ ဆိုက်ရောက်လာကြ၏။

ဗုဒ္ဓ၏ရှေ့မှောက်၌ ရိုသေစွာရှိခိုးနေသော ဘီလူးကိုမြင်လျှင် မင်းသားလေးကို ဘီလူးလက်သို့ သွား၍ အပ်နှင်းကြ၏။

"အရှင်ဘီလူး၊ ဤမင်းသားငယ်ကို အရှင်စားရန် လာ၍ ပို့ဆက်ခြင်းဖြစ်ပါသည်။ အလိုရှိသလို ပြုလုပ်ပါလော့။"

မင်းချင်းယောကျ်ားတို့၏ စကားကိုကြားလျှင် ဘီလူးသည် ဗုဒ္ဓရှေ့မှောက်၌ အနေရအထိုင်ရခက်သွား၏။ ထို့ကြောင့်- "ဤမင်းသားငယ်ကို အရှင်ဘုရားအား လှူဒါန်းပါ၏။" ဟုဆို၍ ဗုဒ္ဓအားလှူလိုက်၏။ ဗုဒ္ဓသည် မင်းသားငယ်ကိုခံယူပြီး- "ဤမင်းသားငယ်ကို ကြီးပြင်းသည့်အခါကျမှ ငါဘုရားအားပြန်ပေး ကြလော။" ဟု မိန့်ကြားကာ မင်းချင်းယောကျ်ားတို့အား ပြန်ပေးတော်မူလိုက်လေသည်။ ဤသို့လျှင် တလက်မှတလက်သို့ အဆင့်ဆင့်လွှဲပြောင်းပေးအပ်ခြင်း ခံရသောကြောင့် ထိုအချိန် မှစ၍ မင်းသားငယ်သည် "ဟတ္ထက အာဠဝက" ဟု အမည် တွင်ခဲ့လေသည်။

မင်းသားငယ်ကို ယူဆောင်၍ မြို့တွင်းသို့ ပြန်လာကြသော မင်းချင်းယောကျ်ားတို့ကို လမ်းမှ မြင်ကြလျှင်-"မင်းသားလေး

ငယ်လွန်း၍ ဘီလူးကလက်မခံလေသလော။” ဟုတွေးတောကာ လွန်စွာ ထိတ်လန့်တုန်လှုပ်သွားကြ၏။ ဗုဒ္ဓမြတ်စွာ ကြွလာ၍ တရားပြသဖြင့် ဘီလူးကြီးလိမ်မာယဉ်ကျေးသွားပြီဖြစ်ကြောင်း မင်းချင်း ယောကျ်ားတို့ထံမှ ရှင်းလင်းပြောပြမှ ထိုသူများ စိတ်သက်သာရာ ရရှိသွားလေသည်။

ဗုဒ္ဓမြတ်စွာသည်လည်း အာဠဝကဘီလူးအား တရားပြ၍ ဆုံးမပြီးနောက် အာဠဝီမြို့တွင်းသို့ ဆွမ်းခံဝင်တော်မူ၏။ အာဠဝီမင်းကြီးနှင့်တကွ မြို့သူမြို့သား အပေါင်းတို့သည် ဗုဒ္ဓအား ဝမ်းမြောက်ဝမ်းသာကြိုဆို၍ ဆွမ်းလောင်းလှူကြ၏။ ဗုဒ္ဓသည် အာဠဝကဘီလူးအား မည်သို့မည်ပုံ ဆုံးမခဲ့ရပုံကို ပြန်လည် မိန့်ကြား၍ အာဠဝကသုတ်ကို ထပ်မံ ဟောကြားတော်မူရာ များစွာသောသူတို့ အကျွတ်တရား ရရှိကြလေသည်။

ဟတ္ထက အာဠဝကမင်းသားလေးသည်လည်း အရွယ်ရောက်သောအခါ ဗုဒ္ဓအား ကိုးကွယ်ဆည်းကပ်၍ တရားနာယူရာ အနာဂါမိဖိုလ်သို့ ဆိုက်ရောက်လေ၏။ ဥပါသကာ ငါးရာ အခြံအရံရှိသောကြောင့် ပရိသတ်ကို ချီးမြှောက်တတ်သူတို့တွင် ထူးချွန်သော ပုဂ္ဂိုလ်ဟူသော “ဧတဒဂ်” ဘွဲ့ထူးဖြင့်လည်း ချီးကျူးခြင်း ခံရလေသည်။

# ၁၁။ ဝိဇယသုတ်

## ရာဂကို အောင်နိုင်ရေး

ဗုဒ္ဓမြတ်စွာသည် ဤဝိဇယသုတ်ကို မိမိ၏ ရုပ်ရေအဆင်း လှပခြင်းအတွက် အလွန်မာန်မာနတက်ကြွနေသော ညီမတော် ဇနပဒကလျာဏီကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့၏။ တဖန် ရာဇဂြိုဟ်ပြည်မှ အလွန် ချောမောလှပသော ပြည့်တန်ဆာမ သိရိမာ၏ အသုဘကို လိုက်ပါပို့ဆောင်ကြသော ပရိသတ်အပေါင်းအားလည်း ဤသုတ်ကို ထပ်မံဟောကြားတော်မူခဲ့၏။

ဤသုတ်၏ ရည်ရွယ်ချက်ကား ခန္ဓာကိုယ်၏ အနှစ်သာရ ကင်းမဲ့ပုံနှင့် စက်ဆုပ်ရွံရှာဖွယ်ကောင်းပုံတို့ကို ထင်မြင်စေရန် ဖြစ်၏။ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း စသော လှုပ်ရှားမှုတို့သည် တစုံတယောက်သော ပုဂ္ဂိုလ်၊ သတ္တဝါ၏ ပယောဂ ကြောင့် မဟုတ်။ အရိုးအဆစ်တို့ကို ကွေးခြင်း၊ ဆန့်ခြင်း တို့ကြောင့်သာ ဖြစ်ကြောင်း ရှေးဦးစွာ ဟောကြားတော်မူ၏။

ထို့နောက် ခန္ဓာကိုယ်သည် အရိုးအကြောတို့ဖြင့် ဖွဲ့စည်း၍ အရေအသားတို့ဖြင့် ဖုံးလွှမ်းအပ်သော အစုအဝေး တစ်ခုသာ ဖြစ်ကြောင်း၊ အညှိမ်အညှမ၊ အစာဟောင်းအစာသစ်၊ နှပ်၊ တံတွေး စသည်တို့ဖြင့် ပြည့်နှက်လျက် ရှိသောကြောင့် စက်ဆုပ် ရွံရှာဖွယ်အတိ ဖြစ်ကြောင်း၊ မျက်စိ၊ နား၊ နှာခေါင်း စသော ဒွါရ ကိုးပေါက်တို့မှလည်း နှပ် တံတွေးစသော အညစ်အကြေးများ အမြဲယိုစီးထွက်ကျလျက် ရှိကြောင်း၊ သေသည်နှင့်တပြိုင်နက် ထို ခန္ဓာကိုယ်ကို မည်သူကမျှ ချစ်ခင် တွယ်တာမှု မရှိကြတော့ကြောင်း၊ ထိုခန္ဓာကိုယ်၌ တပ်မက် စွဲလမ်းခြင်းကင်းမှသာ ဒုက္ခငြိမ်းအေးရာ နိဗ္ဗာန်ကို ရနိုင်မည် ဖြစ်ကြောင်း၊ ခန္ဓာကိုယ်ကို အကြောင်းပြု၍ မာန်မာန ထောင် လွှားခြင်းသည် အမှန်တရားကို မသိမြင်ခြင်းကြောင့်သာ ဖြစ်ကြောင်း ဟောကြား ဆုံးမတော်မူလေသည်။

# ၁၂။ မုနိသုတ်

## မုနိဟု ဆိုထိုက်သူ

**ဆက်ဆံ ရင်းနှီးမှု**

ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ဘခင်သော၍ ဆင်းရဲဒုက္ခ ရောက်နေသော လုလင်ပျိုတစ်ယောက်သည် သာသနာ့ဘောင်သို့ ဝင်၍ရဟန်း ပြုလေ၏။ ထိုအခါ တစ်ဦးတည်းသော သားအပေါ်၌ အလွန် သံယောဇဉ် ကြီးလှသော မိခင်ကြီးသည်လည်း သားနောက်သို့ လိုက်ကာ ဘိက္ခုနီမ ပြုလုပ်လေ၏။ ယင်းသို့ သားအမိနှစ်ယောက် လုံး သာသနာ့ဘောင်သို့ ရောက်လာကြသော်လည်း လူ့ဘဝက သံယောဇဉ်ဖြင့် တစ်ဦးနှင့်တစ်ဦး အချိန်မရွေး တွေ့ဆုံ၍ ဝင်ထွက်ဆက်ဆံမှုပြုနေကြလေသည်။ သားနှင့်အမိပင် ဖြစ်သော် လည်း ဤသို့ ရင်းနှီးဆက်ဆံမှု များသောအခါ ကိလေသာ အမိုက်မှောင်ကြီး ဖိစီးလွှမ်းမိုးလျက် ကာမ ဖောက်ပြန်မှုကြီးကို ကျူးလွန်မိကြသဖြင့် သာသနာ့ဘောင်မှ လျှောကျ ပျက်စီး သွားကြလေသည်။ ဗုဒ္ဓမြတ်စွာလည်း ဤအဖြစ်အပျက်ကို

အကြောင်းပြု၍ ရဟန်းတို့အား ဆက်ဆံ ရင်းနှီးမှုကြောင့် ကိလေသာရာဂ ဖြစ်ပွားတတ်ပုံများကို ဟောကြား ဆုံးမတော်မူလေသည်။

"ရဟန်းတို့၊ ဆက်ဆံရင်းနှီးမှုကြောင့် ကိလေသာ ဘေးသည် ဖြစ်ပေါ်လာတတ်၏။ အာရုံ (၆)ပါး တည်းဟူသော အိမ်မှ ကိလေသာ မြူသည် ဖြစ်ပေါ်လာတတ်၏။ မုနိမည်သော ပုဂ္ဂိုလ်တို့ သိမြင်အပ်သော တရားသည်ကား ကိလေသာ အိမ်မှ ထွက်မြောက်၍ ဆက်ဆံရင်းနှီးမှုမှလည်း ကင်းရှင်းပေသည်။

"အကြင် ပုဂ္ဂိုလ်သည် ဖြစ်ပြီးသော ကိလေသာကို အကြွင်းမဲ့ ပယ်ဖြတ်၍ နောက်ထပ် ကိလေသာများ ဖြစ်ပွားပေါ်ပေါက်အောင်လည်း ပျိုးထောင်ခြင်း မပြု၊ ကိလေသာ ဖြစ်ပေါ်စရာ အကြောင်းများ ဝင်ရောက်လာခြင်းကိုလည်း လက်မခံ၊ မြတ်သောတရားကို ရှာမှီး၍ ငြိမ်းအေးကြောင်း လမ်းစဉ်ကို သိမြင်ကာ တစ်ပါးတည်း ကျင့်သုံး နေထိုင်သောပုဂ္ဂိုလ်ကို မုနိဟု ခေါ်ဆိုကြပေသည်။

"အကြင် ပုဂ္ဂိုလ်သည် ကိလေသာတို့၏ ပေါက်ပွားရာ ခန္ဓာမြေကို ပိုင်းခြားသိမြင်၍ ဝိညာဏ်မျိုးစေ့ကိုလည်း ဖျက်ဆီးပြီး တဏှာဒိဋ္ဌိဟူသော အဆီအစေးများ ဝင်ရောက်လာခြင်းကိုလည်း လက်သင့်မခံ ပယ်၍ တားဆီး၏။ ဇာတိကုန်ရာကို သိမြင်၍ မိစ္ဆာဝိတက်ကို ပယ်ပြီးသော ထို မုနိသည် သတ္တဝါဟူသော ဝေါဟာရပညတ်၌ အကျုံးမဝင်တော့ချေ။

"မက်မောတွယ်တာမှု ကင်း၍ ဘဝသုံးပါးတည်းဟူသော အိုးအိမ်ကို တောင့်တခြင်း မရှိတော့သော မုနိသည် နိဗ္ဗာန်

တည်းဟူသော တဖက်ကမ်းသို့ ရောက်ပြီးဖြစ်ရကား မည်သည့် ကုသိုလ် အကုသိုလ်ကံကိုမျှ အားမထုတ်တော့ချေ။”

တရားမြင်သိ မြွတ်နှုန်ိ

ဗုဒ္ဓမြတ်စွာသည် မဟာဗောဓိပင်ရင်း၌ သမ္မာသမ္ဗောဓိခေါ် အသိဉာဏ်ထူးကို ရရှိပြီးနောက် ပဥ္စဝဂ္ဂီ ငါးဦးတို့အား တရားဦး ဟောရန်အတွက် ဗာရာဏသီပြည် မိဂဒါဝုန်တောသို့ ကြွတော်မူသည်။ လမ်းခရီးတွင် ဥပက အမည်ရှိသော အာဇီဝက ရဟန်းတစ်ပါးသည် ဗုဒ္ဓအား တွေ့မြင်လျှင် နှစ်သက်ကြည်ညို လှသဖြင့် နှုတ်ဆက်စကား ပြောကြားပြီး ခရီးဆက်ခဲ့သည်။ ထိုနောက် ဥပကသည် ဝင်္ကဟာရရွာမှ မုဆိုးကြီး၏ သမီးပျို စာဝါ ကို စွဲလမ်း၍ လူထွက်ခဲ့သည်။ သားတစ်ယောက် ရသောအခါ ဇနီးဖြစ်သူ စာဝါ၏ ငြူစူ စောင်းမြောင်းမှုများကို မခံမရပ် နိုင်သဖြင့် အိမ်မှ ထွက်ခဲ့ပြီး ဗုဒ္ဓမြတ်စွာရှိရာ သာဝတ္ထိပြည်သို့ ဆိုက်ရောက်လာ၏။ ဗုဒ္ဓသည် ဥပကအား သင့်တော်သော တရားကို ဟောကြားရာ ဥပကသည် အနာဂါမ် အဖြစ်သို့ ရောက် လေ၏။ ထိုအခါ ရဟန်းများက– “ဗုဒ္ဓသည် ကျက်သရေကင်းမဲ့ သော တက္ကတွန်းအား တရားဟောဘိသည်။” ဟူ၍ ဝေဖန် ကြသည်။ ဗုဒ္ဓက တရားအားလုံးကို သိမြင်၍ မုန်စင်စစ်ဖြစ်သော ငါဘုရားသည် အကြောင်းမဲ့ တရားဟောခဲ့သည် မဟုတ်၊ ကျွတ်ထိုက်သော ဥပနိဿယနှင့် ပြည့်စုံသူဖြစ်၍သာ ဟောကြား ခြင်း ဖြစ်သည် ဟူ၍ မိန့်ကြားပြီး အောက်ပါ ဂါထာကို ဟောမြွက်တော်မူသည်။

"အကြင် ပုဂ္ဂိုလ်သည် အလုံးစုံသော တရားတို့၏ လွှမ်းမိုးဖိစီးမှုမှ ကင်းလွတ်၍ တရားအားလုံးကို သိမြင်ပြီး ဖြစ်၏။ ကောင်းသောပညာနှင့် ပြည့်စုံ၍ မည့်သည့်တရားတို့၌မျှ လိမ်းကျံကပ်ငြိခြင်း မရှိ၊ လောကီတရားအားလုံးကို စွန့်ပယ်ပြီး ဖြစ်၍ တဏှာ၏ကုန်ရာ နိဗ္ဗာန်၌ သက်ဝင်သောစိတ် ရှိ၏။ ထိုပုဂ္ဂိုလ်ကို မုနိဟူ၍ ပညာရှိတို့က ခေါ်ဆိုကြကုန်၏။"

## အကျင့်သီလ ပဓာန

ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ရှင်သာရိပုတ္တရာ၏ ညီအငယ်ဆုံးဖြစ်သော ရေဝတ သာမဏေကလေးသည် သာဝတ္ထိပြည်မှ ယူဇနာ(၆၀) ကွာဝေးသော တောကျောင်း၌ တစ်ပါးတည်းသီတင်းသုံးနေ၏။ ဗုဒ္ဓသည် ရဟန်းငါးရာနှင့်အတူ ရှင်ရေဝတ၏ တောကျောင်းသို့ ကြွတော်မူရာ ရှင်ရေဝတသည် ထိုရဟန်းငါးရာတို့ တည်းခိုနေထိုင်ရန်အတွက် ကျောင်းကန် အဆောက်အဦများကို မိမိတန်ခိုးဖြင့် ဖန်ဆင်းထားလေသည်။ ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည်သို့ ပြန်ရောက်သည့်အခါ တောကျောင်းသို့ လိုက်ပါခဲ့သော တောထွက် ရဟန်းကြီးတစ်ပါးက– "ရှင်ရေဝတသည် တောကျောင်းမှာ နေပြီး တရားအားမထုတ်ပဲ ကျောင်းသစ် ကန်သစ်များ ဆောက်လုပ်ရေးကိုသာ ကြိုးပမ်း နေဘိ၏။" ဟု ဝေဖန်ပြောဆိုလေသည်။ ထိုအခါ ဗုဒ္ဓက ရှင်ရေဝတသည် ကျောင်းသစ်၊ ကန်သစ်များ တိုးပွားရေးကို အားထုတ်နေသူ မဟုတ်၊ အကျင့်သီလနှင့် ပြည့်စုံသည့် မုနိ စင်စစ် ဖြစ်ကြောင်း မိန့်ကြားပြီး အောက်ပါဂါထာကို ဟောမြွက်တော်မူလေသည်။

"အကြင်ပုဂ္ဂိုလ်သည် ပညာခွန်အား ရှိ၍ အကျင့်သီလနှင့်လည်း ပြည့်စုံ၏။ တည်ကြည်သော စိတ်ရှိ၍ (ဈာန်ရှိ၍) ဈာန်ဖြင့်မွေ့လျော်လေ့ရှိ၏။ သတိနှင့်ပြည့်စုံ၍ တွယ်တာကပ်ငြိမှုမှလည်း လွတ်မြောက်ပြီးဖြစ်၏။ စိတ်၏အနှောင့်အယှက်များမှ ကင်း၍ ကိလေသာ ယိုစီးခြင်းမရှိတော့သော ထိုပုဂ္ဂိုလ်ကိုလည်း မုနိ ဟူ၍ ပညာရှိတို့က ခေါ်ဆိုကြကုန်၏။"

## လောကဓံကို ခံနိုင်သူ

ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်တော်မူပြီးနောက် ကပိလဝတ်ပြည်သို့ ပထမဦးဆုံး ကြွရောက်တော်မူသောအခါ ခမည်းတော် သုဒ္ဓောဒနမင်းကြီးက– "သားတော်သည် မင်းသားဘဝက ပိုးဖဲကတ္တီပါ အဝတ်များကိုသာ ဝတ်ဆင်ခဲ့ပြီး ယခု ရဟန်းဘဝဖြင့် ကြမ်းတမ်းသော ပံ့သကူ သင်္ကန်းတို့ကို ဝတ်ဆင်ရသည်မှာ ဆင်းရဲလှဘိသည်။" ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ ဗုဒ္ဓက တရားကျင့်သုံးသော မုနိရဟန်းများသည် ချမ်းသာခြင်း၊ ဆင်းရဲခြင်း စသော လောကဓံတို့ကြောင့် တုန်လှုပ်ခြင်းမရှိတော့ကြောင်း ပြတော်မူလိုသဖြင့် အောက်ပါဂါထာကို ဟောကြားတော်မူသည်။

"အကြင်ပုဂ္ဂိုလ်သည် တစ်ပါးတည်းနေ၍ မုနိတို့၏ အကျင့်ကို မမေ့မလျော့ ကျင့်သုံး၏။ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း စသော လောကဓံတို့ကြောင့် တုန်လှုပ်ခြင်း မရှိ၊ ခြင်္သေ့မင်းကဲ့သို့ ထိတ်လန့်ကြောက်ရွံ့ခြင်း ကင်း၏။ လေသည် ပိုက်ကွန်၌ မကပ်ငြိသကဲ့သို့ အာရုံခြောက်ပါးတို့၌ ကပ်ငြိခြင်း မရှိ။ ကြာရွက်သည်

ရေဖြင့် မလိမ်းကျံသကဲ့သို့ ကိလေသာဖြင့် လိမ်းကျံခြင်းလည်း မရှိ။ သူတပါးတို့၏ ရှေ့ဆောင်မှုကို မခံယူပဲ မိမိကသာ သူတပါးတို့ကို ရှေ့ဆောင်ရှေ့ရွက်ပြု၏။ ထိုပုဂ္ဂိုလ်ကို မုနိဟူ၍ ပညာရှိတို့က မိန့်ဆိုကြကုန်၏။"

## မယိမ်းမယိုင်ကျောက်တိုင်

ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည်သို့ ကြွရောက်လာ၍ ကောသလမင်းကြီးနှင့်တကွ အနာထပိဏ်သဌေး၊ ဝိသာခါ သဌေးကတော် စသော မြို့သူမြို့သားအပေါင်းတို့က သောင်းသောင်းဖျဖျ ဆည်းကပ်ကိုးကွယ်မှု ပြုကြသောအခါ ယခင်က ရှိနေသော တိတ္ထိ ဂိုဏ်းဆရာကြီးများ တန်ခိုးမှေးမှိန် ဂုဏ်သိရ်ဆုတ်ယုတ်သွားကြသည်။ ထိုအခါ ယင်းဂိုဏ်းဆရာကြီးများသည် ဗုဒ္ဓနှင့် တပည့်များ ဂုဏ်သိက္ခာ ပျက်ပြားရေးအတွက် အမျိုးမျိုးကြံပမ်းကြရာ ဗုဒ္ဓအား စိဉ္စမာဏဝိကာမည်သော မိန်းမပျိုနှင့် စွပ်စွဲသည်အထိ ပြုခဲ့ကြသည်။ သို့သော်လည်း ဗုဒ္ဓ၏ အနည်းငယ်မျှ တုန်လှုပ်ခြင်းမရှိပုံကို တွေ့မြင်ကြသဖြင့် ရဟန်းများသည် ဗုဒ္ဓအား ချီးကျူးစကား ပြောဆိုကြသည်။ ထိုအခါ ဗုဒ္ဓက မုနိစင်စစ်ဖြစ်သောပုဂ္ဂိုလ်တို့သည် လောကဓံကြောင့် တုန်လှုပ်ခြင်း မရှိကြောင်း မိန့်ကြားပြီး အောက်ပါဂါထာကို ဟောမြွက်တော်မူလေသည်။

"အကြင်ပုဂ္ဂိုလ်သည် သူတပါးတို့၏ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း မဖြစ်။ ရေချိုးဆိပ်၌ စိုက်ထားအပ်သော ကျောက်တိုင်ကဲ့သို့ မယိမ်းမယိုင် ကြံ့

ခိုင်၏။ စွဲလမ်းမှုကင်းစင်၍ တည်ငြိမ်သော ဉာဏ်ရှိ၏။ ထိုပုဂ္ဂိုလ်ကို မုနိဟူ၍ ပညာရှိတို့က ခေါ်ဆိုကြကုန်၏။"

## ယက်ဖောက်လုံး ဥပမာ

သာဝတ္ထိပြည်မှ သူဌေးသမီးတစ်ယောက်သည် ယက်ကန်းရုံ၌ ယက်ကန်းသမများ ယက်ဖောက် ယောက်နေကြသည်ကို မြင်လျှင်–"လူသားတို့၏ ကိုယ်၊ နှုတ်၊ စိတ် နှလုံး သုံးပါးသည် ဤယက်ဖောက်လုံးကဲ့သို့ ဖြောင့်စင်းသည်သာ ဖြစ်ကြပါမူ ကောင်းလေစွ။"ဟု စဉ်းစားမိရာမှ အစပြု၍ တရားသဘော များကို ဆင်ခြင်သုံးသပ်မိလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် ဇေတဝန်ကျောင်းတော်မှ နေ၍ အလင်းရောင်ကို ဖြစ်ပေါ်စေလျက် သူဌေးသမီးအား အောက်ပါဂါထာကို ဟောကြားတော်မူရာ သူဌေးသမီးသည် သောတာပန် ဖြစ်သွားလေသည်။

"အကြင်ပုဂ္ဂိုလ်သည် စင်စစ် တည်ကြည်သောစိတ် ရှိ၏။ ယက်ဖောက်လုံးကဲ့သို့ ဖြောင့်စင်း၏။ ယုတ်မာသော အလုပ်တို့ကို စက်ဆုပ်၏။ မျှတမှု၊ မမျှတမှုတို့ကို စူးစမ်းဆင်ခြင်တတ်၏။ ထိုပုဂ္ဂိုလ်ကိုလည်း မုနိ ဟူ၍ ပညာရှိတို့က အသိအမှတ် ပြုကြကုန်၏။

## မချုပ်ချယ်ထိုက်သူ

ဗုဒ္ဓမြတ်စွာ အာဠဝီပြည်၌ သီတင်းသုံးစဉ် ယက်ကန်းသည် တစ်ဦး၏ သမီးပျိုလေးသည် ဘခင်ရှိရာ ယက်ကန်းရုံသို့ အသွားလမ်းတွင် မြတ်စွာဘုရားနှင့် တွေ့၍ တရားနာနေလေ၏။ တရားနာပြီး၍ ယက်ကန်းရုံသို့ သွားသောအခါ အချိန် နောက်ကျနေ

သဖြင့် စိတ်ဆိုးနေသောဘခင်သည် လွှန်းကိုသမီးထံသို့ တအား ပစ်သွင်းလိုက်လေ၏။ ထိုလွှန်းသည် မိန်းကလေး၏ ဝမ်းဗိုက်ကို ထိမှန်စူးဝင်သွားရာ မိန်းကလေးသည် ယင်းဒဏ်ရာဖြင့် သေဆုံး သွားလေသည်။ ထိုအခါ ထိုယက်ကန်းသည်သည်-"သမီးရင်းကို သတ်သောအဖေ"ဟု လူအများက အထင်မှား၍ အန္တရာယ် ပြုမည်စိုးသောကြောင့် တိမ်းရှောင် ထွက်ပြေးပြီး တောရ ကျောင်းတစ်ကျောင်းသို့ ရောက်သွားလေ၏။ ထိုကျောင်း၌ ရဟန်းပြု၍ တရားအားထုတ်လျှင် မကြာမီ ရဟန္တာ ဖြစ်သွား လေ၏။ အချိန်ကာလ ကြာမြင့်သောအခါ ထိုရဟန်းသည် အာဠဝီပြည်သို့ ရောက်သွား၏။ ထိုရဟန်းအား မှတ်မိသော လူများက-"သမီးကိုသတ်သော လူယုတ်မာကြီး"ဟူ၍ ကဲ့ရဲ့ ကြသည်။ ထိုအခါ ဗုဒ္ဓက ထိုရဟန်းသည် လူယုတ်မာမဟုတ်၊ သူတော်သူမြတ် စင်စစ်ဖြစ်ကြောင်း မိန့်ကြား၍ အောက်ပါ ဂါထာကို ဟောကြားတော်မူသည်။

"အကြင်ပုဂ္ဂိုလ်သည် ကိုယ်နှုတ်ကို စောင့်စည်းသည် ဖြစ်၍ ပထမအရွယ်၌ ဖြစ်စေ၊ မဇ္ဈိမအရွယ်၌ဖြစ်စေ မကောင်းမှုကို မပြုလုပ်။ အခြားသူတို့၏ ချုပ်ချယ်ခြင်းကို မခံထိုက်သကဲ့သို့ အခြားသူ တစုံတယောက်ကိုလည်း ချုပ်ချယ်ခြင်း မပြု။ ထိုပုဂ္ဂိုလ်ကိုလည်း မုနိဟူ၍ ပညာရှိတို့ကခေါ်ဆိုကြကုန်၏။"

### ကဲ့ရဲ့ ချီးမွမ်း မပြု

သာဝတ္ထိပြည်မှ ပုဏ္ဏားတစ်ယောက်သည် မိမိ စိုက်ပျိုး ရရှိသော ကောက်ပဲသီးနှံတို့ကို မြတ်စွာဘုရားနှင့် တပည့် သံဃာတို့အား ဦးဦးဖျားဖျား လှူဒါန်းပြီးမှသာ စားသုံးလေ့

ရှိ၏။ တနေ့သ၌ ထိုပုဏ္ဏား နံနက်စာစားရန် ပြင်နေစဉ် မိမိ အိမ်ရှေ့သို့ ကြွရောက်လာသော ဗုဒ္ဓမြတ်စွာကို မြင်၍ မိမိစားရန် ပြင်ဆင်ထားသော ထမင်းဟင်းများကို မခြွင်း မချန် ဗုဒ္ဓအား လောင်းလှူလိုက်လေသည်။ ဗုဒ္ဓသည် ဆွမ်းဘုဉ်းပေးပြီးသောအခါ အောက်ပါဂါထာကို ဟောကြားတော်မူသည်။

"သူတပါးတို့ ပေးစာကမ်းစာဖြင့် အသက်မွေးရသော အကြွင်ရဟန်းသည် စားဦးစားဖျားကို ရသည်ဖြစ်စေ၊ စားဆဲဘောဇဉ်ကို ရသည်ဖြစ်စေ၊ စားကြွင်းစားကျန်ကို ရသည်ဖြစ်စေ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းကို မပြု။ ထိုကဲ့သို့သော ရဟန်းကိုလည်း မုနိဟူ၍ ပညာရှိတို့က ခေါ်ဆိုကြကုန်၏။"

## နှောင်ကြိုး ပြတ်သူ

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည်၌ သီတင်းသုံးစဉ် သုံးကြိမ်တိုင် လူထွက်ပြီး စတုတ္ထအကြိမ် ရဟန်းပြုရာတွင်မှ ရဟန္တာဖြစ်သွားသော သဒ္ဓေးသားတစ်ယောက်ကို အကြောင်းပြု၍ အောက်ပါဂါထာကို ဟောကြားတော်မူသည်။

"အကြွင် ရဟန်းသည် နုပျိုစဉ်ဝယ် တစုံတခုသော ကာမအာရုံ၌ ဖွဲ့နှောင်ခြင်းကို မခံပဲ မေထုန်အကျင့်မှရှောင်ကြဉ်လျက် တစ်ပါးတည်း လှည့်လည်၏။ မာန်ယစ်ခြင်းမှ ကင်းလျက် အနှောင်အဖွဲ့မှ လွတ်မြောက်သော ထိုရဟန်းကိုလည်း မုနိဟူ၍ ပညာရှိတို့က ခေါ်ဆိုကြကုန်၏။"

ကူးမြောက်ပြီးသူ

ဗုဒ္ဓမြတ်စွာသည် ခမည်းတော်စံရာ ကပိလဝတ်ပြည်သို့ ပထမအကြိမ် ကြွရောက်တော်မူ၍ သုံးရက်မြောက်သောနေ့၌ ညီတော်နန္ဒမင်းသားအား ရဟန်းပြုပေးလိုက်၏။ နန္ဒသည် နှမတော်ဇနပဒကလျာဏီကို စွဲလမ်းသော စိတ်ဖြင့် ရဟန်းဘဝ၌ မပျော်ပိုက်ပဲ ရှိလေ၏။ ဗုဒ္ဓသည် ညီတော်အား တာဝတိံသာနတ်ပြည်သို့ ခေါ်သွားပြီး လှပသော နတ်သမီးတို့ကို ပြ၍- "ဒီနတ်သမီးတွေကို လိုချင်ယင် တရားအားထုတ်။" ဟု မိန့်ကြားလေ၏။ နန္ဒသည် နတ်သမီးများကို လိုချင်သော စိတ်ဖြင့် တရားအားထုတ်ရာ မကြာမီ ရဟန္တာ ဖြစ်လေ၏။

"နန္ဒသည် နတ်သမီးများကို လိုချင်၍ ရဟန်းပြုသတဲ့။"ဟူ၍ ရဟန်းများက ကဲ့ရဲ့ကြလေရာ ဗုဒ္ဓက ယခုအခါ နန္ဒ၌ ယင်းကဲ့သို့သောကိလေသာ အထုံးအဖွဲ့များ မရှိတော့ကြောင်း သိစေလိုသဖြင့် အောက်ပါဂါထာကို ဟောကြားတော်မူလေသည်။

"အကြင်ပုဂ္ဂိုလ်သည် လောကသုံးပါးကို ပိုင်းခြားသိ၍ မြတ်သော နိဗ္ဗာန်ကိုလည်း သိမြင်ပြီး ဖြစ်၏။ ကာမဂုဏ်ဝဲသြဃဖြင့် ပြွမ်းသော သမုဒ္ဒရာကို ကူးမြောက်၍ ကိလေသာ အထုံးအဖွဲ့များကိုလည်း ဖြတ်တောက်ပြီး ဖြစ်၏။ တဏှာဒိဋ္ဌိ ဟူသော အမှိုအတွယ်ကင်း၍ အာသဝကင်းစင်ပြီးသော ထိုပုဂ္ဂိုလ်ကို မုနိဟူ၍ ပညာရှိတို့က ခေါ်ဆိုကြကုန်၏။"

## ရဟန်းနှင့်လူ

ဗုဒ္ဓလက်ထက်က ရဟန်းတစ်ပါးနေသော တောကျောင်းအနီး၌ မုဆိုးတစ်ယောက်သည် သားသမင်တို့ကို ဖျက်ဆီးသတ်ဖြတ်၍ အသက်မွေး၏။ မုဆိုးသည် တခါတရံ ထိုရဟန်းအားလည်း အသားဟင်းလျာတို့ကို လှူဒါန်း၏။ ထိုအခါ လူတို့က-"ဒီရဟန်းဟာ မုဆိုးနဲ့ပေါင်းပြီး စားနေတယ်။"ဟူ၍ ကဲ့ရဲ့ကြသည်။ ဗုဒ္ဓသည် ထိုရဟန်းမှာ အပြစ်ကင်းစင်သည့် သူတော်သူမြတ် တစ်ပါး ဖြစ်ကြောင်း သိစေလိုသဖြင့် အောက်ပါဂါထာကို ဟောကြားတော်မူလေသည်။

"ရဟန်းနှင့်လူ နှစ်ယောက်သူတို့သည် မတူညီကြကုန်။ ဝေးသောနေရာ၊ ဝေးသော အသက်မွေးမှု ရှိကုန်၏။လူသည် သားမယားကို လုပ်ကျွေး၏။ ရဟန်းသည် မက်မောခြင်းမှကင်း၍ ကောင်းသော အကျင့်နှင့်လည်း ပြည့်စုံ၏။ လူသည် တပါးသော သတ္တဝါတို့ကို သတ်ဖြတ်ခြင်းမှ မစောင့်စည်း။ ရဟန်းကား အမြဲ စောင့်စည်းသည်ဖြစ်၍ သတ္တဝါတို့ကို စောင့်ရှောက်၏။"

## ရဟန်းကို မမီနိုင်

ဗုဒ္ဓမြတ်စွာ ကပိလဝတ်ပြည်၌ သီတင်းသုံးစဉ် သာကီဝင်မင်းမျိုးတို့အတွင်း၌ -"နောက်မှသောတာပန် ဖြစ်သော ရဟန်းသည် မိမိထက် အလျင် သောတာပန်ဖြစ်သော လူအားရှိခိုးရမည်။"ဟူ၍ စကား ဖြစ်ပေါ်နေသဖြင့် ထိုစကားကို ဖြေရှင်းရန် အောက်ပါဂါထာကို ဟောကြားတော်မူသည်။

"စိမ်းညိုသော လည်ပင်းနှင့် ဦးစွန်းရှိသော ဥဒေါင်းငှက်သည် ဟင်္သာ၏လျင်မြန်ခြင်းကို တခါတရံမျှ မမှီနိုင်သကဲ့သို့ ထို့အတူ လူသည် ကိလေသာမှ ကင်းဆိတ်၍ တော၌ ဈာန်ဝင်စားနေသော ရဟန်းမုနိ၏ လျင်မြန်ခြင်းကို အမှီမလိုက်နိုင်ပေ။"

[ ၂။ စူဠဝဂ် ]

# ၁၃။ ရတနသုတ်

## ရတနာသုံးပါး၏ ဂုဏ်တော်များ

### ဝေသာလီ၌ ကပ်ဆိုက်ခြင်း

ဗုဒ္ဓမြတ်စွာ ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးစဉ် ဝေသာလီပြည်၌ မိုးခေါင်၍ ဆန်ရေစပါးရှားပါးမှုကြီး ကြီးကျယ်စွာ ဖြစ်ပေါ်လေ၏။ ငတ်မွတ်ခေါင်းပါးမှုကြောင့် ဆင်းရဲသားများ ရာနှင့်ချီ၍ သေကြေပျက်စီးကြရာ လူသေအလောင်းများကိုပင် နိုင်အောင်စွန့်ပစ် မြှုပ်နှံခြင်း မပြုနိုင်ကြတော့ချေ။ ထိုအခါ လူသေကောင်တို့၏ အပုပ်နံ့များကြောင့် မြေဘုတ်ဘီလူး၊ သားရဲသဘက် စသည့် မကောင်းဆိုးဝါးများလည်း မြို့တွင်းသို့ ဝင်ရောက်လာကြပြီး လူတို့အား အန္တရာယ်ပြုကြလေသည်။ ဤသို့ဖြင့် ရောဂါဝေဒနာ အမျိုးမျိုးများလည်း ဖြစ်ပေါ်၍ တနေ့တခြား အခြေအနေ ဆိုးဝါးလျက်ရှိရာ ထိုအခြေအနေမှ ကယ်တင်ရန် မည်သို့ပြုလုပ်သင့်သည်ကို မြို့သူမြို့သားများ

စည်းဝေးတိုင်ပင်ကြသည်။ ထိုအစည်းအဝေးမှ အများသဘော တူ ဆုံးဖြတ်ချက်အရ ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေသော မြတ်စွာဘုရားကို သွားရောက်ပင့်ဖိတ်ကြသည်။

ဗုဒ္ဓမြတ်စွာသည် ရဟန်းငါးရာနှင့်အတူ ဝေသာလီပြည်သို့ ကြွရောက်လာပြီး မြို့လယ်မဏ္ဍာပ်၌ သီတင်းသုံးတော်မူသည်။ ထို့နောက်ရှင်အာနန္ဒာအား ဤရတနသုတ်ကိုသင်ကြားပေးပြီး မြို့ကို လှည့်ပတ်၍ ရွတ်ဖတ်ရန် ညွှန်ကြားတော်မူသည်။ ရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ သပိတ်တော်ဖြင့် ရေအပြည့် ထည့်၍ ညဥ့်သုံးယံပတ်လုံး မြို့ကိုလှည့်ပတ်ကာ ရတနသုတ်ကို ရွတ်ဖတ်တော်မူသည်။ ယင်းသို့ ရွတ်ဖတ်ယင်း သပိတ်တော်မှ ရေဖြင့်လည်း ပက်ဖြန်းတော်မူရာ ဘီလူးသဘက်များ ထွက်ပြေး၍ ရောဂါဝေဒနာသည်များလည်း ပျောက်ကင်း ချမ်းသာကြလေ သည်။

ဗုဒ္ဓမြတ်စွာသည် ဝေသာလီပြည်၌ ရတနသုတ်နှင့်တကွ သင့်လျော်လျောက်ပတ်သော တရားဒေသနာများကို ဟော ကြား၍ (၇) ရက်မျှ သီတင်းသုံးတော်မူပြီး ရာဇဂြိုဟ်ပြည်သို့ပင် ပြန်ကြွတော်မူလေသည်။ ဤတရနသုတ်ကား ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတို့ကို ဖော် ညွှန်းထားခြင်းဖြစ်ပြီး ဘေးအန္တရာယ်အမျိုးမျိုးတို့အား ကာ ကွယ်ရေးအတွက် ဗုဒ္ဓဘာသာဝင်များ အစဉ်အလာ ယုံကြည် အားကိုးအပ်သော သုတ်တစ်သုတ် ဖြစ်ပေသည်။ ထို့ကြောင့် ဤသုတ်၏မူရင်းပါဠိကို ဌာန်ကရိုဏ်းကျကျရွတ်ဖတ်တတ်အောင် ကြိုးစားပြီး အောက်ပါ အနက်အဓိပ္ပာယ်ကိုလည်း တစိမ့်စိမ့် ဖတ်ရှုကြည်ညိုကြရန် တိုက်တွန်းလိုက်ရပေသည်။

အနက် အဓိပ္ပာယ်

"ဤအရပ်သို့ စုဝေးလာရောက်ကြသည့် ဘုမ္မစိုးနတ်၊ အာကာသစိုးနတ် အားလုံးတို့သည် ဝမ်းမြောက် နှစ်သက်ကြကုန်လော့။ ငါ ဟောကြားအပ်သော တရားကို ရိုသေစွာ နာယူ မှတ်သားကြကုန်လော့။ သင်တို့အား နေ့ရောညပါ ပူဇော်ပသခြင်း ပြုကြသော လူတို့အား မမေ့မလျော့ စောင့်ရှောက်ကြကုန်လော့။

"ဤ လူ့ပြည်၌ ဖြစ်စေ၊ နဂါးပြည်၊ ဂဠုန်ပြည်၊ နတ်ပြည်တို့၌ဖြစ်စေ ရှိသော ရတနာဟူသမျှတို့တွင် ဘုရားတည်းဟူသော ရတနာနှင့်တူသော ရတနာသည် မရှိ။ ဘုရားရတနာသည် အမြတ်ဆုံး ဖြစ်၏။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေ။

"တည်ကြည်သောစိတ် ရှိတော်မူသည့် သာကီနွယ်ဖွား မြတ်စွာဘုရားသည် သိမြင်ဆိုက်ရောက်အပ်သော ကိလေသာ ကုန်ခန်း၍ ရာဂ ကင်းရာဖြစ်သည့် အမြိုက်နိဗ္ဗာန်နှင့်တူသော ရတနာသည်လည်း မရှိ။ ဤသစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေ။

"စင်ကြယ်၍ အခြားမဲ့၌ အကျိုးပေးနိုင်သော အကြင်သမာဓိကို မြတ်စွာဘုရားသည် ချီးကျူးတော်မူ၏။ ထိုသမာဓိနှင့်တူသော ရတနာသည်လည်း မရှိ။ ဤသစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေ။

"အစုံအားဖြင့် လေးစုံဖြစ်၍ ရှစ်ယောက်သော အကြင် မြတ်စွာဘုရား၏ တပည့်သာဝကတို့ကို သူတော်ကောင်းတို့ ချီးမွမ်းအပ်ကုန်၏။ မြတ်သောအလှူကို ခံထိုက်သော ပုဂ္ဂိုလ် များဖြစ်၍ ယင်းတို့အား လှူဒါန်းခြင်းသည် အကျိုးကြီးမား၏။ ဤမြတ်စွာဘုရား၏ တပည့် သံဃာသည်လည်း အမြတ်ဆုံး ရတနာတစ်ပါး ဖြစ်၏။ ဤသစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေ။

"အကြင်ရဟန်း သံဃာတို့သည် ဂေါတမ မြတ်စွာဘုရား၏ သာသနာ၌ ခိုင်မြဲသောစိတ်ဖြင့် ကောင်းစွာ အားထုတ်ကြ ကုန်၏။ ကာမဂုဏ်မှ လွတ်မြောက်ရန် ကြိုးစားကြကုန်၏။ ရသင့်ရထိုက်သော တရားကို ရရှိပြီး သေခြင်းကင်းသော အမြိုက် နိဗ္ဗာန်ကို အာရုံပြုကာ ငြိမ်းအေးခြင်းကို ခံစားနေကြကုန်၏။ ဤသံဃာတော် အပေါင်းသည်လည်း အမြတ်ဆုံး ရတနာ တစ်ပါး ဖြစ်၏။ ဤသစ္စာစကားကြောင့် သတ္တဝါများ ချမ်း သာကြပါစေ။

"အရိယသစ္စာတို့ကို ဉာဏ်ဖြင့်သက်ဝင်၍ သိမြင်သော ပုဂ္ဂိုလ်သည် အရပ် လေးမျက်နှာမှ တိုက်ခတ်သောလေကြောင့် မတုန်လှုပ်သော မြေစိုက်တံခါးတိုင်နှင့် တူ၏။ ဤသို့သော အရိယာသံဃာသည်လည်း အမြတ်ဆုံး ရတနာတစ်ပါးဖြစ်၏။ ဤသစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေ။

"အကြင် သောတာပန် ပုဂ္ဂိုလ်တို့သည် နက်နဲသောဉာဏ် ပညာ ရှိသော မြတ်စွာဘုရား ဟောကြားအပ်သော အရိယ သစ္စာတို့ကို ထင်ထင်ရှားရှား သိမြင်ကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် လွန်ကဲစွာ မေ့လျော့နေကြစေကာမူ ရှစ်ခုမြောက်သော ဘဝ

ကို မယူကြကုန်။ ဤသောတာပန် သံဃာသည်လည်း အမြတ်ဆုံး ရတနာတစ်ပါး ဖြစ်၏။ ဤသစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေ။

"အကြင်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဉာဏ်ကို ရသည်နှင့် တပြိုင်နက် အမြင်မှားခြင်း၊ တွေးတောယုံမှားခြင်း၊ မှားသော အလေ့အကျင့်တို့ကို စွဲလမ်းခြင်း ဟူသော တရားသုံးပါးကို ပယ်စွန့်၏။ ကိလေသာ စိုးစဉ်းမျှ ရှိစေကာမူ အပါယ်လေးပါးမှ လွတ်ပြီးဖြစ်၏။ အမိအဘကို သတ်ခြင်းစသော ကံကြီးခြောက်ပါးကို ကျူးလွန်ခြင်းငှာ မထိုက်တော့ချေ။ ထိုပုဂ္ဂိုလ်သည် ကိုယ်၊ နှုတ်၊ စိတ် တစ်ပါးပါးဖြင့် မကောင်းမှုကို ပြုမိစေကာမူ ထို မကောင်းမှုကို ဖုံးကွယ်ခြင်းငှာ မထိုက်တော့ချေ။ ဤသောတာပန် သံဃာသည်လည်း အမြတ်ဆုံး ရတနာတစ်ပါး ဖြစ်၏။ ဤသစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေ။

"အကြင် မြတ်စွာဘုရားသည် နွေဦးရာသီ၌ ပင်လုံးကျွတ်ပွင့်သော သစ်ပင်တို့ဖြင့် တင့်တယ်သော တောအုပ်နှင့်တူသည့် နိဗ္ဗာန်သို့ရောက်ကြောင်း တရားကို ဟောကြားတော်မူ၏။ မြင့်မြတ်သည်ဖြစ်၍ မြင့်မြတ်သော တရားကို သိမြင်ပေးဝေဆောင်ကြဉ်းတော်မူလျက် မြင့်မြတ်သောတရားကို ဟောကြားတော်မူတတ်၏။ ထိုမြတ်စွာဘုရားသည်လည်း အမြတ်ဆုံး ရတနာတစ်ပါး ဖြစ်၏။ ဤသစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေ။

"အကြင်ပုဂ္ဂိုလ်တို့အား ကံဟောင်းကုန်၍ ကံသစ်လည်း မရှိတော့။ နောင်ဘဝ၌ တပ်မက်ခြင်းကင်းသောစိတ် ရှိကုန်

လျက် ပဋိသန္ဓေမျိုးစေ့လည်း ကုန်ပြီး ဖြစ်ကုန်၏။ စည်ပင်ပြန့်ပွားလိုသောဆန္ဒလည်း မရှိတော့ချေ။ ဆီမီး ငြိမ်းသကဲ့သို့ ဘဝဆင်းရဲမှ ငြိမ်းပြီး ဖြစ်ကုန်၏။ ထိုသံဃာတော်အပေါင်းသည်လည်း အမြတ်ဆုံးရတနာတစ်ပါး ဖြစ်၏။ ဤသစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေ။"

## သိကြားမင်း၏ ကန်တော့ခန်း

ဤသို့ ဗုဒ္ဓမြတ်စွာက ရတနာသုံးပါး၏ဂုဏ်တို့ကို ထုတ်ဖော်ဟောကြားတော်မူသောအခါ နတ်ပြဟ္မာ အပေါင်းနှင့်အတူ တရားနာ လာရောက်သော သိကြားမင်းကလည်း ဂါထာသုံးပုဒ်ဖြင့် ရတနာသုံးပါးအား ပူဇော် ကန်တော့လေသည်။

"ဤအရပ်သို့ စုဝေးရောက်ရှိလာကြသော ဘုမ္မစိုးနတ်၊ အာကာသစိုးနတ် အပေါင်းတို့သည် နတ်လူတို့၏ အပူဇော်ကို ခံတော်မူထိုက်သော မြတ်စွာဘုရားအား ရှိခိုးကန်တော့ကြပါသည်။

တရားတော်အား ရှိခိုးကန်တော့ကြပါသည်။
သံဃာတော်အား ရှိခိုးကန်တော့ကြပါသည်။
သတ္တဝါအပေါင်း ချမ်းသာကြပါစေ။"

# ၁၄။ အာမဂန္ဓသုတ်

## ညှိစော်နံသော တရား

### သက်သတ်လွတ်ရသေ့

ဗုဒ္ဓရှင်တော်မြတ် ပွင့်တော်မမူမီအချိန်က ဗာရာဏသီ ပြည်မှ အာမဂန္ဓ အမည်ရှိသော ပုဏ္ဏားသည် တပည့်လုလင် ငါးရာနှင့်အတူ ရသေ့ဝတ်၍ ဟိမဝန္တာတောအတွင်းသို့ သွားရောက် နေထိုင်၏။ သူတို့သည် အမဲသားငါး စားသောက်ခြင်းမှ လုံးဝ ရှောင်ကြဉ်၍ သစ်သီးသစ်ရွက်များကိုသာ နေ့စဉ် စားသောက်နေကြ၏။

ရသေ့တို့သည် ဟိမဝန္တာ၌ အနေကြာသောအခါ ချဉ်၊ ဆားတို့ကို မမှီဝဲရသောကြောင့် အသားအရေ ဖျော့တော့သော ရောဂါ ဖြစ်ပေါ်လာ၏။ ထို့ကြောင့် ချဉ်၊ ဆား မှီဝဲနိုင်ရန် အတွက် လူနေ မြို့၊ ရွာများရှိရာသို့ ခရီးထွက်ခဲ့ကြလေသည်။ သာဝတ္ထိပြည်နယ်အတွင်းရှိ ရွာတစ်ရွာသို့ ရောက်လျှင် ရွာသူ ရွာသားတို့သည် ရသေ့တို့အား မိမိတို့ရွာ၌ သီတင်းသုံးနေထိုင်

ရန် တောင်းပန်လျှောက်ထားကြ၏။ ရသေ့တို့က လက်ခံလျှင် ကျောင်းများ ဆောက်လုပ်လှူဒါန်းပြီး နေ့စဉ်လည်း ဆွမ်းလောင်းလှူနေကြ၏။

ဤသို့ဖြင့် မိုးဥတုလေးလ ကုန်သော်အခါ ရသေ့တို့သည် ကိုယ်ကာယ တောင့်တင်း ကျန်းမာလာသောကြောင့် ရှာသူရှာသားတို့အား ပန်ကြား၍ ဟိမဝန္တာသို့ ပြန်လာကြ၏။ နောက်နှစ် နောက်နှစ်များတွင်လည်း ထိုရွာသို့ပင် လာ၍ မိုးလေးလပတ်လုံး နေထိုင်ကြသဖြင့် ရှာသူရှာသားများနှင့် အထူးပင် ခင်မင်ရင်းနှီးသော အခြေအနေသို့ ဆိုက်ရောက်ခဲ့လေသည်။

ထိုအချိန်တွင် ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည်သို့ ကြွရောက်လာပြီး ရဟန်းငါးရာနှင့်အတူ ဒေသစာရီ ကြွချီတော်မူရာ ထိုရွာသို့ ဆိုက်ရောက်တော်မူလေ၏။ ရွာသူရွာသားတို့သည် ဗုဒ္ဓနှင့်ရဟန်းသံဃာတို့အား အလှူဒါန ကြီးစွာပြုလုပ်၍ တရားနာယူကြ၏။ များစွာသောရွာသူရွာသားတို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို သိမြင်၍ အကျွတ်တရားရရှိသွားကြလေသည်။

ဟိမဝန္တာမှ ရသေ့ငါးရာတို့သည် မိုးဦးကျချိန်တွင် ထိုရွာသို့ ဆိုက်ရောက်လာကြပြန်၏။ သို့သော် ရွာသူရွာသားတို့သည် ရသေ့တို့အား ရှေးကလို လိုက်လိုက်လဲလဲ ကြိုဆိုဆည်းကပ်ခြင်း မပြုကြတော့ချေ။

ဤသို့ မိမိတို့အပေါ် အေးတိအေးစက် ဖြစ်နေသည်ကိုမြင်လျှင် ရသေ့တို့သည် အကျိုးအကြောင်းကို စုံစမ်းမေးမြန်းကြ၏။ ဗုဒ္ဓကဲ့သို့သော ပုဂ္ဂိုလ်ထူးကို ဖူးတွေ့ခဲ့ရပြီး ဖြစ်သောကြောင့် ရသေ့တို့အပေါ်၌ ရှေးကလို ကြည်ညိုခြင်း မရှိတော့ကြောင်း

သိရှိရသောအခါ ရသေ့ဆရာကြီးဖြစ်သော အာဠာရကာလာမက ရှင်သား များကို ဤသို့မေးမြန်းလေသည်။

"အချင်းတို့၊ သင်တို့ ဖူးမြင်လိုက်ရသော ဗုဒ္ဓသည် သားငါး ကို စားသုံးခြင်းပြုပါသလော။"

"စားသုံးခြင်း ပြုပါသည် ရှင်ရသေ့။"

ရှင်သားတို့၏ အဖြေကို ကြားရလျှင် အာဠာရကာလာမသည် မျှော် လင့်ချက်ပျက်ပြားသွားလေ၏။အကြောင်းကား-"အမဲသားငါး စားသုံးသူသည် ဗုဒ္ဓစင်စစ်မဖြစ်နိုင်။"ဟု ယူဆသောကြောင့် ဖြစ် ပေသည်။သို့သော်လည်း "လောက၌ဗုဒ္ဓတစ်ဆူပေါ်ထွန်းလာရန် လွန်စွာခက်ခဲလှပေ၏။ ဗုဒ္ဓစင်စစ် ဟုတ်မဟုတ် ငါကိုယ်တိုင် သွားရောက်စုံစမ်းမည်။" ဟု အကြံပေါ်လာပြန်သောကြောင့် ရသေ့ငါးရာနှင့်အတူ သာဝတ္ထိပြည်သို့ ခရီးထွက်ခဲ့လေသည်။

ရသေ့များ ဆိုက်ရောက်လာချိန်တွင် ဗုဒ္ဓရှင်တော်မြတ်သည် တရားပလ္လင်၌ ပရိသတ်တို့အား တရားဟောပြောနေတော်မူ၏။ ရသေ့တို့သည် ဗုဒ္ဓအား ရှိခိုးဦးချခြင်း မပြုပဲ ပရိတ်သတ်အစွန်း၌ ထိုင်နေကြသည်။ ဗုဒ္ဓကပင်စတင်၍-"ရသေ့တို့၊ အဘယ်အရပ်မှ လာကြသနည်း။ လမ်းခရီး၌ အခက်အခဲမရှိ ချမ်းချမ်းသာသာ လာခဲ့ကြရပါ၏လော။" စသဖြင့် နှုတ်ဆက်စကားမြွက်ကြား တော်မူ၏။

ထိုအခါ အာဠာရကာလာမသည် ဗုဒ္ဓအား-"အရှင်ဂေါတမ၊သင်သည် ညှီစော်နံသောအရာကို စားသုံးပါသလော။"ဟူသောမေးခွန်း ကို စတင်မေးလျှောက်လေ၏။

"အာဠာရကာလာမ၊ ညှီစော်နံသော အရာဟူသည် အဘယ်ကို သင် ဆိုလိုပါသနည်း။"

"အမဲသားငါးကို ဆိုလိုပါသည် ရှင်ဂေါတမ။"

"အာမဂန္ဓငါဘုရားကား အမဲသားငါးကို ညှီစော်နံသော အရာဟု မဆို။ ကိလေသာကာမဂုဏ်တို့ကိုသာ ညှီစော်နံသော အရာဟု ဆိုပေ၏။"

ဗုဒ္ဓသည် ဤသို့မိန့်ကြားတော်မူပြီး ကဿပ ဘုရားရှင်လက်ထက်ကလည်း ဤပြဿနာ ပေါ်ပေါက်ခဲ့ဖူးကြောင်း ဖော်ထုတ်လိုသဖြင့် အတိတ်ကို ဆောင်တော်မူလေသည်။

## ကဿပဘုရားနှင့် သားငါး ပြဿနာ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်အမည်ရှိသော မင်းသည် မင်းပြု၏။ ထိုမင်း၏ပုရောဟိတ်ဆရာဖြစ်သော ဗြဟ္မဒတ္တပုဏ္ဏား၌ ကဿပ အမည်ရှိသော သားတစ်ယောက် မွေးဖွားသောအခါ ထိုသားသည် ကေန်စင်စစ် ဘုရား ဖြစ်လိမ့်မည်ဟူ၍ ဟောကိန်း ထွက်ပေါ်လာလေသည်။

ထိုအခါ ကဿပ၏ ငယ်သူငယ်ချင်းဖြစ်သော တိဿလုလင်သည် ရသေ့ဝတ်၍ ဟိမဝန္တာတော၌ တရားကျင့်နေ၏။ သူသည် အမဲသားငါး စားသုံးခြင်းမှ လုံးဝရှောင်ကြဉ်၍ သစ်သီးသစ်ရွက်များကိုသာ မှီဝဲစားသောက်နေလေသည်။

ကဿပလုလင်သည်လည်း အရွယ်ရောက်သောအခါ တောထွက်၍ တရားကျင့်သဖြင့် ဘုရားအဖြစ်သို့ ရောက်လေ၏။ ထို့နောက် ရဟန်းသံဃာပေါင်း နှစ်သောင်းတို့နှင့်အတူ ဗာရာဏသီပြည် မိဂဒါဝုန်တော၌သီတင်းသုံးနေတော်မူ၏။ ဤသို့ ကဿပလုလင် ဘုရားအဖြစ်သို့ ရောက်ရှိနေကြောင်း သတင်းကို ဟိမ

ဝန္တာတော၌ နေသော တိဿရသေ့ကြားသိလျှင် ဗာရာဏသီ ပြည်သို့ ကြွလာလေ၏။

ကဿပဘုရားရှင်နှင့် တွေ့သောအခါ ရှိခိုးဦးချခြင်းပင် မပြုပဲ- "အရှင်သည် အညှီအဟောက်ကို စားသုံးခြင်း ပြုပါ သလော။" ဟူသော မေးခွန်းကိုသာ အရေးတကြီး မေးမြန်း လေသည်။ ကဿပဘုရားရှင်က- "တိဿ၊ ငါသည် အညှီ အဟောက်ကို စားသုံးခြင်း မပြု။" ဟု ဖြေကြားတော်မူ၏။ ထိုအဖြေကြောင့် တိဿသည် များစွာ ကျေနပ်သွား၏။ သို့သော်လည်း ကဿပဘုရားရှင်သည် ခရီးရောက်မဆိုက် ဖြစ်၍ တိဿရသေ့အား ဆက်လက် တရားဟောကြားခြင်း မပြုချေ။

တိဿရသေ့သည် ခရီးအပန်းဖြေယင်း ရသေ့ဘဝဖြင့်ပင် ဗုဒ္ဓကျောင်းတော်၌ တစ်ညတာ တည်းခို နေထိုင်လေ၏။ နောက်တနေ့ နံနက်တွင် ဗုဒ္ဓသည် ဗာရာဏသီပြည့်ရှင် မင်းကြီး ပို့လွှတ် လှူဒါန်းအပ်သော ဆွမ်းဘောဇဉ်တို့ကို ဘုဉ်းပေး သုံးဆောင်တော်မူ၏။ ယင်းသို့ ဘုဉ်းပေး သုံးဆောင်ရာတွင် သားငါးဟင်းလျာများ ပါဝင်နေသည်ကို မျက်မှောက်ထင်ထင် တွေ့မြင်ရသောကြောင့် တိဿရသေ့သည် လွန်စွာ မကျေမနပ် ဖြစ်သွား၏။ ထို့ကြောင့် ဆွမ်းဘုဉ်းပေးပြီးသောအခါ ကဿပ ဘုရားရှင်အား ဤသို့ မေးလျှောက်လေသည်။

"အရှင်ကဿပ၊ တရားသဖြင့်ရသော အသီးအရွက်၊သစ်မြစ် သစ်ဥတို့ကို စားသုံးနေကြကုန်သော ရသေ့တို့သည် ကာမဂုဏ် ကို ခံစားလိုသည့်အတွက် လွဲမှားသော စကားကို မဆိုကြပါ ကုန်။

"အရှင်ကဿပ၊ ကောင်းစွာ စီရင်ချက်ပြုတ်၍ သူတပါးတို့ လှူဒါန်းအပ်သည့် မှန်မြတ်သော သားငါးဟင်းလျာနှင့် သလေး ထမင်းတို့ကို စားသော သင်သည် အညှီအဟောက်ကို စားသုံး သည် မည်ပါ၏။

"အရှင်ကဿပ၊ အညှီအဟောက်သည် ငါ့အား မအပ်ဟု သင်ဆိုခဲ့သည် မဟုတ်ပါလော။ သို့ပါလျက် ကောင်းစွာ စီရင် ချက်ပြုတ်ထားသည့် ငှက်သားတို့နှင့်တကွ သလေးထမင်းကို သင် စားဘိ၏။ သင်ပြောကြားသည့် အညှီအဟောက် ဟူသည် အဘယ်ကို ဆိုလိုပါသနည်း။"

ညှီစော်နံသော အရာ

ထိုအခါ ကဿပဘုရားရှင်သည် တိဿရသေ့အား ဤသို့ ဖြေဆို မိန့်ကြားတော်မူလေသည်။

"တိဿရသေ့၊ သူ့အသက်ကို သတ်ခြင်း၊ သူတပါးအား ညှဉ်းဆဲနှိပ်စက်ခြင်း၊ သူ့ပစ္စည်းကို ခိုးယူခြင်း၊ မုသားဆိုခြင်း၊ လိမ်လည် လှည့်ဖြားခြင်း၊ အကျိုးမရှိသော ကျမ်းဂန်တို့ကို သင်ယူခြင်း၊ သူ့သားမယားကို ပြစ်မှားခြင်း၊ ဤသည်တို့ ကား ညှီစော်နံသော အရာများ ဖြစ်၏။ သားငါး ဘောဇဉ် သည် ညှီစော်နံသောအရာ မဟုတ်ပေ။

"တိဿရသေ့၊ကာမဂုဏ်တို့၌ မစောင့်စည်းခြင်း၊ မစင်ကြယ် သော အလုပ်ဖြင့် အသက်မွေးခြင်း၊ အယူလွဲမှားခြင်း၊မဖြောင့် မှန်သော ကိုယ်မှု နှုတ်မှု ရှိခြင်း၊ ဤသည်တို့သည်လည်း ညှီစော် နံသောအရာများ ဖြစ်ပေ၏။ သားငါးဘောဇဉ်သည် ညှီစော် နံသောအရာ မဟုတ်ပေ။

"တိဿရသေ့၊ ကြမ်းကြုတ် ရက်စက်ခြင်း၊ ရှေ့တွင် တမျိုး၊ မျက်ကွယ် တမျိုး ပြောခြင်း၊ အဆွေခင်ပွန်းတို့ကို ပြစ်မှားခြင်း၊ သနားကြင်နာမှု ကင်းခြင်း၊ မာနကြီးခြင်း၊ နှမြောတွန့်တိုခြင်း ဤသည်တို့သည်လည်း ညှီစော်နံသောအရာများ ဖြစ်၏။ သားငါးဘောဇဉ်သည် ညှီစော်နံသောအရာ မဟုတ်ပေ။

"တိဿရသေ့၊ အမျက်ဒေါသကြီးခြင်း၊ ဝါကြွားပလွှားရှ် ပြောဆိုခြင်း၊ ဂုံးချောခြင်း၊ တံစိုးစား၍ မမှန်မကန် တရားစီရင်ခြင်း၊ သီလမရှိပဲ သီလရှိယောင် ဆောင်ခြင်း၊ မိဘတို့အပေါ်၌ ရိုင်းရိုင်းစိုင်းစိုင်း ပြောဆို ပြုမူခြင်း၊ ဤသည်တို့သည်လည်း ညှီစော်နံသော အရာများ ဖြစ်၏။ သားငါးဘောဇဉ်သည် ညှီစော်နံသောအရာ မဟုတ်ပေ။"

ဤသို့လျှင်ကဿပဘုရားရှင်သည်တိဿရသေ့အား သားငါးဘောဇဉ်သည် ညှီစော်နံသော အရာမဟုတ်၊ ကိလေသာနှင့်ယှဉ်သော အပြုအမူများသာလျှင် ညှီစော်နံသောအရာ စင်စစ်ဖြစ်ကြောင်းရှင်းလင်းမိန့်ကြားတော်မူသည်။တိဿရသေ့ကား– "သားငါးစားသူသည် စင်ကြယ်မှု မရှိနိုင်၊ သံသရာမှ မလွတ်မြောက်နိုင်။"ဟု အယူရှိသူ ဖြစ်၏။ ထို့ကြောင့် သားငါးစားသုံးခြင်းမှ ရှောင်ကြဉ်ရုံမျှဖြင့် သံသရာ မလွတ်မြောက်နိုင်ကြောင်း ကဿပဘုရားရှင်က ဆက်လက် ဟောကြားတော်မူလေသည်။

"တိဿရသေ့ သားငါးမစားခြင်း၊ အဝတ်မဝတ်ခြင်း၊ ဆံပင်ကိုရိတ်၍ ခေါင်းတုံးဖြင့်နေခြင်း၊ ဆံကျစ်ထားခြင်း၊ မီးပူဇော်ခြင်းတို့သည်သတ္တဝါတို့ကိုမစင်ကြယ်စေနိုင်ကုန်။မိမိကိုယ်ကိုဆင်းရဲပင်ပန်းအောင် ကျင့်ခြင်း၊ ဗေဒင်ကျမ်းများကို သင်ကြား

ရွတ်ဖတ်ခြင်း၊ ယဇ်ပူဇော်ခြင်း စသည့်တို့သည်လည်း သတ္တဝါ တို့ကို မစင်ကြယ်စေနိုင်ကုန်။

"တိဿရသေ့၊ အကြင်သူသည် ဣန္ဒြေကို စောင့်ထိန်း၏၊ အမှန်တရား၌ ရပ်တည်၏။ စိတ်နူးညံ့ခြင်း၊ မှန်ကန်ဖြောင့်မတ် ခြင်းတို့နှင့် ပြည့်စုံ၏။ ကပ်ငြိတွယ်တာခြင်းလည်း မရှိ။ ထိုသူ သည် အာရုံ ၆ ပါးတို့၌ ကိလေသာအညစ်အကြေး လိမ်းကျံ ခြင်း ကင်းသည်ဖြစ်၍ စင်စစ် စင်ကြယ်သူလည်း ဖြစ်ပေ၏။"

ကဿပဘုရားရှင်က ဤသို့ ဟောကြားသောအခါ တိဿ ရသေ့သည် အမှန်တရားကို ကောင်းစွာသိမြင်နားလည်၍ မိမိ အား ရဟန်းပြုပေးရန် ကဿပဘုရားရှင်ကို တောင်းပန် လျှောက်ထား၏။ ဘုရားရှင်ကလည်း—"ချစ်သားရဟန်း၊ လာ လော့။ ဒုက္ခ ကင်းဝေးရန် ငါဘုရားသာသနာ၌ မြတ်သော အကျင့်ကို ကျင့်လှည့်လော့။" ဟူ၍ မိန့်ကြားတော်မူ၏။

ထိုအခါ တိဿသည် ချက်ချင်းပင် ရသေ့အသွင် ပျောက်၍ ရဟန်းအသွင်သို့ ကူးပြောင်းရောက်ရှိသွားလေ၏။ ထို့နောက် မကြာမီပင် မဂ်တရား ဖိုလ်တရားများကို ထိုးထွင်းသိမြင်၍ ကဿပဘုရားရှင်၏ လက်ယာရံအဂ္ဂသာဝကကြီး အဖြစ်သို့ ဆိုက် ရောက်သွားလေသည်။

ဗုဒ္ဓရှင်တော်မြတ်က ဤသို့ အတိတ်ဆောင်၍ ဟောကြား တော်မူလေသော် အာမဂန္ဓအမူးရှိသော ရသေ့ငါးရာတို့သည် အကျွတ်တရားရရှိ၍ ရဟန်းအဖြစ်သို့ ရောက်ရှိသွားကြလေသည်။

# ၁၅။ ဟိရိသုတ်

## အရှက်မရှိသော မိတ်ဆွေ

ဗုဒ္ဓရှင်တော်မြတ် ပွင့်တော်မမူမီ အချိန်က သာဝတ္ထိပြည်၌ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသည့် ဗြာဟ္မဏအနွယ်ဝင် သဋ္ဌေး တစ်ဦး ရှိ၏။ ထိုသဋ္ဌေး၌ သားတစ်ယောက် ထွန်းကား၍ အရွယ်ရောက်စ အချိန်တွင် သဋ္ဌေးနှင့် သဋ္ဌေးကတော် နှစ်ယောက်စလုံး ရုတ်တရက် ကွယ်လွန်သွားကြလေသည်။

တစ်ယောက်တည်းသောသားဖြစ်၍ သဋ္ဌေး၏ ပစ္စည်းဥစ္စာ အားလုံးကို ထိုသဋ္ဌေးသား တစ်ဦးတည်းသာ အမွေဆက်ခံ ရရှိလေသည်။ ထို့ကြောင့် သဋ္ဌေးကြီး၏ ဘဏ္ဍာစိုးသည် ရွှေတိုက်၊ ငွေတိုက်များကို တစ်ခုပြီးတစ်ခု ဖွင့်လှစ်၍–"အရှင့်သား၊ ဤပစ္စည်းများသည် အရှင့်သား၏ ဘခင်ဘက်မှ အမွေဆက်ခံရရှိသော ပစ္စည်းများ ဖြစ်ပါသည်။ ဤပစ္စည်းများကား မိခင်ဘက်မှ အမွေဆက်ခံ ရရှိသောပစ္စည်းများ ဖြစ်ပါသည်။" ဤသို့ စသည်ဖြင့် သဋ္ဌေးသားအား ညွှန်ပြပြောဆို၍ ပစ္စည်းများကို အပ်နှံလေ၏။

ထိုအခါ သင်္ဘေးသားသည် မကုန်နိုင် မခန်းနိုင်အောင် ဖြစ်နေသော ပစ္စည်းပုံကြီးများကိုတွေ့မြင်ရသဖြင့် ဤသို့စဉ်းစား ဆင်ခြင်မိလေသည်။

"ပစ္စည်းဥစ္စာတွေကား တပုံကြီး။ ဒီပစ္စည်းတွေကို စုဆောင်း ခဲ့ကြသူတွေကတော့ တစ်ယောက်မကျန် သေမင်းနိုင်ငံသို့ ပါကုန်ကြပြီ။ ဘာပစ္စည်းမှလည်း ယူမသွားနိုင်ကြရှာ။ ကုသိုလ် ကောင်းမှုမှတပါး တမလွန်သို့ ပါနိုင်သည့် ပစ္စည်း မရှိပါ တကား။"

ယင်းသို့ စဉ်းစား ဆင်ခြင်ပြီးနောက် သင်္ဘေးသားသည် ပစ္စည်းဥစ္စာအားလုံးကို စွန့်ပစ်ထားခဲ့ပြီး တောထွက်၍ ရသေ့ ရဟန်း ပြုရန် ဆုံးဖြတ်လိုက်၏။ ထို့နောက် သူသည် တစ်နေ့ လျှင် အသပြာ တစ်သိန်း အကုန်အကျခံ၍ နေ့စဉ် အလှူကြီး ပေးလေ၏။ သို့သော်လည်း သူ့ပစ္စည်းများကား သိသိသာသာ လျော့နည်းမသွားချေ။

နောက်ဆုံး၌ သင်္ဘေးသားသည် ဘဏ္ဍာတိုက် အားလုံးကို ဖွင့်၍ ရှိသမျှပစ္စည်းများကို အလိုရှိသလောက် ယူကြစေဟု ဆိုကာ မခြွင်းမချန် စွန့်လွှတ်လှူဒါန်းပြီး ဟိမဝန္တာတောသို့ တစ်ယောက်တည်း ထွက်ခဲ့၏။

ဟိမဝန္တာသို့ ရောက်သည့်အခါ ရသေ့အသွင်ကို ယူ၍ သစ်ရွက်မိုး တဲကျောင်းကလေးတစ်ဆောင် ဆောက်လုပ်နေ ထိုင်၏။ သစ်သီးသစ်ရွက်တို့ကိုသာ ရှာဖွေစားသောက်ပြီး တရားဘာဝနာ ပွားများခြင်းဖြင့်သာ အချိန်ကို ကုန်လွန်စေခဲ့ လေသည်။

ထိုအချိန်တွင် ဗုဒ္ဓရှင်တော်မြတ် ပွင့်တော်မူလာ၍ မဇ္ဈိမ ဒေသ၌ တစ်မြို့မှတစ်မြို့ ဒေသစာရီ ကြွချီတော်မူရာမှ သာဝတ္ထိ ပြည်သို့ ဆိုက်ရောက်တော်မူ၏။ သာဝတ္ထိပြည်၊ ဇေတဝန် ကျောင်းတော်၌ ဗုဒ္ဓ သီတင်းသုံးနေစဉ် သာဝတ္ထိပြည်သား တစ်ယောက်သည် အမွေးနံ့သာတို့ကို ရှာဖွေရန်အတွက် ဟိမ ဝန္တာတောသို့ ဝင်ခဲ့လေသည်။

တစ်တောဝင် တစ်တောထွက်ဖြင့် အမွှေးနံ့သာများကို လှည့်လည် ရှာဖွေယင်း ထို သာဝတ္ထိပြည်သားသည် ဗြာဟ္မဏ ရသေ့ နေထိုင်ရာ ကျောင်းသခ်မ်းသို့ ဆိုက်ရောက်သွား၏။ မိမိ၏ မွေးရင်းဇာတိဖြစ်သော သာဝတ္ထိပြည်မှ ခရီးသည်တစ်ဦး ဆိုက်ရောက်လာသည့်အတွက် ရသေ့သည် ဝမ်းမြောက် ဝမ်းသာ ကြိုဆို ဧည့်ခံလေသည်။ ရှေးဦးစွာ အလ္လာပ သလ္လာပ စကားများ ပြောဆိုပြီးနောက် ရသေ့က- "ဒါယကာ၊ သင်တို့ သာဝတ္ထိ ပြည်မှာ ယနေ့ ဘယ်လို အကြောင်းအရာ ထူးထူးဆန်းဆန်းများ ရှိပါသလဲ။" ဟု မေးမြန်းလေသည်။

"အရှင်ရသေ့၊ ကျွန်ုပ်တို့ သာဝတ္ထိပြည်မှာ ယခု လောလော ဆယ် ထူးခြားချက်ကတော့ ဗုဒ္ဓရှင်တော်မြတ် ကြွရောက် သီတင်း သုံးနေခြင်းပင် ဖြစ်ပါတယ်။"

ဤသို့ အစချီ၍ သာဝတ္ထိပြည်တွင် ဗုဒ္ဓရှင်တော်မြတ်နှင့် ရဟန်းသံဃာတို့၏ သက်န်းရောင်ဖြင့် တပြောင်ပြောင် တောက်ပ နေပုံကို ထိုဒါယကာက ရသေ့အားလျှောက်တင်၏။ ရသေ့သည် "ဗုဒ္ဓ" ဟူသော အသံကို ကြားရုံဖြင့်ပင် အလွန်အမင်း ရွှင်လန်း တက်ကြွလျက် သက်န်း ပရိက္ခရာတို့ကို ချက်ချင်း ပြင်ဆင်၍ သာဝတ္ထိပြည်သို့ ရှေးရှုထွက်ခဲ့လေသည်။

သာဝတ္ထိသို့ ရောက်၍ ဗုဒ္ဓနှင့် တွေ့သောအခါ-"ဗုဒ္ဓ စင်စစ် ဖြစ်လျှင် သူတပါး၏ စိတ်အကြံကို သိရမည်။" ဟု ယူဆ၍ မိမိစိတ်တွင် စဉ်းစားကြံဆထားသော ပြဿနာ လေးရပ်ကို နှုတ်မှ မြွက်ဟခြင်း မပြုပဲ စိတ်ဖြင့်သာ မေးလျှောက်လေသည်။

"အရှင်ဂေါတမ၊ အဘယ်ကဲ့သို့သော မိတ်ဆွေကို ပေါင်းသင်းအပ်ပါသနည်း။

"အဘယ်ကဲ့သို့သော မိတ်ဆွေကို မပေါင်းသင်း အပ်ပါသနည်း။

"အဘယ်ကဲ့သို့သော အမှုကို ကြိုးစားအားထုတ် အပ်ပါသနည်း။

"အဘယ်သို့သော အရသာသည် အမြတ်ဆုံး ဖြစ်ပါသနည်း။"

ထိုအခါ ဗုဒ္ဓသည် ရသေ့စိတ်ဖြင့် ကြံဆ၍ မေးလျှောက်သည့်ပြဿနာ လေးရပ်ကို တစ်ခုပြီးတစ်ခု မြွက်ဟ ဖြေကြားတော်မူလေသည်။

"ရသေ့၊ အကြင်သူသည် အရှက်အကြောက် ကင်းမဲ့လျက် ငါသည် သင်၏ မိတ်ဆွေတည်း ဟု နှုတ်မှ ပြောဆိုသော်လည်း မိမိ စွမ်းဆောင်နိုင်သော အမှုကိစ္စတို့ကိုမူ တာဝန်ယူ၍ ဆောင်ရွက်ပေးခြင်း မရှိ၊ ထိုသူကို "ငါ၏ မိတ်ဆွေမဟုတ်" ဟု သိမှတ်ရာ၏။

"အကြင်သူသည် ဤကိစ္စကို ကျွန်ုပ် ဆောင်ရွက်ပေးပါမည်ဟု နှုတ်မှ ချစ်စဖွယ်စကားကို ဝန်ခံ ပြောဆိုသော်လည်း ပြောဆိုသည့်အတိုင်းကား ဆောင်ရွက်ပေးခြင်းမပြု၊ ထိုသူကို မိတ်ဆွေတုဟု မှတ်ယူရာ၏။

"အကြင်သူသည် မိတ်ဆွေတစ်ယောက်က မိမိအား အပြစ်ပြောလာလျှင် ထိုမိတ်ဆွေအား တုန့်ပြန်၍ အပြစ်ဆိုနိုင်ရန် အခွင့်အလမ်းကိုသာ အစဉ်အမြဲ ရှာကြံ စဉ်းစားလေ့ ရှိ၏။ ထိုသူကို မိတ်ဆွေစစ်ဟု မဆိုထိုက်။ သားငယ်သည် ဘခင်၏ ရင်ခွင်၌ စိုးရိမ်ကြောင့်ကြခြင်း ကင်းရှင်းစွာ အိပ်စက်နိုင်သကဲ့သို့ အကြင်သူ၏ ရင်ခွင်၌ စိုးရိမ်ကြောင့်ကြခြင်း ကင်းရှင်းစွာ အိပ်စက်နိုင်၏။ သူတပါးတို့က မည်သို့ပင် ပြောဆိုသွေးခွဲသော်လည်း စိတ်ဝမ်းကွဲပြားခြင်း မရှိ။ ထိုသူသည်သာ မိတ်ဆွေစင်စစ်ဖြစ်ပေ၏။"

[ဤကား–"အဘယ်ကဲ့သို့သော မိတ်ဆွေကို ပေါင်းသင်းအပ်ပါသနည်း။အဘယ်ကဲ့သို့သော မိတ်ဆွေကို မပေါင်းသင်းအပ်ပါသနည်း။" ဟူသော ပြဿနာနှစ်ရပ်၏အဖြေ ဖြစ်၏။]

"ရသေ့၊ ဝမ်းမြောက်ခြင်းကို ပြုတတ်သော အားထုတ်မှုသည် ချမ်းသာခြင်း၏အကြောင်း ဖြစ်၏။ ချီးမွမ်းခြင်းကို ဆောင်ကြဉ်းတတ်သော အားထုတ်မှုသည် ချမ်းသာခြင်း၏ အကြောင်း ဖြစ်၏။ တစုံတခုသော အကျိုးကျေးဇူးကို ခံစားလိုသူသည် ယောကျ်ားတို့၏ အားမာန်ကို ဆောင်လျက် ကြိုးစားအားထုတ်ခြင်း ပြုအပ်ပေသည်။"

[ဤကား–"အဘယ်ကဲ့သို့သော အားထုတ်မှုကို ကြိုးစားအပ်ပါသနည်း။" ဟူသော တတိယပြဿနာ၏အဖြေ ဖြစ်၏။]

"ရသေ့၊ အကြင်သူသည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်လျက် စိတ်ငြိမ်းချမ်းမှု အရသာကို ခံစားနေရ၏။ တရားနှင့်ယှဉ်သည့် နှစ်သက်ဝမ်းမြောက်မှု အရသာကို သောက်သုံးနေရ၏။ ထိုသူ

သည် ကိလေသာတည်းဟူသော ပူပန်ကြောင့်ကြခြင်းမှ လုံး၀ ကင်းရှင်းပေတော့သည်။”

[ဤကား—“အဘယ်သို့သော အရသာသည် အမြတ်ဆုံး ဖြစ်ပါသနည်း။” ဟူသော စတုတ္ထပြဿနာ၏ အဖြေတည်း။]

ဗုဒ္ဓ၏ ဖြေကြားချက်တို့ကို ကြားနာရသည့်အခါ ဗြာဟ္မဏ ရသေ့သည် လွန်စွာနှစ်သက်ကျေနပ်သွား၏။–“ရဟန်းဂေါတမ ကား သူတပါး၏ စိတ်အကြံတို့ကို သိ၏။ မေးလျှောက်သည့် ပြဿနာများကိုလည်း ကောင်းစွာဖြေဆိုနိုင်ပေ၏။ ဗုဒ္ဓစင်စစ် ဖြစ်တန်ရာပေသည်။” ဤသို့ယုံကြည်ယူဆလျက် ဗုဒ္ဓထံ၌ ရဟန်း အဖြစ်ကို ခံယူလိုက်လေသည်။ ထို့နောက်ဗုဒ္ဓညွှန်ကြားဆုံးမသည့် အတိုင်း တရားဘာဝနာကို ပွားများအားထုတ်ရာ မကြာမီ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်လေသည်။

# ၁၆။ မင်္ဂလသုတ်

## မင်္ဂလာတရား သုံးဆယ့်ရှစ်ပါး

ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် သန်းခေါင်ယံအချိန်တွင် အလွန်တင့်တယ်တောက်ပသော အဆင်းအရောင်ရှိသော နတ်တပါးသည် ဗုဒ္ဓထံ ချဉ်းကပ်လာပြီး အောက်ပါအတိုင်း မေးလျှောက်လေ၏။

"အရှင်ဘုရား၊ များစွာသောနတ်လူတို့သည် ချမ်းသာစီးပွားကို လိုလားတောင့်တကြကုန်သည်ဖြစ်၍ မင်္ဂလာတရားများကို ကြံဆရှာဖွေခဲ့ကြပါသည်။ ယင်းသို့ ကြံဆရှာဖွေခဲ့ကြကုန်သော်လည်း ထိုမင်္ဂလာတရားကို ဟောကြားတော်မူပါလော။"

ဤသို့နတ်သားက မေးလျှောက်သောအခါ ဗုဒ္ဓမြတ်စွာသည် ထိုနတ်သားအား ဖြူစင်သောမင်္ဂလာတရား (၃၈) ပါးကို ဟောကြားတော်မူလေသည်။ ထိုမင်္ဂလာတရား (၃၈)ပါးကား အောက်ပါတို့ ဖြစ်ပေသည်။

၁။ သူမိုက်တို့ကို မမှီဝဲခြင်း
၂။ ပညာရှိတို့ကို မှီဝဲဆည်းကပ်ခြင်း
၃။ ပူဇော်ထိုက်သူကို ပူဇော်ခြင်း
၄။ သင့်လျော်လျောက်ပတ်သောအရပ်၌ နေခြင်း
၅။ ရှေးကပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှု ရှိခြင်း
၆။ မိမိကိုယ်ကို ကောင်းစွာဆောက်တည်ခြင်း
၇။ အကြားအမြင် ဗဟုသုတများခြင်း
၈။ အပြစ်မရှိသော အတတ်ပညာများကို တတ်မြောက်ခြင်း
၉။ ဆိုင်ရာစည်းကမ်း ဥပဒေတို့ကို ကောင်းစွာ လိုက်နာကျင့်သုံးခြင်း
၁၀။ ကောင်းသောစကားကို ပြောဆိုခြင်း
၁၁။ မိဘတို့အား လုပ်ကျွေးခြင်း
၁၂။ သားမယားတို့အား ထောက်ပံ့ချီးမြှင့်ခြင်း
၁၃။ အမှုကိစ္စတို့ကို နှောင့်ယှက်ရှုပ်ထွေးခြင်း မရှိအောင်ပြုလုပ်ခြင်း
၁၄။ အလှူပေးခြင်း
၁၅။ တရားကျင့်ခြင်း
၁၆။ ဆွေမျိုးတို့အား ထောက်ပံ့ချီးမြှင့်ခြင်း
၁၇။ အပြစ်ကင်းသော အမှုတို့ကို ပြုလုပ်ခြင်း
၁၈။ မကောင်းမှုမှ ရှောင်ကြဉ်ခြင်း
၁၉။ မကောင်းမှုမှ အထူးရှောင်ကြဉ်ခြင်း
၂၀။ သေအရက် သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း
၂၁။ ကုသိုလ်တရားတို့၌ မမေ့လျော့ခြင်း
၂၂။ ရိုသေထိုက်သူတို့အား ရိုသေခြင်း

၂၃။ မိမိကိုယ်ကို နှိမ့်ချခြင်း
၂၄။ ရောင့်ရဲလွယ်ခြင်း
၂၅။ သူ့ကျေးဇူးကို သိတတ်ခြင်း
၂၆။ အခါအားလျော်စွာ တရားနာခြင်း
၂၇။ သည်းခံခြင်း
၂၈။ သူတော်ကောင်းတို့၏ ဆုံးမစကားကို နာလွယ်ခြင်း
၂၉။ သူတော်သူမြတ်တို့အား ဖူးမြင်ခြင်း
၃၀။ အခါအားလျော်စွာ တရားဆွေးနွေးခြင်း
၃၁။ ခြိုးခြံသောအကျင့် ရှိခြင်း
၃၂။ မြတ်သောအကျင့်ကို ကျင့်သုံးခြင်း
၃၃။ အရိယသစ္စာတို့ကို သိမြင်ခြင်း
၃၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း
၃၅။ လောကဓံတရားနှင့် တွေ့ကြုံလျှင် စိတ်မတုန်လှုပ်ခြင်း
၃၆။ စိုးရိမ်မှု မရှိခြင်း
၃၇။ ကိလေသာမှု ကင်းခြင်း
၃၈။ ဘေးရန် ကင်းငြိမ်းခြင်း

အထက်ပါတရား (၃၈)ပါးတို့ကို လိုက်နာကျင့်ကြံသူသည် ရန်သူဟူသမျှကို အောင်မြင်၍ အရာရာ၌ ကြီးပွားချမ်းသာမှုကို ရရှိနိုင်ကြောင်း၊ ထို့ကြောင့် နတ်လူတို့အတွက် ကောင်းမြတ်သော မင်္ဂလာတရားများ ဖြစ်ကြောင်း ဗုဒ္ဓမြတ်စွာက နိဂုံးချုပ်မိန့်ကြားတော်မူလိုက်လေသည်။

# ၁၇။ သူစိလောမသုတ်

## သူစိလောမဘီလူးအား ဆုံးမခြင်း

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ဂယာရွာ၏ အနီးရှိ သူစိလောမ ဘီလူး၏နေရာ ကျောက်ဖျာ ညောင်စောင်းတွင် သီတင်းသုံးတော်မူ၏။ ထိုအခါ ကြမ်းတမ်းသောအမွေးရှိသည့် ခရလောမဘီလူးနှင့် အပ်ဖျားကဲ့သို့စူးသောအမွေးရှိသည့် သူစိလောမ ဘီလူးတို့သည် ဗုဒ္ဓမြတ်စွာ၏ အနီး၌ခေါက်တုန့်ခေါက်ပြန် သွားနေကြလေသည်။ ထိုသို့သွားနေကြယင်း ခရလောမဘီလူးက- "ဤသူသည် ရဟန်းတည်း။" ဟု ပြောဆိုရာ သူစိလောမ ဘီလူးက- "ရဟန်းစစ်မဟုတ်၊ ရဟန်းတုသာဖြစ်၏။" ဟု ပြောဆိုလေသည်။ ထို့နောက် သူစိလောမဘီလူးသည်- "ရဟန်းစစ်ဖြစ်သည်၊ ရဟန်းတုဖြစ်သည်ကို ကွဲကွဲပြားပြား သိအောင်ငါလုပ်မည်။" ဟု ပြောဆိုပြီး ဗုဒ္ဓ၏ကိုယ်ကို မိမိ၏ကိုယ်ဖြင့် တိုးဝှေ့လေ၏။ ဗုဒ္ဓက မိမိကိုယ်ကို တိမ်းဖယ်လိုက်သောအခါ သူစိလောမက ဤသို့ဆက်၍ပြောလေသည်။

"ရဟန်း၊ သင် ငါ့ကို ကြောက်သလော။"

"အချင်း ဘီလူး၊ သင့်ကို ငါ မကြောက်။ သို့သော်လည်း သင်၏ကိုယ်အတွေ့ကား ကြမ်းတမ်းလှ၏။"

"ရဟန်း၊ သင့်ကို ငါ ပြဿနာမေးအံ့။ မဖြေနိုင်လျှင် သင့်စိတ်ကို ငါ ပျံ့လွင့်စေအံ့။ သင့်နှလုံးသားကိုမူလည်း ဖောက်ခွဲပစ်အံ့။ သို့မဟုတ် ခြေထောက်ကို ကိုင်ပြီး မြစ်တဖက်ကမ်းသို့ ပစ်ချလိုက်အံ့။"

"အချင်းဘီလူး၊ ဤလောက၌ ငါ့စိတ်ကို ပျံ့လွင့်စေနိုင်သူ၊ ငါ့နှလုံးသားကိုဖောက်ခွဲနိုင်သူ၊ ငါ့ခြေကိုကိုင်၍ မြစ်တဖက်ကမ်းသို့ ပစ်ချနိုင်သူ တစုံတယောက်ကိုမျှ ငါမမြင်ပေ။ သို့ပင် ဖြစ်စေကာမူ သင် မေးလိုသည့်ပြဿနာကို မေးပါလော။"

ယင်းသို့ ဗုဒ္ဓမြတ်စွာက ခွင့်ပြုတော်မူလျှင် သူစိလောမသည် ပြဿနာတရပ်ကို မေးလျှောက်လေ၏။ ဗုဒ္ဓကလည်း မဆိုင်းမတွ ရှင်းလင်း ဖြေကြားတော်မူ၏။

"အို ရဟန်း၊ တပ်စွန်းခြင်း၊ စိတ်ဆိုးခြင်းတို့၏ အကြောင်းသည် အဘယ်ပါနည်း။ တရား၌ မမွေ့လျော်ခြင်း၊ ကာမဂုဏ်၌ ပျော်မွေ့ခြင်း၊ ကြက်သီးမွေးညင်းထခြင်းတို့သည် အဘယ်မှ ဖြစ်ပေါ်လာပါကုန်သနည်း။ ကလေးငယ်များသည် ကျီးငှက်ကို ဖမ်း၍ ကြိုးဖြင့်ချည်ကာ လွှတ်ကြသကဲ့သို့ မကောင်းသော အကြံအစည်တို့သည် အဘယ်မှဖြစ်ပေါ်လာပြီး ကုသိုလ်စိတ်ကို လွှတ်ကြပါသနည်း။"

"အချင်းဘီလူး၊ တပ်စွန်းခြင်း၊ စိတ်ဆိုးခြင်းတို့၏ အကြောင်းကား ဤ အတ္တဘော ပင်ဖြစ်၏။ တရား၌ မမွေ့လျော်ခြင်း၊ ကာမဂုဏ်၌ ပျော်မွေ့ခြင်း၊ ကြက်သီးမွေးညင်း ထခြင်းတို့သည်

ဤ အတ္တဘောမှပင် ဖြစ်ပေါ်လာကုန်၏။ ကလေးများသည် ကျီးငှက်ကိုဖမ်း၍ ကြိုးဖြင့်ချည်ကာ လွှတ်ကြသကဲ့သို့ မကောင်းသော အကြံအစည်တို့သည် ဤ အတ္တဘောမှ ဖြစ်ပေါ်လာပြီး ကုသိုလ်စိတ်ကို လွှတ်ကြကုန်၏။

"ပညောင်ပင်၏ မြစ်ပျဉ်းတို့သည် ပင်စည်၌မှီ၍ ဖြစ်ပွားကြကုန်သကဲ့သို့ တဏှာအစေးကြောင့်ဖြစ်သော တပ်စွန်းခြင်း၊ စိတ်ဆိုးခြင်းတို့သည် ဤအတ္တဘော၌ မှီ၍ ဖြစ်ပေါ်ကုန်၏။ တော၌ပေါက်သော မာလောနွယ်သည် သစ်ပင်ကို ရစ်ပတ်နေသကဲ့သို့ အမျိုးမျိုးသော ကိလေသာတို့သည်လည်း ကာမဂုဏ်တို့၌ ငြိတွယ်လျက်သာ တည်ကုန်၏။

"ဤအတ္တဘောလျှင် အကြောင်းရင်းရှိသော တဏှာကို သိမြင်သူတို့သည် ထိုတဏှာကို ပယ်ခွာဖျောက်ဖျက်နိုင်ကုန်၏။ နောက်ထပ် ဘဝသစ်မဖြစ်ရန် ကူးခပ် ကျော်လွန်နိုင်ခဲလှသော ကိလေသာ ရေအလျဉ်ကိုလည်း ကူးခပ်ကျော်လွန်နိုင်ကုန်၏။"

ပြဿနာ၏ အဖြေကို ကြားနာရသောအခါ သူစိလောမဘီလူးနှင့် ခရလောမ ဘီလူးတို့သည် သောတာပတ္တိဖိုလ်၌ တည်သွားကြလေသည်။

# ၁၈။ ဓမ္မစရိယသုတ်

## တရားကို ကျင့်ကြံရေး

### ရွှေငါးကြီးကို အကြောင်းပြု၍

ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် တံငါရွာမှ သူငယ်တစ်စုတို့သည် အလွန်ကြီးမားသည့် ရွှေအဆင်းရှိသော ငါးကြီး တစ်ကောင်ကို ဖမ်းမိကြသဖြင့် ကောသလမင်းကြီးထံ လာရောက် ဆက်သကြသည်။ မင်းကြီးသည် အလွန်ထူးဆန်းသောငါးကြီးကိုမြင်လျှင် အကြောင်းစုံကို မေးလျှောက်လိုသဖြင့် ဗုဒ္ဓမြတ်စွာထံသို့ ဆက်လက် ယူဆောင်သွားလေသည်။ ငါးကြီး ပါးစပ်ဖွင့်လိုက်သည်နှင့် တပြိုင်နက် ဇေတဝန် တစ်ကျောင်းလုံး အပုပ်နံ့ လှိုင်သွားလေသည်။ တစ်ကိုယ်လုံး ရွှေအဆင်းရှိပြီး ပါးစပ်မှ အပုပ်နံ့ ထွက်ခြင်းမှာ ဘယ်အကြောင်းကြောင့်ပါနည်းဟု မင်းကြီးက ဗုဒ္ဓမြတ်စွာ

အား မေးလျှောက်သည်။ ဗုဒ္ဓမြတ်စွာက ဤငါးကြီးသည် ကဿပဘုရားလက်ထက်၌ ပိဋကတ်သုံးပုံဆောင် ရဟန်းတစ်ပါး ဖြစ်ခဲ့ကြောင်း၊ ရဟန်းတို့အား ပိဋကတ်သုံးပုံကို နှစ်ပေါင်း များစွာ ပို့ချခဲ့ပြီး လာဘ်လာဘ အခြေအရံ များပြားသဖြင့် မာန်မာန တက်ကြွကာ တစ်ပါးသော ရဟန်းတို့အား ဆဲဆို ကြိမ်းမောင်းခဲ့ကြောင်း၊ ထို့ကြောင့် ဤဘဝ၌ တစ်ကိုယ်လုံး ရွှေအဆင်းရှိပြီး ပါးစပ်မှ အပုပ်နံ့ထွက်ခြင်း ဖြစ်ကြောင်း ဇာတ်ကြောင်းပြန်၍ ဟောကြားတော်မူသည်။ ထို့နောက် ဗုဒ္ဓမြတ်စွာက ပရိသတ်အလယ်၌ ထိုအကြောင်းများကို ငါးကြီးအား မေးမြန်း၍ ငါးကြီးကလည်း ဟုတ်မှန်ကြောင်း ဖြေကြားပြီး သေဆုံးသွားလေသည်။ ထိုရွှေငါးကြီး၏ အဖြစ်ဆန်းကို ကြားသိရ၍ ထိတ်လန့်တုန်လှုပ်နေသော ပရိသတ်အား အခါအခွင့်နှင့် သင့်လျော်သော ဒေသနာတရားကို ဟောကြားရန်အတွက် ဗုဒ္ဓမြတ်စွာသည် ဤဓမ္မစရိယသုတ်ကို ဟောကြားတော်မူလေသည်။

## အကျင့်သည်သာ မြတ်သောဥစ္စာ

"တရားကျင့်ခြင်း၊ မြတ်သောအကျင့်ကို ကျင့်ခြင်းများကို မြတ်သောဥစ္စာဟု ဆိုကြ၏။ လူ့ဘောင်မှ ထွက်ခွာ၍ ရဟန်းဘဝသို့ ဝင်လာသူ ဖြစ်စေကာမူ နှုတ်ကြမ်းသူ၊ သူတပါးကို ညှဉ်းဆဲခြင်း၌ မွေ့လျော်သူ၊ သားသမင်ကဲ့သို့ အရှက်အကြောက် ကင်းမဲ့သူ ဖြစ်ပါက ထိုရဟန်း၏ အသက်ရှင်ခြင်းသည် ကိလေသာ မှုကို တိုးပွားစေသဖြင့် ယုတ်ညံ့လှပေ၏။

"ခိုက်ရန်ဖြစ်ခြင်း၌ မွေ့လျော်သော ရဟန်းသည် မောဟ ဖုံးလွှမ်းနေသည် ဖြစ်၍ မြတ်စွာဘုရား ဟောကြားသည့် တရားကို သူတော်ကောင်းတို့က ရှင်းလင်းပြောပြသော်လည်း နားမဝင်တော့ချေ။

"ပွားများပြီးသောစိတ် ရှိသူတို့ကို ညှဉ်းဆဲသူသည် ယခုဘဝ၌ စိတ်ကို ညစ်ညူးစေ၍ နောင်ဘဝ၌လည်း ငရဲသို့ ကျရောက်စေတတ်သော အကုသိုလ်လမ်းခရီးကို မသိမြင်ချေ။ ယင်းသို့ မသိမြင်သော ရဟန်းသည် အပါယ်လေးဘုံတွင် တစ်ဘုံမှ တစ်ဘုံသို့ ကူးပြောင်းလျက် တမလွန်ဘဝ၌ ဆင်းရဲခြင်းသို့သာ ရောက်ရလေတော့၏။ ကိလေသာ အညစ်အကြေး လိမ်းကျံနေသော ရဟန်းသည် ကာလကြာမြင့်စွာ မစင်ဖြင့် ပြည့်နေသော တွင်းကဲ့သို့ စင်ကြယ်အောင် ဆေးကြောရန် ခဲယဉ်းလှပေ၏။

"ကာမဂုဏ် ငါးပါးကို မှီနေပြီး ယုတ်မာသော အလို၊ ယုတ်မာသောအကြံ၊ ယုတ်မာသော အလေ့အကျင့်ရှိသော ရဟန်းကို တွေ့မြင်ပါက သင်တို့အားလုံး တညီတညွတ်တည်း ရှောင်ရှားကုန်လော့။ အမှိုက်ကဲ့သို့ မှုတ်လွှင့် နှင်ထုတ်ကြကုန်လော့။ ယောက်ျားပုပ်ကဲ့သို့ ဆွဲထုတ်ကြကုန်လော့။ ရဟန်းမဟုတ်ပဲ ငါ ရဟန်းဟု မှတ်ထင်နေသည့် ယုတ်မာသောအလို၊ ယုတ်မာသော အလေ့အကျင့်ရှိသော ရဟန်းများကို စပါးဖျင်းကဲ့သို့ သံဃာဘောင်မှ မှုတ်လွှင့် ဖယ်ရှားပစ်ကြကုန်လော့။

"စင်ကြယ်သော ရဟန်းတို့သည် စင်ကြယ်သော ရဟန်းတို့နှင့်သာ လေးလေးစားစား ဆက်ဆံ ပေါင်းသင်းကြကုန်လော။ ယင်းသို့ ပြုသည်ရှိသော် အချင်းချင်း ညီညွတ်စွာဖြင့် အသိဉာဏ် ရင့်ကျက်ခြင်းသို့ ရောက်ကာ ဆင်းရဲကုန်ဆုံးခြင်းကို ပြုနိုင်ကြပေလိမ့်မည်။"

# ၁၉။ ဗြာဟ္မဏဓမ္မိကသုတ်

## တရားစောင့်သော ပုဏ္ဏားများ

### ပုဏ္ဏားသဌေးများ တောင်းပန်ခြင်း

ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်၊ ကောသလတိုင်း တဝှန်းလုံးမှ အသက်ကြီးရင့်သော ပုဏ္ဏားသဌေးကြီး များစွာတို့သည် ဗုဒ္ဓမြတ်စွာထံသို့ ရောက်လာကြသည်။ ထိုပုဏ္ဏားကြီးများသည် ဗုဒ္ဓမြတ်စွာအား နှုတ်ဆက်စကား ပြောကြားကြပြီးနောက်–''အရှင်ဂေါတမ၊ ယခုခေတ်ပုဏ္ဏားတို့သည် ရှေးခေတ်ပုဏ္ဏားတို့၏ ကျင့်စဉ်၌ တည်ပါကုန်၏လော။''ဟု မေးလျှောက်ကြသည်။ ဗုဒ္ဓက ယခုခေတ်ပုဏ္ဏားတို့သည် ရှေးခေတ်ပုဏ္ဏားတို့၏ ကျင့်စဉ်၌ မတည်တော့ကြောင်း မိန့်ကြားလျှင် ထိုရှေးခေတ်ပုဏ္ဏားတို့၏ ဗြာဟ္မဏ ကျင့်စဉ်များကို ဟောကြားပါရန် ပုဏ္ဏားတို့က တောင်းပန်ကြသည်။ ယင်းတောင်းပန်ချက်အရ ဗုဒ္ဓမြတ်စွာသည် ဗြာဟ္မဏကျင့်စဉ်တရားကို ဟောကြားတော်မူသည်။

## ရှေးခေတ်ပုဏ္ဏားတို့၏ ကျင့်စဉ်

"ပုဏ္ဏားတို့၊ ရှေးခေတ်ရသေ့တို့သည် ကိုယ်နှုတ်စောင့်စည်း၍ ခြိုးခြံသောအကျင့်နှင့် ပြည့်စုံကုန်၏။ ကာမဂုဏ်ငါးပါးကို စွန့်ပယ်ပြီး မိမိအကျိုးစီးပွားကို ကျင့်ကြံကြကုန်၏။ ကျွဲနွား ဆင်မြင်း ရွှေငွေစပါး စသော ပစ္စည်းဥစ္စာများမရှိ။ ဗေဒင်ရွတ်ဖတ်ခြင်း၊ မေတ္တာပွားခြင်း စသည့် မြတ်သောပစ္စည်းဥစ္စာများကိုသာ စောင့်ရှောက်ထိန်းသိမ်းကြကုန်၏။ လူတို့သည် ပုဏ္ဏားတို့အား လောင်းလှူရန် ဆွမ်းကို မိမိတို့ အိမ်ရှေ့၌ အသင့်ပြင်ဆင်ထားကြ၏။ အဝတ်အစား၊ အိုးအိမ်ပရိဘောဂတို့နှင့် ပြည့်စုံကြွယ်ဝသော တိုင်းသူပြည်သားတို့သည် ပုဏ္ဏားတို့အား ရှိခိုးဦးညွှတ်ကြကုန်၏။ ပုဏ္ဏားတို့သည် တရားကျင့်သူများဖြစ်၍ သတ်ဖြတ်ခြင်း၊ အနိုင်အထက်နှိပ်စက်ခံရခြင်းတို့မှ ကင်းလွတ်ကုန်၏။ ပုဏ္ဏားတို့အား အိမ်တိုင်းက တံခါးဖွင့်ထားကြကုန်၏။

"ရှေးခေတ်ပုဏ္ဏားတို့သည် လေးဆယ့်ရှစ်နှစ်ပတ်လုံး မေထုန်မှ ရှောင်ကြဉ်သော အကျင့်ကို ကျင့်သုံးကြသည်။ ဗေဒင်သုံးပုံဟူသော‌ဝိဇ္ဇာ၊ အကျင့်သီလဟူသော စရဏကို ရှာမှီးကျင့်ကြံကြသည်။ မင်းမျိုး၊ ကုန်သည်မျိုး စသည်တို့ထံ မချဉ်းကပ်ကြ။ မယားကို ဝယ်၍ မယူကြ။ချစ်ခင်မြတ်နိုးမှုဖြင့်သာ ပေါင်းသင်းဆက်ဆံကြသည်။ ဥတုလာပြီးစ အခါမှတပါး မေထုန်အမှုကို မပြုကြကုန်။ မြတ်သော အကျင့်သီလ၊ ဖြောင့်မတ်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ဣန္ဒြေစောင့်စည်းခြင်း၊ ကောင်းသောအကျင့်၌မွေ့လျော်ခြင်း၊ သည်းခံခြင်း စသောတရားများကို ချီးမွမ်းကြ

ကုန်၏။ ခိုင်မြဲသောလုံ့လဝီရိယရှိ၍ ဗြဟ္မာကဲ့သို့ မြင့်မြတ်သော ပုဏ္ဏားကား မေထုန်မှုကို အိပ်မက်၌ပင် မပြုကျင့်ပေ။ ပညာရှိသူ အချို့တို့သည် ထိုဗြဟ္မာနှင့်တူသော ပုဏ္ဏားကို အတုလိုက်၍ ကျင့်ကာ မြတ်သောအကျင့်သီလ၊ သည်းခံခြင်းတို့ကို ချီးမွမ်းကြသည်။ အဝတ်အထည်၊ အိပ်ယာနေရာ၊ ဆန်၊ဆီ၊ထောပတ် စသည်တို့ကို တောင်းခံစုရုံးပြီး ယဇ်ပူဇော်ခြင်းကို ပြုကြသည်။ ယင်းသို့ ယဇ်ပူဇော်သည့် အခါ၌လည်း လူတို့၏ ထမင်းရှင် ဖြစ်သော နွားများကို မသတ်ကြ။

"ရှေးခေတ် ပုဏ္ဏားတို့သည် နူးညံ့သိမ်မွေ့ပြီး ရုပ်အဆင်း၊ အခြေအရံနှင့် ပြည့်စုံကြသည်။ မိမိတို့၏ ကျင့်စဉ်နှင့်အညီ ကိစ္စကြီးငယ်တို့၌ ကြောင့်ကြစိုက်ကြသည်။ ဤသို့ ပုဏ္ဏားများက မိမိတို့ ကျင့်စဉ်နှင့်အညီ ကျင့်သုံးနေထိုင်ကြသဖြင့် သတ္တဝါအပေါင်း ချမ်းသာ ကြီးပွားခဲ့ကြသည်။

"နောက်ကာလ၌ ထိုပုဏ္ဏားတို့သည် ယုတ်ညံ့သေးသိမ်သော ကာမချမ်းသာကို မြင်၍ ကျွဲ၊ နွား၊ ဥစ္စာ၊ အိမ်ယာ၊ မိန်းမတို့နှင့် ပြည့်စုံသော လူ့စည်းစိမ်ကို နှစ်သက်မက်မောကြလေသည်။ လူ့စည်းစိမ်ကို လိုချင်သဖြင့် ဩက္ကာကမင်းကြီးထံ ချဉ်းကပ်၍ ယဇ်ပူဇော်ရန် တိုက်တွန်းကြသည်။ ဩက္ကာက မင်းကြီးသည်-"ယဇ်ပူဇော်လျှင် ဆန်ရေစပါး ပေါများလိမ့်မည်။"ဟူသော ပုဏ္ဏားတို့၏ စကားကို ယုံကြည်၍ ယဇ်ပူဇော်ခြင်းလေးမျိုးကို ပြုလုပ်ပြီး ပုဏ္ဏားတို့အား ပစ္စည်းဥစ္စာများကို ပေးလေသည်။

"ပုဏ္ဏားတို့သည် ကျွဲ၊ နွား၊ ဥစ္စာ၊ အိမ်ယာ၊ မိန်းမတို့ကို ရရှိသောအခါ အလိုရမက် တိုးပွားလာကြပြီး နွားသားကို စားလိုသဖြင့် ဗေဒင်ကျမ်းတို့၌ နွားဖြင့် ယဇ်ပူဇော်ရန် အစီအစဉ်ကို ဖြည့်စွက်ထည့်သွင်း၍ ဩက္ကာက မင်းကြီးအား နွားဖြင့် ယဇ်ပူဇော်ရန် တိုက်တွန်းကြပြန်သည်။ ပုဏ္ဏားတို့၏ တိုက်တွန်းချက်အရ မင်းကြီးသည် ရာပေါင်းများစွာသော နွားများကို သတ်၍ ယဇ်ပူဇော်လေ၏။ မင်းကြီးကိုယ်တိုင် နွားများကို ဓားဖြင့် ခုတ်သတ်၏။ ထိုအခါ နတ်ဗြဟ္မာတို့သည်–"နွားများကို သတ်ခြင်းသည် မတရား။"ဟု ကြွေးကြော် လှည့်လည်ကြလေသည်။ ရှေးအခါက လိုချင်ခြင်း၊ ဆာလောင်မွတ်သိပ်ခြင်း၊ အိုခြင်းဟူသော ရောဂါသုံးမျိုးသာ ရှိခဲ့သော်လည်း နွားများကို သတ်ဖြတ်သည့်အချိန်မှစ၍ ရောဂါ (၉၈)မျိုးတို့ ဖြစ်ပွားလာကြလေသည်။

"ဤသို့ ပုဏ္ဏားများ တရားပျက်လျှင် သူဆင်းရဲမျိုး၊ ကုန်သည်မျိုး၊ မင်းမျိုးတို့သည်လည်း တရားပျက်လာကြသည်။ အမျိုးဇာတ်ကိုမငဲ့တော့ပဲ ကာမဂုဏ်နောက်သို့ လိုက်ပါသွားကြလေတော့သည်။"

ဗုဒ္ဓမြတ်စွာက ဤသို့ ရှေးခေတ် ပုဏ္ဏားတို့၏ တရား ကျင့်စဉ်ကို ဟောကြားတော်မူသောအခါ ကောသလတိုင်းသား ပုဏ္ဏားသဌေးတို့သည် လွန်စွာ နှစ်ခြိုက်ကြသဖြင့် ဗုဒ္ဓမြတ်စွာနှင့် တရား၊ သံဃာတို့အား ရာသက်ပန် ကိုးကွယ်ဆည်းကပ်သူ ဥပါသကာ၏ အဖြစ်ကို ခံယူလိုက်ကြလေသည်။

# ၂၀။ နာဝါသုတ်

## လှေ ဥပမာတရား

**လက်ဦးဆရာကို ပူဇော်ခြင်း**

ဗုဒ္ဓမြတ်စွာ၏လက်ယာရံအဂ္ဂသာဝကကြီးဖြစ်သော ရှင်သာရိပုတ္တရာသည် မိမိအားတရားဦးဟောခဲ့သောရှင်အဿဇိမထေရ်ကို အလွန်ရိုသေမြတ်နိုး၏။ ရှင်အဿဇိနှင့် တစ်ကျောင်းတည်းနေသည့်အခါ ရှင်အဿဇိထံ နေ့စဉ်မပြတ် ဆည်းကပ်၏။ တစ်ကျောင်းစီ နေသည့်အခါတွင်မူ ရှင်အဿဇိ နေထိုင်ရာအရပ်သို့ လက်အုပ်မိုး၍ ရှိခိုးပူဇော်လေ့ရှိ၏၊ ဤသို့ ရှင်သာရိပုတ္တရာက အရပ်မျက်နှာတစ်ခုခုသို့ လှည့်၍ ရှိခိုးသည်ကို အချို့သော ရဟန်းများမြင်လျှင်– "ရှင်သာရိပုတ္တရာသည် ယနေ့တိုင်အောင်ပင် ပုဏ္ဏားတို့၏ အယူကို မစွန့်နိုင်သေးပါတကား။"ဟု၍ ဝေဖန်ပြောဆိုကြသည်။ ထိုစကားကို ဗုဒ္ဓမြတ်စွာ ကြားသိတော်မူလျှင်–"ရဟန်းတို့၊ သာရိပုတ္တရာသည် ပုဏ္ဏားတို့၏ အယူဖြင့် အရပ်မျက်နှာကို ရှိခိုးသည် မဟုတ်၊ မိမိဆရာကို ရှိခိုးခြင်းသာဖြစ်သည်။"ဟု ရှင်းလင်းမိန့်ကြားတော်မူပြီး မိမိအားတရားလမ်းမှန်ကို ဟောကြားညွှန်ပြသည့် ပုဂ္ဂိုလ်တို့အား အမြဲမပြတ်

ရှိခိုးပူဇော်သင့်ကြောင်း သိစေရန် ဤနာ၀ါသုတ်ကို ဟောကြားတော်မူသည်။

"နတ်တို့သည် သိကြားမင်းအား ပူဇော်သကဲ့သို့ မိမိအား တရားထူးကို ဟောကြားညွှန်ပြသည့် ပုဂ္ဂိုလ်အား ပူဇော်သင့်၏။ ယင်းသို့ ပူဇော်ခြင်းခံရသော ဆရာသည် မိမိအား ပူဇော်သော တပည့်အပေါ်၌ နှစ်သက်မြတ်နိုးသောစိတ် ရှိသည်ဖြစ်၍ တရားကို ဟောကြားပြသလေသည်။ ထိုကဲ့သို့သောဆရာကို ဆည်းကပ်၍ ဟောကြား ညွှန်ပြအပ်သော တရားနှင့်အညီ ကျင့်ကြံလျှင် ပညာဗဟုသုတနှင့် ပြည့်စုံသူတစ်ယောက် ဖြစ်လာနိုင်ပေသည်။ ယုတ်ညံ့သိမ်ဖျင်း၍ အကျိုးအကြောင်းကိုလည်း မသိတတ်၊ တပည့်အပေါ်၌လည်း ငြူစူဘက်သည့် မိုက်မဲသော ဆရာကို မှီဝဲဆည်းကပ် သူသည်ကား တရားကို မသိမြင်ပဲ တွေးတောယုံမှားမှု တန်းလန်းဖြင့်သာ သေလွန်ရလေတည်။

"ဥပမာအားဖြင့် ရေစီးသန်သောမြစ်သို့ သက်ဆင်း၍ ရေစုန်အတိုင်း မျောပါနေသူသည် သူတပါးကို မကယ်တင်နိုင်သကဲ့သို့၊ ထို့အတူပင် ပညာဗဟုသုတနှင့် ပြည့်စုံသူတို့ထံမှ နာခံမှတ်သားခြင်းမပြု၊ ကိုယ်တိုင်လည်း တရားကို မသိမြင်၍ ယုံမှားသံသယကို မကျော်လွှားနိုင်သူသည် သူတပါးတို့အား အမှန်တရားကို သိမြင်စေရန် စွမ်းဆောင်နိုင်မည် မဟုတ်ပေ။

"လှေ်တက် ထိုး၀ါးနှင့်ပြည့်စုံ၍ လှေအကြောင်းကိုလည်း ကျွမ်းကျင်လိမ္မာသော သူသည် မြဲမြံခိုင်ခန့်သောလှေကို တက်စီး၍ ထိုလှေဖြင့် အခြားသူတို့ကိုလည်း ပို့ဆောင်ကယ်တင်ပေးနိုင်သကဲ့သို့၊ ထို့အတူပင် တရားကို သိမြင်ပြီးဖြစ်၍ ပညာဗဟု

သူတနှင့် ပြည့်စုံကာ တုန်လှုပ်ခြင်းကင်းသော ပုဂ္ဂိုလ်သည် ကြားနာမှတ်သားရသည့်အတိုင်း ကျင့်ကြံ ဆည်းပူးမှုနှင့် ပြည့်စုံသော အခြားပုဂ္ဂိုလ်တို့အား တရားကို သိမြင်စေနိုင်ပေသည်။

"ထို့ကြောင့် ထိုးထွင်းဉာဏ်ရှိ၍ ပညာဗဟုသုတနှင့် ပြည့်စုံသော သူတော်ကောင်းကို မှီဝဲဆည်းကပ်သင့်၏။ ယင်းသို့ မှီဝဲဆည်းကပ်သူသည် တရားလမ်းမှန် သိမြင်သည့်အတိုင်း ကျင့်ကြံအားထုတ်သဖြင့် ချမ်းသာသုခကို မလွဲမသွေရနိုင်ပေသည်။"

# ၂၁။ ကိံသိလသုတ်

## မင်္ဂိုလ်ရောက်ကြောင်း အကျင့်သီလ

### ရှင်သာရိပုတ္တရာ၏ မေးလျှောက်ချက်

ရာဇဂြိုဟ်ပြည်၊ ဥပတိဿရွာ၌ ရှင်သာရိပုတ္တရာ၏ ငယ်သူငယ်ချင်းဖြစ်သော ပုဏ္ဏားတစ်ယောက်သည် ရှင်သာရိပုတ္တရာထံသို့ လာ၍ ရဟန်းပြုလေသည်။ ရှင်သာရိပုတ္တရာသည် ထိုရဟန်းအား သင့်တင့်လျောက်ပတ်သော ကမ္မဋ္ဌာန်းကို သင်ကြားပြသပေးပြီး တရားအားထုတ်စေသည်။ ထိုရဟန်းကား မထေရ် ညွှန်ကြားပြသသည့်အတိုင်း အားထုတ်သော်လည်း တရားထူးကို မရချေ။ ထိုအခါ ရှင်သာရိပုတ္တရာသည်– "ဤရဟန်းကား ဗုဒ္ဓမြတ်စွာကိုယ်တိုင် ဟောကြားဆုံးမမှသာ တရားထူးရမည့်သူ ဖြစ်မည်။" ဟုယူဆကာ ဗုဒ္ဓထံသို့ ခေါ်ဆောင်သွားသည်။ ဗုဒ္ဓထံသို့ ရောက်သည့်အခါ ထိုရဟန်းကို ရည်ရွယ်လျက်–"အရှင်ဘုရား၊ မည်သို့သော အကျင့်သီလကို စောင့်စည်းဖြည့်ကျင့်၍ မည်သို့သော ကိုယ်နှုတ်မှုတို့ကို ပွားများအားထုတ်သူသည် ဤသာသနာတော်၌ ကောင်းစွာတည်တံ့နိုင်ပါသနည်း။ မြတ်သော အရဟတ္တဖိုလ်သို့ ဆိုက်ရောက်နိုင်ပါသနည်း။" ဟူ၍မေးလျှောက်လေသည်။

## အရဟတ္တဖိုလ်ဆိုက်ရေး အကျင့်

ထိုအခါ ဗုဒ္ဓမြတ်စွာသည်- "သာရိပုတ္တရာကား တရားထူး ရပြီးသူဖြစ်၍ ဤသို့သော အခြေခံ အကျင့်သီလများကို မေး လျှောက်ဖွယ် မရှိ။ မိမိ၏ တပည့်အတွက် ရည်ရွယ်မေးလျှောက် ခြင်းသာဖြစ်သည်။"ဟု ဆင်ခြင်သိရှိတော်မူသဖြင့် ထိုရဟန်းနှင့် သင့်လျော်သော တရားကို ဟောကြားဖြေဆိုတော်မူလေသည်။

"သာရိပုတ္တရာ၊ ဤသာသနာတော်၌ ကောင်းစွာတည်တံ့၍ မြတ်သောအရဟတ္တဖိုလ်သို့ ဆိုက်ရောက်လိုသော ရဟန်းသည် အရွယ်ဂုဏ် စသည်အားဖြင့် မိမိထက် ကြီးမြင့်သူတို့အား ရိုသေ လေးစားအပ်၏။ ပြုစုခြင်း မရှိသင့်။ ရိုသေလေးစားထိုက်သူ တို့ကို အခါအခွင့်သင့်တိုင်း တွေ့ဆုံဖူးမြင်အပ်၏၊ အခါအခွင့် အားလျော်စွာ ထိုပုဂ္ဂိုလ်များ ဟောကြားသည့် တရားစကားကို နာယူမှတ်သားအပ်၏။ မာန်မာနကို ဖယ်ရှားပြီး ရိုသေကျိုးနွံ စွာဖြင့် ရိုသေလေးစားထိုက်သူတို့ထံ အခါအခွင့်သင့်တိုင်း ဆည်း ကပ်အပ်၏။ ထိုသူတို့ ဟောကြားအပ်သော တရားဒေသနာနှင့် အနက်အဓိပ္ပာယ်များကို ဆင်ခြင်အောက်မေ့၍ မြတ်သောအကျင့် သီလကို စောင့်ထိန်းကျင့်ကြံအပ်၏။ တရားသဖြင့် မွေ့လျော်၍ တရား၌တည်သူ၊ တရားအဆုံးအဖြတ်ကို သိသူဖြစ်အောင် ကြိုး စားအားထုတ်အပ်၏။ တရားနှင့် ဆန့်ကျင်သောစကားကို မပြောဆိုပဲ မှန်ကန်ကောင်းမြတ်သော တရားတို့ဖြင့်သာ အချိန် ကုန်လွန်စေအပ်၏။

"ထိုရဟန်းသည် ရယ်မြူးခြင်း၊ အကျိုးမဲ့စကားကို ပြောဆို ခြင်း၊ ငိုကြွေးခြင်း၊ အရာမဟုတ်သည်၌ အမျက်ထွက်ခြင်း၊

လှည့်ပတ်ခြင်း၊ တအံ့တသြ ဖြစ်အောင်ပြုခြင်း၊ တပ်မက်ခြင်း၊ မာန်ထောင်လွှားခြင်း၊ ချုပ်ချယ်ခြင်း၊ ကြမ်းတမ်းခက်ထန်ခြင်း၊ တပ်စွန်းခြင်း၊ ကာမဂုဏ်တို့၌ မိန်းမောခြင်းတို့ကို စွန့်ပယ်၍ တည်ငြိမ်သောစိတ် ရှိသူဖြစ်အောင် ကျင့်ကြံအားထုတ်အပ်၏။

"ကောင်းစွာ ဟောကြားအပ်သော တရားတို့သည် သိမြင်မှု အနှစ်သာရနှင့် ပြည့်စုံကုန်၏။ ယင်းသို့ မှတ်သားသိမြင်အပ်သော တရားတို့သည်လည်း စိတ်တည်ငြိမ်မှု၊ 'သမာဓိ' တည်းဟူသော အနှစ်သာရကို ဖြစ်စေနိုင်ကုန်၏၊ မဆင်မခြင်ပြုလုပ်လေ့ရှိသူ၊ မေ့မေ့လျော့လျော့ နေတတ်သူများသည် ပညာဗဟုသုတ တိုးပွားမည် မဟုတ်။

အရိယာသူမြတ်တို့ ဟောကြားအပ်သော တရား၌ မွေ့လျော်သူတို့သည် ကိုယ်နှုတ်စိတ်သုံးပါးဖြင့် ထူးခြားမြင့်မြတ်သူများဖြစ်၏။ ငြိမ်းအေးသော နိဗ္ဗာန်နှင့် မွေ့လျော်မှု၊စိတ်တည်ငြိမ်မှုတို့၌ တည်ကာ အရဟတ္တဖိုလ်တည်းဟူသော အနှစ်သာရကို ရရှိကြလေသည်။"

ဤသို့ဗုဒ္ဓမြတ်စွာကသီလ၊ သမာဓိ၊ပညာဟူသောအင်္ဂါသုံးရပ်ပါဝင်သည့်ကျင့်စဉ်ကို ဟောကြားတော်မူသောအခါ ရှင်သာရိပုတ္တရာ၏ တပည့်ဖြစ်သော ရဟန်းသည် သောတာပတ္တိဖိုလ်သို့ ချက်ချင်း ဆိုက်ရောက်ပြီး မကြာမီ ရဟန္တာဖြစ်သွားလေသည်။

# ၂၂။ ဥဋ္ဌာနသုတ်

## ထကြွလုံ့လရှိရန် တိုက်တွန်းခြင်း

### ပေါ့ပေါ့တန်တန်နေသော ရဟန်းများ

တရံရောအခါ သာဝတ္ထိပြည်၊ ပုဗ္ဗာရုံကျောင်း၌ နေထိုင်ကြသည့် ရဟန်းငယ် ငါးရာတို့သည် နေ့ခင်း၌ တနေ့လုံး အိပ်နေကြပြီး ညနေချမ်းအချိန်တွင် တနေရာ၌ စုဝေးကာ နံနက်ခင်းက မိမိတို့ ဆွမ်းကောင်း ဟင်းကောင်းများ ရရှိ၍ စားသောက်ခဲ့ရပုံတို့ကို အားကျမခံ ပြောဆိုနေကြလေသည်။ သဋ္ဌေးကတော်ကြီး ဝိသာခါ၏ ပြာသာဒ်ဆောင် အထက်ထပ်၌ သီတင်းသုံး နေတော်မူသော ဗုဒ္ဓမြတ်စွာသည် ဆူညံစွာ ပြောဆိုနေကြသော ထိုရဟန်းတို့၏ အသံကိုကြားလျှင်- "ဤရဟန်းများကား ငါဘုရားနှင့် တကျောင်းတည်းမှာပင် ရဟန်းတရားကို အားမထုတ်ပဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေကြ၏။" ဟု ကြံတော်မူပြီး ရှင်မောဂ္ဂလ္လာန်ကို ခေါ်၍ ထိုရဟန်း ငါးရာတို့ကို ထိတ်လန့်အောင်ပြုရန် မိန့်ကြားတော်မူသည်။

## ရှင်မောဂ္ဂလ္လာန်၏တန်ခိုး

ရှင်မဟာမောဂ္ဂလ္လာန်သည် ချက်ချင်း အာပေါကသိုဏ်းကို ဝင်စားပြီး ဝိသာခါပြာသာဒ်ကိုခြေမဖြင့် တို့ထိကာ သက်သက်ခါအောင်လှုပ်ရှားစေ၏။ ပြာသာဒ်ဆောင်သည် မုန်တိုင်းမိသော လှေကဲ့သို့ အောက်ခြေမှစ၍ ပြင်းထန်စွာ လှုပ်ရှားသွားလေသည်။ ထိုအခါ စုဝေးနေကြသော ရဟန်းငါးရာတို့သည် မိမိတို့ဦးတည်ရာအပေါက်သို့ အလန့်တကြား ထွက်ပြေးကြသည်။ ဗုဒ္ဓမြတ်စွာသည် ကျောင်းပြင်သို့ ဆင်း၍ ထိုရဟန်းတို့အား အဘယ့်ကြောင့် ထွက်ပြေးကြသနည်းဟု မေးတော်မူသည်။ ရဟန်းတို့က ပြာသာဒ်ဆောင် လှုပ်သွား၍ ထွက်ပြေးကြခြင်းဖြစ်ကြောင်း လျှောက်ကြသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နေသော ရဟန်းများကို ထိတ်လန့်စေရန် ရှင်မောဂ္ဂလ္လာန်အား တန်ခိုးဖြင့် လှုပ်စေခြင်းဖြစ်ကြောင်း ဖွင့်ဟမိန့်ကြားတော်မူပြီး ရဟန်းတရားကို မမေ့မလျော့ ကြိုးစားအားထုတ်ကြရန် တိုက်တွန်းလျက် ဤ ဥဒ္ဒါနသုတ်ကို ဟောကြားတော်မူသည်။

## ထကြွလော့၊ ထိုင်ကြလော့

"ရဟန်းတို့၊ သင်တို့သည် ထကြကုန်လော့၊ ထိုင်ကြကုန်လော့။ အိပ်နေ၍ ဘာအကျိုး ရှိအံ့နည်း။ ကိလေသာရောဂါ စွဲကပ်၍ တဏှာရာဂ တည်းဟူသောမြား စူးဝင်နေသောသင်တို့အား အိပ်နေ၍ အကျိုးရှိမည် မဟုတ်။

"ရဟန်းတို့၊ သင်တို့သည် ထကြကုန်လော့၊ ထိုင်ကြကုန်လော့။ ကိလေသာ ငြိမ်းအေးရန် ပြင်းပြင်းထန်ထန် အားထုတ်

ကြကုန်လော့။ သေမင်းသည် သင်တို့ မေ့လျော့နေသည်ကို သိလျှင် မိမိအလိုသို့ လိုက်ပါစေရန်အတွက် တွေဝေမိန်းမော အောင် ပြုလတ္တံ့။ လူနတ်ဗြဟ္မာ သတ္တဝါတို့သည် တပ်မက်မှု တဏှာကို အကြောင်းပြု၍ အာရုံငါးပါးကို လိုလား တောင့်တ နေကြကုန်၏။ ကပ်ငြိတွယ်တာတတ်သော ထိုတဏှာကို ကျော် လွန်အောင် သင်တို့ အားထုတ်ကြကုန်လော့။ အခွင့်အခါ ကောင်းကို လက်မလွတ်ကြစေကုန်လင့်။ အခွင့်အခါကောင်းကို လက်လွတ်သူတို့သည် ငရဲ၌ ကျရောက်ကာ ပူဆွေးသောက ဖြစ်ကြရလိမ့်မည်။

"ရဟန်းတို့၊ မေ့လျော့ခြင်းသည် မြူမှုန် ဖြစ်၏။ မေ့လျော့ ခြင်း နောက်သို့ လိုက်ပါခြင်း (ဝါ) ထပ်တလဲလဲ မေ့လျော့ ခြင်းသည်လည်း မြူမှုန်ပင်ဖြစ်၏။ထို့ကြောင့် မမေ့မလျော့သော သတိနှင့် အသိဉာဏ်ဝိဇ္ဇာတို့ဖြင့် မိမိစိတ်၌ စူးဝင်နေသော တဏှာရာဂမြားကို နုတ်ပစ်ကြကုန်လော့။"

ဤတရားဒေသနာအဆုံး၌ ရဟန်းငါးရာတို့သည် ထိတ်လန့်၍ တရားကို ပွားများဆင်ခြင်ကြရာ မကြာမီ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေသည်။

# ၂၃။ ရာဟုလသုတ်

## ရှင်ရာဟုလာအား ဆုံးမဩဝါဒ ပေးခြင်း

**အကျမ်းဝင်မှု သတိပြု**

ဗုဒ္ဓမြတ်စွာသည် ဘုရားအဖြစ်သို့ ရောက်၍ တစ်နှစ်မြောက်ချိန်တွင် ခမည်းတော် သုဒ္ဓောဒန မင်းကြီး၏ ပင့်လျှောက်ချက်အရ ကပိလဝတ်ပြည်သို့ ကြွရောက်တော်မူသည်။ ကပိလဝတ်ပြည်သို့ရောက်၍ ခုနစ်ရက်မြောက်သောနေ့တွင် ယသောဓရာ မင်းသမီးသည် အသက်ခုနစ်နှစ်မျှသာရှိသေးသော သားတော်လေး ရာဟုလာအား လှပတင့်တယ်စွာ ဝတ်စားဆင်ယင်ပေးပြီး အမွေတောင်းရန် ဗုဒ္ဓထံသို့ စေလွှတ်လိုက်၏။ ဗုဒ္ဓမြတ်စွာသည် ရာဟုလာကလေးအား ကျောင်းတော်အရောက် ခေါ်သွားပြီး ရှင်သာမဏေ ဝတ်ပေးရန် ရှင်သာရိပုတ္တရာ၏ လက်သို့ အပ်နှံလိုက်လေသည်။

အသက်ခုနစ်နှစ် အရွယ်မျှဖြင့် သာမဏေ ဖြစ်လာသော ရှင်ရာဟုလာကလေးသည် ဆရာရင်းဖြစ်သော ရှင်သာရိပုတ္တရာနှင့် တကွ ရဟန်းသံဃာ အပေါင်းအား အလွန်ရိုသေ လေစား၏။ ရဟန်း သံဃာတိုင်းကလည်း ရှင်ရာဟုလာကလေး အပေါ်တွင်

ကြည်ညို ချစ်ခင် အကျွမ်းတဝင် ရှိကြသည်။ ဗုဒ္ဓမြတ်စွာ ကိုယ်တိုင်ကလည်း ရှင်ရာဟုလာကလေးအား လိမ္မာရေးခြား ရှိရန် အမြဲမပြတ် သွန်သင် ဆုံးမတော်မူသည်။ အထူးအားဖြင့် မာန်မာနကြီးသော သာကီဝင်မင်းမျိုး ဖြစ်သည့်ပြင် ဗုဒ္ဓမြတ်စွာ၏ သားတော်အရင်းလည်း ဖြစ်နေသည့်အတွက် မိမိ ခမည်းတော်၏ အရှိန်အဝါကို အကြောင်းပြု၍ မာန်မာန မတက်စေရန် နှိပ်ကွပ် ဆုံးမတော်မူလေ့ ရှိသည်။

"ချစ်သား ရာဟုလာ၊ သင်သည် မိမိနှင့် အမြဲ ဆက်ဆံ ပေါင်းသင်းနေရသဖြင့် အကျွမ်းတဝင်ဖြစ်နေသော ဆရာ သမားကို မထီမဲ့မြင် မပြုလင့်။ လူတို့အား ပညာအလင်း ရောင်ကို ပေးသော ဆရာသမားအား အမြဲမပြတ် ရှိခိုးပူဇော် လေလော့။"

ဤသို့ ဗုဒ္ဓမြတ်စွာက အကျွမ်းဝင်မှုကို အကြောင်းပြု၍ ငယ်ရွယ်သူတို့ဘာဝ ရောင့်တက်မှု မပြုရန် ဆုံးမတော်မူလျှင် ရှင်ရာဟုလာကလည်း မိမိသည် ဗုဒ္ဓ၏ အဆုံးအမအတိုင်း အမြဲ လိုက်နာ ကျင့်သုံးနေပါကြောင်း ပြန်ပြောင်း လျှောက်တင် လေ၏။

"အရှင်ဘုရား၊ တပည့်တော်သည် မိမိနှင့် အမြဲ ဆက်ဆံ ပေါင်းသင်းနေရသဖြင့် အကျွမ်းတဝင် ဖြစ်နေသော ဆရာ သမားကို မထီမဲ့မြင် မပြုပါ။ လူတို့အား ပညာအလင်းရောင် ပေးသော ဆရာသမားကို အမြဲမပြတ် ရှိခိုးပူဇော်လျက် ရှိပါ သည်။"

## နေ့စဉ် ဆုံးမ ဩဝါဒ

ထို့နောက် ဗုဒ္ဓမြတ်စွာသည် ရှင်ရာဟုလာအား ကာမဂုဏ်ငါးပါးကို စွန့်ပယ်ရန်၊ မိတ်ကောင်းဆွေကောင်းကို မှီဝဲဆည်းကပ်ရန်၊ ပစ္စည်းလေးပါးကို မမက်မောရန် စသော အကြောင်းများကို ဆက်လက် သွန်သင် ဆုံးမတော်မူလေသည်။

"ချစ်သား ရာဟုလာ၊ သင်သည် နှစ်သက် မြတ်နိုးဖွယ်ဖြစ်သော ကာမဂုဏ်ကို စွန့်ပယ်ပြီး ယုံကြည်မှုသဒ္ဓါဖြင့် လူ့ဘောင်မှ ထွက်၍ ဆင်းရဲဒုက္ခ ကုန်ဆုံးအောင် အားထုတ်လော့။ အဆွေခင်ပွန်းတို့ကို မှီဝဲဆည်းကပ်လော့။ လူနှင့်ဝေး၍ တိတ်ဆိတ်သော နေရာသို့ ချဉ်းကပ်လော့။ စားသောက်မှု၌ အတိုင်းအရှည်ကို သိပြီး ပစ္စည်းလေးပါး၌ တပ်မက်မှုကို ပယ်လော့။ ဝိနည်းသိက္ခာပုဒ်နှင့် ဣန္ဒြေငါးပါးကို စောင့်စည်းလော့။ မိမိ၏ခန္ဓာကိုယ်၌ ဆင်ခြင်သုံးသပ်မှုပြု၍ သံသရာဝဋ်၌ ငြီးငွေ့မှုကိုအဖန်ဖန်ဖြစ်စေလော့။တပ်မက်စွဲလမ်းမှုကို ဖြစ်စေနိုင်သည့် လှပတင့်တယ်သော နိမိတ်အာရုံ ဟူသမျှကို ရှောင်ရှားလော့။ မတင့်မတယ်စက်ဆုပ်ဖွယ် သဘောကို ထင်မြင်စေရန် စိတ်ကို တည်ငြိမ်အောင် ပွားများလော့။ အာရုံနိမိတ်၌ စွဲယူမှုကင်းအောင် ပွားများလော့။ မိမိစိတ်၌ ကိန်းအောင်းနေသော မာန်မာနကို ပယ်ခလော့။ မာန်မာနကို ပယ်လျှင် အေးငြိမ်းချမ်းသာစွာ နေရလိမ့်မည်။"

ဤသို့လျှင် ဗုဒ္ဓမြတ်စွာသည် ရှင်ရာဟုလာအား မကြာခဏ ဆုံးမသွန်သင်တော်မူလေသည်။

# ၂၄။ နိဂြောဓကပ္ပသုတ်

## လွတ်မြောက်သွားသော အရှင်နိဂြောဓကပ္ပ

### အရှင်ဝင်္ဂီသ၏ မေးလျှောက်ချက်

ဗုဒ္ဓမြတ်စွာ အာဠဝီပြည်၊ အဂ္ဂါဠဝစေတီ၌ သီတင်းသုံးစဉ် နိဂြောဓကပ္ပ မထေရ်သည် အဂ္ဂါဠဝစေတီ၌ ပရိနိဗ္ဗာန်ပြုလေသည်။ ထိုအခါ အရှင်နိဂြောဓကပ္ပမထေရ်၏ တပည့်ဖြစ်သော အရှင်ဝင်္ဂီသအား-"ငါ၏ ဥပဇ္ဈာယ်ဆရာသည် အမှန်ပင် ပရိနိဗ္ဗာန်ပြုလေသလော၊ မပြုလေသလော။"ဟူ၍ ယုံမှားသံသယဖြစ်ပေါ်နေ၏။ ထို့ကြောင့်အရှင်ဝင်္ဂီသသည်ဗုဒ္ဓမြတ်စွာထံသို့ ချဉ်းကပ်၍-"အရှင်ဘုရား၊ တပည့်တော်၏ဆရာ နိဂြောဓ-ကပ္ပမထေရ်သည် ကိလေသာအကြွင်း ရှိသေးသည်ဖြစ်၍ ခန္ဓာချုပ်ငြိမ်းပါသလော၊ သို့တည်းမဟုတ် ကိလေသာမှ လုံးဝလွတ်မြောက်က အချင်းခပ်သိမ်း ဘဝဇာတ် ငြိမ်းသွားပါသလော။"ဟု မေးလျှောက်လေသည်။

**ဗုဒ္ဓမြတ်စွာအဖြေ**

ထိုအခါ ဗုဒ္ဓမြတ်စွာက–"ဝဇ္ဇိသ၊ နိဗ္ဗာနကဗျသည် မိမိ သန္တာန်၌ ကြာမြင့်စွာ ကိန်းအောင်းနေသော တပ်မက်မှု တဏှာကို အကြွင်းမဲ့ ဖြတ်တောက်လိုက်သဖြင့် မွေးခြင်း၊ သေခြင်း၊ အိုခြင်း၊ နာခြင်းတို့မှ လွတ်မြောက်သွားလေပြီ။" ဟု မိန့်ကြား ဖြေဆိုတော်မူသည်။ အရှင်ဝဇ္ဇိသသည် ဗုဒ္ဓ၏ အဖြေကို ကြားရလျှင် အလွန်ကြည်နူး ဝမ်းမြောက်လျက်– "နိဗ္ဗာနကဗျမထေရ်ကား ကျော်လွန်ရန် အလွန်ခက်ခဲသော သေမင်း၏နယ်ပယ်ကို အမှန်တကယ်ပင် ကျော်လွန်သွားလေပြီ တကား။" ဟူ၍ လျှောက်ကြားမြွက်ဆိုလေသည်။

# ၂၅။ သမ္မာပရိဗ္ဗာဇနီယသုတ်

## ကောင်းစွာနေထိုင်ရေး တရားများ

### နတ်ပြဟ္မာတို့၏ အစည်းအဝေးကြီး

ဗုဒ္ဓမြတ်စွာသည် ကပိလဝတ်ပြည်၏အနီး မဟာဝုန်တောကြီး၌ သီတင်းသုံးနေစဉ် သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော ရဟန်း (၂၅၀)၊ ကောလိယမင်းမျိုးမှ ရဟန်းဖြစ်သော (၂၅၀) အားဖြင့် (၅၀၀) သော ရဟန်းတို့သည် ရဟန္တာအဖြစ်သို့ ရောက်သဖြင့် မိမိတို့ တရားထူးရရှိပုံကို လျှောက်ကြားရန်အတွက် ဗုဒ္ဓထံတော်သို့ အသီးသီး ရောက်ရှိလာကြ၏။ ယင်းသို့ ရောက်ရှိလာချိန်မှာ နယုန်လပြည့်နေ့ ညနေချမ်းအချိန်ဖြစ်၏။ အေးချမ်းတိတ်ဆိတ်သော မဟာဝုန်တောကြီး အလယ်၌ သာယာတင့်တယ်သော လပြည့်နေ့ ညချမ်းအချိန်တွင် ရဟန္တာအသစ် ငါးရာဖြင့် ခြံရံအပ်သော ဗုဒ္ဓမြတ်စွာကား ကျက်သရေအပေါင်းဖြင့် ခညောင်း တင့်တယ်လျက် ရှိ၏။ ထိုကဲ့သို့သော အခွင့်အခါကောင်းတွင် ဗုဒ္ဓမြတ်စွာသည် ထူးခြားလေးနက်သော တရားဒေသနာများကို မလွဲမသွေ ဟောကြားတော်မူမည်

ဖြစ်ကြောင်း ယုံကြည် မျှော်လင့်ကြသော စကြဝဠာ တစ်သောင်းမှ နတ်ဗြဟ္မာပေါင်း မြောက်မြားစွာတို့သည် မဟာဝုန်တောသို့ စုဝေးရောက်ရှိလာကြ၏။

## စရိုက်ခြောက်ပါး တရားဒေသနာ

ထိုအခါ ဗုဒ္ဓမြတ်စွာသည် နတ်ဗြဟ္မာများ စုဝေးရောက်ရှိလာကြပုံကို ယင်းတို့၏ အမျိုးအမည်များနှင့်တကွ ဖော်ပြကြေငြာတော်မူ၏။ ထို့နောက် နတ်ဗြဟ္မာပရိသတ်တွင် ရာဂစရိုက်ရှိသူ၊ ဒေါသစရိုက် ရှိသူ စသည်အားဖြင့် ခြောက်မျိုးကွဲပြားလျက် ရှိသည်ကို ဆင်ခြင် သိမြင်တော်မူသဖြင့် စရိုက်ခြောက်ပါးနှင့် ကိုက်ညီသော သုတ် (၆) သုတ်ကိုလည်း အသီးသီး ဟောကြားတော်မူသည်။ ယင်း (၆) သုတ်ကား—

(၁) ပုရာဘေဒသုတ်
(၂) ကလဟဝိဝါဒသုတ်
(၃) စူဠဗြူဟသုတ်
(၄) မဟာဗြူဟသုတ်
(၅) တုဝဋကသုတ်
(၆) သမ္မာပရိဗ္ဗာဇနိယသုတ် တို့ဖြစ်၏။

## ရာဂစရိုက်နှင့် လျော်သောဒေသနာ

အထက်ပါ သုတ် (၆) သုတ်တွင် ဤသမ္မာပရိဗ္ဗာဇနိယသုတ်သည် ရာဂစရိုက် လွန်ကဲသော နတ်ဗြဟ္မာတို့အတွက် အထူးရည်ရွယ် ဟောကြားအပ်သော တရားဒေသနာ ဖြစ်၏။ ဤသုတ်

ကို ဟောကြားရာတွင် ရှေးဦးစွာ မေးခွန်းပုစ္ဆာ တစ်ခုထုတ်၍ ဖြေရှင်းချက် အနေဖြင့် ဟောကြားပါက နတ်ပြဟ္မာတို့ လွယ်ကူစွာ နားလည်သဘောပေါက်နိုင်ဖွယ်ရှိကြောင်း ဆင်ခြင် သိမြင်တော်မူသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် နိမ္မိတ ရုပ်ပွားတော်တစ်ဆူကို ဖန်ဆင်းတော်မူပြီး ယင်းရုပ်ပွားတော်၏ မေးမြန်းချက်ကို ဖြေကြားသည့် အနေဖြင့် ဤသုတ်ကို ဟော ကြားတော်မူခဲ့လေသည်။

**နိမ္မိတဗုဒ္ဓ၏ မေးမြန်းချက်**

"ကြီးမားကျယ်ပြန့်သော ဉာဏ်ပညာနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ တဖက်ကမ်းရောက် ကူးမြောက်တော်မူပြီးလျက် ကိလေသာမီး ငြိမ်းအေးပြီး၍ တည်ငြိမ်သော စိတ်နှလုံးရှိသော မြတ်စွာဘုရားကို ကျွန်ုပ် မေးလျှောက်ပါ၏။ ကာမဂုဏ်တို့ကို ပယ်စွန့်၍ လူ့ဘောင်မှ ထွက်ခွာခဲ့သော ရဟန်းသည် မည်သို့ လျှင် ကောင်းစွာ နေနိုင်ပါသနည်း။"

**ဗုဒ္ဓ၏ ဖြေကြားချက်များ**

"အကြင်ရဟန်းသည် ကောင်းကျိုးရကြောင်းနိမိတ်ကောင်း ဖြစ်သည်ဟု စွဲလမ်းယုံကြည်အပ်သော လောကီမင်္ဂလာများ၊ မိုးကြိုးပစ်ခြင်း၊ လောင်မီးကျခြင်းစသော ဘေးဥပဒ် ဆိုင်ရာ အယူစွဲများ၊ အိပ်မက်နှင့် လက္ခဏာဆိုင်ရာ အယူစွဲများကို ကောင်းစွာ ပယ်အပ်ပြီး ဖြစ်၏။ မင်္ဂလာနှင့်စပ်သော အပြစ် ဒေါသဟူသမျှကို ပယ်ပြီးသော ထိုရဟန်းသည် ဤလောက၌ ကောင်းစွာနေနိုင်၏။

"လူ့လောက ကာမဂုဏ်၊ နတ်လောက ကာမဂုဏ်တို့၌ စွဲမက်ငြိမှုကို ပယ်ဖျောက်၍ သစ္စာလေးပါး အမှန်တရားကို ထိုးထွင်းသိမြင်ပြီး ဘဝသုံးပါးကို ကျော်လွှား လွန်မြောက်နိုင်သော ရဟန်းသည် ဤလောက၌ ကောင်းစွာနေနိုင်၏။

"ကုန်းချောစကားပြောခြင်း၊ အမျက်ထွက်ခြင်း၊ ဝန်တိုခြင်းတို့ကို စွန့်ပယ်၍ ချစ်ခြင်း၊ မုန်းခြင်း ကင်းကွာပြီးသော ရဟန်းသည် ဤလောက၌ ကောင်းစွာနေနိုင်၏၊

"ချစ်ဖွယ်၊ မုန်းဖွယ်တို့ကို စွန့်ပယ်ပြီး တစုံတခုကိုမျှ စွဲလမ်းမှီတွယ်ခြင်း မရှိတော့ပဲ စွဲလမ်းငြိတွယ်စရာ အာရုံတို့မှ လွတ်မြောက်ပြီးသော ရဟန်းသည် ဤလောက၌ ကောင်းမွန်အေးချမ်းစွာ နေနိုင်၏။

"ဆင်းရဲချမ်းသာတို့၏ တည်ရာ ခန္ဓာငါးပါးတို့၌ အနှစ်သာရရှိသည်ဟု မမှတ်ထင်တော့ပဲ လိုချင်စွဲလမ်းမှုကို ပယ်ဖျောက်၍ အမှီအတွယ်ကင်းကာ တရားကို ကိုယ်တိုင်ပင် မြင်ပြီးသော ရဟန်းသည် ဤလောက၌ ကောင်းမွန်အေးချမ်းစွာ နေနိုင်၏။

"ကိုယ်နှုတ်နှလုံး သုံးပါးဖြင့် ဆန့်ကျင်လွဲမှားသော အကျင့်ကို မကျင့်ပဲ အမှန်တရားကို ကောင်းစွာသိမြင်ပြီး ဆင်းရဲငြိမ်းရာ နိဗ္ဗာန်ကိုသာ မျှော်လင့်တောင့်တနေသော ရဟန်းသည် ဤလောက၌ ကောင်မွန်အေးချမ်းစွာ နေနိုင်၏။

"သူတပါးတို့က မိမိအား ရှိခိုးသည့်အတွက် မာနမတက်ကြွ၊ သူတပါးတို့က မိမိအား ဆဲရေးသည့်အတွက်လည်း စိတ်မဆိုး၊ သူတပါးတို့က လှူဒါန်းသော ဆွမ်းဘောဇဉ်ကို ရ၍လည်း

ယစ်မူးခြင်းမရှိသော ရဟန်းသည် ဤလောကဌ် ကောင်းစွာ နေနိုင်၏။

"လိုချင်မှုလောဘနှင့် ဘဝသစ်ဖြစ်ရန် အားထုတ်မှုကိုပယ်ပြီး သူတပါးတို့အား သတ်ဖြတ်နှောင်ဖွဲ့မှုတို့မှ ရှောင်ကြဉ်လျက် ယုံမှားခြင်းကိုကျော်လွန်ကာ ကိလေသာငြောင့် ကင်းပြီးသော ရဟန်းသည် ဤလောကဌ် ကောင်းမွန်အေးချမ်းစွာနေနိုင်၏။

"မိမိနှင့် သင့်တင့်လျောက်ပတ်သော ကျင့်ဝတ်သိက္ခာကို သိမြင်ကျင့်သုံးပြီး တစုံတယောက်သောသူအား ညှင်းပန်းနှိပ်စက်မှုမပြုပဲ မဖောက်မပြန် မှန်ကန်သောတရားကို သိမြင်သော ရဟန်းသည် ဤလောကဌ် ကောင်းမွန်အေးချမ်းစွာ နေနိုင်၏။

"တစုံတခုသောကိလေသာ အနုသယ မရှိတော့ပဲ အကုသိုလ် အရင်းအမြစ်တို့ကိုလည်း နုတ်ပယ်ပြီးဖြစ်၍ လိုချင်တောင့်တမှု ကင်းပြီးသောရဟန်းသည် ဤလောကဌ် ကောင်းမွန်အေးချမ်းစွာ နေနိုင်၏။

"အကြင်ရဟန်းသည် ကိလေသာယိုစီးမှု ကုန်ခန်း၍ မာန်မာနကိုလည်း ပယ်ပြီးဖြစ်၏။ စွဲမက်မှုဖြစ်ပွားရာ လမ်းကြောင်းဟူသမျှကိုလည်း လွန်မြောက်ပြီးဖြစ်၏။ ယဉ်ကျေး၍ကိလေသာ ငြိမ်းအေးပြီး ဖြစ်သဖြင့် တည်တံ့သော စိတ်လည်း ရှိ၏။ ထိုရဟန်းသည် ဤလောကဌ် ကောင်းမွန်အေးချမ်းစွာ နေနိုင်၏။

"အကြင်ရဟန်းသည် ထိုးထွင်းသိမြင်မှု၊ ယုံကြည်မှု၊ အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံ၍ အရိယမဂ်တည်းဟူသော ကိန်းသေတရားကို သိမြင်ပြီး ဖြစ်၏။ အကွဲကွဲအပြားပြားဖြစ်နေသော လူတို့အလယ်၌ ကွဲပြားမှုနောက်သို့ မလိုက်ပါတတ်၊

လိုချင်မှု၊ မုန်းတီးမှုတို့ကိုသည်း စွန့်ပယ်ပြီးဖြစ်၏။ ထိုရဟန်းသည် ဤလောက၌ ကောင်းမွန်အေးချမ်းစွာ နေနိုင်၏။

"အကြင်ရဟန်းသည် စင်ကြယ်သော အရိယမဂ်ဖြင့် ကိလေသာရန်ကို အောင်နိုင်ပြီးဖြစ်၏။ ဝဋ်သုံးပါးနှင့်တကွ ကိလေသာအဖုံးအကွယ် ကင်းပြီးဖြစ်၏။ ဈာန်မဂ်ဖိုလ်တရားတို့၌ နိုင်နင်း၍ တဖက်ကမ်းသို့ ရောက်ပြီး ဖြစ်၏။ တုန်လှုပ်မှုကင်း၍ သခ်ါရချုပ်ရာ နိဗ္ဗာန်ကို သိသောဉာဏ်၌ ကျွမ်းကျင်လိမ္မာ၏။ ထိုရဟန်းသည် ဤလောက၌ ကောင်းမွန်အေးချမ်းစွာ နေနိုင်၏။

"အတိတ်၊ အနာဂတ်တရားတို့၌ ကြံတွေးခြင်းကို လွန်မြောက်၍ အလွန်စင်ကြယ်သော ဉာဏ်ပညာနှင့် ပြည့်စုံပြီး စိတ်ဝိညာဉ်၏ တည်ရာ အာယတန တစ်ဆယ့်နှစ်ပါးတို့မှ လွတ်မြောက်ပြီးသော ရဟန်းသည် ဤလောက၌ ကောင်းမွန်အေးချမ်းစွာ နေနိုင်၏။

"အကြင်ရဟန်းသည် သစ္စာလေးပါးကို ထိုးထွင်းသိမြင်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ကိလေသာ ယိုစီးမှုတို့၏ ကင်းကွာခြင်းကို အထင်အရှား သိမြင်ပြီး ဖြစ်၏။ ဆင်းရဲခြင်း၏ တည်ရာ ကိလေသာတို့၏ ကုန်ခန်းခြင်းကြောင့် ဘယ်အရာ၌မျှ ကပ်ငြိခြင်း မရှိတော့ချေ။ ထိုရဟန်းသည် ဤလောက၌ ကောင်းမွန်အေးချမ်းစွာ နေနိုင်၏။"

## နိမ္မိတ ဗုဒ္ဓက ချီးကျူးခြင်း

ကာမဂုဏ်တို့ကို စွန့်၍ လူ့ဘောင်မှ ထွက်ခဲ့သော ရဟန်းသည် လောက၏ အညစ်အကြေးတို့ဖြင့် လိမ်းကျံကပ်ငြိခြင်း မရှိအောင် မည်သို့ နေထိုင်သင့်ကြောင်း နိမ္မိတဗုဒ္ဓက ရှေးဦးစွာ

မေးခွန်းထုတ်ခဲ့၏။ ထိုမေးခွန်းကို ဗုဒ္ဓမြတ်စွာက နတ်ပြဟ္မာများ နားလည်အောင် ဝေါဟာရပရိယာယ် အသွယ်သွယ်ဖြင့် ကျယ်ဝန်းစွာ ဖြေကြားတော်မူခဲ့၏။ ယင်းဖြေကြားချက်ကို နိမိတ္တ ဗုဒ္ဓက အောက်ပါဂါထာဖြင့် ချီးကျူးထောမနာ ပြုလေရာ သုတ်အဆုံး၌ နတ်ပြဟ္မာပေါင်း မြောက်မြားစွာ အကျွတ်တရား ရရှိကြလေသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်ဘုရား၏ ဖြေကြားချက် အားလုံးသည် ဖြေကြားသည့်အတိုင်းပင် မလွဲမသွေ မှန်လှပါပေ၏။ အကြင်ရဟန်းသည် အရှင်ဘုရား ဟောကြားဖြေဆိုသည့်အတိုင်း ကျင့်သုံး နေထိုင်သဖြင့် ယဉ်ကျေးသိမ်မွေ့ကာ သံယောဇဉ်နှောင်ကြိုး ဟူသမျှကို ကျော်လွန်ပြီး ဖြစ်၏။ ထိုရဟန်းသည် ဤလောက၌ အနှောင့်အယှက် အညစ်အကြေး ကင်းလျက် ကောင်းမွန်အေးချမ်းစွာ နေရပါသည်။"

# ၂၆။ ဓမ္မိကသုတ်

## တရားစောင့်သော ဥပါသကာ

### ရဟန်းနှင့် လူ

ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ဓမ္မိက အမည်ရှိသော ဥပါသကာသည် မိမိ၏ အခြွေအရံဖြစ်သော ဥပါသကာ ငါးရာတို့နှင့်အတူ ဗုဒ္ဓမြတ်စွာထံ လာပြီး ဤသို့ မေးလျှောက်လေသည်။

“အရှင်ဘုရား၊ လူ့ဘောင်မှထွက်၍ ရဟန်းပြုသူနှင့် ရတနာသုံးပါးကို ဆည်းကပ်သော လူတို့တွင် အဘယ်သို့ ပြုကျင့်သော တပည့်သာဝကသည် ကောင်းမြတ်ပါသနည်း။”

### ရဟန်းကျင့်ဝတ်

ဤသို့ ဓမ္မိကဥပါသကာက မေးလျှောက်သော အချိန်တွင် ထိုပရိသတ် အတွင်း၌ ရဟန်းများလည်း ရှိနေကြသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့၏ ကျင့်ဝတ်ကို စတင် ဟောကြားတော်မူလေသည်။

"ရဟန်းတို့၊ ငါသည် သင်တို့အား ကိလေသာ ကင်းကွာရေး အကျင့်ကို ဟောကြားပေအံ့။ အကျိုးစီးပွားကို သိမြင်သော ရဟန်းသည် ရဟန်းတို့နှင့် လျောက်ပတ်သော နေမှုထိုင်မှုကို ပြုအပ်၏။ မွန်းလွဲသောအခါ၌ ဆွမ်း မခံအပ်၊ နံနက်အချိန်၌သာ ဆွမ်းခံအပ်၏။ အချိန်မဲ့ အခါမဲ့တွင် လှည့်လည်သွားလာသော ရဟန်းကို ရာဂ အစရှိသော အညစ်အကြေးများ ကပ်ငြိတတ်ကုန်၏။ ထို့ကြောင့် တရားကို သိမြင်ပြီးသော ပုဂ္ဂိုလ်တို့သည် မွန်းလွဲချိန်၌ ဆွမ်းမခံကြပေ။

"ရဟန်းသည် မိန်းမောဖွယ်ဖြစ်သော အာရုံငါးပါးတို့၌ လိုချင်မက်မောမှုကို ပယ်ဖျောက်၍ သင့်လျော်သော အချိန်၌ ဆွမ်းခံဝင်အပ်၏။ ဆွမ်းရပြီးသည့်အခါ ဆွမ်းခံရွာမှ ပြန်လာပြီး ဆိတ်ငြိမ်ရာ၌ တစ်ပါးတည်းနေ၍ မိမိ၏ အတွင်းသန္တာန်ကို ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ် အပ်၏။ စိတ် တည်ငြိမ်အောင် ထိန်းသိမ်း အပ်၏။ တစ်စုံတစ်ယောက်သောသူနှင့် စကားပြောဆိုကပါကလည်း တရားစကားကိုသာ ပြောဆိုအပ်၏။ ကုန်းချောသော စကား၊ သူတပါးတို့အား စွပ်စွဲပြစ်တင်သော စကားတို့ကို မပြောဆိုသင့်။

"အချို့သူတို့သည် ငြင်းခုံခြင်းကို စစ်တိုက်သကဲ့သို့ လိုလားကြကုန်၏။ ပညာနည်းသော ထိုသူတို့ကို ငါဘုရား မချီးမွမ်းပေ။ အဘယ့်ကြောင့်ဆိုသော် ယင်းသို့ ငြင်းခုံသူများကို အကြောင်းအမျိုးမျိုးကြောင့် ရာဂစသော အညစ်အကြေးများ ကပ်ငြိလာဖွယ်ရှိသောကြောင့် ဖြစ်၏။ ငြင်းခုံသူများသည် မိမိ စိတ်ကို တရားမှ ဝေးစေကြလေသည်။

"ပညာရှိသော ရဟန်းသည် မြတ်စွာဘုရား ဟောကြားသော တရားကို နာယူမှတ်သားပြီး ဆွမ်း၊ သင်္ကန်းစသော ပစ္စည်းလေးပါးကို ဉာဏ်ဖြင့် ဆင်ခြင်၍ မှီဝဲသုံးဆောင်၏။ ဉာဏ်ဖြင့်ဆင်ခြင်၍ မှီဝဲသုံးဆောင်ခြင်းကြောင့် ထိုရဟန်းသည် ကြာရွက်ပေါ်၌ ရေမတင်သကဲ့သို့ ပစ္စည်းလေးပါးတို့၌ ကိလေသာဖြင့် လိမ်းကျံကပ်ငြိခြင်း မရှိတော့ချေ။"

## လူကျင့်ဝတ်

ဗုဒ္ဓမြတ်စွာသည် ဤသို့ရဟန်းကျင့်ဝတ်များကို ဟောကြားပြီးနောက် လူ့ကျင့်ဝတ်များကို ဆက်လက်ဟောကြားတော်မူသည်။

"ဥပါသကာတို့၊ လူ့ကျင့်ဝတ်ကို သင်တို့အား ငါဟောကြားပေအံ့။ ယင်းကျင့်ဝတ်နှင့်အညီ ကျင့်ကြံနေထိုင်သောသူသည် ကောင်းမြတ်သူ ဖြစ်၏။အိုးအိမ်၊သားမယားကို သိမ်းပိုက်နေထိုင်သောလူသည် ရဟန်းကျင့်ဝတ်ကို ပြည့်စုံအောင် ကျင့်ကြံနိုင်မည်မဟုတ်။

"အိုးအိမ်၊သားမယားကိုသိမ်းပိုက်နေထိုင်သောလူသည် သူ့အသက်ကို ကိုယ်တိုင်လည်း မသတ်အပ်။ သူတပါးကိုလည်း သတ်ရန် စေခိုင်းတိုက်တွန်းခြင်း မပြုအပ်။ သူတပါးတို့သတ်သည်ကိုလည်း လိုက်လျောခွင့်ပြုခြင်း မပြုအပ်။ သတ္တဝါအားလုံးတို့အပေါ်၌ တုတ်ဓားလက်နက်ဖြင့် နှိပ်စက်ခြင်းမှ ရှောင်ရှားအပ်၏။

"သူတပါးပစ္စည်းကို ကိုယ်တိုင် ခိုးယူခြင်း၊ သူတပါးတို့အား ခိုးယူစေခြင်းမှ ရှောင်ကြဉ်အပ်၏။ သူတပါးတို့ ခိုးယူသည်ကို လည်း လိုက်လျောခွင့်ပြုခြင်း မပြုအပ်။

"ပညာရှိသောလူသည် မေထုန်မှုကို ရဲရဲညီးသော မီးကျီး တွင်းကဲ့သို့ ရှောင်ကြဉ်အပ်၏။ မေထုန်မှုကို လုံးလုံးမရှောင် ကြဉ်နိုင်ခဲ့သော် သူတပါးသားမယားအားပြစ်မှားခြင်းမှ ရှောင် ကြဉ်ရာ၏။

"အစည်းအဝေး၌ဖြစ်စေ၊ ပရိသတ်အလယ်၌ဖြစ်စေ မဟုတ် မမှန်သော စကားကို ကိုယ်တိုင်လည်း မပြောအပ်၊ သူတပါးကို လည်း မပြောစေအပ်။ သူတပါးတို့ပြောသည်ကို လိုက်လျော ခွင့်ပြုခြင်းလည်း မပြုအပ်၊ မုသားစကားဟူသမျှကို လုံးဝရှောင် ရှားအပ်၏။

"သေအရက်သည် ရူးသွပ်ခြင်းကိုပင် ဖြစ်စေနိုင်ကြောင်း သိမြင်သော ပညာရှိသည် သေရည်သေရက် သောက်စားခြင်းကို ကိုယ်တိုင်လည်းမပြုအပ်၊ သူတပါးတို့ကိုလည်းသောက်ရန်စေခိုင်း တိုက်တွန်းခြင်း မပြုအပ်။ သူတပါးတို့ သောက်စားသည်ကိုခွင့်ပြု လိုက်လျောခြင်းလည်း မပြုအပ်။ လူမိုက်တို့သည် မူးယစ်ခြင်း ကြောင့် သူ့အသက်သတ်ခြင်း စသော မကောင်းမှုတို့ကို ပြုတတ် ကြကုန်၏။ ယခုဘဝ၌ တွေဝေမိန်းမောစေ၍ နောင်ဘဝတွင် လည်း ရူးသွပ်စေတတ်သော သေအရက်ကို သောက်စားခြင်းမှ လုံးဝရှောင်ကြဉ်အပ်၏။

"လပြည့်လကွယ်စသောဥပုသ်နေ့တို့၌ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စသော အမှုတို့မှ ရှောင်ကြဉ်၍ အင်္ဂါရှစ် ပါးနှင့် ပြည့်စုံသောဥပုသ်သီလကို ကျင့်သုံးဆောက်တည်အပ်၏။

ယင်းသို့ ဥပုသ်သီလ ဆောက်တည်ကျင့်သုံးပြီး နောက်နေ့တွင် ရဟန်းသံဃာအား မိမိဘတ်စွမ်းသလောက် ဆွမ်း၊ အဖျော်စသည် ဖြင့် လုပ်ကျွေးပြုစုအပ်၏။ မိဘတို့ကို တရားသဖြင့် လုပ်ကျွေး ပြုစု၍ တရားသောရောင်းဝယ် ကုန်သွယ်မှုကိုလည်း ပြုလုပ် ဆောင်ရွက်အပ်၏။ ဤသို့သော ကျင့်ဝတ်များကို မမေ့မလျော့ ပြုကျင့်သူသည် အရောင်အဝါ တောက်ပသော နတ်တို့၏ ဘုံဌာနသို့ ရောက်ရမည်မှာ မလွဲပေ။”

# ၂၇။ ပဗ္ဗဇ္ဇာသုတ်

## အလောင်းတော်သိဒ္ဓတ္ထ ရဟန်းပြုခဲ့ပုံ

ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ရှင်အာနန္ဒာသည် ဘုရားအလောင်းတော် ဘောထွက်ရဟန်းပြုခဲ့ပုံကို အကျယ်အားဖြင့် ဖော်ပြသည့် ဤပဗ္ဗဇ္ဇာသုတ်ကို ဟောကြားတော်မူခဲ့သည်။

“ငါ့ရှင်တို့၊ ဉာဏ်မျက်စိနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ရဟန်းပြုခဲ့ပုံကို သင်တို့အား ငါ ဟောကြားပေအံ့။ ‘အိမ်ယာထောင်သော လူ့ဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်း၏။ ကိလေသာ မြူမှုန်တို့၏ ကျရောက်ရာ ဖြစ်၏။ ရဟန်းအဖြစ်ကား ကောင်းကင်ပြင်ကဲ့သို့ ကျယ်ပြန့်လွတ်လပ်၏။’ ဤသို့ စဉ်းစားဆင်ခြင် သိမြင်သောကြောင့် ဗုဒ္ဓလောင်းလျာသည် ရဟန်းပြုတော်မူခဲ့၏။ ရဟန်းပြုပြီးသော် မကောင်းသော ကိုယ်အမှု၊ နှုတ်အမှုတို့မှ ရှောင်ကြဉ်၍ စင်ကြယ်သော အသက်မွေးမှုကိုသာ ပြုတော်မူခဲ့၏။

“ယောကျ်ားမြတ်တို့၏ လက္ခဏာနှင့်ပြည့်စုံသော ဗုဒ္ဓလောင်းလျာသည် တောင်ငါးလုံး ကာရံသော မဂဓတိုင်း၊ ရာဇဂြိုဟ်မြို့သို့ ကြွ၍ ဆွမ်းခံတော်မူသည်။ နန်းပြာသာဒ်ပေါ်၌ ရပ်နေသော ဗိမ္ဗိသာရမင်းသည် ယောကျ်ားမြတ်တို့၏ လက္ခဏာနှင့်ပြည့်စုံသော ထိုဗုဒ္ဓလောင်းလျာကို မြင်လျှင် ဤသို့ မိန့်ကြားလေ၏။ ‘အချင်းတို့၊ အလုံးအရပ်နှင့် ပြည့်စုံ၍ ရုပ်အဆင်း တင့်တယ်သော ဤသူကို ရှုကြကုန်လော့။ ဤသူသည် စင်ကြယ်၍ သိမ်မွေ့သော သွားခြင်းနှင့် ပြည့်စုံ၏။ မျက်လွှာချ၍ ရထားထမ်းပိုး တပြန်မျှကိုသာ ကြည့်၏။ အစဉ်သတိ ရှိ၏။ ဇာတ်နိမ့်မှ ရဟန်းပြုသူ ဟုတ်ဟန်မတူ။ ဤသူ ဘယ်အရပ်သို့ သွားသည်ကို မင်းစေတမန်များ လိုက်၍ ကြည့်ကြကုန်လော့။’

“ဗိမ္ဗိသာရမင်း စေလွှတ်လိုက်သော မင်းစေတမန်တို့သည် ဗုဒ္ဓလောင်းလျာ ကြွသွားရာအရပ်သို့ ထက်ချပ်မကွာ လိုက်သွားကြလေသည်။ ဗုဒ္ဓလောင်းလျာသည် ဣန္ဒြေတို့ကို ထိန်းသိမ်းလျက် လက်ခြေတို့ကို စောင့်စည်းကာ သတိသမ္ပဇဉ်နှင့်လည်း မကင်းကွာပဲ အိမ်စဉ်အတိုင်း ဆွမ်းခံတော်မူရာ မကြာမီ သပိတ်ပြည့်သွားလေ၏။ ယင်းသို့ သပိတ်ပြည့်အောင် ဆွမ်းခံပြီးနောက် ဗုဒ္ဓလောင်းလျာဖြစ်သော ရဟန်းမြတ်သည် ရာဇဂြိုဟ်မြို့မှ ထွက်၍ ပဏ္ဍဝတောသို့ ရှေးရှုကြွတော်မူသည်။

“နောက်မှလိုက်သွားကြသော မင်းစေတမန် သုံးယောက်တို့သည် ပဏ္ဍဝတောင်သို့ ချဉ်းကပ်သော ဗုဒ္ဓလောင်းလျာ၏အနီး၌ ထိုင်ကြလေသည်။ ထို့နောက် တစ်ယောက်သောစေတမန်သည် နန်းတော်သို့ပြန်လာပြီး– ‘အရှင်မင်းမြတ်၊ ထိုရဟန်းသည် တောင်စောင်းလိုဏ်ဂူ၌ နေသော ကျား၊ နွားလား၊ ခြင်္သေ့

များကဲ့သို့ ပဏ္ဍုဝတောင်၏ အရှေ့ဖက်၌ ရဲရင့်စွာထိုင်နေပါသည်။’ဟု လျှောက်တင်လေ၏။

“ဗိမ္ဗိသာရမင်းကြီးသည် စေတမန်၏စကားကို ကြားလျှင် ကောင်းမြတ်သော ယာဉ်ရထားဖြင့် ပဏ္ဍုဝတောင်သို့ ဆောလျင်စွာ ထွက်ခဲ့၏။ ယာဉ်ဖြင့်သွားနိုင်သော အရပ်တိုင်အောင် ယာဉ်ဖြင့်သွားပြီး ယာဉ်မှဆင်းသက်ကာ ဘုရားလောင်းထံသို့ ခြေလျင်လျှောက်၍ ချဉ်းကပ်၏။ အနီး၌ထိုင်၍ ဝမ်းမြောက်ဖွယ်ရာ ပျူငှာလောကွတ်စကားများကို ပြောဆိုပြီးနောက် ဗိမ္ဗိသာရမင်းသည် အလောင်းတော်မြတ်အား ဤသို့ လျှောက်ထားလေသည်။

‘အရှင်ဘုရား၊ အရှင်ဘုရားသည် ငယ်ရွယ်နုပျိုပါသေး၏။ ပထမအရွယ်မျှသာ ရှိပါသေး၏။ လုံးရပ်သဏ္ဍာန်နှင့် ပြည့်စုံ၍ အမျိုးမြတ်သော မင်းနှင့် တူပါသည်။ ကျွန်ုပ်သည် အရှင့်အား စစ်သည်ဗိုလ်ပါ အပေါင်းမှူးစ၍ မင်းစည်းစိမ်ကို တဝက် ခွဲ၍ ပေးပါအံ့။ ဆင်၊ မြင်း၊ စစ်သည်အပေါင်းခြံရံလျက် တင့်တယ်စွာ စံစားပါလော့။ အရှင့်၏ အမျိုးဇာတ်ကိုလည်း ပြောကြားပါလော့။’

“ယင်းသို့ ဗိမ္ဗိသာရမင်းက လျှောက်ထားသောအခါ အလောင်းတော်မြတ်သည် ထိုမင်းအား ဤသို့ ပြန်လည်မိန့်ကြားတော်မူသည်။

‘မင်းမြတ်၊ ဟိမဝန္တာတောင် ဘေးတည့်တည့်၌ ကောသလတိုင်းတွင် အပါအဝင်ဖြစ်သော လူနေဇနပုဒ်တစ်ခု ရှိ၏။ ထိုဇနပုဒ်၌ နေထိုင်သူတို့သည် ပစ္စည်းဥစ္စာ လုံ့လဝီရိယနှင့်

ပြည့်စုံသူများ ဖြစ်ကြ၏။ ငါသည် အနွယ်အားဖြင့် နေမျိုးနွယ်၊ ဇာတ်အားဖြင့် သာကီယဇာတ်ဖြစ်သောထိုအမျိုးမှ ရဟန်းပြုခဲ့သူဖြစ်၏။ ငါသည် ကာမဂုဏ်တို့ကို မတောင့်တတော့ပေ။ ငါသည် ကာမဂုဏ်တို့၌အပြစ်မြင်ပြီး ကာမဂုဏ်တို့မှ ထွက်မြောက်ခြင်းကို သာလျှင် ဘေးကင်းရာဟူ၍ရှုမြင်ကာ တရားအားထုတ်တော့အံ့။ ငါ၏စိတ်သည်တရားအားထုတ်မှုသာလျှင်နှစ်သက်ပျော်မွေ့၏။'

# ၂၈။ ပဓာနသုတ်

## အလောင်းတော်သိဒ္ဓတ္ထ တရားအားထုတ်ခဲ့ပုံ

### မာရ်နတ်၏ အဖျက်စကား

ဘုရားအလောင်းတော် တောထွက်၍ ရဟန်းပြုခဲ့ပုံကို ရှင်အာနန္ဒာက ရဟန်းတို့အား ဟောကြားကြောင်း ဗုဒ္ဓမြတ်စွာ ကြားသိတော်မူလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် ရဟန်းပြုပြီး နောက် ခြောက်နှစ်ပတ်လုံး ဆင်းရဲပင်ပန်းစွာ တရားအားထုတ် ခဲ့ပုံကို ရဟန်းတို့အား သိစေတော်မူလိုသဖြင့် ဤပဓာနသုတ်ကို ဆက်သက်ဟောကြားတော်မူလေသည်။

“ရဟန်းတို့၊ ငါဘုရားသည် နေရဉ္စရာမြစ်အနီးဝယ် ဝဋ္ဋလေး ပါး၏ ကုန်ရာနိဗ္ဗာန်သို့ ရောက်ရန်အတွက် ကိုယ်နှင့်အသက် မငဲ့ ကွက်ပဲ လွန်စွာ ကြိုးစားအားထုတ်၍ စျာန်ဝင်စားနေခဲ့၏။ ယင်းသို့ နေစဉ် မာရ်နတ်သည် ငါ့ထံ ချဉ်းကပ်၍ သနားကရုဏာ သက်သယောင် စကားကို ပြောကြားလာ၏။

'ရှင်ရဟန်း၊ သင်သည် ကြုံလို၍ ရုပ်အဆင်းပျက်ယွင်း နေပါ၏။သေခြင်းနှင့် နီးကပ်နေပါ၏။အပုံတစ်ထောင်ပုံလျှင် တစ်ပုံမျှသာ အသက်ရှင်ရန် ကျန်ပါတော့၏။ ရှင်ရဟန်း၊ သင်သည် အသက်ရှင်နေရန် အားထုတ်ပါလော့။ အသက်ရှင်နေရခြင်းသည် ကောင်းမြတ်ပါသည်။ အသက်ရှင်နေရလျှင် ကုသိုလ်ကောင်းမှုများကို ပြုခွင့် ရပါလိမ့်မည်။ မြတ်သောအကျင့်ကို ကျင့်၍ မီးပူဇော်လျှင် သင့်မှာ ကုသိုလ်ကောင်းမှုများစွာ တိုးပွားလာလိမ့်မည်။ တရားအားထုတ်ခြင်းဖြင့် ဘာမျှ အကျိုးရှိမည် မဟုတ်ပါ။ တရားအားထုတ်သူတို့ သွားရမည့် ခရီးလမ်းကား အလွန်ပင် ကြမ်းတမ်းခက်ခဲလှပါ၏။'

အသက်ကို မငဲ့

ဗုဒ္ဓလောင်းလျာသည် ယင်းသို့ ပြောဆို၍ မိမိအနီး၌ ရပ်နေသော မာရ်နတ်ကို ဤသို့ ပြန်လည် မိန့်ကြားတော်မူသည်။

"မေ့လျော့ခြင်း၏ အဆွေခင်ပွန်းဖြစ်သော မာရ်နတ်ယုတ်၊ ငါ့ထံသို့ သင်လာခြင်းသည် သင့်အကျိုးအတွက်သာ လာခြင်းဖြစ်၏။ ငါသည် အနည်းငယ်မျှလောက်သော ကုသိုလ်ကောင်းမှုကိုပင် အလိုမရှိ။ ကုသိုလ်ကောင်းမှုဖြင့် အလိုရှိသူများကိုသာ သင်တိုက်တွန်းပြောကြား သင့်၏။

"မာရ်နတ်ယုတ်၊ ငါ့မှာ ယုံကြည်မှု သဒ္ဓါ၊ အားထုတ်မှု ဝီရိယ၊ သိမြင်မှု ပညာများ ရှိ၏။ ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ ဤမျှ ကြိုးစားအားထုတ်နေသော ငါ့အား အသက်ရှင်ရေးကို သင် ဘာကြောင့် တိုက်တွန်း ပြောဆိုဘိသနည်း။

"မာရ်နတ်ယုတ်၊ ငါ၏ ဝီရိယ အဟုန်ကြောင့်ဖြစ်သော ဤလေသည် မြစ်ရေအလျဉ်များကိုပင် ခန်းခြောက်စေနိုင်ပေရာ၏။ ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ ကြိုးစား အားထုတ်နေသော ငါ၏ သွေးကို အဘယ့်ကြောင့် မခန်းခြောက်စေနိုင်ပဲ ရှိမည်နည်း။ သွေးခန်းခြောက်သော် သည်းခြေ သလိပ် အဆီအသား တို့သည်လည်း ခန်းခြောက်ကြမည်သာ ဖြစ်၏။ ယင်းသို့ အသွေးအသားများ ခန်းခြောက်ကုန်သော်လည်း ငါ၏စိတ်ကား ရှေးကထက် ပို၍ ကြည်လင်၏။ သတိ၊ သမာဓိ၊ ပညာတို့သည်လည်း ပို၍ ထင်မြင်တည်တံ့ ကုန်၏။ ယင်းသို့ နေသဖြင့် မြတ်သောခံစားမှုသို့ ရောက်သော ငါ၏စိတ်သည် ကာမဂုဏ်တို့၌ ငဲ့ကွက်ခြင်း မရှိတော့ချေ။ သတ္တဝါတို့ စင်ကြယ်မှုကို သင် ရှုပါလော့။

မာရ်နတ်၏ စစ်တပ်များ

"မာရ်နတ်ယုတ်၊ ကာမဂုဏ်တို့သည် သင်၏ ပထမစစ်တပ် ဖြစ်၏။ တရား၌ မမွေ့လျော်ခြင်းသည် ဒုတိယ။ မွတ်သိပ်ဆာလောင်ခြင်းသည် တတိယ။ တပ်မက်ခြင်းသည် စတုတ္ထ။ ငိုက်မြည်းခြင်းသည် ပဥ္စမ။ ကြောက်လန့်ခြင်းသည် ဆဋ္ဌမ။ ယုံမှားခြင်းသည် သတ္တမ။ သူ့ကျေးဇူးကို ချေဖျက်ခြင်းနှင့် မာန်မာန ခတ်ထန်ခြင်းတို့သည် အဋ္ဌမ။ ဖောက်ပြန်သောနည်းဖြင့် ရအပ်သော လာဘ်လာဘ၊ ကျော်စောခြင်း၊ ပူဇော်သက္ကာပြုခြင်းနှင့် အခြွေအရံတို့သည် နဝမ။ မိမိကိုယ်ကို ချီးမြှောက်၍ သူတပါးကို ကဲ့ရဲ့ရှုတ်ချခြင်းတို့သည် ဒသမမြောက် စစ်တပ်များ ဖြစ်၏။

"မာရ်နတ်ယုတ်၊ မည်းညစ်ယုတ်မာသော သင်၏ ဤစစ်တပ်ဆယ်မျိုးကို ရဲစွမ်းသတ္တိမရှိသူသည် မအောင်မြင်နိုင်ချေ။ ထိုစစ်တပ်ဆယ်မျိုးကို အောင်မြင်ပါမှသာ ချမ်းသာသုခကို ရရှိနိုင်လေ၏။ထို့ကြောင့် ငါသည် မဆုတ်နစ်ခြင်း၏ အထိမ်းအမှတ်ဖြစ်သောဖြူဆန်မြက်ကို ဆောင်ထား၏။ အသက်ရှင်လျက် စစ်ပွဲ၌ ရှုံးခြင်းထက် သေရခြင်းသည် မြတ်၏။ အသက်ရှင်ခြင်းကို ငါ စက်ဆုပ်၏။ သင်၏ စစ်တပ်များအတွင်း၌ နစ်မြုပ်သက်ဝင်သွားသော ရဟန်းပုဏ္ဏားတို့သည် သီလစသော ဂုဏ်တို့ဖြင့် ထင်ပေါ်၍လာနိုင်ကြတော့မည် မဟုတ်။ ကောင်းသောအကျင့်ရှိသူတို့၏ လမ်းကိုလည်း သိမြင်နိုင်ကြတော့မည် မဟုတ်။"

ဗုဒ္ဓလောင်းလျာက ယင်းသို့ မိန့်ကြားသောအခါ မာရ်နတ်သည် မည်သို့မျှပြန်လည်ပြောကြားခြင်းမပြုပဲ ထွက်ခွာသွားလေ၏။

## ဘုရားဖြစ်ပြီ

ထို့နောက် ဗုဒ္ဓလောင်းလျာသည် ဆင်းရဲပင်ပန်းသောအကျင့်ကို စွန့်၍ ခွန်အားကိုဖြစ်စေရန် အာဟာရကိုမျှတအောင်သုံးဆောင်ပြီး ကဆုန်လပြည့်နေ့၌ "ဘုရားအဖြစ်သို့မရောက်လျှင် ဤနေရာမှမထ။"ဟု စိတ်ပိုင်းဖြတ်ကာ ဗောဓိပင်ရင်း၌ ထိုင်နေလေ၏။ ထိုအခါ မာရ်နတ်သည် ဂိရိမေခလာဆင်ကိုစီး၍ တစ်ဆယ့်နှစ်ယူဇနာရှိသော စစ်တပ်ဖြင့် အလောင်းတော်မြတ်အား ဗောဓိပင်ရင်းမှ ထွက်ခွာသွားရန် လာရောက်ခြိမ်းခြောက်ပြန်၏။ ဗုဒ္ဓလောင်းလျာသည် ထိုစစ်တပ်အပေါင်းကို ကြည့်၍ မာရ်နတ်အား ဤသို့ ပြန်လည် မိန့်ကြားလေသည်။

"မာနတ်ယုတ်၊ ငါသည် အရပ်လေးမျက်နှာမှ ချီတက်လာသောစစ်သည်ဗိုလ်ပါအပေါင်းကိုမြင်သောကြောင့် ဂိရိမေခလာဆင်နှင့်တကွ သင့်ကိုတိုက်ခိုက်ရန် ကြုံဆိုနေ၏။ သင်သည် ငါ့ကိုနေရာမှ ရွေ့လျားစေနိုင်မည်မဟုတ်။ နတ်နှင့်တကွ တလောကလုံးက မခုခံနိုင်သော သင်၏စစ်သည်ဗိုလ်ပါအပေါင်းကို ငါ၏ပညာဖြင့် ဖြိုဖျက်အံ့။ ငါသည် ကောင်းသော ကြံစည်မှု 'သမ္မာသင်္ကပ္ပ'ကို ကျွမ်းကျင်နိုင်နင်းအောင်ပြု၍ သတိကိုလည်းကောင်းစွာ စွဲမြဲစေပြီး တပည့်သာဝကတို့ကို သွန်သင်ဆုံးမလျက်တစ်ပြည်မှတစ်ပြည်သို့ လှည့်လည်ပေအံ့။ ငါ၏အဆုံးအမကိုလိုက်နာသောတပည့်သာဝကတို့သည် မေ့မေ့လျော့လျော့မနေကြပဲ ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ ကြိုးစားအားထုတ်ကြလျှင်အလိုကာမ ကင်းကုန်လျက် စိုးရိမ်ပူဆွေးရခြင်းမရှိသော နိဗ္ဗာန်သို့ ရောက်ကြပေလိမ့်မည်။"

ယင်းသို့ ဗုဒ္ဓလောင်းလျာက မိန့်ကြားလေသော် မာရ်နတ်သည်–"ရှင်ရဟန်း၊ သင်သည် စစ်သည်ဗိုလ်ပါ အမြောက်အမြားကို တွေ့မြင်ပါလျက် အဘယ်ကြောင့် မကြောက်ဘိသနည်း။"ဟု မေးလျှောက်လေ၏။ အလောင်းတော်ကလည်း "ငါသည် ပါရမီဆယ်ပါးကို ဖြည့်ကျင့်ထားသူဖြစ်သောကြောင့် မကြောက်။"ဟု မိန့်ကြားလေသည်။ "သင် ပါရမီ ဖြည့်ခဲ့ပုံကို မည်သူ သိပါသနည်း။"ဟု မာရ်နတ်က မေးသဖြင့် အလောင်းတော်က–"ဤမဟာပထဝီ မြေကြီးသည်ပင် သက်သေဖြစ်ပေ၏။"ဟု မိန့်ကြားလျှင် မဟာပထဝီမြေကြီးသည် တခဲနက်မြည်ဟည်းလျက် ပြင်းထန်စွာ တုန်လှုပ်လေ၏။ ထိုအခါ မာရ်နတ်သည် စစ်သည်အပေါင်းနှင့်တကွ ကြောက်လန့်တကြား

ထွက်ပြေး လေသည်။ ထို့နောက် အလောင်းတော်သည် ဗောဓိပင်ရင်း၌ ထိုင်လျက် တရားကို ဆင်ခြင်နှလုံးသွင်းရာ ညဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ၌ အာသဝက္ခယဉာဏ်တို့ကို ရရှိသဖြင့် ဘုရားအဖြစ်သို့ ဆိုက်ရောက်ပြီ ဖြစ်ကြောင်း မြွက်ဟ မိန့်ဆိုတော်မူသည်။

ခုနစ်နှစ်တိုင်တိုင်

မာရ်နတ်ကား အလောင်းတော် တရားအားထုတ်နေစဉ် ခြောက်နှစ်တိုင်အောင် အနီးကပ်၍ အပြစ်ရှာခဲ့ရာ အပြစ်တစုံတရာ မတွေ့သော်လည်း မကျေနပ်သေးသဖြင့် ဘုရားဖြစ်ပြီးနောက်၌လည်း တစ်နှစ်ကြာမျှနောက်ကလိုက်၍ အပြစ်ရှာပြန်၏၊ သို့တိုင်အောင်လည်း မတွေ့ရှိသောအခါတွင်မူ စိတ်ပျက်လက်လျော့ကာ ဤသို့ ဖွင့်ဟ လျှောက်ကြားလေသည်။

"စွဲမြဲသော သတိရှိသည့် ဗုဒ္ဓမြတ်စွာအား နှောင့်ယှက်ဖျက်ဆီးရန် အခွင့်အရေးကို ရရှိရန် မျှော်လင့်လျက် ငါသည် ခုနစ်နှစ်ပတ်လုံး ဗုဒ္ဓမြတ်စွာနောက်သို့ ထပ်ချပ်မကွာ လိုက်ပါခဲ့၏။ သို့သော်လည်း ထိုအခွင့်အရေးကိုကား မရရှိခဲ့ပါချေ။ အဆီခဲနှင့်တူသော ကျောက်တုံးကို အဆီခဲဟု ထင်မှတ်၍ ထိုးဆိတ်သော ငှက်သည် ထိုကျောက်တုံး၌ သာယာနှစ်သက်ဖွယ်ကို မတွေ့ရသဖြင့် စိတ်ပျက်ထွက်ခွာသွားသကဲ့သို့ ငါသည်လည်း ရဟန်းဂေါတမထံမှ စိတ်ပျက်စွာ ထွက်ခွာသွားပေတော့အံ့။"

ဤသို့လျှင် ဝမ်းနည်းစိတ်ပျက်စကား မြွက်ကြားသော မာရ်နတ်၏ချိုင်းကြားမှ စောင်းသည် လျှောကျလေ၏။ ထို့နောက် မာရ်နတ်သည် စိတ်နှလုံး မသာမယာဖြင့် ထိုအရပ်၌ပင် ပျောက်ကွယ်သွားလေသည်။

# ၂၉။ သုဘာသိတသုတ်

## ကောင်းစွာ ပြောဆိုအပ်သောစကား

**စကားအင်္ဂါ လေးပါး**

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား အင်္ဂါလေးပါးနှင့် ပြည့်စုံ၍ အပြစ်ကင်းပြီး ပညာရှိတို့ စွပ်စွဲ ကဲ့ရဲ့ခြင်း မပြုနိုင်သော စကားကိုသာ ပြောဆိုသင့်ကြောင်း ဟောကြားတော်မူသည်။ အင်္ဂါလေးပါး ဟူသည်–

၁။ ချောပစ်ကုန်းတိုက်ခြင်း ကင်း၍ ကောင်းစွာပြောဆိုအပ်သော စကားဖြစ်ခြင်း။

၂။ သိမ်ဖျင်းမှု ကင်း၍ တရားနှင့်စပ်ယှဉ်သော စကားဖြစ်ခြင်း။

၃။ ကြမ်းတမ်းရက်စက်မှု ကင်း၍ နှစ်သက်ဖွယ် စကားဖြစ်ခြင်း။

၄။ ချွတ်ချော်လွဲမှားမှု ကင်း၍ မှန်ကန်သော စကားဖြစ်ခြင်း။

အရှင်ဝင်္ဂီသ လျှောက်ထားချက်။

ဤသို့ ဗုဒ္ဓမြတ်စွာက အင်္ဂါလေးပါးရှိသော စကားကို ဟောကြားတော်မူသောအခါ အရှင်ဝင်္ဂီသ မထေရ်သည် မိမိ ဉာဏ်၌ ရုတ်တရက် ထင်မြင်ပေါ်ပေါက်လာသော စကားတို့ဖြင့် ဗုဒ္ဓမြတ်စွာအား ချီးကျူးပူဇော်လေသည်။

"အရှင်ဘုရား၊ မိမိကိုယ်ကို ပူပန်စေခြင်း၊ သူတပါးတို့အားလည်း ထိခိုက်စေခြင်း မရှိသော စကားကိုသာ ပြောဆိုသင့်ပါ၏။ ထိုသို့သော စကားသည်သာ စင်စစ် ကောင်းသောစကား ဖြစ်ပါ၏။

"သူတပါးတို့ ဝမ်းမြောက်နှစ်သက်၍ ချစ်မြတ်နိုးဖွယ် ဖြစ်သော စကားကိုသာ ပြောဆိုသင့်ပါ၏။ သူတပါးတို့၏ အပြစ်ကို ခွဲယူခြင်း မပြုပဲ ချစ်မြတ်နိုးဖွယ်ဖြစ်သော စကားကိုသာ ပြောဆိုသင့်ပါ၏။

"မှန်သောစကားသည် စင်စစ် အမြိုက်အရသာနှင့် တူပါ၏။ မှန်သောစကားကို ပြောဆိုခြင်းသည် ရှေးဟောင်း ဓမ္မတာပါး ဖြစ်ပါ၏။ သူတော်ကောင်းတို့သည် အကြောင်းအကျိုး၌ တည်ကုန်လျက်သာ စကားကို ပြောဆိုကြပါသည်။

"နိဗ္ဗာန်သို့ရောက်ရန်နှင့် ဆင်းရဲဒုက္ခ ကုန်ဆုံးရန် ရည်ရွယ်၍ မြတ်စွာဘုရား ဟောကြားတော်မူသည့် ဘေးရန်ကင်းသော စကားတော်သည်ကား စကားဟူသမျှတို့တွင် အမြတ်ဆုံးဖြစ်ပါပေသည်။"

# ၃၀။ သုန္ဒရိကဘာရဒွါဇသုတ်

## မှန်ကန်သော ပူဇော်မှုကို လိုလားသောပုဏ္ဏား

### ယဇ်ပွဲကျန်နှင့် ထမင်း

ကောသလတိုင်း၊ သုန္ဒရိကမြစ်ကမ်းနား၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေစဉ် သုန္ဒရိကဘာရဒွါဇအမည်ရှိသောပုဏ္ဏားသည် ထိုမြစ်ကမ်းတနေရာ၌ မီးပူဇော်ပွဲ ပြုလုပ်လျက်ရှိ၏။ မီးပူဇော်ပွဲပြုလုပ်ပြီးသောအခါ ထိုပုဏ္ဏားသည်-"မီးပူဇော်ပွဲမှကြွင်းကျန်နေသည့်နို့ထမင်းကိုမည်သူများအားကျွေးရမည်နည်း။"ဟုစဉ်းစားကာ အနီးပတ်ဝန်းကျင်ကို လှည့်လည် ကြည့်ရှုလေသည်။ ထိုအခါ သစ်ပင်တစ်ပင်အောက်၌ ခေါင်းမြီးခြုံ၍ ထိုင်နေသော ဗုဒ္ဓမြတ်စွာကို မြင်၍ ဗုဒ္ဓထံပါးသို့ ချဉ်းကပ်သွားလေသည်။ခြေသံကြားသဖြင့် ဗုဒ္ဓက ဦးခေါင်းကို ဖွင့်လိုက်ရာ ပုဏ္ဏားသည်-"ဤအရှင်ကား ဦးပြည်းကတုံးယုတ်ပါဘကား။" ဟု ဆို၍ နောက်ဆုတ်သွားလေသည်။ ထို့နောက် ပုဏ္ဏားသည် မိမိတို့ပုဏ္ဏားများတွင်လည်း ဦးပြည်းကတုံးထားသူအချို့ ရှိတတ်ကြောင်း စဉ်းစားမိသဖြင့် ဗုဒ္ဓထံ ချဉ်းကပ်၍အမျိုးဇာတိကို မေးလျှောက်

လေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် ပုဏ္ဏားအား ဤသို့ ဖြေကြားလေသည်။

"အချင်းပုဏ္ဏား၊ ငါသည် ပုဏ္ဏားမျိုး၊ မင်းမျိုး၊ ကုန်သည်မျိုး စသည်တို့တွင် မည်သည့်အမျိုးမျှ မဟုတ်။ ပုထုဇဉ်တို့၏ အနွယ်ကို ပိုင်းခြားသိမြင်ပြီး ကြောင့်ကြမှု ကင်းကာ စဉ်းစားဆင်ခြင်ဉာဏ်နှင့်အညီ လောက အလယ်တွင် ကျင့်ကြံနေသူ ဖြစ်ပေ၏။

"အချင်း ပုဏ္ဏား၊ ငါသည် သင်္ကန်းကို ဝတ်၍ ဆံပင်ကို ပယ်ကာ အိုးမဲ့၊ အိမ်မဲ့ နေသူ ဖြစ်၏။ လူတို့နှင့် မရောယှက်ပဲ စိတ်ခါတ် ငြိမ်းအေးမှုကို ရရှိသွားသူ ဖြစ်၏။ ထို့ကြောင့် ငါ့အနွယ်ကို သင် မေးခြင်းသည် မသင့်လျော်ပေ။"

ယင်းသို့ ဗုဒ္ဓက ဖြေကြားသောအခါ ဘာရဒွါဇပုဏ္ဏားသည်- "ရှင်ရဟန်း၊ ကျွန်ုပ်တို့ ပုဏ္ဏားအချင်းချင်းလည်း အမျိုးအနွယ်ကိုမေးတတ်ကြပါသည်။"ဟု ပြောကြားလေသည်။ ထိုအခါ ဗုဒ္ဓက ဤသို့ မိန့်ကြားပြန်၏။

"အချင်း ပုဏ္ဏား၊ သင်သည် မိမိပုဏ္ဏားဖြစ်ကြောင်း ဝန်ခံ၍ ငါ့ကို ပုဏ္ဏားမဟုတ်ဟု ဆိုခဲ့သော် ပုဒ်အားဖြင့် သုံးပုဒ်၊ အက္ခရာ အရေအတွက်အားဖြင့် (၂၄)လုံး ရှိသော သာဝိတ္တိ ဗေဒင်ကို သင့်အား ငါ မေးအံ့။ သင် ဖြေဆိုပါလော။"

**အောင်မြင်သောယဇ်ပွဲ**

ထိုအခါ ဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓ၏ အမေးကို မဖြေပဲ ယဇ်ပူဇော်ခြင်းနှင့် ပတ်သက်၍ ဗုဒ္ဓကိုပင် ပြန်၍မေးလျှောက်၏။ ဗုဒ္ဓကလည်း ထိုအမေးများကို ဖြေကြားတော်မူလေသည်။

"အရှင်ရဟန်း၊ ဤလောက၌ ရသေ့၊ ရဟန်း၊ မင်း၊ ပုဏ္ဏား စသော လူအပေါင်းတို့သည် ဘာကို အမှီပြု၍ နတ်၊ ဗြဟ္မာတို့အား ယဇ်ပူဇော်မှုကို ပြုနေကြပါသနည်း။ အဘယ် သို့လျှင် ထိုသူတို့၏ ယဇ်ပူဇော်မှုသည် ပြီးမြောက် အောင်မြင် ပါသနည်း။"

"အချင်းပုဏ္ဏား၊ အကြင်သူ၏ ယဇ်ပူဇော်ပွဲ၌ ဘဝအဆုံး သို့ ရောက်၍ အသိဉာဏ် ပေါက်ပြီးသော ပုဂ္ဂိုလ်သည် ပူဇော်မှုကို ခံယူရရှိ၏။ ထိုသူ၏ ပူဇော်မှုသည် ပြီးမြောက် အောင်မြင်၏ ဟူ၍ ငါဆို၏။"

"အရှင်ရဟန်း၊ အရှင်ကဲ့သို့ အသိဉာဏ် ပေါက်ပြီးသော ပုဂ္ဂိုလ်များကို ဖူးတွေ့ရသော ကျွန်ုပ်၏ ပူဇော်မှုသည် ဧကန်ပင် ပြီးမြောက် အောင်မြင်ပါလိမ့်မည်။ အရှင်ကဲ့သို့သောပုဂ္ဂိုလ် များကို မဖူးတွေ့ရခြင်းကြောင့်သာ အခြားသူများသည် ကျွန်ုပ် ၏နို့ထမင်းကို စားသုံးခဲ့ကြရခြင်း ဖြစ်ပါသည်။"

"အချင်းပုဏ္ဏား၊ သို့ဖြစ်လျှင် သင်သည် အကျိုးစီးပွားကို အလိုရှိပါက ကိလေသာ ငြိမ်းအေး၍ ဒေါသ အခိုးအငွေ့ ကင်းကာ စိတ်ဆင်းရဲမှု၊ လိုချင်တောင့်တမှု မရှိသော ပုဂ္ဂိုလ် ကို ချဉ်းကပ်၍ ဆွေးနွေး မေးမြန်းပါလေ။ ဤလောက၌ ပညာရှိသော ပုဂ္ဂိုလ်ကို ဧကန်မုချ တွေ့ရပါလိမ့်မည်။"

"အရှင်ဂေါတမ၊ ကျွန်ုပ်သည် ပေးကမ်းပူဇော်မှု၌ မွေ့ လျော်သူ ဖြစ်ပါသည်။ ပေးကမ်းပူဇော်မှုကို ပြုလိုပါသော် လည်း ယင်းအမှုနှင့်ပတ်သက်၍ တတ်ကျွမ်းနားလည်ခြင်း မရှိပါ။ ထို့ကြောင့် အရှင်ဂေါတမသည် ကျွန်ုပ်အား သွန်သင်

ဆုံးမတော်မူပါ။ ပေးကမ်းပူဇော်လျှင် အကျိုး အောင်မြင်ပြီးမြောက်နိုင်စေမည့်ပုဂ္ဂိုလ်ကို ညွှန်ပြတော်မူပါ။”

ယင်းသို့ ဘာရဒွာဇပုဏ္ဏားက တောင်းပန်သောအခါ ဗုဒ္ဓမြတ်စွာသည်–“အချင်း ပုဏ္ဏား၊ သို့ဖြစ်လျှင် သင့်အား ငါ တရားဟောအံ့။ နားထောင်လော့။”ဟု မိန့်ကြားတော်မူလေသည်။

**အကျင့်သီလ ပဓာန**

“အချင်း ပုဏ္ဏား၊ သင်သည် အမျိုးဇာတ်ကို မမေးလင့်။ အကျင့်သီလကိုသာ မေးလော့။ မီးသည် စင်စစ် မည်သည့်ထင်းမှမဆို ဖြစ်ပေါ်သကဲ့သို့ ထို့အတူ အမျိုးဇာတ်နိမ့်သောရဟန်းသည်လည်း တည်ကြည်ခြင်း၊ မကောင်းမှုမှ ရှက်ကြောက်ခြင်းတို့နှင့် ပြည့်စုံ၍ အာဇာနည်ပုဂ္ဂိုလ်တစ်ပါး ဖြစ်နိုင်ပေ၏။

“ကုသိုလ်ကောင်းမှုကို အလိုရှိ၍ ပေးကမ်းပူဇော်လိုသော ပုဏ္ဏားသည် သစ္စာတရားဖြင့် ယဉ်ကျေးပြီးဖြစ်၍ ဣန္ဒြေတို့ကို စောင့်စည်းနိုင်ပြီး အသိဉာဏ်၏ အဆုံးသို့ရောက်ကာ မြတ်သော အကျင့်ကို ကျင့်သုံးပြီးသော ပုဂ္ဂိုလ်၌ သင့်လျော်သောအခါ ပစ္စည်းဝတ္ထုကို ပေးလှူပူဇော်အပ်၏။

“ကာမဂုဏ်တို့ကို စွန့်ပယ်ပြီး ယက်ဖောက်လုံးကဲ့သို့ ဖြောင့်မတ်စွာ မိမိကိုယ်ကို စောင့်စည်းလျက် အိုးအိမ်မရှိပဲ လှည့်လည်နေသော ပုဂ္ဂိုလ်တို့၌ ပစ္စည်းဝတ္ထုကို ပေးလှူပူဇော်အပ်၏။

“တပ်စွန်းခြင်းကင်း၍ တည်ငြိမ်သော ဣန္ဒြေရှိပြီး ရာဟုခံတွင်းမှလွတ်သော လဝန်းကဲ့သို့ ကိလေသာမှ ကင်းလွတ်ပြီးသော ပုဂ္ဂိုလ်တို့၌ ပစ္စည်းဝတ္ထုကို ပေးလှူပူဇော်အပ်၏။

“လောက၌ တွယ်တာမြတ်နိုးမှု ဟူသမျှကို ပယ်စွန့်၍ ကပ်ငြိခြင်းကင်းကာ အခါခပ်သိမ်း စွဲမြဲသော သတိရှိလျက် နေထိုင်သော ပုဂ္ဂိုလ်တို့၌ ပစ္စည်းဝတ္ထု ပေးလှူပူဇော်အပ်၏။

“ကာမဂုဏ်တို့ကို ပယ်စွန့်လွှမ်းမိုးပြီး မွေးခြင်း၊ သေခြင်း၏အဆုံးကို သိမြင်တော်မူကာ ရေအိုင်ကြီးကဲ့သို့ ကြည်လင်အေးမြတော်မူသော မြတ်စွာဘုရားသည် နို့ထမင်း အလှူခံထိုက်ပေ၏။

“ရှေးဘုရားရှင်တို့နှင့်သာ ဂုဏ်အားဖြင့် တူညီ၍ အခြားသော ပုဂ္ဂိုလ်တို့နှင့် ကွာလှမ်းတော်မူသော အဆုံးမရှိသော ပညာနှင့် ပြည့်စုံ၍ဤလောက၌လည်းကောင်း၊ တမလွန်လောက၌လည်းကောင်း ကပ်ငြိလိမ်းကျံခြင်းမရှိသော မြတ်စွာဘုရားသည် နို့ထမင်းကို အလှူခံထိုက်ပေ၏။

“လှည့်စားခြင်း၊ မာန်ထောင်ခြင်းတို့မှလည်းကောင်း၊ လိုချင်မက်မောခြင်း၊ တောင့်တခြင်းတို့မှလည်းကောင်း ကင်းသည့်ပြင် အမျက်ဒေါသကို နှုတ်ပယ်ပြီးဖြစ်၍ ငြိမ်းအေးသောစိတ်ရှိသော မြတ်စွာဘုရားသည် နို့ထမင်းကို အလှူခံထိုက်ပေ၏။

“စိတ်၏ ကိန်းဝပ်ရာတဏှာ ဒိဋ္ဌိတို့ကို ပယ်စွန့်၍ တစုံတခုကိုမျှ သိမ်းပိုက်ထားခြင်း မရှိတော့သဖြင့် ဤဘဝ၌လည်းကောင်း၊ နောင်ဘဝ၌လည်းကောင်း စွဲလမ်းခြင်းကင်းပြီးသော မြတ်စွာဘုရားသည် နို့ထမင်းကို ခံထိုက်ပေ၏။

“တည်ကြည်သောစိတ်ရှိ၍ ထူးမြတ်သောပညာဖြင့် တရားအားလုံး သိမြင်ပြီး အာသဝကုန်ခန်းကာ သံသရာဝဲဩဃကို ကူးမြောက်လျက် အဆုံးစွန်သော ကိုယ်ခန္ဓာကို ဆောင်တော်မူသော မြတ်စွာဘုရားသည် နို့ထမင်းကို ခံထိုက်ပေ၏။”

ဗုဒ္ဓမြတ်စွာက ဤသို့ ဟောကြားသောအခါ ဘာရဒွါဇ ပုဏ္ဏားသည် မှန်ကန်သော ပူဇော်မှုဖြစ်စေရန်အတွက် မိမိ၏ နို့ထမင်းကို ခံယူရန် ဗုဒ္ဓအား တောင်းပန်၏။ ဗုဒ္ဓက ဂါထာ တို့ကို သီဆို၍ ရအပ်သော ဆွမ်းဘောဇဉ်ကို စားသုံးရန် မထိုက် ကြောင်း မိန့်ကြား၍ ခံယူရန် ငြင်းပယ်တော်မူ၏။ တဖန်- "မည်ကဲ့သို့သော အလှူခံပုဂ္ဂိုလ်ကို ရှာ၍ လှူဒါန်းပူဇော်သင့်ပါ သနည်း။" ဟု ပုဏ္ဏားက မေးလျှောက်သဖြင့် ကာမဂုဏ်တို့မှ လွတ်မြောက်ပြီး ဖြစ်၍ သန့်ရှင်းကြည်လင်သောစိတ် ရှိသော ရဟန်းအား လှူဒါန်းပူဇော်သင့်ကြောင်း ဗုဒ္ဓက မိန့်ကြားတော် မူသည်။

တရားအဆုံး၌ကား သုန္ဒရိကဘာရဒွါဇ ပုဏ္ဏားသည် ဗုဒ္ဓ မြတ်စွာထံ၌ ရဟန်းပြု၍ တရားအားထုတ်ရာ မကြာမီ ရဟန္တာ ဖြစ်သွားလေသည်။

# ၃၁။ မာဃသုတ်

## မာဃလုလင်၏ ဒါနပြဿနာ

အလှူကို စင်ကြယ်စေနည်း

ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုဋ်တောင်၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် မာဃအမည်ရှိသော လုလင်သည် ဗုဒ္ဓထံသို့ ရောက်လာပြီး- "အရှင်ဂေါတမ၊ ကျွန်ုပ်သည် အလှူရှင်တစ်ဦး ဖြစ်ပါသည်။ တရားသဖြင့် ရှာ၍ရသော ပစ္စည်းဥစ္စာတို့ကို အလှူခံပုဂ္ဂိုလ်တစ်ဦး နှစ်ဦးအားဖြစ်စေ၊ အများအားဖြစ်စေ ပေးလှူပါသည်။ ယင်းသို့ ပေးလှူခြင်းဖြင့် ကုသိုလ်ကောင်းမှုများ တိုးပွားရရှိပါ၏လော။" ဟူ၍ မေးလျှောက်လေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက ယင်းသို့ ပေးလှူသူသည် ကုသိုလ်ကောင်းမှုများကို အမှန်ပင် တိုးပွားရရှိကြောင်း ဖြေကြားတော်မူသည်။

ထို့နောက် မာဃလုလင်က-"ကုသိုလ်ကောင်းမှုကို အလိုရှိ၍ ပေးလှူပူဇော်သော အလှူရှင်သည် မိမိ၏ အလှူကို မည်သို့သောနည်းဖြင့် စင်ကြယ် စေနိုင်ပါသနည်း။"ဟူ၍ မေးလျှောက်ပြန်သည်။ ယင်းအမေးနှင့် ပတ်သက်၍ ဗုဒ္ဓမြတ်စွာက အလှူရှင်သည် မိမိ၏ အလှူကို အလှူခံပုဂ္ဂိုလ်ဖြင့် စင်ကြယ်စေနိုင်ကြောင်း ဖြေကြားတော်မူသည်။

**အလှူခံပုဂ္ဂိုလ်**

"အလှူရှင်သည် မိမိ၏အလှူ စင်ကြယ်စေရန် မည်သို့သော အလှူခံပုဂ္ဂိုလ်တို့၌ ပေးလှူပူဇော်သင့်ပါသနည်း။"ဟူ၍ မာဃ လုလင်က မေးလျှောက်ပြန်သောကြောင့် ဗုဒ္ဓမြတ်စွာသည် ပေးလှူပူဇော်သင့်သော အလှူခံပုဂ္ဂိုလ်တို့ကို ဟောကြားညွှန်ပြ တော်မူလေသည်။

"ကုသိုလ်ကောင်းမှုကို အလိုရှိ၍ ပေးလှူပူဇော်သော အလှူရှင်သည် လောက၌ ကပ်ငြိမှု၊ ကြောင့်ကြမှု ကင်း၍ စိတ်ကို စောင့်စည်းကာ ပူဖွယ်ကိစ္စ ပြီးဆုံးသော ပုဂ္ဂိုလ်တို့၌ ပေးလှူ ပူဇော်ရာ၏။"

သံယောဇဉ်နှောင်ကြိုး အားလုံးကို ဖြတ်တောက်ပြီး၍ ယဉ်ကျေးပြီး၊ လွတ်မြောက်ပြီးဖြစ်ကာ တပ်မက်မှု၊ မျှော်လင့်မှု ကင်းသော ပုဂ္ဂိုလ်၊ အာသဝေါကုန်ခန်းပြီး၍ မြတ်သောအကျင့် ကို ကျင့်သုံးပြီးသော ပုဂ္ဂိုလ်၊ လှည့်ဖြားခြင်း၊ မာန်တက်ခြင်း ကင်းသောပုဂ္ဂိုလ်၊ ဤဘဝ နောင်ဘဝ နှစ်ခုလုံး၌ တပ်မက် စွဲလမ်းခြင်း မရှိသော ပုဂ္ဂိုလ် စသည်တို့၌ ပေးလှူပူဇော်သင့်ပုံ များကိုလည်း ဆက်လက်ဟောကြားတော်မူသည်။

**အလှူဝတ္ထု**

ထို့နောက် မာဃလုလင်က အလှူဝတ္ထုတို့၏ ပြည့်စုံမှုကို ဟောကြားရန် တောင်းပန်သဖြင့် ဗုဒ္ဓက အောက်ပါအတိုင်း ဟောကြား၏။

"မာဃလုလင်၊ သင်သည် ပေးလှူ ပူဇော်ရာတွင် ကာလ သုံးပါး၌ စိတ်ကို ကြည်စေလော့။ လှူဖွယ်ဝတ္ထုသည် အလှူ ရှင်၏ အာရုံပင် ဖြစ်၏။ ဤ လှူဖွယ်ဝတ္ထု၌ တည်၍ အလှူရှင် သည် အပြစ်သုံးပါးကို စွန့်ပယ်နိုင်၏။ အလှူရှင်သည် လှူဖွယ် ဝတ္ထု၌ တပ်မက်ခြင်းကင်း၍ အလှူခံပုဂ္ဂိုလ် အပေါ်၌လည်း အမျက်ဒေါသမထားပဲ မေတ္တာစိတ်ကိုပွားများအပ်၏။ နေ့ညမစဲ အမြဲမပြတ်မမေ့မလျော့ပဲ ယင်းသို့ ပွားများသည်ရှိသော် အရပ် မျက်နှာအားလုံးကို အတိုင်းအရှည်မရှိသောမေတ္တာဖြင့် ပြန့်နှံ့ စေနိုင်ပေသည်။"

ဗြဟ္မာပြည်သို့ ရောက်ရန်

တဖန် ဗြဟ္မာပြည်ကို သံသရာမှ လွတ်မြောက် စင်ကြယ်ရာ ဌာနဟူ၍ မှတ်ထင်နေသော မာဃလုလင်သည် ဤသို့ ဆက် လက် မေးလျှောက်ပြန်၏။

"အရှင်ဂေါတမ၊ အဘယ်သူသည် စင်ကြယ်ပါသနည်း။ အဘယ်သူသည် လွတ်မြောက်ပါသနည်း။ အဘယ်သူသည် ကပ်ငြိပါသနည်း။ အဘယ်အကြောင်းဖြင့် ဗြဟ္မာ့ပြည်သို့ ရောက် နိုင်ပါသနည်း။"

"မာဃလုလင်၊ အကြင်သူသည် သုံးပါးသော အင်္ဂါနှင့် ပြည့်စုံသော အလှူဒါနကို ပေးလှူ၏၊ ထိုသူသည် မိမိ၏အလှူကို အလှူခံပုဂ္ဂိုလ်တို့ဖြင့် ပြည့်စုံစင်ကြယ်ရာ၏။ ယင်းသို့ ကောင်းမွန် စင်ကြယ်စွာ ပေးလှူခြင်းဖြင့် ထိုအလှူရှင်သည် ဗြဟ္မာပြည်သို့ ဆိုက်ရောက်နိုင်ပေသည်။"

ဗုဒ္ဓမြတ်စွာ၏ အဖြေကို ကြားနာရသောအခါ မာဃလုလင်သည် လွန်စွာ ကျေနပ်နှစ်သက်လှသဖြင့် ရတနာသုံးပါးအား အမြဲကိုးကွယ်ဆည်းကပ်သူ ဥပါသကာအဖြစ်ကို ခံယူလိုက်လေသည်။

# ၃၂။ သဘိယသုတ်

## သဘိယ ပရိဗိုဇ်၏ ပြဿနာငါးရပ်

### နတ်ပေးသည့် ပြဿနာ

ဗုဒ္ဓမြတ်စွာ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် သဘိယအမည်ရှိသော ပရိဗိုဇ်သည် ရှေးဘဝက ဆွေမျိုးတော်စပ်ခဲ့သော နတ်တစ်ပါးထံမှ မေးခွန်းပြဿနာအချို့ကို ရရှိထားသည်။ ယင်းပြဿနာကို ဖြေဆိုနိုင်သော ရဟန်းပုဏ္ဏားများကို တွေ့လျှင် ထိုရဟန်းပုဏ္ဏားတို့ထံ၌ တပည့်ခံရန်လည်း ထိုနတ်က သဘိယအား ညွှန်ကြားပြောဆိုထားလေသည်။

သဘိယ ပရိဗိုဇ်သည် ယင်းပြဿနာတို့ကို နတ်ထံမှ ရရှိပြီးနောက် ထိုအချိန်က ရာဇဂြိုဟ်ပြည်၌ ထင်ရှားကျော်ကြားလျက်ရှိသည့် ပူရဏကဿပ၊ မက္ခလိဂေါသာလ အစရှိသော ဂိုဏ်းဆရာကြီးခြောက်ယောက်တို့ထံ ချဉ်းကပ်၍ ပြဿနာများကို မေးလျှောက်လေသည်။ ဂိုဏ်းဆရာကြီး ခြောက်ယောက်တို့သည် ထိုပြဿနာတို့ကို မဖြေဆိုနိုင်ကြချေ။

သဘိယပရိဗိုဇ်သည်– "အသက်အရွယ် ကြီးရင့်သည့်ပြင် ထင်ရှားကျော်ကြား၊ ခြေရံပရိတ်သတ်သည်လည်း အလွန်များ

လှသော ဂိုဏ်းဆရာကြီးခြောက်ယောက်တို့ပင် မဖြေဆိုနိုင်သည့် ပြဿနာကို အသက်သိက္ခာအားဖြင့် ငယ်ရွယ်လှသေးသော ရဟန်းဂေါတမသည် ဖြေဆိုနိုင်မည် မဟုတ်။''ဟု စဉ်းစားမိသောကြောင့် မိမိ၏ပြဿနာများကို ဗုဒ္ဓအား မေးလျှောက်ခြင်း မပြုချေ။ သို့သော်လည်း ရဟန်းဟူသည် ငယ်ရွယ်သူ ဖြစ်သည် ဟူ၍ မထီမဲ့မြင် မပြုသင့်ကြောင်း စဉ်းစားမိပြန်သဖြင့် တနေ့တွင် ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်၍ ခွင့်တောင်းပြီးနုတ်ထံမှရရှိထားသော ပြဿနာများကို မေးလျှောက်လေသည်။

ပြဿနာ-၁။ အရှင်ဂေါတမ၊ အဘယ်သို့ရောက်သူကို ဘိက္ခု ဟု ဆိုပါသနည်း။ အဘယ်အကြောင်းဖြင့် လွန်စွာ ငြိမ်းအေးသောသူဟု ဆိုပါသနည်း။ အဘယ်သို့သောသူကို ယဉ်ကျေးပြီးသူဟု ဆိုပါသနည်း။ အဘယ်အကြောင်းဖြင့် ဗုဒ္ဓဟု ဆိုပါသနည်း။

**အဖြေ-၁။** သဘိယ၊ အကြင်သူသည် မိမိပွားများအပ်သော မဂ်ဖြင့် ကိလေသာ ငြိမ်းအေးရာသို့ ရောက်၏။ ယုံမှားခြင်းကို လွန်မြောက်၏။ ဆုတ်ယုတ်ခြင်း၊ ကြီးပွားခြင်းကို စွန့်ပယ်၍ ကျင့်သုံး အပ်ပြီးသော အကျင့်မြတ် ရှိ၏။ ဘဝသစ်သည်းကုန်ခန်းပြီး ဖြစ်၏။ ထိုသူသည် ဘိက္ခု မည်၏။

အကြင်သူသည် အာရုံ အားလုံးတို့၌ လျစ်လျူရှုနိုင်၏။ သတိရှိ၏။ လောက၌ တစ်စုံတစ်ယောက်ကိုမျှ ညှဉ်းဆဲနှိပ်စက်ခြင်း မပြု။ သြဃလေးပါးကို ကူးမြောက်ပြီး ဖြစ်၏။ကိလေ

သာ ငြိမ်းအေး၍ နောက်ကျိခြင်း ကင်းစင်ကြည်လင်သောစိတ် ရှိ၏။ ရာဂစသည်တို့ ထူပြောခြင်းလည်း မရှိ။ ထိုသူသည် လွန်စွာငြိမ်းအေးသောသူ မည်၏။

အကြင်သူသည် မိမိ၏ အတွင်းသန္တာန်၌လည်းကောင်း၊ အပြင်အပ တလောကလုံး၌လည်းကောင်း စက္ခုစသော ဣန္ဒြေတို့ကို ပွားများပြီး ဖြစ်၏။ ဤလောကကိုလည်းကောင်း၊ တမလွန် လောကကိုလည်းကောင်း ထိုးထွင်းသိမြင်၍ သေရမည့် အချိန်ကာလကို ငံ့လင့်နေ၏။ ပွားများအပ်ပြီးသော ဣန္ဒြေရှိသည့် ထိုသူသည် ယဉ်ကျေးသူ မည်၏။

ကပ်ကမ္ဘာ အားလုံးတို့ကိုလည်းကောင်း၊ စုတိပဋိသန္ဓေ အားဖြင့် ကျင်လည်ရခြင်းကိုလည်းကောင်း သိမြင်၍ ကိလေသာ အညစ်အကြေး ကင်းသဖြင့် အထူးစင်ကြယ်ပြီး ဇာတိကုန်ရာသို့ ရောက်သော ပုဂ္ဂိုလ်ကို ဗုဒ္ဓ ဟူ၍ဆိုအပ်၏။

ပြဿနာ ၁-၂။ အရှင်ဂေါတမ၊ အဘယ်သို့ရောက်သူကို ဗြာဟ္မဏ ဟူ၍ ဆိုပါသနည်း။ အဘယ်အကြောင်းဖြင့် သမဏ ဟူ၍ ဆိုပါသနည်း။ အဘယ်သို့သောသူကို န္ဟာတက ဟူ၍ ဆိုပါသနည်း။ အဘယ် အကြောင်းဖြင့် နာဂ ဟူ၍ ဆိုပါသနည်း။

အဖြေ-၂။ သာတိယ၊ အကြင်သူသည် မကောင်းမှု အားလုံးကို ခွာချပြီးဖြစ်၍ အညစ်အကြေးကင်း ကာတည်ကြည်ငြိမ်သက်သောစိတ် ရှိ၏။သံသရာ ကို လွန်၍ ပြုဖွယ်ကိစ္စ ပြီးဆုံးပြီး ဖြစ်၏။ တဏှာဒိဋ္ဌိကို မမှီမူ၍ တာဒိဂုဏ်နှင့် ပြည့်စုံ၏။ ထိုသူကို ဗြာဟ္မဏဟူ၍ ဆိုအပ်၏။

အကြင်သူသည် ကိလေသာကို ငြိမ်းစေလျက် ကောင်းမှု၊မကောင်းမှုကို ပယ်ကာ တဏှာရာဂ တည်းဟူသော အညစ်အကြေးလည်း ကင်းစင် ပြီးဖြစ်၏။ဤလောကကိုလည်းကောင်း၊တမလွန် လောကကိုလည်းကောင်း သိမြင်၍ ပဋိသန္ဓေ နေခြင်း၊ သေခြင်းကို လွန်မြောက်ပြီး ဖြစ်၏။ ဖောက်ပြန်ခြင်းမရှိပဲ သဘောအတိုင်း တည် သောကြောင့် တာဒိဂုဏ်နှင့် ပြည့်စုံ၏။ ထိုသူကို သမဏ ဟူ၍ ဆိုအပ်၏။

အကြင်သူသည် မိမိ၏ အတွင်းသန္တာန်၌ လည်းကောင်း၊အပြင်အပတလောကလုံး၌လည်း ကောင်း မကောင်းမှုအားလုံးကို ဆေးကျော် ပြီးဖြစ်၍ လူနတ်တို့၌ လူနတ်ဟူ၍ ကြံစည်ခြင်း မပြု၊ ထိုသူကို နှာတကဟူ၍ ဆိုအပ်၏။

အကြင်သူသည် လောက၌ တစုံတခုသော မကောင်းမှုကို မပြု။ စပ်ယှဉ်မှု၊ နှောင်ဖွဲ့မှု ဟူသ မျှကို ဖြေချွတ်ပြီးဖြစ်၍ ခန္ဓာစသော တရား အားလုံး၌ ကပ်ငြိမှု မရှိတော့ပဲ လွတ်မြောက်ပြီး

ဖြစ်၏။ မဖောက်ပြန်ပဲ သဘောအတိုင်း တည်သောကြောင့် တာဒိဂုဏ်နှင့်လည်း ပြည့်စုံ၏။ ထိုသူကို နာဂဟူ၍ ဆိုအပ်၏။

ပြဿနာ-၃။ အရှင်ဂေါတမ အဘယ်သူကို လယ်ယာမြေကို အောင်နိုင်သူဟူ၍ ဆိုပါသနည်း။ အဘယ်အကြောင်းဖြင့် လူလိမ္မာဟူ၍ ဆိုပါသနည်း။ အဘယ်သို့သောသူကိုပညာရှိဟူ၍ဆိုပါသနည်း။ အဘယ်အကြောင်းဖြင့်မုနိဟူ၍ဆိုအပ်ပါသနည်း။

အဖြေ-၃။ သဘိယ၊ အကြွင်သူသည် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့၌ ဖြစ်သော တည်ရာမြေအားလုံးကို သိမြင်၍ ၎င်းတို့၏ အနှောင်အဖွဲ့မှ လွတ်မြောက်ပြီးဖြစ်၏။ ဖောက်ပြန်ခြင်း မရှိပဲ သဘောအတိုင်း တည်သောကြောင့် တာဒိဂုဏ်နှင့်လည်း ပြည့်စုံ၏။ ထိုသူကို လယ်ယာမြေကို အောင်ပြီးသူဟူ၍ ဆိုအပ်၏။

အကြွင်သူသည်လူ့ပြည်၊နတ်ပြည်၊ဗြဟ္မာပြည်၌ဖြစ်သော ကုသိုလ်အကုသိုလ် ကံအားလုံးကို သိမြင်၍ ၎င်းတို့၏ အနှောင်အဖွဲ့မှ လွတ်မြောက်ပြီးဖြစ်၏။ ဖောက်ပြန်မှုမရှိပဲ သဘောအတိုင်း တည်သောကြောင့် တာဒိဂုဏ်နှင့်လည်း ပြည့်စုံ၏။ ထိုသူကို လိမ္မာသူဟူ၍ ဆိုအပ်၏။

အကြွင်သူသည် အတွင်းအပ နှစ်ပါးလုံး၌ ဖြူစင်သောတရားတို့ကို သိမြင်၍ စင်ကြယ်သော

ပညာ ရှိ၏။ မည်းညစ်သော အကုသိုလ်ကံနှင့် ဖြူစင်သောကုသိုလ်ကံ နှင့်ပါးစလုံးကို လွန် မြောက်ပြီးဖြစ်၏။ ဖောက်ပြန်မှုမရှိပဲ သဘော အတိုင်း တည်သောကြောင့် တာဒိဂုဏ်နှင့်လည်း ပြည့်စုံ၏။ ထိုသူကို ပညာရှိဟူ၍ ဆိုအပ်၏။

အကြွင်းသူသည် မိမိ၏ အတွင်းသန္တာန်၌ လည်းကောင်း၊အပြင်ပရှိ တလောကလုံး၌လည်း ကောင်းသူယုတ်မာတို့၏တရား၊သူတော်ကောင်း တို့၏ တရားကို ခွဲခြားသိမြင်ပြီး ရာဂ စသော ကပ်ငြိမှု တဏှာဒိဋ္ဌိ ဟူသော ပိုက်ကွန်တို့ကို ကျော်လွန်ပြီး ဖြစ်၏။ ထိုသူကို နတ်လူတို့ ပူဇော် အပ်သည်ဖြစ်၍ မုနိ ဟူ၍ ဆိုအပ်၏။

ပြဿနာ-၄။ အရှင်ဂေါတမ၊ အဘယ်သို့ ရောက်သူကို ဝေဒဂူ ဟူ၍ ဆိုပါသနည်း။ အဘယ်အကြောင်း ဖြင့် အနုဗုဒ္ဓ ဟူ၍ ဆိုပါသနည်း။ အဘယ်သို့ သောသူကို ဝီရိယ ရှိသူဟူ၍ ဆိုပါသနည်း။ အဘယ်သို့လျှင် အာဇာနည် မည်ပါသနည်း။

အဖြေ-၄။ သဘိယ၊ ဤလောက၌အကြွင်းသူသည် ရဟန်း ပုဏ္ဏားတို့၏ ဝေဒကျမ်းအားလုံးကို သိမြင်၍ ယင်းတို့ကို ကျော်လွန်ကာ ဝေဒနာအားလုံး တို့၌ တပ်စွန်းမှု ကင်း၏။ ထိုသူကို ဝေဒဂူဟူ၍ ဆိုအပ်၏။

အကြွင်းသူသည် မိမိ၏ အတွင်းအပ နှစ်ပါး လုံး၌ သံသရာချဲ့ထွင်ရေးတရား၊ နာမ်ရုပ်တရား

နှင့် ယင်း နာမ်ရုပ်ဟူသော အနာရောဂါ၏ အရင်းအမြစ် ဖြစ်သော အဝိဇ္ဇာတဏှာတို့ကို စူးစမ်းသိမြင်၍ ယင်းတို့၏ အနှောင်အဖွဲ့မှ လွတ်မြောက်၏။ ဖောက်ပြန်မှုမရှိပဲ သဘောအတိုင်း တည်သောကြောင့် တာဒိဂုဏ်နှင့်လည်း ပြည့်စုံ၏။ ထိုသူကို အနုဗုဒ္ဓ ဟူ၍ ဆိုအပ်၏။

ဤလောက၌ အကြင်သူသည် မကောင်းမှုအားလုံးမှ ရှောင်ကြဉ်၍ ငရဲ၌ဖြစ်သော ဆင်းရဲကိုလွန်မြောက်ပြီး ဖြစ်၏။ ဝီရိယ တည်းဟူသော ကိန်းအောင်းရာရှိလျက် ကြိုးစားအားထုတ်မှု တည်တံ့ခိုင်မြဲမှုတို့နှင့် ပြည့်စုံ၏။ ထိုသူကို ဝီရိယ ရှိသူဟူ၍ ဆိုအပ်၏။

အကြင်သူသည် အတွင်းအပ နှစ်ပါးလုံး၌ အနှောင်အဖွဲ့ ဟူသမျှကို ဖြတ်တောက်ပြီး ဖြစ်၏။ ကပ်ငြိမှုကို အမြစ်မှ နုတ်၍ ယင်းတို့၏ အနှောင်အဖွဲ့မှ လွတ်မြောက်ကာ တည်ငြိမ်သော သဘောရှိ၏။ ထိုသူကို အာဇာနည် ဟူ၍ ဆိုအပ်၏။

ပြဿနာ-၅။ အရှင်ဂေါတမ၊ အဘယ်သို့ ရောက်သူကို သောတ္ထိယဟု ဆိုပါသနည်း။ အဘယ် အကြောင်းဖြင့် အရိယဟု ဆိုပါသနည်း။ အဘယ်သို့သော သူကို စရဏ ရှိသူဟု ဆိုပါသနည်း။ အဘယ်သို့လျှင် ပရိဗိုဇ် မည်ပါသနည်း။

အဖြေ-၅။ သဘာဝိယ၊ လောက၌ တရားအားလုံးကို သိမြင်၍ ကုသိုလ်၊ အကုသိုလ် တရားအားလုံးကို လွှမ်းမိုးပြီး ယုံမှားခြင်းကင်းသူ၊ အနှောင်အဖွဲ့မှ လွတ်မြောက်၍ ဆင်းရဲခြင်းကင်းသူကို သောတ္ထိယ ဟု ဆို၏။

အကြင်သူသည် ယိုစီးမှု အာသဝ၊ တွယ်တာမှု အာလယတို့ကို ဖြတ်တောက်ပြီးဖြစ်၍ နောက်ထပ် ပဋိသန္ဓေ နေခြင်းမရှိတော့။ ကာမသညာ စသော သညာသုံးပါးနှင့် ကာမဂုဏ်ရှုံညွှန်ကို ပယ်ပြီးဖြစ်၍ မှားသောအားဖြင့် ကြံစည်ခြင်းကိုလည်း မပြုတော့။ ထိုသူကို အရိယာ ဟု ဆို၏။

ဤလောက၌ အကြင်သူသည် အကျင့်စရဏတို့၌ လိမ္မာ၍ ရောက်သင့်ရောက်ထိုက်သော တရားသို့ ရောက်၏။ အခါခပ်သိမ်း တရားကို သိမြင်၏။ ခန္ဓာစသော တရားအားလုံး၌ မကပ်ငြိသဖြင့် လွတ်မြောက်ပြီးသောစိတ် ရှိ၏။ စိတ်ထိခိုက်မှုလည်း ကင်းပြီးဖြစ်၏။ ထိုသူသည် စရဏရှိသူ မည်၏။

အကြင်သူသည် ဆင်းရဲမှုကို ဖြစ်စေတတ်သော အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကံကိုပယ်ထုတ်မှုတ်လွှင့်၍ လိမ်လည်လှည့်ဖျားခြင်း၊ မာန်တက်ခြင်းစသောစသော တရားများကိုလည်း ပိုင်း

ခြားသိမြင်ပြီး နာမ်ရုပ်တို့ ကုန်ဆုံးအောင်ပြု
လုပ်၏။ ထိုသူကို ပရိဗိုဇ် ဟူ၍ ဆို၏။

**သဘိယ၏ ချီးကျူးစကား**

မိမိ မေးလျှောက်သော ပြဿနာငါးရပ်ကို ဗုဒ္ဓမြတ်စွာက ပြေလည်စွာ ဖြေကြားလိုက်သောအခါ သဘိယပရိဗိုဇ် လွန်စွာ ကျေနပ် နှစ်သက်လှသဖြင့် ဗုဒ္ဓအား ချီးကျူးစကားများ လျှောက်ကြားပြောဆိုလေသည်။

''အရှင်ဘုရား၊ မြတ်စွာဘုရားသည် မြေကြီးကဲ့သို့ ကြီးမား ကျယ်ပြန့်သောပညာ ရှိပါပေ၏။ နိဗ္ဗာန်တည်းဟူသော ကမ်းတ ဖက်သို့ ဆိုက်ရောက်ပြီးသူဖြစ်ပါပေ၏။ယောကျ်ားမြတ် အာဇာ နည်ဖြစ်သော မြတ်စွာဘုရားအား ကျွန်ုပ် ရှိခိုးပါ၏။ နတ်နှင့် တကွသော လောကဉ္စ အရှင်ဘုရားနှင့် တုပြိုင်နိုင်မည့်သူကား မရှိ တော့ပါ။''

ထို့နောက် သဘိယသည် ဗုဒ္ဓမြတ်စွာအား ရှိခိုးဦးခိုက်၍ မိမိအား ရဟန်းပြုပေးရန် တောင်းပန်သည်။ ရဟန်းအဖြစ်ကို ရရှိ၍ မမေ့မလျော့ ကြိုးစားအားထုတ်ရာ ရှင်သဘိယသည် မကြာမီ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်လေ၏။

# ၃၃။ သေလသုတ်

## လက္ခဏာဖြစ်သော သေလပုဏ္ဏား

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် တစ်ထောင့်နှစ်ရာငါးကျိပ် သော ရဟန်းတို့နှင့်အတူ အင်္ဂုတ္တရာပတိုင်း၌ ဒေသစာရီ လှည့် လည်တော်မူရာ အာပဏနိဂုံးသို့ ဆိုက်ရောက်လေသည်။ ဗုဒ္ဓ မြတ်စွာ ဆိုက်ရောက်လာကြောင်းကို ကေဏိယ အမည်ရှိသော ရသေ့ ကြားသိလျှင် ဗုဒ္ဓထံသို့ ချဉ်းကပ်၍ တရားနာယူသည်။ တရားနာပြီးနောက် ဗုဒ္ဓမြတ်စွာအား ရဟန်းသံဃာအပေါင်း နှင့်အတူ မိမိဆွမ်းကို ခံယူရန် ပင့်ဖိတ်သည်။ ထိုအခါ ဗုဒ္ဓက– "အချင်း ကေဏိယ၊ ရဟန်းသံဃာကား များလှ၏။ တစ်ထောင့် နှစ်ရာငါးကျိပ် အရေအတွက်ရှိ၏။ သင်သည်လည်း ပုဏ္ဏားတို့ အပေါ်၌ အလွန် ကြည်ညိုသူ ဖြစ်၏။"ဟူ၍ သတိပေးစကား မိန့်ကြား၏။ ယင်းသို့ မိန့်ကြားသော်လည်း ကေဏိယက ရှေးနည်းအတူပင် ထပ်မံ ပင့်ဖိတ်နေသောကြောင့် ဗုဒ္ဓမြတ်စွာ သည် ပင့်ဖိတ်ချက်ကို လက်ခံတော်မူလိုက်သည်။ ထိုအခါ ကေဏိယရသေ့သည် မိမိကျောင်းသခ်မ်းသို့ ပြန်သွားပြီး မိမိ ဆွေမျိုး၊ မိတ်ဆွေတို့အား ထိုအကြောင်းကို ပြောကြား

သည်။ သူ၏ ဆွေမျိုးမိတ်ဆွေတို့သည် ဆွမ်းချက်ရန်အတွက် မီးဖိုတူးခြင်း၊ ထင်းခွဲခြင်း၊ အိုးခွက်များကို ဆေးကြောခြင်း စသည့် ဝေယျာဝစ္စတို့ကို တစ်ယောက်တလက် ဝိုင်းဝန်းလုပ်ဆောင်ကြသည်။ ကေဏိယရသေ့ကား မဏ္ဍာပ်ကို ကိုယ်တိုင် စီမံဆောက်လုပ်၏။

ထိုအချိန်တွင် ဗေဒင်သုံးပုံကို တဖက်ကမ်းခတ် တတ်မြောက်သည့် သေလအမည်ရှိသော ပုဏ္ဏားသည် လုလင်ပျို သုံးရာတို့အား ဗေဒင်ကျမ်းများကို သင်ကြားပို့ချလျက် အာပဏနိဂုံး၌ နေထိုင်၏။ ထိုသေလပုဏ္ဏားသည် လုလင်ပျိုသုံးရာနှင့်အတူ အညောင်းပြေ လမ်းလျှောက်ယင်း ကေဏိယရသေ့၏ ကျောင်းသခ်မ်းသို့ ရောက်ရှိလာလေသည်။ ကေဏိယရသေ့နှင့် ဆွေမျိုးမိတ်ဆွေများ အလုပ်များနေကြသည်ကို မြင်လျှင် သေလပုဏ္ဏားသည် အကျိုးအကြောင်းကို မေးမြန်းလေသည်။ ကေဏိယရသေ့ကလည်း မိမိသည် ရဟန်းသံဃာပေါင်း တစ်ထောင့်နှစ်ရာငါးကျိပ်နှင့်အတူ ဗုဒ္ဓမြတ်စွာအား ဆွမ်းလောင်းရန် ပင့်ဖိတ်ထားသောကြောင့် အလုပ်များနေခြင်း ဖြစ်ကြောင်း ပြောကြားလေသည်။

ထိုအခါ သေလပုဏ္ဏားသည် လောက၌ ဗုဒ္ဓဟူသောအသံမျှကိုပင် ကြားရရန် လွန်စွာခဲယဉ်းကြောင်း စဉ်းစားမိသဖြင့် ကေဏိယရသေ့ထံမှ ဗုဒ္ဓသီတင်းသုံးရာအရပ်ကို မေးမြန်းပြီး တပည့်လုလင်သုံးရာနှင့်အတူ ဗုဒ္ဓမြတ်စွာထံသို့ သွားလေသည်။ ဗုဒ္ဓထံသို့ ရောက်သောအခါ သေလပုဏ္ဏားသည် ဗုဒ္ဓမြတ်စွာ၏ ကိုယ်၌ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတို့ကို ရှာဖွေစုံစမ်းလေ၏။ ယင်းသို့ရှာဖွေစုံစမ်းရာတွင် လက္ခဏာ

သုံးဆယ်တို့ကိုသာ တွေ့မြင်၏။ အိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ် ရှိခြင်း၊ ရှည်ပြန့်သောလျှာရှိခြင်းဟူသော လက္ခဏာ နှစ်ပါးကိုမူ မိမိမျက်စိဖြင့် တိုက်ရိုက်မတွေ့မြင်ရသဖြင့် သေလ ပုဏ္ဏားသည် မဝေခွဲနိုင်ဖြစ်နေလေသည်။ ထိုအခါ ဗုဒ္ဓသည် အိမ်ဖြင့်ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်ကို သေလပုဏ္ဏား မြင်စေ ရန် တန်ခိုးဖြင့်ဖန်ဆင်း၍ ပြတော်မူသည်။ ရှည်ပြန့်သော လျှာကိုမြင်စေရန်အတွက်လည်း လျှာကိုထုတ်၍ နားနှစ်ဖက်၊ နှာခေါင်းပေါက်နှစ်ခုနှင့် နဖူးပြင်တခုလုံးကို လျှာဖြင့်ဖုံးအုပ်၍ ပြတော်မူသည်။

ယင်းသို့ယောကျ်ားမြတ်တို့၏ လက္ခဏာ(၃၂)ပါးကို ပြည့်စုံ စွာ မြင်ရသော်လည်း သေလပုဏ္ဏားကား ဘုရားစင်စစ် ဟုတ် မဟုတ်ကို မဆုံးဖြတ်နိုင်ပဲ ရှိပြန်လေသည်။ သို့သော်လည်း ဘုရားရှင်တို့မည်သည် မိမိဂုဏ်ကျေးဇူးကို ပြောဆိုလျှင် မိမိ ကိုယ်ကို ထင်ရှားပြတတ်ကြောင်း ဆရာစဉ်ဆက်တို့ထံမှ သေလ ပုဏ္ဏား ကြားဖူး၏။ ထို့ကြောင့် သေလပုဏ္ဏားသည် ဗုဒ္ဓမြတ်စွာ အား အောက်ပါဂါထာတို့ဖြင့် ချီးကျူးစကား လျှောက်ထား လေသည်။

"အရှင်ဂေါတမ၊ အရှင်သည် ပြည့်ဖြိုးသောကိုယ် ရှိပါ၏။ တင့်တယ်မတောက်ပသောကိုယ် ရှိပါ၏။ ကောင်းစွာဖြစ်သော လုံးရပ်သဏ္ဌာန်ရှိပါ၏။ နှစ်သက်ဖွယ် တင့်တယ်သောအဆင်း ရှိပါ၏။ ရွှေအဆင်းနှင့်တူသော အဆင်းရှိပါ၏။ ဖြူဖွေးစင်ကြယ် သော သွားစွယ်ရှိပါ၏။

"ကောင်းသော လုံးရပ်သဏ္ဌာန်ရှိသော ယောကျ်ားမြတ်၏ ကိုယ်၌ မဟာပုရိသလက္ခဏာတို့သည် ထင်ရှား ဖြစ်ကုန်သကဲ့သို့

အရှင်မြတ်၏ကိုယ်၌လည်း မဟာပုရိသလက္ခဏာတို့သည် ထင်ရှား ဖြစ်ပေါ်နေပါကုန်၏။

"ကြည်လင်သောမျက်လုံး၊တင့်တယ်သောမျက်နှာ၊ဗြဟ္မာမင်း ကဲ့သို့ ဖြောင့်စင်းသော ကိုယ်နှင့် တောက်ပသောအရောင်ရှိသော အရှင်မြတ်သည် ရဟန်းသံဃာအပေါင်း၏ အလယ်၌ နေမင်း ကဲ့သို့ တင့်တယ်ပါပေ၏။

"ကောင်းသော အသွင်အပြင်၊ ရွှေရောင်တောက်သော ကိုယ်ရေအဆင်းရှိသဖြင့် မြင့်မြတ်သောအဆင်းနှင့် ပြည့်စုံသော အရှင့်အား ရဟန်းအဖြစ်ဖြင့် အဘယ် အကျိုးရှိပါအံ့နည်း။ အရှင်သည် သမုဒ္ဒရာလေးစင်းဖြင့် ပိုင်းခြားအပ်သည့် ကမ္ဘာ မြေကြီးကိုအစိုးရသော စကြာမင်းဖြစ်ရန် သိုက်တန်ပါသည်။ အရှင်သည် မင်းတကာတို့ထက် မြတ်သော စကြာမင်း ပြု၍ ဇမ္ဗူဒိပ်ကျွန်းကို အုပ်စိုးတော်မူပါလော။"

ထိုအခါ ဗုဒ္ဓမြတ်စွာက မိမိသည် ဓမ္မစက်ကို လည်စေသော တရားမင်းဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ "တရားမင်းဖြစ် သော အရှင်၏ စစ်သူကြီးကား အဘယ်သူပါနည်း။" ဟု သေလ ပုဏ္ဏားက မေးလျှောက်လျှင် ရှင်သာရိပုတ္တရာပင် ဖြစ်ကြောင်း ဗုဒ္ဓက ဖြေကြားတော်မူသည်။ ထို့နောက် ဗုဒ္ဓမြတ်စွာသည် သေလပုဏ္ဏားအား ယုံမှားသံသယ ကင်းရှင်းအောင် ဆက်လက် မိန့်ကြားတော်မူသည်။ သေလပုဏ္ဏားလည်း ဘုရားစင်စစ် ဖြစ် ကြောင်း အကြွင်းမဲ့ ယုံကြည်သဖြင့် တပည့်သုံးရာနှင့်အတူ ဗုဒ္ဓထံ၌ ရဟန်းပြုလေသည်။ ရဟန်းပြုပြီးနောက် မကြာမီ တပည့်များနှင့်အတူပင် ရဟန္တာ ဖြစ်သွားလေသည်။

နောက်တနေ့နံနက်သို့ရောက်သောအခါ ဗုဒ္ဓမြတ်စွာသည်ရဟန်း သံဃာအပေါင်းနှင့်တကွ ကေဏိယ ရသေ့၏ ကျောင်းသင်္ခမ်းသို့ ကြွတော်မူသည်။ ကေဏိယရသေ့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာအား မွန်မြတ်သော ဆွမ်းဘောဇဉ်ဖြင့် ကိုယ်တိုင် ကိုယ်ကျ ပြုစုလုပ်ကျွေး၏။ ဆွမ်းဘုဉ်းပေးပြီးသောအခါ ဗုဒ္ဓ မြတ်စွာသည် ကေဏိယရသေ့အား အောက်ပါဂါထာတို့ဖြင့် ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူလေသည်။

"ယဇ်ပူဇော်ခြင်းတို့တွင် မီးပူဇော်ခြင်းသည် ပဓာန ဖြစ်၏။ သာဝိတ္တိကျမ်းသည် ဆန်းကျမ်း၏ ပဓာန ဖြစ်၏။ မြစ်တို့တွင် သမုဒ္ဒရာသည် ပဓာန ဖြစ်၏။

"နက္ခတ်တို့တွင် လသည် ပဓာန ဖြစ်၏။ ထွန်းလင်းတောက် ပသော အရာတို့တွင် နေသည် ပဓာန ဖြစ်၏။ ကောင်းမှုကို အလိုရှိ၍ ပူဇော်သူတို့အတွက် သံဃာသည် ပဓာန ဖြစ်ပေ၏။"

[ဤသုတ်သည် မဇ္ဈိမ မဏ္ဏာသ ဗြာဟ္မဏဝဂ်၌လည်း ပါ၏။]

# ၃၄။ သလ္လသုတ်

## သောကများကို နှုတ်ပယ်ရေး

သားသေ၍ အလွန်ပူဆွေး ဒုက္ခရောက်နေသော ဥပါသကာ တစ်ယောက်ကို အကြောင်းပြု၍ ဗုဒ္ဓမြတ်စွာသည် ဤ သလ္လသုတ်ကို ဟောကြားတော်မူသည်။ ဤသုတ်၏ လိုရင်းအချုပ်မှာ မိမိစိတ်တွင် စူးဝင်နေသည့် သောကတည်းဟူသော ဆူးငြောင့်ကို အမြန် နှုတ်ပယ်ပစ်ရေးပင် ဖြစ်သည်။

ဤလောက၌ သတ္တဝါတို့၏ အသက်သည် အမှတ်အသားကင်း၏။ အပိုင်းအခြားကို မသိနိုင်။ ဆင်းရဲပင်ပန်း၏။ တိုတောင်း၏၊ ဆင်းရဲခြင်းအမျိုးမျိုးနှင့်လည်း စပ်ယှက်နေ၏။

မွေးဖွားလာသော သတ္တဝါတို့ကို မသေစေရန် ပူပြင် အားထုတ်၍ မရ။ အိုခြင်းသို့ ရောက်သည်ဖြစ်စေ၊ မရောက်သည် ဖြစ်စေ သေရမည် ဖြစ်၏။ သစ်သီးမှည့်တို့အား နံနက်တိုင်း ကြွေကျမည်ကိုစိုးရိမ်ကြောက်ရွံ့နေရသကဲ့သို့ မွေးဖွားလာသော

သတ္တဝါတို့အားလည်း သေရမည်ကို အမြဲ စိုးရိမ်ကြောက်ရွံ့နေရ၏။ အိုးထိန်းသည် ပြုလုပ်အပ်သော အိုးခွက်တို့သည် ကွဲခြင်းလျှင် အဆုံးရှိသကဲ့သို့ သတ္တဝါတို့၏ အသက်သည်လည်းသေခြင်းလျှင် အဆုံးရှိ၏။

ငယ်သူ၊ ကြီးသူ၊ မိုက်သူ၊ လိမ္မာသူ၊ အားလုံးတို့သည် သေမင်းနိုင်ငံသို့ လိုက်ပါကြရကုန်၏။ မိဘတို့သည် သားသမီးကို သေဘေးမှ မကာကွယ်နိုင်။ ဆွေမျိုးတို့သည်လည်း သေဘေးမှ မကာကွယ်နိုင်။ သတ်မည့်နွားကို နွားသတ်ရုံသို့ ယူဆောင်သွားသကဲ့သို့ ဆွေမျိုးများ ကြည့်ရှုငိုကြွေးနေကြစဉ်မှာပင် သတ္တဝါတစ်ယောက်စီတစ်ယောက်စီကို သေမင်းသည် ယူဆောင်သွားလေ၏။

သတ္တဝါတို့၏ သွားရာ၊ လာရာဘဝကို မသိမမြင်ရပဲ ငိုကြွေးနေခြင်းသည် အကျိုးမရှိ။ ငိုကြွေးသဖြင့် အကျိုးတစုံတရာ ရှိခဲ့ပါမူ ပညာရှိသည် ငိုကြွေးမှုကို ပြုသင့်၏။ ငိုကြွေးခြင်း၊ စိုးရိမ်ပူဆွေးခြင်းဖြင့် စိတ်၏ငြိမ်းအေးမှုကို မရနိုင်။ ကိုယ်စိတ်ဆင်းရဲပင်ပန်းမှုသာ ဖြစ်၏။

ပူဆွေးသောကကို မပယ်နိုင်သူသည် လွန်စွာ စိတ်ဆင်းရဲခြင်းသို့ရောက်ရ၏။သေသူကို အကြောင်းပြု၍ငြိုးတွားနေသူသည် သောက၏အလိုသို့ လိုက်ပါနေရသူ ဖြစ်၏။ သတ္တဝါတို့သည် မိမိကိုယ်ကို အသက်ရှည်လိမ့်မည်၊ အနာကင်းလိမ့်မည် စသည်ဖြင့် ထင်မှတ်ကြသော်လည်း ယင်းသို့ ထင်မှတ်သည်နှင့် ဆန့်ကျင်ဘက်အခြင်းအရာအားဖြင့်သာ ဖြစ်ကြရကုန်၏။

ဤလောက၌ လူသားသည် နှစ်ပေါင်း တစ်ရာသော်လည်းကောင်း၊ တစ်ရာထက် ပို၍သော်လည်းကောင်း အသက် ရှည်

စေကာမူ နောက်ဆုံးတွင် ဆွေမျိုးများနှင့်ခွဲခွာ၍ မိမိအသက် ကို စွန့်ရမည်သာ ဖြစ်၏။ထို့ကြောင့် မြတ်စွာဘုရား၏ တရားကို ကြားနာရသူသည် သေသူကို မြင်တွေ့လျှင် တဖန် အသက်ရှင် စေရန် မတတ်နိုင်ကြောင်း ဆင်ခြင်စဉ်းစားပြီး ငိုကြွေး မြည် တမ်းခြင်းကို ပယ်ဖျောက်အပ်၏။

မီးလောင်နေသောအိမ်ကို ရေဖြင့် ငြိမ်းသတ်သကဲ့သို့ သိ ကြား၊ လိမ္မာသော ပုဂ္ဂိုလ်သည် မိမိ၌ ကျရောက်နေသော သောကကို လျင်စွာ ငြိမ်းသတ်သင့်၏။ လေသည် ဝါဂွမ်းကို တိုက်ခတ်ဖျက်ဆီးသကဲ့သို့ သောကကို ဖျက်ဆီးပစ်သင့်သည်။

မိမိချမ်းသာခြင်းကိုသာ ရှာသောသူသည် ငိုကြွေးခြင်း မြည်တမ်းခြင်း နှလုံးမသာယာခြင်း ဟူသော မြားငြောင့်ကို မိမိကိုယ်တိုင်ပင် နှုတ်ပစ်အပ်၏။ မြားငြောင့်ကို နှုတ်ပြီးသူသည် တဏှာဒိဋ္ဌိကို မမှီမူ၍ စိတ်၏ ငြိမ်းအေးခြင်းသို့ ရောက်လျက် ပူဆွေးသောက ဟူသမျှကို လွန်မြောက်ကာ သောကကင်းဝေး ငြိမ်းအေးချမ်းသာသူ ဖြစ်ပေတော့သည်။

# ၃၅။ ဝါသေဋ္ဌသုတ်

## ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့၏ ပြဿနာကို ဖြေကြားခြင်း

**လုလင်နှစ်ယောက် အငြင်းပွား**

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ဣစ္ဆာနင်္ဂလ နိဂုံးအနီး ဣစ္ဆာနင်္ဂလ တောအုပ်၌ သီတင်းသုံးတော်မူ၏။ ထိုအခါ စင်္ကီပုဏ္ဏား၊ တာရုက္ခပုဏ္ဏား အစရှိသည့် ထင်ရှားကျော်ကြားသော ပုဏ္ဏားသူဌေးများစွာတို့သည် ဣစ္ဆာနင်္ဂလနိဂုံး၌ တည်းခိုနေထိုင်လျက်ရှိကြ၏။ ထိုအခါ ပေါက္ခရသာတိ ပုဏ္ဏား၏တပည့် ဝါသေဋ္ဌနှင့် တာရုက္ခ ပုဏ္ဏား၏တပည့် ဘာရဒွါဇ လုလင်တို့သည် အညောင်းပြေ လမ်းလျှောက်ကြယင်း ဗြာဟ္မဏဖြစ်ခြင်း အကြောင်းကို ဆွေးနွေး ပြောဆိုကြလေသည်။ အမိအဘ နှစ်ဖက်လုံးမှ ကောင်းသောဇာတ် ရှိခြင်း၊ ဘိုးဘေးခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်စင်သော အမိဝမ်း ရှိခြင်း၊ ဇာတ်နှင့်စပ်သောစကားဖြင့် ပစ်ပယ်ကဲ့ရဲ့မှု မခံရခြင်းဟူသော အင်္ဂါသုံးပါးနှင့် ပြည့်စုံလျှင် ဗြာဟ္မဏ ဖြစ်နိုင်ကြောင်း ဘာရဒွါဇ လုလင်က ပြောသည်။

ဝါသေဋ္ဌလုလင်ကမူ သီလရှိ၍ ကျင့်ဝတ်နှင့်ပြည့်စုံလျှင် ဗြာဟ္မဏ ဖြစ်နိုင်ကြောင်း ပြောကြားသည်။ ဤသို့ဖြင့် လုလင် နှစ်ယောက်တို့သည် တစ်ဦး၏အယူအဆကိုတစ်ဦးကလက်မခံနိုင်ပဲ ရှိနေကြသဖြင့် ဗုဒ္ဓမြတ်စွာထံသွား၍ အဆုံးအဖြတ် ခံယူရန် သဘောတူကြသည်။ ဗုဒ္ဓမြတ်စွာထံ ရောက်သည့်အခါ ဝါသေဋ္ဌ လုလင်က မိမိတို့နှစ်ယောက် အငြင်းပွားနေကြပုံကို လျှောက် ကြားပြီး– "အမျိုးဇာတ်အားဖြင့် ဗြာဟ္မဏ ဖြစ်ပါသလော။" သို့မဟုတ်- "အပြုအမူအားဖြင့် ဗြာဟ္မဏ ဖြစ်ပါသလော" ဟူသောမေးခွန်းကို မေးလျှောက်လေသည်။

**အမျိုးဇာတ်နှင့် ခြားနားမှု**

ထိုအခါ ဗုဒ္ဓမြတ်စွာသည် မြက်၊သစ်ပင်၊တောတိရစ္ဆာန်၊ငှက် ငါး၊လိပ်စသော သတ္တဝါတို့၌ အမျိုးဇာတ်ကို လိုက်၍ အသွင် အပြင် ထူးခြားမှုရှိသကဲ့သို့ လူတို့တွင်မူ အမျိုးဇာတ်ကိုလိုက်၍ အသွင်အပြင် ထူးခြားမှုမရှိကြောင်း၊ ခတ္တိယ၊ ဗြာဟ္မဏ စသည် ဖြင့် ခေါ်ဝေါ်ခြင်းမှာ အမည် ပညတ်မျှသာ ဖြစ်ကြောင်း၊ လယ်ထွန်မှုကို မှီ၍ အသက်မွေးသူကို လယ်သမား ဟူ၍လည်း ကောင်း၊ အရောင်းအဝယ်ဖြင့် အသက်မွေးသူကို ကုန်သည်ဟူ၍ လည်းကောင်း၊ မြို့ ရွာ နိုင်ငံစိုးပိုင်သူကို မင်းဟူ၍လည်းကောင်း ခေါ်ဝေါ်ကြကြောင်း ရှင်းလင်း မိန့်ကြားတော်မူသည်။

ထို့နောက် အမျိုးဇာတ်အားဖြင့် ဗြာဟ္မဏစင်စစ် မဖြစ်နိုင်။ အကျင့်သီလ စသော ဂုဏ်အရည်အချင်း၊ ပြုလုပ်မှုကံတို့ကြောင့် သာ ဗြာဟ္မဏစင်စစ် ဖြစ်နိုင်ကြောင်း ဆက်လက် ဟောကြား တော်မူသည်။

"ဝါသေဋ္ဌ၊ ပုဏ္ဏေးမမှ မွေးဖွားသူကို ဗြာဟ္မဏဟု ငါမဆို။ ကြောင့်ကြမှု၊ စွဲလမ်းမှု ကင်းသူကိုသာ ဗြာဟ္မဏဟု ငါဆို၏။

"ဆဲရေးခြင်း၊ပုတ်ခတ်ညှဉ်းဆဲခြင်း၊ နှောင်ဖွဲ့ခြင်းတို့ကြောင့် အမျက်မထွက်ပဲ သည်းခံတတ်သူကိုသာ ဗြာဟ္မဏဟု ငါဆို၏။

"ကြာဖက်၌ ရေမတင်သကဲ့သို့လည်းကောင်း၊ အပ်ဖျား၌ မုန်ညင်းစေ့ မတည်နိုင်သကဲ့သို့လည်းကောင်း ကာမဂုဏ်တို့၌ မလိမ်းကျံ၊ မကပ်ငြိသူကိုသာ ဗြာဟ္မဏဟု ငါ ဆို၏။

"လူတို့နှင့် လည်းကောင်း၊ ရဟန်းတို့နှင့် လည်းကောင်း မရောယှက်ပဲ တဏှာကင်းရေး အကျင့်ရှိသည်ဖြစ်၍ အလိုရမက် နည်းသူကိုသာ ဗြာဟ္မဏဟု ငါဆို၏။

"မိမိအား ဆန့်ကျင်ဖက် ပြုသူတို့အပေါ်၌ ပြန်၍ ဆန့်ကျင်ဖက် မပြုသူ၊ မိမိအား တုတ်၊ ဓားကိုင်၍ ရန်ပြုသူတို့အပေါ်၌ တုတ်၊ ဓားကိုချပြီး ရန်ငြိမ်းအောင် ပြုသူ၊စွဲလမ်းဖွယ် အာရုံတို့၌ စွဲလမ်းခြင်းမရှိသူကိုသာ ဗြာဟ္မဏဟု ငါဆို၏။

"ဝါသေဋ္ဌ၊ အမျိုးဇာတ်ကြောင့် ဗြာဟ္မဏ မဖြစ်နိုင်။ အလုပ်ကြောင့်သာ ဗြာဟ္မဏ ဖြစ်နိုင်၏။ အလုပ်ဖြင့် လယ်သမားဖြစ်၏။ အလုပ်ဖြင့် ကုန်သည် ဖြစ်၏။ အလုပ်ဖြင့် မင်းဖြစ်၏။ အကြောင်းအကျိုး ဆက်စပ်မှုကို မြင်၍ ကံ ကံ၏ အကျိုး၌ လိမ္မာသောပညာရှိတို့သည် ဤသို့ ဟုတ်တိုင်းမှန်စွာ အကြောင်းကံကို သိမြင်ကြကုန်၏။

"လောကသည် ကံကြောင့်ဖြစ်၏။သတ္တဝါသည် ကံကြောင့် ဖြစ်၏။ သွားနေသောရထား၏ နားပန်းစောင့်သည် ရထားဘီးကို ထိန်းဖွဲ့ထားသကဲ့သို့ သတ္တဝါတို့ကို ကံသည် ထိန်းဖွဲ့ထား၏။ ဣန္ဒြေတို့ကို စောင့်စည်းခြင်း၊ မြတ်သောအကျင့်ကို

ကျင့်ခြင်း၊ သီလစောင့်ထိန်းခြင်း၊ မိမိစိတ်ကို ဆုံးမခြင်းစသော ကံကြောင့်သာ ဗြာဟ္မဏ ဖြစ်၏။ ကံသည်သာ မြတ်သော ဗြာဟ္မဏအဖြစ်သို့ ပို့ဆောင်နိုင်၏။

"ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံ၍ ကိလေသာ ငြိမ်းအေးကာ တဖန် ဘဝသစ်၌ ဖြစ်မှု ကုန်ပြီးသော ပုဂ္ဂိုလ်သည် ပညာရှိတို့အတွက် ဗြာဟ္မဏလည်း မည်ပေ၏။ သိကြားလည်း မည်ပေ၏။ ဝါသေဋ္ဌ၊ သင်သည် ဤသို့ သိမှတ်လေလော။"

ဗုဒ္ဓမြတ်စွာက ဤသို့သော ဟောကြားသောအခါ ဝါသေဋ္ဌနှင့် ဘာရဒွါဇ လုလင်တို့သည် လွန်စွာကျေနပ်နှစ်သက်ကြပြီး ဥပါသကာအဖြစ် ခံယူသွားကြလေသည်။

# ၃၆။ ကောကာလိကသုတ်

## အဂ္ဂသာဝက နှစ်ပါးကို ပြစ်မှားသော ကောကာလိက

### အဂ္ဂသာဝကနှစ်ပါး ကြွလာခြင်း

ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့သည် ဒေသစာရီ လှည့်လည်ယင်း ကောကာလိကမြို့သို့ ဆိုက်ရောက်သွားကြသည်။ ထိုမြို့၌ ကောကာလိက မည်သော ရဟန်းတစ်ပါး သီတင်းသုံးလျက်ရှိရာ မထေရ်နှစ်ပါးတို့သည် အေးချမ်းတိတ်ဆိတ်မှုကို အလိုရှိကြသဖြင့် ထိုရဟန်း၏ ကျောင်း၌ ဝါဆိုကြလေသည်။ သို့သော်လည်း မြို့သူမြို့သားတို့အား အဂ္ဂသာဝကကြီးနှစ်ပါး ဝါဆိုနေကြကြောင်းကို အသိမပေးရန် ရှင်ကောကာလိကအား မှာထားကြလေသည်။

ဝါတွင်းသုံးလပတ်လုံး နှုတ်ပိတ်နေခဲ့ရသော ရှင်ကောကာလိကသည် ဝါကျွတ်သည်နှင့်တပြိုင်နက် ထိုအကြောင်းကို

မြို့သူမြို့သားတို့အား ထုတ်ဖော် ပြောကြားလိုက်လေသည်။ ထိုအခါ မြို့သူမြို့သားတို့သည် ထောပတ်၊ တင်လဲ စသော လှူဖွယ် ပစ္စည်း အမျိုးမျိုးဖြင့် မထေရ်နှစ်ပါးထံ ရောက်လာကြပြီး ပူဇော်ကန်တော့ကြလေသည်။ မထေရ်နှစ်ပါးတို့သည် ရှင်ကောကာလိက၏ ဝစီပယောဂကြောင့် ဖြစ်ပေါ်လာသော ပစ္စည်းများကို မိမိတို့လည်း အလှူမခံ၊ ရှင်ကောကာလိကအား လှူရန်လည်း မညွှန်ကြားပဲ သာဝတ္ထိပြည်သို့ ပြန်ကြသွားလေသည်။ ဤသည်ကို ရှင်ကောကာလိကသည် မကျေနပ်ခဲ့ပေ။

အမြင်မှားသော ရှင်ကောကာလိက

နောက်တစ်ကြိမ် ဒေသစာရီလှည့်လည်ရာတွင်လည်း မထေရ်နှစ်ပါးတို့သည် ကောကာလိက မြို့သို့ တဖန် ဆိုက်ရောက်ကြပြန်၏။ မြို့သူမြို့သားတို့သည် မဏ္ဍပ်ကြီးတစ်ခုဆောက်၍ နောက်ပါ ရဟန်းသံဃာများနှင့်တကွ မထေရ်နှစ်ပါးတို့အား အလှူကြီးစွာ ပေးကြသည်။ မထေရ်နှစ်ပါးတို့လည်း စေတနာအလျောက် လှူသော ပစ္စည်းများကို အကြည်အသာပင် လက်ခံကြသည်။ ထိုအခါ ရှင်ကောကာလိကသည် မနာလိုဝန်တိုမှု ပြင်းစွာ ဖြစ်လျက်– "ဤ မထေရ်နှစ်ပါးတို့သည် ယခင်ကနှင့်မတူ အလိုလောဘကြီးလာကြပြီ။" ဟု ဆိုကာ ဤအကြောင်းကို ဗုဒ္ဓမြတ်စွာအား လျှောက်ကြားရန် သာဝတ္ထိပြည်သို့ အဆောတလျင် ထွက်ခွာခဲ့လေသည်။

သာဝတ္ထိပြည်သို့ ရောက်သောအခါ ရှင်ကောကာလိကသည် ဗုဒ္ဓမြတ်စွာအား –"အရှင်ဘုရား ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့သည် ယုတ်မာသောအလိုရှိကြပါသည်။ ယုတ်

မာသော အလိုသို့ လိုက်ပါကြပါသည်။” ဟူ၍ လျှောက်ကြား လေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက- “ကောကာလိက၊ ဤသို့ မဆိုလင့်။ သာရိပုတ္တရာ၊ မောဂ္ဂလ္လာန်တို့၌ စိတ်ကို ကြည်လင် စေလော့။သာရိပုတ္တရာ၊မောဂ္ဂလ္လာန်တို့သည်သီလကို ချစ်ခင်မြတ် နိုးသူများ ဖြစ်၏။” ဟူ၍ မိန့်ကြားတော်မူသည်။ ယင်းသို့ မိန့်ကြားသော်လည်း ရှင်ကောကာလိကသည် ရှေးနည်းတူပင် သုံးကြိမ်တိုင်အောင် ထပ်မံလျှောက်ကြားပြီး နေရာမှ ထသွား လေသည်။

ဗုဒ္ဓမြတ်စွာ၏ ထံပါးမှ ထွက်ခွာခဲ့သော ရှင်ကောကာလိက၏ ကိုယ်၌ မကြာမီ အဖုအပိမ့်များ ဖြစ်ပေါ်လာလေသည်။ ထိုအဖုအပိမ့်များသည် မုန်ညင်းစေ့အရွယ်မှ ပဲနောက်စေ့အရွယ်၊ စားတော်ပဲလုံးအရွယ် စသည်ဖြင့် တဖြည်းဖြည်း ကြီးလာရာ နောက်ဆုံးတွင် ဥသျှစ်သီးမှည့်အရွယ် ဖြစ်လာပြီး ပေါက်ကွဲ၍ သွေးပြည်များ ယိုစီးကြလေသည်။ ရှင်ကောကာလိကသည် ထိုအနာဖြင့်ပင် သေ၍ ပဒုမငရဲသို့ ကျရောက်လေသည်။

**ပဒုမ ငရဲသက်တမ်း**

ဤသို့ ရှင်ကောကာလိက သေလွန်၍ ပဒုမငရဲသို့ ကျရောက် သွားကြောင်းကို သဟမ္ပတိဗြဟ္မာသည် ညအချိန်တွင် ဗုဒ္ဓ မြတ်စွာထံ လာရောက်လျှောက်ကြားလေ၏။ ဗုဒ္ဓမြတ်စွာသည် နံနက်လင်းသောအခါ ရဟန်းတို့ကို ထိုအကြောင်းကို ထပ်ဆင့် မိန့်ကြားတော်မူသည်။ ထိုအခါ ရဟန်းတစ်ပါးက ပဒုမ ငရဲ၌ သက်တမ်း မည်ရွေ့မည်မျှ ရှိကြောင်း မေးလျှောက် လေသည်။ ပဒုမငရဲ၏ သက်တမ်းကို နှစ်ပေါင်း

ရာထောင်စံသည်တို့ဖြင့် ရေတွက်၍ မရနိုင်ကြောင်း၊ ဥပမာ အားဖြင့် နှမ်းစေ့များ အပြည့်တင်ထားသော လှည်းပေါင်းမှ နှစ်ပေါင်းတစ်ရာကြာမှနှမ်းစေ့တစ်စေ့ကိုသာ ထုတ်ယူပစ်ခဲ့သော် ထိုလှည်းပေါင်းမှ နှမ်းစေ့အားလုံး ကုန်ခန်းသော်လည်း အဗ္ဗုဒ ငရဲ၏ သက်တမ်းသည် မကုန်ဆုံးနိုင်သေးကြောင်း၊ ပဒုမငရဲ ကား ထိုအဗ္ဗုဒငရဲထက်ပင် အဆပေါင်းများစွာ ပို၍ သက်တမ်းရှည်သေးကြောင်း ဗုဒ္ဓမြတ်စွာက ရှင်းလင်းမိန့်ကြားတော်မူလေသည်။

**ခါးမနှင့်တူသောစကား**

ထို့နောက် ဗုဒ္ဓမြတ်စွာသည် ရှင်ကောကာလိကကို အကြောင်းပြု၍ ရဟန်းတို့အား ဆုံးမဩဝါဒစကား မိန့်ကြားတော်မူလေသည်။

"မွေးဖွားလာသော လူသားတိုင်း၏ ပါးစပ်၌ ခါးမနှင့်တူသောစကားသည် ဖြစ်ပေါ်လာ၏။ မကောင်းသောစကားကို ပြောဆိုသော လူမိုက်သည် ယင်းစကားဖြင့် မိမိကိုယ်ကို ခုတ်ဖြတ်ဖျက်ဆီး၏။ ကဲ့ရဲ့ထိုက်သူကို ချီးမွမ်း၍ ချီးမွမ်းထိုက်သူကို ကဲ့ရဲ့သောလူမိုက်သည် ပါးစပ်ဖြင့် အပြစ်ကို ဆည်းပူး၏။ ထိုအပြစ်ကြောင့် သူသည် ချမ်းသာမှုကို မရနိုင်ဘဲ ရှိလေ၏။

"လောင်းကစားပွဲတို့၌ မိမိကိုယ်နှင့်တကွ ပစ္စည်းဥစ္စာ အားလုံးကို ဆုံးရှုံးခြင်းသည် အနည်းငယ်သော အပြစ်မျှသာ ဖြစ်၏။ ကောင်းသော အမူအကျင့်ရှိသော ပုဂ္ဂိုလ်တို့အပေါ်၌ စိတ်ဖြင့် ပြစ်မှားခြင်းသည်သာလျှင် စင်စစ် ကြီးလေးသော

အပြစ် ဖြစ်၏။ မဟုတ်မမှန်သောစကားကို ပြောဆိုသူသည်လည်းကောင်း၊ တစုံတခုကို ပြုလုပ်ပြီး မိမိ မပြုလုပ်ပါဟု ပြောဆိုသူသည်လည်းကောင်း ငရဲသို့ ကျရောက်၏။ ထိုသူနှစ်ဦးလုံးသည် ယုတ်ညံ့သောအမှု ရှိသူများ ဖြစ်၍ နောင်တမလွန်ဘဝ၌ အတူတူပင် ဖြစ်ကြလေသည်။ လေညာသို့ လွင့်ပစ်အပ်သော မြူမှုန်သည် ထိုပစ်လွှင့်သူ၏ အပေါ်သို့သာ ပြန်၍ကျသကဲ့သို့ ကိလေသာ ကင်းစင်၍ မပြစ်မှားထိုက်သော ပုဂ္ဂိုလ်ကို ပြစ်မှားလျှင် ထိုပြစ်မှားသူ၏ အပေါ်သို့သာ မကောင်းမှုသည် ပြန်၍ ကျရောက်၏။

"တစုံတယောက်သောသူ ပြုလုပ်အပ်သောကံသည် ပျောက်ပျက်သွားသည်မဟုတ်။ ပြုလုပ် ဆည်းပူးသူထံသို့သာ ပြန်ရောက်လာ၏။ ထိုကံကို ပြုလုပ်ဆည်းပူးသူသည် ထိုကံ၏ အကျိုးကို ခံစားရသည်သာ ဖြစ်၏။ ကြမ်းတမ်းသောအမှုကို ပြုလုပ်သူသည် တမလွန်လောကဝယ် မိမိကိုယ်၌ပင် ဆင်းရဲဒုက္ခကို မြင်တွေ့ရလေ၏။

"မကောင်းမှု ပြုသူများ ငရဲ၌ အသက်ရှင်ရခြင်းသည် အလွန်ပင် ဆင်းရဲပင်ပန်းလှ၏။ ထို့ကြောင့် ဤလူ့ဘဝ၌ အသက်ရှင်နေစဉ်ဝယ် ပြုသင့်ပြုထိုက်သော ကုသိုလ်ကောင်းမှုကို မမေ့မလျော့ ပြုလုပ်ရာ၏။

"ငရဲဘုံတို့သည် အလွန် ဆင်းရဲပြီး အချိန်ကာလ ကြာမြင့်စွာလည်း နေရကုန်၏။ ထို့ကြောင့် အကျင့်၊ သီလနှင့် ပြည့်စုံ၍ ကောင်းသောဂုဏ်ရှိသော ပုဂ္ဂိုလ်တို့အပေါ်၌ ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် မပြစ်မှားမိအောင် အမြဲ စောင့်စည်းသင့်ပေသည်။"

# ၃၁။ နာလကသုတ်

## မောနေယျအကျင့်ကိုကျင့်သော ရှင်နာလက

### စောင့်မျှော်နေသူ

အသိတမည်သော ရှင်ရသေ့သည် တာဝတိံသာနတ်ပြည်သို့ ကြွရောက်စဉ် သိကြားမင်းနှင့်တကွ တာဝတိံသာနတ်အပေါင်းတို့ ရွှင်မြူးပျော်ပါးနေကြသည်ကို တွေ့မြင်လေ၏။ ထိုအခါ ရှင်ရသေ့သည် နတ်တို့အား-"သင်တို့သည် မည်သို့သောထူးခြားမှုကို တွေ့မြင်၍ ဝမ်းသာပျော်မြူးနေကြပါသနည်း။"ဟု မေးမြန်းလေသည်။ မြတ်သောဘုရားလောင်းသည် သာကီဝင်မင်းတို့၏ နိုင်ငံ၌ ဖွားမြင်သောကြောင့် မိမိတို့ ဝမ်းသာပျော်မြူးခြင်းဖြစ်နေကြကြောင်း နတ်တို့က ဖြေကြားကြသည်။

နတ်တို့၏စကားကိုကြားလျှင် အသိတရသေ့သည် ကပိလဝတ်ပြည် သုဒ္ဓောဒနမင်းကြီး၏ နန်းတော်သို့ဝင်၍ သားတော်ကို ကြည့်ရှုလိုကြောင်း ပြောကြားလေသည်။ သာကီဝင်မင်းတို့သည် ရွှေအဆင်းရှိသောမင်းသားငယ်ကို ရှင်ရသေ့အား ပြသကြသည်။ ရှင်ရသေ့သည် မင်းသားငယ်ကိုမြင်လျှင် ဝမ်းမြောက်ဝမ်းသာလှမ်းယူ၍ ဉာဏ်ဖြင့်ဆင်ခြင်ပြီး- "ဤမင်းသားငယ်

သည် နတ်၊ လူတို့တွင် အတုမရှိသူ ဖြစ်လိမ့်မည်။''ဟူ၍ မြွက်ကြားလေသည်။

ထို့နောက် ရှင်ရသေ့သည် မိမိ၏အလားအလာကို ဆင်ခြင်လျက် မျက်ရည်ကျပြန်၏။ သာကီဝင်မင်းတို့သည် ရှင်ရသေ့ မျက်ရည်ကျသည်ကိုမြင်လျှင်–''မင်းသားငယ်၌ အန္တရာယ် တစုံတခု ဖြစ်ဖွယ်ရှိပါသလော။''ဟုစိုးရိမ်တကြီးမေးကြလေသည်။ ''ဤမင်းသားငယ်၌ အန္တရာယ်တစုံတခု ဖြစ်ဖွယ်မရှိ၊ သဗ္ဗညုတ ဉာဏ်သို့ ဧကန်ပင်ရောက်မည့်သူဖြစ်၏။ သို့သော်လည်း ငါသည်ကား ဤမင်းသား ဘုရားမဖြစ်မီပင် ကွယ်လွန်ရမည်ကို ကြိုမြင်သောကြောင့် ငိုကြွေးခြင်းဖြစ်၏။''ဟု ရသေ့က ဖြေကြားလေသည်။

သုဒ္ဓောဒနမင်းကြီး၏ နန်းတော်မှထွက်ခွာခဲ့သော အသိတရသေ့သည် မိမိ၏တူဖြစ်သော နာလကလုလင်အား အလောင်းတော် သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်သောအခါ ထိုဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးရန် မှာထားခဲ့ပြီး သက်တမ်းစေ့သောအခါ ကွယ်လွန်လေ၏။ နာလကလုလင်သည်လည်း ရှင်ရသေ့၏ မိန့်မှာချက်အတိုင်း ရသေ့ဝတ်၍ သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်မည့်အချိန်ကို စောင့်ဆိုင်းနေလေ၏။ သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်၍ ဓမ္မစကြာတရားကို ဟောကြားတော်မူပြီးဖြစ်ကြောင်း သတင်းကြားရသောအခါ နာလကရသေ့သည် မိဂဒါဝုန်တောသို့ ဆိုက်ရောက်လာပြီး ဗုဒ္ဓမြတ်စွာအား မောနေယျအကျင့်ကို မေးလျှောက်လေသည်။ ဗုဒ္ဓမြတ်စွာကလည်း နာလကရသေ့အား မောနေယျအကျင့်ကို ဟောကြားတော်မူလေသည်။

မောနေယျ အကျင့်

"နာလက၊ အလွန်ခက်ခဲသော ရဟန်းမြတ်တို့၏ အကျင့်ကို သင့်အား ငါ ဟောအံ့။ သင်သည် မိမိကိုယ်ကို ဝီရိယဖြင့် ခိုင်ခံ့စွဲမြဲအောင် ပြုလော့။ သင်သည် မြို့ရွာအတွင်း၌ လှည့်လည်စဉ် ဆဲရေးခံရခြင်းနှင့် ရှိခိုးခံရခြင်းကို ထပ်တူထင်မျှ သဘောထားလော့။ ဆဲရေးခံရလျှင် စိတ်မပြင်းမှားမိအောင် စောင့်ထိန်း၍ ရှိခိုးခံရလျှင်လည်း တက်ကြွမှု မရှိသင့်ပေ။

"တောထဲ၌ နေစဉ်မှာလည်း တောမီးလျှံကဲ့သို့ အကောင်း၊ အဆိုး အမျိုးမျိုးသော အာရုံတို့သည် ဖြစ်ပေါ်လာတတ်ကုန်၏။ မိန်းမတို့သည် ရဟန်းကို ဖြားယောင်းတတ်ကုန်၏။ ထိုမိန်းမ ဖြားယောင်းရာသို့ သင် မလိုက်ပါလေလင့်။ မေထုန်အကျင့်မှလည်းကောင်း၊ အခြားသော ကာမဂုဏ် အမျိုးမျိုးတို့မှလည်းကောင်း ရှောင်ကြဉ်ပြီး သတ္တဝါတို့အပေါ်၌ ဆန့်ကျင်ခြင်း၊ တပ်စွန်းခြင်း မရှိအောင် ကျင့်ကြံ အားထုတ်အပ်၏။ 'ငါသည် ချမ်းသာမှုကို အလိုရှိသကဲ့သို့ ဤသတ္တဝါတို့သည်လည်း ချမ်းသာမှုကို အလိုရှိကြ ကုန်၏။' ဟူ၍ မိမိနှင့် စာနာထောက်ထားပြီး သတ္တဝါတို့ကို ညှဉ်းဆဲသတ်ဖြတ်ခြင်းမှ ရှောင်ရှား အပ်၏။ ပစ္စည်းလေးပါး၌ အလိုလောဘကို ပယ်စွန့်အပ်၏။ အာဟာရကို ချင့်ချိန်၍ သုံးဆောင်အပ်၏။ လော်လီမှု မရှိသင့်။

"မောနေယျအကျင့်ကို ကျင့်သော ရဟန်းသည် ဆွမ်းခံပြီး တောသို့သာလျှင် ပြန်သွားအပ်၏။ သစ်ပင်ရင်း၌သာ နေထိုင်အပ်၏။ ဈာန်ရရှိရေးကို လေ့လာအားထုတ်လျက် တော၌သာ ပျော်မွေ့အပ်၏။ ဆွမ်းခံသွားသောအခါ ပင့်ဖိတ်အပ်သော ဆွမ်းကို လက်မခံအပ်။ ဆောင်ယူ၍ လှူအပ်သော ဆွမ်း

ကိုလည်း လက်မခံအပ်။ ဒါယကာတို့နှင့် ရောရောနှောနှော မနေအပ်။ ဆွမ်းရရှိရေးအတွက် နိမိတ်ပြစကားကို မပြောဆိုအပ်။ တစုံတခုသော ပစ္စည်းကို ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဖောက်ပြန် တုန်လှုပ်ခြင်း မရှိရာ။ အနည်းငယ်မျှ ပေးလှူခြင်းကို မရှုတ်ချရာ။ ပေးလှူသူကိုလည်း မထီမဲ့မြင် မပြုရာ။

"အကျင့်မြတ်ကို ကျင့်သော ရဟန်းသည် မတုန့်ဆုတ်သော စိတ်ရှိသည် ဖြစ်ရာ၏။ အကြံအစည်လည်း မများသင့်။ ကိလေသာ အညီနံ့ ကင်းလျက် မြတ်သော အကျင့်လျှင် လည်းလျောင်းရာ ရှိသူ ဖြစ်ရာ၏။ အဖော်မမှီး တစ်ယောက်တည်း နေနိုင်ရန် အားထုတ်အပ်၏။ တစ်ယောက်တည်း နေခြင်းကို မောန ဟု ဆိုအပ်၏။ သင်သည် တစ်ယောက်ထီးတည်း မွေ့လျော်နိုင်ပါက အရပ်ဆယ်မျက်နှာတို့၌ ကျော်စောထင်ရှားလိမ့်မည်။

"တရားကို မြတ်နိုးသော ရဟန်းသည် ကာမဂုဏ်ကို စွန့်လွှတ်ပြီး ဈာန်ဝင်စား၍ နေကြကုန်သော ပညာရှိတို့၏ စကားကို ကြားနာ၍ ယုံကြည်မှုနှင့် ရှက်ကြောက်မှုကို အတိုင်းထက် အလွန်ပြုလုပ်ရာ၏။ ထိုစကားကို မြစ်ဥပမာဖြင့် သိရာ၏။ မြစ်ငယ်တို့သည် မြောင်းငယ်ချောက်ကြားတို့၌ အသံမြည်လျက် စီးသွားကုန်၏။ မြစ်ကြီးတို့သည်ကား တိတ်ဆိတ်စွာ စီးသွားကုန်၏။ ရေမပြည့်သောအိုးသည် အသံမြည်၏။ ရေပြည့်သော အိုးကား ငြိမ်သက်၏။ လူမိုက်သည် ရေမပြည့်သောအိုးနှင့် တူ၏။ ပညာရှိသည် ရေပြည့်သော အိုးနှင့် တူ၏။

"မြတ်သောရဟန်းသည် အကျိုးစီးပွားနှင့် စပ်ယှဉ်၍ အနက်အဓိပ္ပာယ်နှင့် ပြည့်စုံသော အကြင်တရားကို ဟောကြား၏။

ထိုတရားကို သိမြင်သည်ဖြစ်၍သာလျှင် ဟောကြားခြင်းဖြစ်၏။ သိမြင်သည်ဖြစ်၍သာလျှင် များစွာပြောဆိုခြင်းဖြစ်၏။

"တရားကို သိမြင်၍ စောင့်စည်းအပ်သောစိတ် ရှိသော အကြင်ပုဂ္ဂိုလ်သည် သိမြင်ပါလျက် များစွာ ပြောဆိုခြင်း မပြု၊ ထိုပုဂ္ဂိုလ်သည် ရဟန်းမြတ်တို့၏ အကျင့်နှင့် ထိုက်တန်၏။ ရဟန်းမြတ်တို့၏ အသိဉာဏ်ကိုလည်း ရရှိ၏။"

## ခုနစ်လဖြင့် တရားရ

နာလက ရသေ့သည် ဗုဒ္ဓမြတ်စွာ၏ ဟောကြားဆုံးမချက်များကို ရိုသေစွာ နာယူမှတ်သားပြီး-"ငါသည် ဗုဒ္ဓမြတ်စွာကို တဖန် ဖူးမြင်ဦးမည်။"ဟူ၍ လည်းကောင်း- "ငါသည် တရားကို တဖန် နာဦးမည်။" ဟူ၍ လည်းကောင်း-"ငါသည် မောနေယျအကျင့်ကို တဖန် မေးဦးမည်။"ဟူ၍လည်းကောင်း မျှော်လင့်တောင့်တမှု လုံးဝ မထားတော့ပဲ ထွက်ခွာသွားလေ၏။ ထို့နောက် ရှင်နာလကသည် သစ်တစ်ပင်ရင်း၌ နှစ်ရက် မနေ၊ ရွာတစ်ရွာ၌ နှစ်ရက်ဆွမ်းမခံ၊ တစ်တောမှတစ်တော၊ တစ်ပင်မှတစ်ပင်၊ တစ်ရွာမှတစ်ရွာသို့ လှည့်လည်ကာ ခြိုးခြံသောအကျင့်ကို ကျင့်လေရာ ခုနစ်လကြာသောအခါ အရဟတ္တဖိုလ်ကို ရရှိသည်။ ယင်းသို့ ရရှိပြီး မကြာမီအတွင်း မှာပင် တစ်ခုသော ကျောက်တောင်စွန်းကို မှီ၍ ဗုဒ္ဓမြတ်စွာ ရှိရာသို့ မျက်နှာမူရပ်တည်လျက် ပရိနိဗ္ဗာန် ပြုလေသည်။

# ၃၈။ ဒွယတာနုပဿနာသုတ်

## နှစ်ပါးတွဲတရားများကို ရှုခြင်း

သာဝတ္ထိပြည်၊ ပုဗ္ဗာရုံကျောင်း၌သီတင်းသုံးနေတော်မူသော ဗုဒ္ဓမြတ်စွာသည် တခုသော လပြည့်ဥပုသ်နေ့ည အချိန်ဝယ် ရဟန်းအပေါင်း ခြံရံလျက် ကျောင်းဝင်းပြင်၌ ထိုင်နေတော်မူ၏။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် တိတ်ဆိတ်ငြိမ်သက်လှသော ရဟန်းအပေါင်းကို ကြည့်ရှုကာ ဤသို့ မိန့်ကြားတော်မူလေသည်။

"ရဟန်းတို့၊ အပြစ်ကင်း၍ ဖြူစင်သော၊ ဆင်းရဲမှ ထွက်မြောက်ရေး၊ ကိုယ်တိုင် သိမြင်ရေးဖြစ်သော တရားတို့ကို သင်တို့ နာကြားရခြင်း၏ အကြောင်းသည် ,အဘယ်နည်း။ အဘယ် အကြောင်းကြောင့် သင်တို့သည် ထိုတရားတို့ကို နာကြားကြကုန်သနည်း။" ဟူ၍ မေးမြန်းခဲ့သော် နှစ်ပါးသောအစိတ် အပိုင်းရှိသော တရားတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်ရန်အတွက် သာ ထိုတရားတို့ကို နာကြားကြခြင်းဖြစ်ကြောင်း ဖြေဆို အပ်၏။

"နှစ်ပါးသော အစိတ်အပိုင်းရှိသောတရားဟူသည်-ဤကား ဆင်းရဲတည်း၊ ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်းတည်းဟုရှုမှတ်ခြင်းတစ်မျိုး၊ ဤကား ဆင်းရဲချုပ်ငြိမ်းရာတည်း၊ ဤကား ဆင်းရဲချုပ်ငြိမ်းရေး အကျင့်တည်းဟု ရှုမှတ်ခြင်းတစ်မျိုး။ ဤနှစ်မျိုးသော အစိတ်အပိုင်းရှိသော တရားကို ကောင်းစွာ ရှုလျက် မမေ့မလျော့ ပြင်းပြထက်သန်စွာ အားထုတ်၍နေသော ရဟန်းအား ယခုဘဝ၌ပင်လျှင် အရဟတ္တဖိုလ်ကိုဖြစ်စေ၊ စွဲလမ်းမှု ကြွင်းကျန်သေးလျှင် အနာဂါမိဖိုလ်ကို ဖြစ်စေ မလွဲမုချ ရလိမ့်မည် ဟူ၍ မျှော်လင့် ယုံကြည်အပ်၏။ (၁)

"ရဟန်းတို့၊ ဖြစ်ပေါ်လာသမျှ ဆင်းရဲဒုက္ခအားလုံးသည် စွဲမှီရာ ဥပဓိကြောင့် ဖြစ်ပေါ်၏ဟု ရှုမှတ်ခြင်းတစ်မျိုး၊ ထိုမှီစွဲရာ ဥပဓိ အကြွင်းမဲ့ ချုပ်ငြိမ်းလျှင် ဒုက္ခဖြစ်ပေါ်မှု မရှိတော့ပေဟု ရှုမှတ်ခြင်းတစ်မျိုး။ ဤနှစ်မျိုးသော အစိတ်အပိုင်းရှိသော တရားကို ကောင်းစွာရှုလျက် မမေ့မလျော့ခြင်းဖြင့် ပြင်းပြထက်သန်စွာ အားထုတ်သော ရဟန်းအား ယခုဘဝ၌ပင်လျှင် အရဟတ္တဖိုလ်ကိုဖြစ်စေ၊ စွဲလမ်းမှု ကြွင်းကျန်နေသေးလျှင် အနာဂါမိဖိုလ်ကို ဖြစ်စေ မလွဲမုချ ရလိမ့်မည်ဟု မျှော်လင့် ယုံကြည်အပ်၏။ (၂)

"ဖြစ်ပေါ်လာသမျှ ဒုက္ခအားလုံးသည်မသိမှု အဝိဇ္ဇာကြောင့် ဖြစ်ပေါ်၏ဟု ရှုမှတ်ခြင်းနှင့် အဝိဇ္ဇာ အကြွင်းမဲ့ ကင်းကွာ ချုပ်ငြိမ်းလျှင် ဒုက္ခ ဖြစ်ပေါ်ဖွယ် မရှိတော့ဟု ရှုမှတ်ခြင်း။ (၃)

"ဖြစ်ပေါ်လာသမျှ ဆင်းရဲဒုက္ခအားလုံးသည် စေ့ဆော်အားထုတ်မှု သင်္ခါရကြောင့် ဖြစ်ပေါ်၏ဟု ရှုမှတ်ခြင်းနှင့်

သင်္ခါရအကြွင်းမဲ့ချုပ်ငြိမ်းကင်းကွာလျှင် ဒုက္ခဖြစ်ပေါ်ဖွယ် မရှိတော့ဟု ရှုမှတ်ခြင်း။ (၄)

"ဖြစ်ပေါ်လာသမျှဆင်းရဲဒုက္ခအားလုံးသည် ဝိညာဏ်ကြောင့် ဖြစ်ပေါ်လာ၏ဟု ရှုမှတ်ခြင်းနှင့် ဝိညာဏ်အကြွင်းမဲ့ ချုပ်လျှင် ဒုက္ခဖြစ်ပေါ်ဖွယ် မရှိတော့ဟု ရှုမှတ်ခြင်း။ (၅)

"ဆင်းရဲဒုက္ခ အားလုံးသည် တွေ့ထိမှု ဖဿကြောင့် ဖြစ်ပေါ်လာ၏ဟု ရှုမှတ်ခြင်းနှင့် ဖဿချုပ်ငြိမ်းလျှင် ဒုက္ခ ဖြစ်ပေါ်ဖွယ်မရှိဟု ရှုမှတ်ခြင်း။ (၆)

"ဆင်းရဲဒုက္ခအားလုံးသည် ခံစားမှုဝေဒနာကြောင့် ဖြစ်ပေါ်၏ဟု ရှုမှတ်ခြင်းနှင့် ဝေဒနာချုပ်ငြိမ်းလျှင် ဒုက္ခဖြစ်ပေါ်ဖွယ်မရှိတော့ဟု ရှုမှတ်ခြင်း။ (၇)

ဆင်းရဲဒုက္ခအားလုံးသည် တပ်မက်မှုတဏှာကြောင့်ဖြစ်၏ဟု ရှုမှတ်ခြင်းနှင့် တဏှာချုပ်ငြိမ်းလျှင် ဒုက္ခဖြစ်ဖွယ်မရှိဟု ရှုမှတ်ခြင်း။ (၈)

"ဆင်းရဲဒုက္ခအားလုံးသည်စွဲလမ်းမှုဥပါဒါန်ကြောင့် ဖြစ်ပေါ်၏ဟု ရှုမှတ်ခြင်းနှင့် ဥပါဒါန်ချုပ်ငြိမ်းလျှင် ဒုက္ခဖြစ်ပေါ်ဖွယ်မရှိဟု ရှုမှတ်ခြင်း။ (၉)

"ဆင်းရဲဒုက္ခအားလုံးသည် အားထုတ်မှုကြောင့်ဖြစ်ပေါ်၏ဟု ရှုမှတ်ခြင်းနှင့် အားထုတ်မှု ချုပ်ငြိမ်းလျှင် ဒုက္ခဖြစ်ပေါ်ဖွယ်မရှိဟု ရှုမှတ်ခြင်း။ (၁၀)

"ဆင်းရဲဒုက္ခအားလုံးသည် အာဟာရကြောင့်ဖြစ်ပေါ်၏ဟု ရှုမှတ်ခြင်းနှင့် အာဟာရ ချုပ်ငြိမ်းလျှင် ဒုက္ခဖြစ်ပေါ်ဖွယ် မရှိဟု ရှုမှတ်ခြင်း။ (၁၁)

"ဆင်းရဲဒုက္ခအားလုံးသည် တုန်လှုပ်မှုကြောင့် ဖြစ်ပေါ်၏ဟု ရှုမှတ်ခြင်းနှင့် တုန်လှုပ်မှု မရှိလျှင် ဒုက္ခဖြစ်ပေါ်ဖွယ် မရှိဟု ရှုမှတ်ခြင်း။ (၁၂)

"တဏှာ မာန ဒိဋ္ဌိကို မှီတွယ်နေသူအား တုန်လှုပ်မှုဖြစ်ပေါ်၏ဟု ရှုမှတ်ခြင်းနှင့် တဏှာ မာန ဒိဋ္ဌိကို မှီတွယ်မနေသူသည် မတုန်လှုပ်တော့၏ဟု ရှုမှတ်ခြင်း။ (၁၃)

"ရုပ်မရှိသောဘဝတို့သည် ရုပ်ရှိသောဘဝတို့ထက် သာလွန်ငြိမ်းအေးနေကုန်၏ဟု ရှုမှတ်ခြင်းနှင့် ကိလေသာ ချုပ်ငြိမ်းခြင်းသည် ရုပ်မရှိသော ဘဝတို့ထက် သာလွန်ငြိမ်းအေး၏ဟု ရှုမှတ်ခြင်း။ (၁၄)

"တလောကလုံးက မှန်၏ဟု ယူဆထားသော အရာကို အရိယာပုဂ္ဂိုလ်တို့က မှား၏ဟု ဟုတ်တိုင်းမှန်စွာထင်မြင်ခြင်းနှင့် တလောကလုံးက မှား၏ဟု ယူဆထားသောအရာကို အရိယာပုဂ္ဂိုလ်တို့က မှန်၏ဟု ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်း။ (၁၅)

"တလောကလုံးက သုခဟုယူဆထားသောအရာကို အရိယာတို့က ဒုက္ခဟု ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းနှင့် တလောကလုံးက ဒုက္ခဟုယူဆထားသောအရာကို အရိယာပုဂ္ဂိုလ်တို့က သုခဟု ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်း။ ဤနှစ်မျိုးသော အစိတ်အပိုင်းရှိသော တရားကို ကောင်းစွာရှုလျက် မမေ့မလျော့ ပြင်းပြထက်သန်စွာ အားထုတ်၍ နေသောရဟန်းအား ယခုဘဝပင်လျှင် အရဟတ္တဖိုလ်ကို ဖြစ်စေ စွဲလမ်းမှုကြွင်းကျန်နေသေးလျှင် အနာဂါမိဖိုလ်ကိုဖြစ်စေ မလွဲမုချရလိမ့်မည်ဟု ယုံကြည် မျှော်လင့်အပ်၏။" (၁၆)

ဤတရားကို ဟောကြားတော်မူသောအခါ ခြောက်ကျိပ်သော ရဟန်းတို့သည် အာသဝေါတရားတို့မှ လွတ်မြောက်သွားကြလေသည်။

[ ၄။ အဋ္ဌကဝဂ် ]

# ၃၉။ ကာမသုတ်

## ကာမဂုဏ်တို့၏အပြစ်ကို ဟောကြားခြင်း

**လယ်သမားပုဏ္ဏား**

သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော ဗုဒ္ဓမြတ်စွာဘုရားသည် တနေ့သ၌ မြို့တွင်းသို့ ဆွမ်းခံကြွစဉ် အစိရဝတီမြစ်ကမ်းနား၌ လယ်ထွန်နေသော ပုဏ္ဏားတစ်ယောက်ကို တွေ့မြင်၍–"အသင်ပုဏ္ဏား၊ ဘာလုပ်နေပါသလဲ။" ဟု နှုတ်ဆက်စကား ပြောကြားတော်မူသည်။ မြင့်မြတ်သောပုဂ္ဂိုလ်တစ်ပါးဖြစ်သည့် ဗုဒ္ဓမြတ်စွာဘုရားက မိမိအား ဂရုတစိုက် နှုတ်ဆက်စကား ပြောကြားသည့်အတွက် ထိုပုဏ္ဏားသည် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ– "အရှင်ဂေါတမ၊ ကျွန်ုပ် ဂျုံစိုက်ရန် လယ်ထွန်နေပါသည်။" ဟု ပြန်လည်ဖြေကြားလေသည်။ ဗုဒ္ဓမြတ်စွာကိုယ်တိုင်က ဂရုတစိုက် နှုတ်ဆက်စကားပြောသည်ကို မြင်လျှင် ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်စသော တပည့်သာဝကတို့ကလည်း ထိုပုဏ္ဏားအား အသီးသီး နှုတ်ဆက်စကား ပြောကြလေသည်။

ပုဏ္ဏားသည် လယ်ထွန်ပြီး မိုးရေ ရရှိသောအခါ ဂျုံစပါးများကို စိုက်ပျိုးသည်။ မိုးရေပြည့်စုံသဖြင့် ဂျုံပင်များ ရှင်သန်ဖြစ်ထွန်းပြီး အသီးအနှံများ အောင်မြင်စွာ ဖြစ်ပေါ်လာကြသည်။ ပုဏ္ဏားသည် မိမိဂျုံခင်းကို ကြည့်၍ ကြည်နူးဝမ်းမြောက်လျက်ရှိလေသည်။ ဗုဒ္ဓမြတ်စွာသည်လည်း အခါအခွင့်ကြုံတိုင်း ပုဏ္ဏားထံဝင်၍ ဂျုံခင်းအခြေအနေကို မေးမြန်းတော်မူလေသည်။ "ဂျုံတွေ သိမ်းပြီးယင်တော့ ရှင်ဂေါတမကို လှူရဦးမည်။" ဟူ၍ပင် ပုဏ္ဏားက ပြောကြားခဲ့လေသည်။

သို့သော်လည်း ပုဏ္ဏား၏ ဂျုံခင်းသည် မျှော်လင့်သလို ဖြစ်မလာ။ ရိတ်သိမ်းခါနီးတွင် မိုးကြီးသည်းသည်းထန်စွာရွာသွန်းသဖြင့်အစီရဝတီမြစ်ရေသည်များစွာလျှံတက်လာပြီးဂျုံပင်များ အားလုံး ရေထဲသို့ မျောပါသွားလေသည်။ ပုဏ္ဏားသည် မျှော်လင့်ချက် အားလုံး ဆုံးရှုံးသွားသဖြင့် ယူကြုံးမရဖြစ်ကာ အိမ်ထဲမှ မထွက်နိုင်ပဲ ရှိလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာဘုရားသည် ပုဏ္ဏား၏အိမ်သို့ ကြွသွားပြီး အားပေးနှစ်သိမ့်စကာ မိန့်ကြားတော်မူသည်။ ပစ္စည်းဥစ္စာဟူသမျှ ပျက်စီးမြဲသာဖြစ်၍ ဝမ်းသာဝမ်းနည်း မဖြစ်သင့်ကြောင်း တရားပြ၍ ဆုံးမတော်မူသည်။

"နှစ်သက် မက်မောဖွယ် ပစ္စည်း၊ ဝတ္ထုကို နှစ်သက် မက်မောသောသူအား မိမိ နှစ်သက် မက်မောသော ပစ္စည်း၊ ဝတ္ထု ပြည့်စုံခဲ့သော် ထိုသူသည် နှစ်သက် ဝမ်းမြောက်သောစိတ်ရှိလေသည်။ မိမိ နှစ်သက် မက်မောသော ပစ္စည်း၊ ဝတ္ထုများ ဆုံးပါးပျက်စီးသွားခဲ့ပါမူကား မြားမှန်ခံရသော သမင်ကဲ့သို့ ညှိုးနွမ်းဖောက်ပြန် ပူပန်ဆင်းရဲရလေသည်။

"မြွေ၏ဦးခေါင်းကို ခြေထောက်ဖြင့် မနင်းမိအောင် ရှောင်ကြဉ်သကဲ့သို့ နှစ်သက်မက်မောဖွယ် အာရုံတို့ကို ရှောင်ကြဉ်သောသူသည် ဤလောကလုံး၌ ပြန့်နှံ့လျက် တွယ်တာတတ်သောတဏှာကို သတိရှိရှိဖြင့် ကျော်လွှား လွတ်မြောက်နိုင်ပေ၏။

"လယ်ယာ၊ ရွှေ၊ ငွေ၊ ကျွဲ၊နွား၊ ကျေးကျွန်၊ မိန်းမ အစရှိသော ကာမဂုဏ် အမျိုးမျိုးကို တပ်မက်စွဲလမ်းနေသူကို အားနည်းသော ကိလေသာတို့ကပင် ဖိစီးလွှမ်းမိုးနိုင်ကြကုန်၏။ အတွင်းအပြင် ရန်သူတို့ကလည်း နှိပ်စက်နိုင်ကုန်၏။ ယင်းသို့ နှိပ်စက်ခြင်းကြောင့် ဆင်းရဲဒုက္ခ ဟူသမျှသည် ထိုသူ၏ နောက်သို့ အစဉ်တစိုက် လိုက်၍ နေလေသည်။ ဥပမာ အားဖြင့် ပေါက်ကွဲသော လှေထဲသို့ ရေ အဆက်မပြတ် ဝင်သကဲ့သို့ ဖြစ်၏။

"ထို့ကြောင့် ချမ်းသာခြင်းကို အလိုရှိသောသူသည် အမြဲသတိထားကာ ကာမဂုဏ်တို့ကို ရှောင်ကြဉ်ရာ၏။ ကာမဂုဏ်တို့ကို ပယ်စွန့်ပြီး သံသရာလမ်းကြောင်းမှ လွတ်မြောက်အောင် ကူးခပ်ရာ၏။ ဥပမာအားဖြင့် ရေဝင်နေသောလှေမှ ရေကို သွန်ထုတ်ပြီး တဖက်ကမ်းသို့ ရောက်အောင် ကူးခပ်သွားသကဲ့သို့ ဖြစ်၏။"

ဗုဒ္ဓ၏ ဟောကြားဆုံးမချက်ကို ကြားနာရသောအခါ လယ်သမားပုဏ္ဏားသည် ဇနီးဖြစ်သူနှင့်အတူ တရားအမြင်ပေါက်၍ သောတာပန်အဖြစ်သို့ ဆိုက်ရောက်သွားလေသည်။

# ၄၀။ ဂုဟဋ္ဌကသုတ်

## ခန္ဓာကိုယ်တည်းဟူသော လိုဏ်ဂူ

### ရှင်ပိဏ္ဍောလနှင့် ဥတေနမင်း

သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် ပိဏ္ဍောလမထေရ်သည် ကောသမ္ဗီပြည်၊ ဥတေနမင်း၏ ဥယျာဉ်သို့ ကြွရောက်၍ နေ့အချိန်တွင် တစ်ပါးတည်း သီတင်းသုံးလေသည်။ ထိုနေ့တွင် ဥတေနမင်းသည်လည်း မောင်းမမိဿံ အပေါင်းနှင့်အတူ ဥယျာဉ်သို့ ထွက်လာပြီး တနေ့ပတ်လုံး မူးယစ်သောက်စား ပျော်ပါးနေလေ၏။ ယင်းသို့ ပျော်ပါးပြီးနောက် မောပန်းသောအခါ မောင်းမတစ်ယောက်၏ ပေါင်ပေါ်တွင် အိပ်ပျော်သွားလေသည်။ မင်းကြီး အိပ်ပျော်သွားကြောင်းသိလျှင် အခြားသော မောင်းမတို့သည် ပန်း၊ သစ်သီးများကို ကြည့်ရှုရှာဖွေယင်း ဥယျာဉ်အတွင်း၌ လှည့်လည်ကြရာ သစ်ပင်တစ်ပင်အောက်၌ တစ်ပါးတည်း သီတင်းသုံးနေသော ရှင်ပိဏ္ဍောလမထေရ်ကို တွေ့မြင်ကြသည်။ မထေရ်သည် မောင်းမတို့အား လျောက်ပတ်သော တရားစကားကို ဟောပြော၏။

ဥတေနမင်းသည် အိပ်ရာမှ နိုး၍ မောင်းမတို့ကို မတွေ့လျှင် မောင်းမတို့ရှိရာသို့ လိုက်သွား၏။ ရှင်ပိဏ္ဍောလအား ခြံရံ၍ တရားနာနေကြသည်ကို မြင်လျှင် မင်းကြီးသည် စိတ်ဆိုး၍– "သင် ဘယ်အတွက် ဒီဥယျာဉ်ထဲကို လာဘိသနည်း။"ဟု မေးလေသည်။ မထေရ်က–"ဆိတ်ငြိမ်မှုကို ရရှိရန် လာသည်။"ဟု ဖြေလျှင်–"သင့် ဆိတ်ငြိမ်မှုဆိုတာ ဘာလဲ။ မိန်းမတွေနဲ့ ရောရောနှောနှော နေတာလား၊ ဖြေစမ်းပါ။"ဟု မင်းကြီးက ပြောပြန်၏။ ထိုအခါ ရှင်ပိဏ္ဍောလသည် မည်သို့မျှ ပြန်မပြောပဲ နှုတ်ပိတ်၍ နေလေသည်။ မင်းကြီးသည် စိတ်ဆိုးလာ၍ အနားတွင်ရှိသော ခြပုန်းအိမ်တစ်ခုကို ယူဆောင်၍ ရှင်ပိဏ္ဍောလ၏ ကိုယ်ပေါ်သို့ ပစ်ချရန် ကြိုးစား၏။သို့သော်လည်း ရှင်ပိဏ္ဍောလ က တန်ခိုးဖြင့် ရုတ်တရက် ကောင်းကင်သို့ ပျံတက်သွားသောကြောင့် မင်းကြီးသည် မကျေမနပ် ကျန်ရစ်ခဲ့လေ၏။

ရှင်ပိဏ္ဍောလသည် ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ ဗုဒ္ဓမြတ်စွာအား မိမိ တွေ့ကြုံခဲ့ရသော အဖြစ်အပျက်ကို လျှောက်ကြားလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက–"ကာမဂုဏ်ထဲမှာ ဒါလောက် နစ်မြုပ်နေတဲ့ ဥဒေနမင်းဟာ ဆိတ်ငြိမ်မှုကို ဘယ်မှာ နားလည်မည်နည်း။"ဟု မိန့်ကြားပြီး ဤဂုဟဋ္ဌကသုတ်ကို ဟောကြားတော်မူလေသည်။

**ဆိတ်ငြိမ်မှုမှ ဝေးသူ**

''ခန္ဓာကိုယ် တည်းဟူသော လှိုဏ်ဂူ၌ ငြိကပ်လျက် များစွာသော ကိလေသာဖြင့် ဖုံးလွှမ်းကာ ကာမဂုဏ်ငါးပါး၌ နစ်မြုပ်နေသူသည် ဆိတ်ငြိမ်မှုမှ ဝေးကွာလှ၏။ အကြောင်း

ကား လောက၌ ကာမဂုဏ်တို့ကို စွန့်ပယ်ရန် မလွယ်ကူသော ကြောင့် ဖြစ်၏။

"တဏှာလျှင် ကြောင်းရင်းရှိကုန်သည် ဖြစ်၍ ဘဝသာယာမှုဖြင့် နှောင်ဖွဲ့ခြင်း ခံနေရသူတို့သည် မိမိကိုယ်တိုင် လွတ်မြောက်ရန် ခဲယဉ်းကုန်၏၊ အကြောင်းကား ထိုသူတို့သည် အတိတ်၊ အနာဂတ်တို့နှင့်လည်း ငဲ့ကွက်တွယ်တာလျက် ကာလသုံးပါး၌ ရှိသော ကာမဂုဏ်တို့ကို လိုလားတောင့်တနေကြသောကြောင့် ဖြစ်၏။

"ကာမဂုဏ်တို့၌ မက်မောလိုက်စား မိုက်မွားလျက် သူတော်ကောင်းတို့၏ ဆုံးမစကားကို မနာယူပဲ ဒုစရိုက်မှု၌ သက်ဝင်စွဲမြဲနေသူတို့သည် သေခြင်းဆင်းရဲနှင့် နီးကပ်လာသောအခါ- 'သေလျှင် မည်သို့ဖြစ်မည်နည်း'ဟု တွေးသောပူပန်ကာ ငိုကြွေးမြည်တမ်းတတ်ကြလေသည်။ ထို့ကြောင့် သတ္တဝါတို့သည် ဤမျက်မှောက်ဘဝ၌ပင် အကျင့်သီလကို ကျင့်သုံးအပ်၏။ မညီမျှသော ဒုစရိုက်မှုကိုလည်း ရှောင်ကြဉ်အပ်၏။ သတ္တဝါတို့၏ အသက်ကား တိုတောင်းလှပေ၏။

"ဘဝ၌ တပ်မက်သည်ဖြစ်၍ တုန်လှုပ်နေသော ဤသတ္တဝါ အပေါင်းကို ငါ တွေ့မြင်ရ၏။ ယုတ်ညံ့သော သတ္တဝါတို့သည် ဘဝကြီးငယ်တို့၌ တပ်မက်ခြင်း မကင်းကုန်သည်ဖြစ်၍ သေမင်း၏ခံတွင်း၌ ငိုကြွေးမြည်တမ်း နေကြရလေသည်။

"ရေနည်းသော ချောင်းမြောင်း၌ လှုပ်ရှားနေသော ငါး များကဲ့သို့ မြတ်နိုးတွယ်တာဖွယ် အာရုံတို့၌ လှုပ်ရှားနေသော သတ္တဝါတို့ကို ကြည့်ရှုကြကုန်လော့။ ဤသို့ လှုပ်ရှားနေသည်ကို

ကြည့်ရှုပြီး ဘ၀ကြီးငယ်တို့၌ မြတ်နိုးတွယ်တာခြင်း မပြုပဲ တရားကို ကျင့်သုံးသင့်လှပေသည်။

“ပညာရှိသည် အကြောင်းတရား၊ အကျိုးတရား နှစ်ပါးစုံ၌ လိုချင်မက်မောမှုကို စွန့်ပယ်၍ တွေ့ထိမှုကို ပိုင်းခြားသိမြင်ပြီး တပ်မက်မှု မရှိပဲ မိမိကိုယ်မိမိ ကဲ့ရဲ့ဖွယ်ဖြစ်သော အမှုကို ရှောင်ရှားသင့်၏။ ယင်းသို့ ရှောင်ရှားခဲ့သော် မြင်ရကြားရသော အာရုံတို့အပေါ်၌ လိမ်းကျံကပ်ငြိမှု မရှိတော့ပေ။

“ထိုပညာရှိသည် ဖောက်ပြန်သောသညာကို ပိုင်းခြားသိမြင်ပြီး ကိလေသာ ရေစီးကြောင်းကို ကူးမြောက်နိုင်အောင် ကြိုးစားအပ်၏။ မမေ့မလျော့ ကျင့်ကြံသဖြင့် ငါ၊ ငါ့ဟာဟု သိမ်းပိုက်အပ်သော ၀တ္ထုတို့၌ လိမ်းကျံကပ်ငြိခြင်း မရှိတော့ပဲ ကိလေသာများငြောင့်ကို နုတ်ပယ်ပြီးသူသည် ဤပစ္စုပ္ပန်ဘ၀ကိုလည်းကောင်း၊ နောင်တမလွန် ဘ၀ကိုလည်းကောင်း မတောင့်တတော့ပေ။”

# ၄၁။ ဒုဋ္ဌဋ္ဌကသုတ်

## ယုတ်ညံ့သော အကျင့်၌ တည်သူ

### တိတ္ထိတို့၏ လုပ်ကြံမှု

ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် အယူတပါးရှိသော တိတ္ထိတို့သည် ဗုဒ္ဓမြတ်စွာနှင့် ရဟန်းသံဃာတို့၌ တနေ့တခြား ခြွေရံပရိသတ် တိုးပွား၍ လာဘ်လာဘ ပေါများနေသည်ကို မနာလို မရှုစိမ့်သောကြောင့် ထိုလာဘ်လာဘကို ပျက်ပြားစေရန် အမျိုးမျိုး ကြံဆောင်ကြသည်။ သူတို့၏ ကြံဆောင်နည်း တမျိုးကား သုန္ဒရီမည်သော ပရိဗ္ဗိုဇ်မပျိုကလေးကို ဇေတဝန်ကျောင်းတော်သို့ မကြာခဏ သွားရောက်စေပြီး လူများ အထင်အမြင်မှားအောင် ပြုလုပ်ခြင်းဖြစ်၏။ နောက်ဆုံးတွင်ကား လူမိုက်တစုအား အခကြေးငွေပေး၍ သုန္ဒရီကို အသတ်ခိုင်းပြီး အလောင်းကို ဇေတဝန်ကျောင်းတော်အနီး၌ စွန့်ပစ်ထားစေကြသည်။ ထို့နောက် တိတ္ထိတို့သည် ကောသလမင်းကြီးအား အကြောင်းကြား၍ အလောင်းကို ရှာဖွေကြရာ ဇေတဝန်ကျောင်းအနီး၌ တွေ့ရှိ

ကြသည်။ ထိုအခါ အလောင်းကို ထမ်းစင်ဖြင့် တင်၍ မြို့တွင်း ၌ လှည့်လည် ပြသကြသည်။ ဗုဒ္ဓနှင့် ရဟန်းသံဃာတို့သည် သုန္ဒရီအား စော်ကားပြီး အစဖျောက်ပစ်ခဲ့ကြသည် ဟူ၍လည်း ဝါဒဖြန့်ကြလေသည်။

တိတ္ထိတို့၏ ဝါဒဖြန့်စကားကို မြို့သူမြို့သား အများစုက မယုံကြည်ကြသော်လည်း အသိအလိမ္မာ ဉာဏ်ပညာနည်းသူ အချို့ကား အဟုတ်ထင်သွားကြလေသည်။ ထိုသူတို့သည် ဆွမ်းခံကြွလာသော ရဟန်းတို့ကို မြင်လျှင် မတော်မတရား စွပ်စွဲ ဆဲဆိုကြသည်။ ရှင်အာနန္ဒာသည် ဤအကြောင်းကို ဗုဒ္ဓအား လျှောက်ထား၏။ ဗုဒ္ဓက ဤစွပ်စွဲ ပြောဆိုမှုသည် ခုနစ်ရက်ခန့် ကြာလျှင် ပျောက်ကွယ်သွားမည်သာ ဖြစ်ကြောင်း မိန့်ကြား ပြီး ဤသုတ်ကို ဆက်လက် ဟောကြားတော်မူသည်။

"အချို့သူတို့သည် ပြစ်မှားလိုသောစိတ်ဖြင့် သူတပါးကို စွပ်စွဲကြ၏။ အချို့ကား အမှန်ဟု ထင်၍ စွပ်စွဲကြ၏။ သို့သော် လည်း ရဟန်းမြတ်ကား တစုံတခု၌မျှ ငြောင့်သဖွယ် စူးဝင်ခြင်း မရှိသောကြောင့် ဖြစ်ပေါ်လာသော စွပ်စွဲမှုဟူသမျှသို့လည်း မရောက်နိုင်တော့ပေ။

"ဆန္ဒဖြင့် ဆွဲဆောင်လျက် ကြိုက်နှစ်သက်မှုဖြင့် သက်ဝင်ကာ မိမိကိုယ်တိုင် အယူဝါဒကို ပြည့်စုံအောင် ပြုလုပ်နေသူသည် မိမိ၏ အယူဝါကို ကျော်လွန်နိုင်မည် မဟုတ်။ မိမိ သိမြင်သည့် အတိုင်းသာ ပြောမည်ဖြစ်၏။"

သုန္ဒရီပရိဗိုဇ်မကို သတ်ခြင်းမှာ တိတ္ထိတို့၏ လုပ်ကြံမှု သက် သက်သာဖြစ်ကြောင်း ပေါ်ပေါက်လာသောအခါ ကောသလ မင်းကြီးသည် ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်၍ ဗုဒ္ဓသည် ဤကိစ္စ၌

စောစောကပင် အမှန်ကို ထုတ်ဖော် ပြောကြားသင့်ကြောင်း လျှောက်၏။ ဗုဒ္ဓက ဤသို့ မိမိအံကြောင်းကို ပြောကြားခြင်းမှာ အရိယာတို့၏ အပြုအမူ မဟုတ်ကြောင်း မိန့်ကြားပြီး အောက်ပါဂါထာကို ဆက်လက် ဟောကြားတော်မူသည်။

"မိမိ၏ အကျင့်သီလတို့ကို မမေးပဲလျက် သူတပါးတို့အား ပြောကြားခြင်းသည် အရိယာတို့၏ အကျင့်မဟုတ်။ ကိလေသာမီး ငြိမ်းအေးပြီးဖြစ်လျက် ယင်းသို့ဖြစ်ကြောင်း ထုတ်ဖော်ကြွားဝါမှု မပြုခြင်းသည်သာလျှင် အရိယာတို့၏အကျင့် ဖြစ်ကြောင်း ပညာရှိတို့ မိန့်ဆိုကြကုန်၏။

"အမျိုးမျိုး ကြံစည်ပြုပြင်ထားသည့် မဖြူစင်သောတရားကို ရှေ့သွားပြုနေသူသည် မိမိ၌ တွေ့မြင်ရသော အကျိုးအာနိသင်နှင့် ပျက်စီးသောအကြောင်းကို စွဲ၍ဖြစ်သည့် ငြိမ်းအေးမှုကို အမှီသဟဲ ပြု၍ နေလေသည်။

"အယူမှားကို စွဲမြဲနေသူတို့သည် တရားသဘောတို့၌ မိမိစွဲလမ်းယူဆအပ်သော အကြောင်းအရာကို ဆုံးဖြတ်ထားပြီးဖြစ်သောကြောင့် အယူမှား၌ စွဲမြဲနှစ်သက်ခြင်းကို လွန်မြောက်နိုင်ရန် မလွယ်ချေ။ ထို့ကြောင့်ပင် သတ္တဝါတို့သည် မှားယွင်းစွာ စွဲမြဲသက်ဝင်အပ်သော တရားတို့တွင် တခုသောတရားကို ရံခါစွန့်၍ ရံခါစွဲယူဘတ်ကြလေသည်။

"မကောင်းမှုဟူသမျှကို ခါထုတ်ပြီးသောပုဂ္ဂိုလ်အား ဘဝကြီးငယ်တို့၌ အမျိုးမျိုးကြံစည်အပ်သော မိစ္ဆာအယူမရှိတော့ချေ။ လှည့်ပတ်ခြင်း၊ ထောင်လွှားခြင်းကိုပယ်၍ မကောင်းမှုကို ခါထုတ်ပြီးသောပုဂ္ဂိုလ်သည် မှီတွယ်ရာမရှိတော့သဖြင့် အဘယ်

ဘဝလမ်းကြောင်းခရီးဖြင့် သွားလာကျင်လည်ဖွယ် ရှိပါတော့မည်နည်း။

"အမှီအတွယ်ရှိသူသည် မှီမှီတွယ်နေသော တရားတို့နှင့် ပတ်သက်၍ စွပ်စွဲပြောဆိုခြင်းခံရ၏။ အမှီအတွယ်မရှိသူကိုကား အဘယ်တရားဖြင့် အဘယ်သို့ စွပ်စွဲပြောဆိုနိုင်မည်နည်း။ ဤဘဝ၌ပင် အယူအားလုံးကို ခါထုတ်ပြီးသောပုဂ္ဂိုလ်အား စွဲယူမှုစွန့်လွှတ်မှုတို့လည်း မရှိတော့ချေ။"

# ၄၂။ သုဓ္ဒင္ဒကာသုတ်

## စင်ကြယ်သောအကျင့်တည်သူ

ရာဇဂြိုဟ်ပြည်၌ စန္ဒာဘာမည်သော ပုဏ္ဏားလုလင်ပျိုတစ်ဦးရှိ၏။ စန္ဒာဘာမွေးဖွားသည့်အချိန်မှစ၍သူ၏ချက်မှ လဝန်းသဏ္ဍာန်ရှိသော အလင်းရောင်တစ်ခု ထူးဆန်းစွာပေါ်ထွက်နေ၏။ အရွယ်ရောက်သောအခါ ထိုအလင်းရောင်သည် ပို၍ သိသာထင်ရှားလာသဖြင့် လူအများက အထူးအဆန်းအဖြစ် လာရောက်ကြည့်ရှုကြသည်။ နောက်ပိုင်းတွင် စန္ဒာဘာ၏ ချက်ကို ကြည့်ရှုခွင့်၊ ကိုင်တွယ်သုံးသပ်ခွင့်ရလျှင် ရောဂါကင်းသည်၊ လာဘ်လာဘ စည်းစိမ်တိုးသည်ဟူ၍ သတင်းကြီးလာသောကြောင့် လူအများသည် စန္ဒာဘာကို ပိုက်ဆံကြေးငွေပေး၍ ကြည့်ရှုကြရလေသည်။

ထို့နောက် ပုဏ္ဏားတို့သည် စန္ဒာဘာကို လှည်းယာဉ်ဖြင့် တင်၍ မြို့ရွာ အနှံ့အပြား လှည့်လည်ကြသည်။ ရောက်ရာအရပ်၌ စန္ဒာဘာ၏ချက်ကို ကြည့်ရှုကိုင်တွယ်လိုသူတို့ထံမှ အခကြေးငွေ ယူ၍ စီးပွားရှာကြသည်။ ဤသို့ဖြင့် သာဝတ္ထိပြည်သို့ ဆိုက်ရောက်လာသောအခါ သာဝတ္ထိပြည်သူများသည် မိမိအား

စိတ်မဝင်စားပဲ ဇေတဝန်ကျောင်းတော်ဆီသို့သာ စိတ်အား ထက်သန်စွာ သွားလာနေကြသည်ကို စန္ဒာဘာ တွေ့မြင်ရ လေသည်။ ထို့ကြောင့် စန္ဒာဘာသည် ထိုသူတို့နှင့်အတူ လိုက်သွားရာ ဗုဒ္ဓမြတ်စွာ၏ ရွှေမျှောက်သို့ ရောက်လျှင် မိမိချက်မှ ထွက်သောအရောင်များ ပျောက်ကွယ်သွားသည်ကို တွေ့ရ၏။ ထိုအခါ စန္ဒာဘာသည် ဗုဒ္ဓမြတ်စွာ၏ တန်ခိုးဂုဏ်ကို ယုံကြည် သက်ဝင်လျက် ချက်ချင်း ရဟန်းပြုပြီး တရားအားထုတ်ရာ မကြာမီ ရဟန္တာဖြစ်သွား၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ စုဝေးနေကြစဉ် စန္ဒာဘာကို ကြည့်ရှုရသူတို့ စည်းစိမ်လာဘ်လာဘ တိုးတက်လာ သည် ဆိုခြင်းသည် ဖြစ်နိုင် မဖြစ်နိုင်ကို ဆွေးနွေး ပြောဆိုနေကြ သည်။ ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာ ကြွလာပြီး အဆင်း ရူပါရုံ တခုခုကို မြင်ရုံမျှဖြင့် ကိလေသာကင်းမှု မဖြစ်နိုင်ကြောင်း သိစေရန် ဤသုဒ္ဓဌကသုတ်ကို ဟောကြားတော်မူသည်။

"မိုက်မဲသော သူများသည် အပြစ်အနာကင်း၍ သန့်ရှင်း ကောင်းမွန်သော အဆင်းအာရုံကို မြင်ခြင်းဖြင့် သတ္တဝါတို့၏ စင်ကြယ်ခြင်းသည် ဖြစ်၏ ဟူ၍ ယုံကြည်နေကြ၏။ ယင်းသို့ အဆင်းအာရုံကို မြင်ရုံဖြင့် ဆင်းရဲကို စွန့်ပယ်နိုင်ခြင်းဖြစ်ခဲ့သော် ထိုသူသည် စွဲလမ်းတည်မှီရာ ရှိလျက်နှင့်ပင် အရိယာမဂ်မှ တပါးသောသမ်းစဉ်ဖြင့် စင်ကြယ်နိုင်၏ ဟူ၍ ဆိုရာရောက်၏။ စင်စစ် ထိုသို့ပြောဆိုသူကိုမိစ္ဆာအယူရှိသူဟူ၍သာဆိုရမည်ဖြစ်၏။

"ဤလောက၌ ကောင်းမှု၊ မကောင်းမှုတို့၌ လိမ်းကျံကပ်ငြိ ခြင်း မရှိတော့ပဲ အတ္တကိုလည်း စွန့်လွှတ်ပြီးသော အရိယာ ပုဂ္ဂိုလ်သည် မြင်အပ် ကြားအပ် တွေ့ထိအပ်သော အာရုံများနှင့်

အလေ့အကျင့်တို့၌ အရိယာမဂ်မှ တပါးသော လမ်းစဉ်ဖြင့် မစင်ကြယ်ခြင်းကို မပြောဆိုပေ။

"တဏှာနောက်သို့ အစဉ်တစိုက် လိုက်ပါနေသူတို့သည် ငြိကပ်တွယ်တာမှုကို မလွန်မြောက်နိုင်ကြသဖြင့် လက်ဦးဆရာကို စွန့်ပယ်ပြီး နောက်ဆရာကို မှီခိုနေကြကုန်၏။ မျောက်သည် သစ်ကိုင်းတစ်ကိုင်းကို လွှတ်ပြီး အခြား သစ်ကိုင်းတစ်ကိုင်းကို ဆွဲကိုင်သကဲ့သို့ ထိုထို အယူဝါဒကို သင်ယူခြင်း၊ စွန့်လွှတ်ခြင်း ပြုနေကြကုန်၏။

"သညာဖြင့် တွယ်တာနေသော သတ္တဝါအပေါင်းသည် လွဲမှားသော အလေ့အကျင့်များကို ကိုယ်တိုင်ဆောက်တည် ကျင့်သုံး၍ ယုတ်သောဘဝ၊ မြတ်သောဘဝများသို့ ပြေးလွှား ကျင်လည်နေကြရ၏။ မြေကြီးထုကဲ့သို့ ကြီးမားကျယ်ပြန့်သည့် ပညာရှိသော ပုဂ္ဂိုလ်သည်ကား မဂ်ဉာဏ်လေးပါးတို့ဖြင့် သစ္စာ လေးပါးကို သိမြင်ပြီး ဖြစ်သောကြောင့် ယုတ်သောဘဝ၊ မြတ်သောဘဝများသို့ ပြေးသွားကျင်လည်ရခြင်း မရှိတော့ပေ။

"မြင်အပ် ကြားအပ် တွေ့ထိအပ်သော တရားအားလုံး၌ မာရ်စစ်သည်၏ တိုက်ခိုက်မှုကို နှိမ်နင်းပြီးဖြစ်၍ စင်ကြယ်သော အမြင်ရှိသော ပုဂ္ဂိုလ်ကို ဤလောက၌ အဘယ်မည်သော တရားဖြင့် အထူးအထွေ ကြံစည်တော့အံ့နည်း။ ထိုကဲ့သို့သော ပုဂ္ဂိုလ်တို့သည် တဏှာဒိဋ္ဌိဖြင့် ကြံစည်ခြင်း မပြုကြကုန်။ တဏှာဒိဋ္ဌိကို ရှေ့သွားမပြုကြကုန်။ လွဲမှားသောအယူကို စင်စစ် စင်ကြယ်၏ ဟူ၍လည်း မဆိုကြကုန်။ လောက၌ စွဲလမ်းထုံးဖွဲ့မှုကို ဖြေချွတ်ပြီးဖြစ်၍ တစုံတခု၌မျှ တောင့်တမှု မပြုကြတော့ပေ။"

# ၄၃။ ပရမဋ္ဌကသုတ်

## မြင့်မြတ်သော အကျင့်၌တည်သူ

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ဝါဒရေးနှင့် ပတ်သက်၍ အချင်းချင်း ငြင်းခုံနေကြသော တိတ္ထိတို့ကို အကြောင်းပြု၍ ဤသုတ်ကို ဟောတော်မူသည်။ ဤသုတ်တွင် တိတ္ထိတို့သည် ဆင်းရဲမှ လွတ်မြောက်ရေးကို မသိကြကုန်ပဲ ဆင်ကိုစမ်းသော သူကမ်းခြောက်ယောက်တို့ကဲ့သို့ ထိုထိုအယူဝါဒများကို လွဲမှားစွာ ရှုမြင်သုံးသပ်၍ ငြင်းခုံနေကြခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

လောက၌– "ဤအယူသည် အမြတ်ဆုံးဖြစ်၏။" ဟူ၍ မိမိအယူ၌ စွဲယူနေကြသော သတ္တဝါအပေါင်းတို့သည် မိမိ အလေးအမြတ် ပြုနေကြသော ဆရာမှတပါးသော ဆရာအားလုံးကို ယုတ်ညံ့သူဟု ပြောဆို၏။ ယင်းသို့ ပြောဆိုခြင်းကြောင့်ပင် ထိုသတ္တဝါအပေါင်းသည် ငြင်းခုံမှုတို့ကို မလွန်မြောက်နိုင်ခြင်း ဖြစ်၏။

မြင်အပ် ကြားအပ် တွေ့ထိအပ်သော အာရုံတို့၌လည်း ကောင်း၊ လွဲမှားသော အလေ့အကျင့်တို့၌လည်းကောင်း မိမိ အတွက် အကျိုးကျေးဇူး တွေ့မြင်ခံစားနေရသော သူသည် ထိုအကျိုးကျေးဇူးကိုသာ စွဲလမ်းရယူပြီး အခြားသော အယူ ဝါဒအားလုံးကို ယုတ်ညံ့သောအားဖြင့် မြင်၏။

မိမိ၏ အယူဝါဒကို မှီပြီး အခြားသော အယူဝါဒများကို ယုတ်ညံ့၏ဟု ရှုမှတ်ခြင်းကိုလည်း အနှောင်အဖွဲ့ဟူ၍ ပညာရှိတို့ မိန့်ဆိုကြကုန်၏။ ထို့ကြောင့် ရဟန်းသည် မြင်အပ် ကြားအပ် တွေ့ထိအပ်သော အာရုံတို့ကိုလည်းကောင်း၊ လွဲမှားသော အလေ့ အကျင့်တို့ကိုလည်းကောင်း မှီတွယ်ခြင်း မပြုသင့်ပေ။

လောက၌ မိမိ၏ စဉ်းစားဉာဏ်ဖြင့်လည်းကောင်း၊ လွဲမှား သော အကျင့်ဖြင့်လည်းကောင်း အယူမှားကို မပြုလုပ်သင့်။ မိမိကိုယ်ကို သူတပါးနှင့် တူသူဟူ၍ဖြစ်စေ၊ ယုတ်ညံ့သူ သို့မဟုတ် ထူးခြားသာလွန်သူဟူ၍ ဖြစ်စေနှိုင်းယှဉ်ခြင်းလည်း မပြုသင့်ချေ။

အတ္တစွဲကို စွန့်၍ စွဲလမ်းခြင်းကင်းပြီးသော ပုဂ္ဂိုလ်သည် မိမိ၏ စဉ်းစားဉာဏ်၌ မှီတွယ်ခြင်းမပြု၊ အယူဝါဒအမျိုးမျိုး ကွဲပြားနေသော လူတို့အတွင်း၌ ကွဲပြားမှုနောက်သို့ မလိုက်ပဲ တစုံတခုသော အယူမှားကိုလည်း သက်ဝင်ယုံကြည်ခြင်း မရှိ တော့ချေ။

ယခုပစ္စုပ္ပန်ဘဝ၊ နောင်တမလွန်ဘဝ နှစ်ပါးလုံး၌အဖန် တလဲလဲဖြစ်ရန် တောင့်တမှု မရှိတော့သော ပုဂ္ဂိုလ်အား တရား သဘောတို့၌ စွဲမြဲယူခြင်းကို ဖြတ်တောက်ပြီးသောကြောင့် ဖောက်ပြန်လွဲမှားစွာ နှလုံးသွင်းခြင်းလည်း မရှိတော့ချေ။

ထိုပုဂ္ဂိုလ်အား ဤလောက၌ မြင်အပ်၊ ကြားအပ် တွေ့ထိအပ်သော အာရုံတို၌ လှဲမှားစွာ ကြံစည်အပ်သော အမှတ်သညာသည် အနုမြူမျှပင်မရှိ။ ဤသို့ အယူမှားကို စွဲလမ်းခြင်း မရှိသော အရိယာပုဂ္ဂိုလ်ကို ဤလောက၌ အဘယ်တရားဖြင့် အထူးအထွေ ကြံဆပြောဆိုဖွယ် ရှိပါတော့မည်နည်း။

ထိုကဲ့သို့သော ပုဂ္ဂိုလ်တို့သည် တဏှာ ဒိဋ္ဌိတို့ဖြင့် မကြံစည်ကြကုန်။ တဏှာ ဒိဋ္ဌိကို ရှေ့သွားမပြုကြကုန်။ လှဲမှားသော အလေ့အကျင့်ကို လက်မခံကြကုန်။ အရိယာတို့ကို လှဲမှားသော အလေ့အကျင့်ဖြင့် မဆွဲဆောင်နိုင်။ သမာဓိဂုဏ်နှင့် ပြည့်စုံသော အရိယာပုဂ္ဂိုလ်သည် နိဗ္ဗာန်တည်းဟူသော တဖက်ကမ်းသို့ ရောက်ပြီးသည်ဖြစ်၍ သံသရာတည်းဟူသော ဤမှာဖက်ကမ်းသို့ ပြန်မလာတော့ချေ။

# ၄၄။ ဇရာသုတ်

## အိုခြင်းတရား

**သာကေတမှ ဖခင်ပုဏ္ဏား**

တရံရောအခါ ဗုဒ္ဓမြတ်စွာဘုရားသည် သာဝတ္ထိပြည်မှ သာကေတမြို့သို့ ကြွရောက်တော်မူ၏။ သာကေတမြို့မှ ပုဏ္ဏား သူကြွယ်ကြီးတစ်ယောက်သည် ဗုဒ္ဓမြတ်စွာကို မြင်လျှင်မြင်ခြင်း ပျောက်ဆုံးနေသော သားအရင်းကဲ့သို့ ချစ်ခင်မြတ်နိုးလျက် မိမိ နေအိမ်သို့ ပင့်ဆောင်သွားလေ၏။ နေအိမ်သို့ ရောက်လျှင် ပုဏ္ဏေးမကြီးကလည်း ပုဏ္ဏားကြီးကဲ့သို့ပင် ရှိလေ၏။ ထိုဇနီး မောင်နှံတို့သည် ရဟန်း၊ သံဃာအပေါင်းနှင့်တကွ ဗုဒ္ဓမြတ်စွာ အား ဝမ်းပန်းတသာဆွမ်းကွမ်းများကပ်လှူကြသည်။ ဗုဒ္ဓမြတ်စွာ သည် ထိုဇနီးမောင်နှံက မိမိအား သားအရင်းပမာ ဆက်ဆံ ပြုစုခြင်းကို မငြင်းမပယ် လက်ခံတော်မူပြီး လျောက်ပတ်သော တရားကို ဟောကြားတော်မူသည်။ တရားအဆုံးအမဝယ် ဇနီး မောင်နှံ နှစ်ဦးလုံး သောတာပန် ဖြစ်သွားကြလေသည်။

ဗုဒ္ဓမြတ်စွာသည် သာကေတမြို့၌ သီတင်းသုံးစဉ် ထိုပုဏ္ဏား ကြီး၏အိမ်သို့ မကြာခဏ ကြွရောက်တော်မူသည်။ ထိုနောက် ဗုဒ္ဓသည် သာဝတ္ထိပြည်သို့ ကြွ၍ ဝါကပ်တော်မူ၏။ထိုအခါ၌ပင် ပုဏ္ဏားကြီး ဇနီးမောင်နှံတို့သည် အထက်မဂ်၊ အထက်ဖိုလ်သို့ ပေါက်ရောက်သိမြင်၍ လူ့ဝတ်ဖြင့်ပင် ဆင်းရဲဒုက္ခ ချုပ်ငြိမ်းကာ ဘဝဇာတ် သိမ်းသွားကြလေသည်။ ပုဏ္ဏားကြီးဇနီးမောင်နှံ တို့၏ အလောင်းများကို သင်္ဂြိုဟ်သည့်နေ့တွင် ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည်မှ ကိုယ်တော်တိုင် ကြွလာပြီး သုသာန်၌ စုဝေး ရောက်ရှိနေသော လူထုပရိသတ်ကြီးအား ဤ ဇရာသုတ်ကို ဟောကြားတော်မူသည်။

"လူတို့၏ အသက်ကား တိုတောင်းလှ၏။ နှစ်ပေါင်းတစ်ရာ အတွင်း၌ သော်လည်း သေရ၏။ နှစ်ပေါင်းတစ်ရာကို လွန်၍ အသက်ရှင်စေကာမူ အိုမင်းရင့်ရော်၍ သေရမည်သာ ဖြစ်၏။

"လူတို့သည် မိမိတို့ မြတ်နိုးတွယ်တာသော အရာ၌ စိုးရိမ် ကြောင့်ကြနေကြရကုန်၏။ အမှန်စင်စစ် အမြဲထာဝရ သိမ်း ဆည်းထားနိုင်သော အရာဝတ္ထုဟူ၍ မရှိချေ။ ဤသို့ ထာဝရ သိမ်းဆည်း မထားနိုင်ခြင်းသည် လောက၌ ထင်ရှားသော ကွေ့ကွင်းမှုပင် ဖြစ်၏။ ပညာရှိသောပုဂ္ဂိုလ်သည် ဤသို့ သိမြင်ကာ လူ့ဘောင်မှ စွန့်ခွာသွားသင့်လှပေသည်။

"လူသည် ငါ့ဟာဟု ထင်မှတ်နေသော အရာဝတ္ထုများကို သေလွန်သောအခါ စွန့်ခွာသွားရမည်သာဖြစ်၏။ရတနာသုံးပါး ကို မြတ်နိုးကိုးကွယ်သောပညာရှိသည် ဤအကြောင်းကို သိမြင် ကာ ငါ့ဟာဟု စွဲလမ်းရန် စိတ်မညွတ်သင့်ချေ။

"အိပ်မက်ထဲ၌ တွေ့မြင်ခဲ့ရသူတို့ကို အိပ်ရာမှ နိုးသောအခါ မတွေ့မြင်ရတော့သကဲ့သို့ ထို့အတူပင် ချစ်ခင်မြတ်နိုးအပ်သူများကိုလည်း သေလွန်သောအခါ မတွေ့မြင်ရတော့ချေ။

"ဦးဖြူ၊ ဦးမဲ စသော အမည်အမျိုးမျိုးဖြင့် ခေါ်ဝေါ်ပြောဆိုအပ်သူများကို အသက်ထင်ရှားရှိစဉ် မြင်ရတွေ့ရသော်လည်း ထိုသူတို့ သေလွန်သောအခါ၌ကား ခေါ်ဝေါ်ပြောဆိုအပ်သော အမည်မျှသာ ကျန်ရစ်နေလေတော့၏။

မြတ်နိုးဖွယ်ရာတို့၌ တွယ်တာမက်မောနေသူတို့သည် စိုးရိမ်ပူဆွေး ငိုကြွေးခြင်း၊ ဝန်တိုခြင်းတို့ကို မစွန့်လွှတ်နိုင်ကြချေ။ ထို့ကြောင့် အေးချမ်းရာနိဗ္ဗာန်ကို သိမြင်ပြီးသော အရိယာရဟန်းမြတ်တို့သည် ငါ့ဟာဟု သိမ်းပိုက်ခြင်းကို စွန့်လွှတ်ကာ တရားကို ကျင့်သုံးကြလေသည်။

"ဆိတ်ငြိမ်သောနေရာသို့ ချဉ်းကပ်လျက် မြတ်နိုးဖွယ်ရာ အာရုံတို့မှ မိမိစိတ်ကို ရုပ်သိမ်းကာ ကျင့်ကြံနေသော ရဟန်း၏ အကျင့်ကို ညီညွတ်ကောင်းမြတ်သော အကျင့်ဟု ဆိုကြကုန်၏။ ယင်းသို့ ကျင့်သောရဟန်းသည် မိမိကိုယ်ကို တစုံတခုသော ဘုံဘဝ၌ မတွေ့မြင်ရတော့ပေ။

"အလုံးစုံသော အာရုံတို့၌ မှီတွယ်ကပ်ငြိခြင်း မရှိသော ရဟန်းသည် ချစ်ခြင်း၊ မုန်းခြင်းကိုလည်း မပြုတော့ချေ။ ကြာရွက်၌ ရေမတင်ဘိသကဲ့သို့ ထိုရဟန်း၌လည်း ငိုကြွေးခြင်း၊ ဝန်တိုခြင်း မရှိတော့ပေ။

"ကြာဖူးကြာပွင့်ပေါ်၌ ရေသည် ကပ်ငြိမနေသကဲ့သို့ ထို့အတူ ရဟန်းမြတ်သည်လည်း မြင်အပ် ကြားအပ် တွေ့ထိအပ်သော အာရုံတို့၌ မကပ်ငြိတော့ပေ။

"ကိလေသာကို ခွာပြီးသော ရဟန်းသည် မြင်အပ်၊ ကြားအပ်၊ တွေ့ထိအပ်သော အာရုံတို့၌ တဏှာ ဒိဋ္ဌိဖြင့် စွဲလမ်းမှတ်ထင်ခြင်းမပြု။ အရိယမဂ်မှ တပါးသော အကျင့်ဖြင့် စင်ကြယ်ခြင်းကိုလည်း အလိုမရှိ။ စင်စစ် ထိုရဟန်းကား တပ်မက်သူလည်း မဟုတ်၊ ငြီးငွေ့သူလည်း မဟုတ်ချေ။"

# ၄၅။ တိဿမေတ္တေယျသုတ်

## တိဿနှင့် မေတ္တေယျတို့အား ဟောကြားချက်

ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် တိဿနှင့်မေတ္တေယျ အမည်ရှိသော သူငယ်ချင်းနှစ်ယောက်တို့သည် ရဟန်းပြု၏။ ရဟန်းပြုပြီးနောက် ရှင်မေတ္တေယျသည် မိမိဆရာနှင့်အတူတောကျောင်းသို့လိုက်သွားပြီး တရားအားထုတ်ရာ မကြာမီ ရဟန္တာ ဖြစ်လေ၏။ မြို့ကျောင်း၌ နေခဲ့သော ရှင်တိဿကား ဆွေမျိုးတို့၏ ဖြားယောင်း သွေးဆောင်မှုဖြင့် မကြာမီ လူထွက်သွားလေ၏။

တရံရောအခါ ရှင်မေတ္တေယျသည် ဒေသစာရီ ကြွချီတော်မူသော ဗုဒ္ဓမြတ်စွာနှင့်အတူ လိုက်ပါသွားယင်း လူထွက် တိဿနေသော ရွာသို့ ဆိုက်ရောက်လေ၏။ ထိုအခါ ရှင်မေတ္တေယျသည် မိမိသူငယ်ချင်း တိဿကို ဗုဒ္ဓထံသို့ ခေါ်လာပြီး– ''အရှင်ဘုရား၊ မေထုန်အမှုကို ပြုကျင့်အားထုတ်သူ၏ ဆင်းရဲပင်ပန်းရပုံကို ဟောကြားတော်မူပါ။ အရှင်ဘုရား၏ အဆုံးအမကို ကြားနာ၍ ကိလေသာ ဆိတ်သုဉ်းရေး၌ တပည့်တော်တို့

ကျင့်ကြံကာအားထုတ်ပါကုန်အံ့။''ဟူ၍လျှောက်ကြားလေသည်။ ယင်းသို့ လျှောက်ကြားချက်အရ ဗုဒ္ဓသည် မေထုန်အမှုကို ပြုကျင့် အားထုတ်သူ၏ အပြစ်များကို ဟောကြားတော်မူလေသည်။

''မေတ္တေယျ၊ မေထုန်အမှုကို ပြုကျင့် အားထုတ်သူအား တရားအဆုံးအမသည် ပျောက်ပျက်၏။ လွဲမှားသော အကျင့်ကိုလည်း ကျင့်မိတတ်၏။ ဤမေထုန်အမှုသည် အရိယာတို့၏ အကျင့် မဟုတ်။

''တစ်ယောက်တည်းနေပြီးနောက်မှ မေထုန်အမှု ပြုကျင့်မိ၀သူကို တန်လှုပ်သောယာဉ်နှင့်တူ၍ ယုတ်ညံ့သော ပုထုဇဉ် ဟူ၍ ဆိုကြ၏။ ထိုသူအား ရှေးရဟန်း ဖြစ်စဉ်အခါက ရရှိခဲ့ဖူးသော အခြံအရံသည် ဆုတ်ယုတ်သည်သာ ဖြစ်၏။ ဤအဖြစ်ကို သိမြင်၍ မေထုန်အကျင့်ကို ပယ်စွန့်နိုင်ရန် ကျင့်ကြံ အားထုတ် အပ်၏။

''ကာမ၀ိတက် ဖိစီးနှိပ်စက်မှုကို ခံရသော ထိုလူထွက်သည် ခိုကိုးရာမဲ့သူကဲ့သို့ ကြံမှိုင် ပူပန်ရ၏။ အခြားသူတို့၏ ကဲ့ရဲ့ရှုတ်ချသံများကို ကြားရ၍ မျက်နှာ မသာမယာ ဖြစ်ရ၏။

''ထိုလူထွက်သည် မှားသောအယူ၀ါဒရှိသူတို့ တိုက်တွန်းအပ်သည်ဖြစ်၍ ဒုစရိုက်မှုများကိုပြုလုပ်ပြီး မုသားပြောဆိုခြင်းသို့လည်း သက်၀င်၏။ ဤသို့ ပြုလုပ်ခြင်းသည် ကြီးစွာသော အနှောင်အဖွဲ့ ဖြစ်၏။ တစ်ယောက်တည်းကျင့်သော ရဟန်းအကျင့်ကို ဆောက်တည်ကျင့်သုံးသည်ဖြစ်၍ ပညာရှိဟု ထင်ရှားကျော်စောခဲ့သူ ဖြစ်ပါလျက် မေထုန်အမှုကို ပြုကျင့်သူသည် လူဖျင်းလူအကဲ့သို့ ညစ်နွမ်းရလေသည်။

"ဤသာသနာတော်၌ ရဟန်းသည် ဤကဲ့သို့သော အပြစ်ကို သိမြင်၍ တစ်ယောက်တည်း ကျင့်ရသော ရဟန်းအကျင့်ကို စွဲမြဲစွာ ကျင့်ကြံ အပ်၏။ မေထုန်အကျင့်ကို မမှီဝဲအပ်။ ကိလေသာ ဆိတ်သုဉ်းရေးကိုသာ ကျင့်ကြံအားထုတ် အပ်၏။ ဤအကျင့်သည် အရိယာတို့၏အကျင့် ဖြစ်၏။ မြတ်သော အကျင့် ဖြစ်၏။ ဤအကျင့်ဖြင့်လည်း ငါ မြတ်၏ဟု မမှတ်ထင် အပ်။ ယင်းသို့ မမှတ်ထင်သူသည်သာ နိဗ္ဗာန်နှင့် နီး၏။

"ဒုစရိုက် ကင်းသည်ဖြစ်၍ ကာမဂုဏ်တို့၌ မငဲ့ကွက်ပဲ ကျင့်သော၊ သံသရာရေယာဉ်ကို ကူးမြောက်ပြီးသော ရဟန်းကို ကာမဂုဏ်တို့၌ မွေ့မောနေသော သတ္တဝါအပေါင်းသည် ကြည်ညို မြတ်နိုးကြလေသည်။"

ဗုဒ္ဓမြတ်စွာက ယင်းသို့ ဟောကြားတော်မူသောအခါ လူထွက် တိဿသည် သောတာပတ္တိဖိုလ်သို့ ရောက်၍ တဖန် ရဟန်းပြုလေ၏။ ထို့နောက် တရားအားထုတ်သဖြင့် မကြာမီ ရဟန္တာ ဖြစ်လေ၏။

# ၄၆။ ပသူရသုတ်

## ဝါဒပြိုင်လိုသော ပရိဗိုဇ်

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ပသူရမည်သော ပရိဗိုဇ်သည် ရဟန်းဂေါတမနှင့် ဝါဒပြိုင်မည်ဟု ကြွေးကြော်ကာ ကျောင်းသို့ ရောက်ရှိလာ၏။ သို့သော်လည်း ဗုဒ္ဓရှေ့မှောက်သို့ ရောက်သည့်အခါ မည်သို့ စတင်၍ မေးရမည်ကို မသိတော့သဖြင့် သူအကဲ့သို့ ငုတ်တုတ်ကြီး ထိုင်နေလေ၏။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် ပသူရ ပရိဗိုဇ်ကို အကြောင်းပြု၍ ဆိုက်ရောက်လာသော ပရိသတ်အား ဤပသူရသုတ်ကို ဟောကြားတော်မူသည်။

"မိမိ မှီခိုအားထားသည့် အယူဝါဒကိုသာ အကြောင်းပြု ပြောဆိုသူများသည် အသီးသီးသောအမှန်တရားများ၌ သက်ဝင်ကုန်လျက်- "ငါ၏အယူ၌သာ စင်ကြယ်မှုရှိ၏။" ဟုပြောဆိုကြကုန်၏။ တပါးသော အယူဝါဒတို့၌ကား စင်ကြယ်မှုရှိ၏ဟု မပြောဆိုကြချေ။

"ထိုသူတို့သည် ဝါဒပြိုင်လိုသဖြင့် ပရိသတ်သို့ သက်ဝင်ပြီး တစ်ယောက်ကိုတစ်ယောက် လူဗာလဟုသတ်မှတ်ကြကုန်၏။ ဝါဒ

တပါးကိုမှီ၍ ချီးမွမ်းခံလိုသော ထိုသူတို့သည် မိမိကိုယ်ကိုမိမိ ပညာရှိဟု ယူဆကာ စကားနိုင်ပြောဆို၍ နေကြကုန်၏။

"ဝါဒပြိုင် ပြောဆိုရန် အားထုတ်သူသည် ပရိသတ်အလယ်၌ ချီးမွမ်းခံလိုသည်ဖြစ်၍ သူတပါးတို့၏ဝါဒကို ဖြိုဖျက်လေ့ရှိ၏။ သို့သော်လည်း မိမိစကားကို ငြင်းပယ်ကန့်ကွက်ခြင်း ခံရသော် ထိုသူသည် မျက်နှာ မသာမယာဖြစ်တတ်၏။ သူတပါးအား အပြစ်ရှာတတ်သူသည် မိမိအား ကဲ့ရဲ့လျှင် အမျက်ထွက်တတ်၏။ ထိုသူသည် အနက်အဓိပ္ပာယ် ချို့တဲ့သဖြင့် မိမိဝါဒကို ငြင်းပယ်ခြင်း ခံရသောကြောင့် မြည်တမ်း ပူဆွေးရ၏။ အဖန်ဖန် ညည်းတွားရ၏။

"ဤသို့သော ဝါဒပြိုင်မှုများ၊ ငြင်းခုံမှုများသည် ရသေ့ ရဟန်းတို့အတွင်း၌ ဖြစ်ပေါ်တတ်ကုန်၏။ ထိုဝါဒပြိုင်ပွဲတို့၌ နိုင်၍ စိတ်ရွှင်လန်းခြင်း၊ ရှုံး၍ စိတ်ပင်ပန်းခြင်းများ ဖြစ်ကြရ၏။ ဤသို့သော အပြစ်ကို မြင်၍ ဝါဒပြိုင်ဆိုင် စကားနိုင်ပြောဆိုမှုကို ရှောင်ကြဉ်အပ်၏။ ဤဝါဒပြိုင်ဆိုင်မှု၌ ချီးမွမ်းခံရခြင်းမှ တပါး အခြားအကျိုး မရှိချေ။

"ပရိသတ်အလယ်၌ မိမိဝါဒကိုပြော၍ ချီးမွမ်းခံရသူသည် စိတ်အလိုကျဖြစ်သဖြင့် ပျော်ရွှင်တက်ကြွ၏။ ယင်းသို့ တက်ကြွခြင်းသည်ပင် ပင်ပန်းခြင်း၏ အကြောင်းသာဖြစ်၏။ ထိုသူသည် လွန်ကဲတက်ကြွသော မာနစကားကို ပြောဆိုတတ်၏။ ဤအပြစ်ကို မြင်၍လည်း ငြင်းခုံခြင်းမှ ရှောင်ရှားအပ်၏။ စင်စစ် ငြင်းခုံခြင်းဖြင့် စင်ကြယ်၏ဟု ပညာရှိတို့ မဆိုကြချေ။

"ပသူရမင်း၏ရိက္ခာဖြင့် အသက်မွေးသောသူရဲကောင်းသည် ပြိုင်ဖက်သူရဲကောင်းကို အလိုရှိသည်ဖြစ်၍ ကြုံးဝါးလျက်သွားသကဲ့သို့ ထို့အတူ သင်သည်လည်း ဝါဒပြိုင်ဖက်ရှိရာအရပ်သို့သာ သွားလေလော့။ ငါ့မှာကား သင်နှင့် ဝါဒပြိုင်ဆိုင်စစ်ထိုးရန် မာန်မာနဟူသောကိလေသာ မရှိတော့ပေ။

"ကိလေသာစစ်သည်အပေါင်းကို ဖျက်ဆီးပြီး အယူဝါဒ တစ်ခုနှင့်တစ်ခုကိုမဆန့်ကျင်စေပဲ သွားလာနေထိုင်သော ပုဂ္ဂိုလ်တို့နှင့် ဝါဒစစ်ထိုးမှုကို ရနိုင်မည် မဟုတ်။ စိတ်ဖြင့် မွားသော အယူတို့ကို ကြံစည်စိတ်ကူးပြီး ကိလေသာကင်းကွာပြီးသော ငါဘုရားနှင့် ဝါဒစစ်ထိုးရန်လာသော သင်သည် ငါနှင့် ယှဉ်ပြိုင်ရန် စွမ်းနိုင်လိမ့်မည်မဟုတ်ချေ။"

# ၄၇။ မာဂဏ္ဍိယသုတ်

## ဗုဒ္ဓအား သားမက်ဖမ်းလိုသော မာဂဏ္ဍိယပုဏ္ဏား

ကုရုတိုင်း၊ ကမ္မာသဒမ္မနိဂုံးမှ မာဂဏ္ဍိယမည်သော ပုဏ္ဏား ဇနီးမောင်နှံတို့တွင် အလွန် ချောမောလှပသော သမီးပျို တစ်ယောက်ရှိ၏။ မာဂဏ္ဍီသမီးပျိုကို မင်းညီမင်းသား၊ ပုဏ္ဏား၊ သူဌေးစသော အမျိုးသားတို့က ကမ်းလှမ်း တောင်းခံကြသော် လည်း သူမ၏မိဘနှစ်ပါးက တစ်ဦးတစ်ယောက်ကိုမျှ လက်ခံခြင်း မရှိခဲ့ချေ။ အကြောင်းမှာ မာဂဏ္ဍိယပုဏ္ဏားကြီးသည် အယူ ဝါဒ အမျိုးမျိုးကို စိတ်ဝင်စားသူဖြစ်သည့်အလျောက် မိမိ၏ သမီးကို ထိုဝါဒရေးရာနှင့် ပတ်သက်၍ ထူးခြားသော ရသေ့၊ ရဟန်းတစ်ပါးပါးနှင့် လက်ဆက်ရန် ကြံရွယ်နေသော ကြောင့်ဖြစ်၏။

**ဗုဒ္ဓမြတ်စွာအား တွေ့မြင်ခြင်း**

တနေ့သ၌ မာဂဏ္ဍိယပုဏ္ဏားကြီးသည် မြို့ပြင်သို့ထွက်လာစဉ် သစ်ပင်တစ်ပင်အောက်၌ တင့်တယ်စွာသီတင်းသုံးနေသော ဗုဒ္ဓ မြတ်စွာကို တွေ့မြင်လေ၏။ ထိုအခါ ပုဏ္ဏားကြီးသည်- "ဤ ရဟန်းကား ငါ့သမီးနှင့်ထိုက်တန်၏။" ဟုကြံကာအိမ်သို့ချက်ချင်း

ပြန်သွားပြီး ဇနီးဖြစ်သူအား ထိုအကြောင်းကို ပြောကြားလေသည်။ ထို့နောက် ထိုဇနီးမောင်နှံသည် သမီးပျိုအား လှပတင့်တယ်စွာ ဆင်ယင်ဝတ်စားစေပြီး မြို့ပြင်သို့ ခေါ်ဆောင်ခဲ့ကြသည်။

ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာသည် ဆွမ်းခံချိန် ကျရောက်၍ မြို့တွင်းသို့ ဆွမ်းခံဝင်နေရာ သစ်ပင်ရင်း၌ ဗုဒ္ဓမြတ်စွာ ထိုင်နေခဲ့သော မြက်အခင်းနှင့် ယင်းအနီးတွင် ဗုဒ္ဓ၏ ခြေတော်ရာများကိုသာ ပုဏ္ဏားကြီး ဇနီးမောင်နှံတို့ တွေ့မြင်ကြရသည်။ ထိုဇနီးမောင်နှံနှစ်ဦးတွင် ပုဏ္ဏေးမကြီးသည် ပုဏ္ဏားကြီးထက် ပို၍ ပညာဗဟုသုတပြည့်ဝပြီး ဗေဒင်လက္ခဏာတို့ကိုလည်း ကျွမ်းကျင်တတ်မြောက်၏။ ထို့ကြောင့် ဗုဒ္ဓနေထိုင်ခဲ့သော မြက်အခင်းနှင့် ခြေတော်ရာတို့ကို တွေ့မြင်ရုံဖြင့်ပင် ထိုပုဂ္ဂိုလ်သည် ကာမဂုဏ်စည်းစိမ်ကို ခံစားမည့်သူ မဟုတ်ကြောင်း ပုဏ္ဏားကြီးအား ပြောပြ၏။ ပုဏ္ဏားကြီးသည် ထိုစကားကို လက်ခံခြင်းမရှိပဲ- "မင်္ဂလာရှာနေစဉ် အမင်္ဂလာစကားကို မပြောပါနှင့်။" ဟု တားမြစ်၏။ ထိုစဉ်မှာပင် ဗုဒ္ဓမြတ်စွာ ပြန်ကြွလာသဖြင့် ပုဏ္ဏားကြီးသည် ဗုဒ္ဓထံ ချဉ်းကပ်၍ မိမိသမီးကို ဇနီးအဖြစ် လက်ခံသိမ်းပိုက်ရန် ဆောင်နှင်းအပ်နှံလေသည်။

ထိုအခါ ဗုဒ္ဓမြတ်စွာက- "ပုဏ္ဏား၊ ငါသည် တဏှာ၊ အရတိ၊ ရဂါဟူသော မာရ်နတ်သမီး သုံးယောက်ကိုပင် ရရှိသော်လည်း မေထုန်အမှု၌ လိုလားတပ်မက်မှု မဖြစ်ခဲ့ပေ။ ကျင်ကြီး၊ ကျင်ငယ်တို့ဖြင့် ပြည့်သော ဤသင်၏ သမီးပျိုကို မြင်၍ကား အဘယ်မှာ လိုလားတပ်မက်မှု ဖြစ်မည်နည်း။ သင်သမီး မာဂဏ္ဍီကို ခြေဖျားဖြင့် ထိရုံမျှပင် ငါ အလိုမရှိ။"ဟူ၍ မိန့်ကြားတော်မူသည်။

**အယူဝါဒကို မေးမြန်းခြင်း**

ဗုဒ္ဓက ယင်းသို့ မိန့်ကြားလျှင် မာဂဏ္ဍိယပုဏ္ဏားသည်- "ရဟန်းများသည် နတ်စည်းစိမ်ကို လိုချင်၍ တရားကျင့်နေသူများ ဖြစ်၏။ ဤရဟန်းကား နတ်စည်းစိမ်ကိုပင် မလိုချင်ဟု ပြောဆို၏။ သူ၏အယူသည် မည်သို့သောအယူပေနည်း။" ဟု သိလိုသဖြင့် မေးမြန်းရာ ဗုဒ္ဓကလည်း မေးသမျှကို ဖြေကြားတော်မူသည်။

"အရှင်ရဟန်း၊ မင်းပေါင်းများစွာတို့ လိုလားတောင့်တအပ်သော ဤမျှတင့်တယ်သည့် သမီးရတနာကို အလိုမရှိခဲ့ပါမူ အရှင်၏ အယူဝါဒ၊ အကျင့်သီလ၊ အသက်မွေးမှုနှင့် ဘဝဖြစ်စဉ် မည်သို့ရှိသည်ကို ကျွန်ုပ်အား ပြောပြပါလော့။"

"မာဂဏ္ဍိယပုဏ္ဏား၊ ငါသည်အားဤသို့ ပြောဆိုမည်ဟူ၍ တရားသဘောတို့၌ ဆုံးဖြတ်စွဲယူခြင်းမရှိ။ မှားယွင်းသော အယူတို့၌ အပြစ်ကိုမြင်သဖြင့် စွဲယူခြင်းမပြုပဲ ဉာဏ်ဖြင့် စူးစမ်းစိစစ်ကာ အတွင်းသန္တာန်၌ ငြိမ်းအေးမှုကို သိမြင်ခဲ့ပေပြီ။"

"အရှင်ရဟန်း၊ ဆုံးဖြတ်ကြံဆအပ်သော အယူတို့ကို မစွဲယူပဲ အတွင်းသန္တာန်တို့၌ ငြိမ်းအေးမှုကို အရှင် ပြောဆိုခဲ့ပါ၏။ ထိုငြိမ်းအေးမှုကို ပညာရှိတို့က မည်သို့ ပြောဆိုကြပါသနည်း။"

"မာဂဏ္ဍိယပုဏ္ဏား၊ အမြင်အကြား လောကီဉာဏ်တို့ဖြင့်လည်းကောင်း၊ လွှမ်းမှားသော အလေ့အကျင့်ဖြင့်လည်းကောင်း ကိလေသာ စင်ကြယ်ခြင်းကို ငါ မဟော။ ဤတရားတို့ကို စွန့်လွှတ်ပြီး စွဲယူမှီတွယ်ခြင်း မပြုသော သူတော်ကောင်းသည် ဘဝကို မတောင့်တတော့ပေ။"

"အရှင်ရဟန်း၊ ဤသို့ဆိုသော် အချို့သူတို့သည် အလွန်တွေ့ဝေဖွယ်ဖြစ်သော တရားကိုပင် ကိလေသာမှ စင်ကြယ်ခြင်းဟူ၍ အယူမှားယွင်းကာ ယုံကြည်နေကြသည်ဟုထင်ပါသည်။"

"မာဂဏ္ဍိယ၊ မှားသောအယူကိုမှီ၍ ထပ်တလဲလဲမေးနေသော သင်သည် စွဲလမ်းအပ်သော အယူတို့၌သာ လွန်စွာတွေဝေခြင်းသို့ ရောက်နေ၏။ ဤငါဟောအပ်သော တရားမှ အနည်းငယ်မျှသော မှတ်သားဖွယ်ကိုပင်လျှင် သင် မမြင်ပေ။ ထို့ကြောင့်သာလျှင် သင်သည် ဤတရားကို တွေဝေဖွယ်ယူ၍ ရှုမြင်ခြင်း ဖြစ်ပေသည်။

"မိမိနှင့်တန်းတူသူ၊ မိမိထက် ထူးချွန်သူ၊ မိမိအောက်နိမ့်ကျသူ ဟူ၍ ထင်မှတ်နေသည်။ ထိုသို့ ထင်မှတ်ခြင်းကြောင့်ပင် အခြားသူတို့နှင့် ငြင်းခုံနေရ၏။ မာနသုံးမျိုးကြောင့် တုန်လှုပ်သူအား မိမိနှင့် တန်းတူသူ၊ မိမိထက်ထူးချွန်သူ၊ မိမိအောက်နိမ့်ကျသူ ဟူ၍ ထင်မှတ်ခြင်း မရှိတော့ပေ။

"တူညီမှု၊ မတူညီမှုဟူ၍ မရှိတော့သော ရဟန္တာပုဂ္ဂိုလ်သည် 'မှန်သည်၊ မှားသည်' ဟူ၍ မည်သူနှင့်မျှ ငြင်းခုံရန် မလိုတော့ပေ။ မည်သူနှင့်မျှ ဝါဒပြိုင်ရန် မလိုတော့ပေ။

"စိတ်၏ ပျော်ပိုက်ရာ အာရုံများကို စွန့်ပယ်ပြီး ထိုအာရုံများကို ပြန်လည်မအောက်မေ့သူ၊ မြို့ထဲရွာထဲ၌ လူတို့နှင့် ဆက်ဆံရောနှော၍ မနေသူ၊ ကာမဂုဏ်တို့မှ ကင်းဆိတ်ကာ အနာဂတ်ကိုလည်း မျှော်လင့်တောင့်တ၍ မနေသူသည် လူအများနှင့် ဆန့်ကျင်ဖက် စကားကို မပြောဆိုတော့ပေ။

"ရဟန္တာပုဂ္ဂိုလ်သည်၊ ကင်းကင်းကွာကွာ နေသင့်သော မိစ္ဆာအယူတို့ကို စွဲယူ၍ ပြောဆိုခြင်း မပြု။ ရေထဲ၌ ပေါက်လာ

သောပဒုမ္မာကြာသည် ရေစွန်တို့ဖြင့် မလိမ်းကျံမကပ်ငြိသကဲ့သို့ ထို့အတူပင် ငြိမ်းအေးရေးကို ပြောဆိုသော ရဟန္တာသည် ကာမဂုဏ်၌လည်းကောင်း၊ လောက၌လည်းကောင်း လိမ်းကျံကပ်ငြိခြင်း မရှိတော့ပေ။

"ရဟန္တာပုဂ္ဂိုလ်သည် မိစ္ဆာအယူသို့ မကပ်ရောက်၊ အတွေ့အကြုံဖြင့် ထောင်လွှားခြင်းသို့ မရောက်၊ တဏှာဒိဋ္ဌိဖြင့် ပြုမူသူ မဟုတ်၊ ကံဖြင့်လည်းကောင်း၊ အကြားအမြင်ဖြင့်လည်းကောင်း ဆောင်ရှိရသူ မဟုတ်၊ တဏှာဒိဋ္ဌိဟူသော တည်ရာအိမ်သို့ ဆွဲဆောင်အပ်သူလည်း မဟုတ်ပေ။

"ကာမသညာစသည်၌ တပ်စွန်းခြင်းကင်းသူအား ထုံးဖွဲ့မှု မရှိ။ ပညာဖြင့် လွတ်မြောက်ပြီးသူအား တွေဝေမှု မရှိ။ ကာမသညာစသည့် လွဲမှားသော အယူကို စွဲယူသောသူတို့သည်သာလျှင် လောက၌ အချင်းချင်း ထိပါးပုတ်ခတ်ကာ လှည့်လည်နေကြလေသည်။"

ဗုဒ္ဓမြတ်စွာက ဤသို့ ဟောကြားတော်မူသောအခါ မာဂဏ္ဍိပုဏ္ဏားကြီးနှင့် ဇနီးတို့သည် ဗုဒ္ဓထံ၌ ရဟန်းပြု၍ တရားအားထုတ်ကြရာ မကြာမီ ရဟန္တာ ဖြစ်သွားကြလေ၏။

# ၄၈။ ပုရာဘေဒသုတ်

## မသေမီ လုပ်ရမည့် အလုပ်

ဤသုတ်သည် ကပိလဝတ်ပြည်၊မဟာဝုန်တော၌ နတ်၊ပြဟ္မာ ပေါင်း များစွာတို့သည် စည်းဝေး ရောက်ရှိလာကြစဉ် ဟော ကြားသောသုတ် ဖြစ်သည်။ ထိုအစည်းအဝေး၌ ပညာစရိုက် ရှိသည့် အချို့သော နတ်ပြဟ္မာတို့အား- "ကိုယ်ခန္ဓာ မပျက် စီးမီ ကာလအတွင်း မည်သည့်အမှုကို ပြုသင့် ပြုထိုက်လေ သနည်း။" ဟူ၍ ဒွေကြံ ဖြစ်ပေါ်လေရာ ထိုနတ်၊ ပြဟ္မာတို့ကို ရည်ရွယ်၍ ဤသုတ်ကို ဟောတော်မူခြင်း ဖြစ်ပေသည်။

"ဂေါတမနွယ်ဖွား မြတ်စွာဘုရား၊ မည်သို့သော ဉာဏ် အမြင်ရှိ၍ မည်သို့သော အကျင့်သီလနှင့် ပြည့်စုံသူကို ငြိမ်းအေး ပြီးသူ ဟူ၍ ဆိုအပ်ပါသနည်း။ ဟောကြားတော်မူပါလော့။"

"အကြင်ပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာ မပျက်စီးမီ တပ်မက်ခြင်း ကင်း၏။ အတိတ်အဖို့ကို မစွဲမှီပဲ ပစ္စုပ္ပန်၌လည်း ရေတွက်အပ်သူ မဟုတ်၊ အနာဂတ်ကာလသို့လည်း ရှေးရှုခြင်း မပြု၊ ထိုပုဂ္ဂိုလ် ကို ငြိမ်းအေးပြီးသူဟု ငါ ဆို၏။

"အမျက်ဒေါသ ကင်း၍ ထိတ်လန့်ခြင်း မရှိသူ၊ ကြွားဝါခြင်း ပူပန်ခြင်း မရှိသူ၊ ဉာဏ်ဖြင့် ချင့်ချိန်၍ ပြောဆိုတတ်သူ၊ ပျံ့လွင့်ခြင်း မရှိပဲ နှုတ်စောင့်စည်းသူကိုလည်း ငြိမ်းအေးပြီးဟု ငါ ဆို၏။

"အကြင်ပုဂ္ဂိုလ်သည် အနာဂတ်အဖို့၌ တွယ်တာခြင်း မရှိ၊ အတိတ်ကိုလည်း ပြန်၍ မစိုးရိမ်၊ တွေ့ထိမှုတို့၌လည်း ချမ်းသာခြင်းကင်းဆိတ်ပုံကို ရှုမြင်လေ့ ရှိ၏။ မှားသောအယူများသို့လည်း လိုက်ပါသွားခြင်း မရှိ။ ထိုပုဂ္ဂိုလ်ကို ငြိမ်းအေးပြီးသူဟု ငါ ဆို၏။

"ရာဂ၊ ဒေါသစသည် ကင်း၍ အံ့ဩဖွယ်ကို မပြုတတ်သူ၊ မျှော်လင့်တောင့်တခြင်း၊ ဝန်တိုခြင်း ကင်းသူ၊ ကြမ်းကြုတ်မှု စက်ဆုပ်ဖွယ်အမှုတို့မှ ကင်းသူ၊ ကုန်းချောစကား ပြောဆိုခြင်းနှင့် မယှဉ်သူကိုလည်း ငြိမ်းအေးပြီးသူဟု ငါ ဆို၏။

"အကြင်ပုဂ္ဂိုလ်သည် သာယာနှစ်သက်ဖွယ် အာရုံတို့၌ သာယာနှစ်သက်ခြင်း မရှိ။ အလွန်ထောင်လွှားခြင်းနှင့်လည်း မယှဉ်၊ နူးညံ့သိမ်မွေ့၍ ဉာဏ်ပဋိဘာန်နှင့်လည်း ပြည့်စုံ၏။ သူတပါးကို ယုံကြည်အားကိုးခြင်း မပြုပဲ တရားကို ကိုယ်တိုင်သိမြင်၏။ တပ်မက်စွဲလမ်းခြင်းလည်း ကင်းပြီး ဖြစ်၏။ ထိုပုဂ္ဂိုလ်ကို ငြိမ်းအေးပြီးသူဟု ငါ ဆို၏။

"အကြင်ပုဂ္ဂိုလ်သည် လာဘ်ကို လိုသဖြင့် ပရိယတ်ကို မသင်ယူ၊ လာဘ်မရခြင်းကြောင့်လည်း အမျက်မထွက်၊ ရသာရုံတို့၌ အလိုမကျခြင်း တဏှာဖြင့် မက်မောခြင်းမရှိ။ ထိုပုဂ္ဂိုလ်ကို ငြိမ်းအေးပြီးသူဟု ငါဆို၏။

“လောက၌ အကြင်ပုဂ္ဂိုလ်သည် လျစ်လျူရှုခြင်း၊ ဆင်ခြင်အောက်မေ့ခြင်းတို့နှင့် ပြည့်စုံ၏။ ရာဂစသော သံသရာ ပွားစီးရေး တရားများလည်း မရှိ။ ထိုပုဂ္ဂိုလ်ကို ငြိမ်းအေးပြီးသူဟု ငါဆို၏။

“အကြင်ပုဂ္ဂိုလ်သည် တရားကို သိမြင်ပြီးဖြစ်၍ တဏှာဒိဋ္ဌိဟူသော မှီရာတို့မှ ကင်း၏။ ဘဝသစ် ဖြစ်ရန်အတွက်ဖြစ်စေ၊ ဘဝပြတ်စဲရန်အတွက် ဖြစ်စေ တပ်မက်မှု မရှိ။ ထိုပုဂ္ဂိုလ်ကို ငြိမ်းအေးပြီးသူဟု ငါဆို၏။

“လောက၌ အကြင်ပုဂ္ဂိုလ်အား မိမိဥစ္စာဟု သိမ်းပိုက်မှုမရှိ၊ မရှိသော ပစ္စည်းအတွက်လည်း စိုးရိမ်ပူဆွေးခြင်းမဖြစ်၊ တရားသဘောများနှင့် ပတ်သက်၍ ချစ်ခြင်းမုန်းခြင်းစသည်တို့ကြောင့် မလိုက်သင့်သည်သို့ မလိုက်။ ထိုပုဂ္ဂိုလ်ကို ငြိမ်းအေးပြီးသူဟု ငါဆို၏။”

# ၄၉။ ကလဟဝိဝါဒသုတ်

## ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်း၏ အကြောင်း

ဤကလဟဝိဝါဒသုတ်သည် ကပိလဝတ်ပြည်၊ မဟာဝုန်တော နတ်၊ ဗြဟ္မာတို့၏ အစည်းအဝေး၌ ဟောကြားသော သုတ်တစ်သုတ်ဖြစ်၏။ ဒေါသစရိုက်လွန်ကဲသော နတ်၊ ဗြဟ္မာတို့အား အထူးရည်ရွယ်ဟောကြားခြင်းဖြစ်၍ ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်း စသည်တို့၏ အကြောင်းကို နိမ္မိတဗုဒ္ဓကမေး၍ ဗုဒ္ဓမြတ်စွာက ဖြေကြားသည့်ပုံစံဖြင့် ဟောကြားတော်မူခဲ့ပေသည်။

(မေး-၁) ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်း၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်း၊ ဝန်တိုခြင်း၊ မာနထောင်လွှားခြင်း၊ သူတပါးကို မထီမဲ့မြင်ပြုခြင်း၊ ကုန်းတိုက်ခြင်း တို့သည် ဘယ်အကြောင်းကြောင့် ဖြစ်ပေါ် လာကုန်သနည်း။

(ဖြေ-၁) ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်း စသော တရားရှစ်ပါးတို့သည် ချစ်ခင်နှစ်သက်ဖွယ် ဖြစ်သော ပုဂ္ဂိုလ်၊ ဝတ္ထုတို့ကြောင့် ဖြစ်ပေါ်လာကုန်၏။

ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်းတို့သည်ဝန်တိုခြင်းနှင့်လည်း သက်ဆိုင်ကုန်၏။ ငြင်းခုံမှု ဖြစ်ပွားလျှင် ကုန်းချောစကား ပြောကြားခြင်း ဖြစ်ပေါ်လာတတ်၏။

(မေး-၂) လောက၌ ချစ်ခင်နှစ်သက်ဖွယ်တို့သည် ဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာကုန်သနည်း။ လောက၌ အကြင်သူတို့သည် အလိုလောဘရှိသည်ဖြစ်၍ လှည့်လည်နေကြကုန်၏။ ထိုသူတို့၏ အလိုလောဘသည် အဘယ်အကြောင်းကြောင့်ဖြစ်လာသနည်း။ နတ်၊ လူတို့၏ မှီခိုအားထားရာဖြစ်သော အကျိုးစီးပွားတို့၌ တောင့်တခြင်း၊ ပြီးပြည့်စုံခြင်းတို့သည် ဘယ်အကြောင်းကြောင့်ဖြစ်လာကုန်သနည်း။

(ဖြေ-၂) လောက၌ ချစ်ခင်နှစ်သက်ဖွယ်တို့သည် လိုချင်မှုဆန္ဒကြောင့် ဖြစ်ကုန်၏။ လောက၌ အကြင်သူတို့သည် အလိုလောဘ ရှိသည်ဖြစ်၍ လှည့်လည်နေကြကုန်၏။ ထိုသူတို့၏ အလိုလောဘသည် လိုချင်ဆန္ဒကြောင့်သာ ဖြစ်၏။ နတ်၊ လူတို့၏ မှီခိုအားထားရာဖြစ်သော အကျိုးစီးပွားတို့၌ တောင့်တခြင်း၊ ပြီးပြည့်စုံခြင်းတို့သည်လည်း ဤလိုချင်မှုဆန္ဒကြောင့်ပင် ဖြစ်ကုန်၏။

(မေး-၃) လောက၌ လိုချင်မှုဆန္ဒသည် ဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း။ ဆုံးဖြတ်ခြင်း၊ အမျက်ထွက်ခြင်း၊ မုသားပြောခြင်း၊ သို့လော သို့လေ

တွေးတော ယုံမှားခြင်းတို့သည်လည်း ဘယ် အကြောင်းကြောင့် ဖြစ်လာကုန်သနည်း။

(ဖြေ-၃) လောက၌ လိုချင်မှုဆန္ဒသည် သာယာဖွယ်၊ မသာယာဖွယ်ကိုမှီ၍ဖြစ်ပေါ်၏။ လောက၌ သတ္တဝါတို့သည် ရုပ်ဝတ္ထုတို့၌ တိုးပွားခြင်း၊ ပျက်စီးခြင်းကို မြင်၍ ဆုံးဖြတ်ခြင်းကို ပြုကြကုန်၏။ အမျက်ထွက်ခြင်း၊ မုသားပြောခြင်း၊ သို့လော သို့လော တွေးတောယုံမှားခြင်းတို့သည်လည်း သာယာဖွယ်၊ မသာယာဖွယ် ဟူသော ဤ တရားနှစ်ပါး ရှိမှသာ ဖြစ်ပေါ်ကုန်၏။ သို့လောသို့လော တွေးတောယုံမှားခြင်း ရှိသူသည် မြတ်စွာဘုရားကိုယ်တိုင် သိမြင်၍ ဟောကြားအပ်သော တရားတို့ကို ဆင်ခြင်၍ ကိုယ်တိုင် သိအောင် ကျင့်ကြံအားထုတ်အပ်၏။

(မေး-၄) သာယာဖွယ်၊ မသာယာဖွယ်တို့သည် ဘယ် အကြောင်းကြောင့် ဖြစ်လာကုန်သနည်း။တည်မြဲခြင်း အယူနှင့် ပြတ်စဲခြင်း အယူတို့၏ အကြောင်းကား အဘယ်ပါနည်း။

(ဖြေ-၄) သာယာဖွယ်၊ မသာယာဖွယ်တို့သည် အာရုံနှင့် တွေ့ထိမှု ဖဿကြောင့် ဖြစ်ကုန်၏။ တွေ့ထိမှုဖဿ မရှိသော် ဤသာယာဖွယ်၊မသာယာဖွယ်တို့မဖြစ်ကုန်။တည်မြဲခြင်းအယူနှင့် ပြတ်စဲခြင်းအယူတို့၏ အကြောင်းတရားမှာလည်း ဤတွေ့ထိမှုဖဿပင် ဖြစ်ပေ၏။

(မေး-၅) **အာရုံနှင့် တွေ့ထိမှုဖဿသည် ဘယ်အကြောင်းကြောင့်** ဖြစ်ပါသနည်း။ ငါ့ဟာ၊ ငါ့ဥစ္စာဟု သိမ်းပိုက်ခြင်းတို့၏ အကြောင်းတရားကား အဘယ်ပါနည်း။ ဘယ်တရား မရှိသော်ငါ့ဟာ၊ ငါ့ဥစ္စာဟု သိမ်းပိုက်ခြင်း မရှိတော့ပါသနည်း။ ဘယ်အရာ ကင်းကွာသော် **အာရုံနှင့်တွေ့ထိမှု** ဖဿမရှိတော့ပါသနည်း။

(ဖြေ-၅ မြင်သိစိတ်၊ ကြားသိစိတ် စသော နာမ်တရားကိုလည်းကောင်း၊ မျက်စိ၊ အဆင်းစသော ရုပ်တရားကိုလည်းကောင်း အစွဲပြု၍ တွေ့ထိမှုဖဿသည် ဖြစ်ပေ၏။ ငါ့ဟာ၊ ငါ့ဥစ္စာဟု သိမ်းပိုက်ခြင်းတို့သည် လိုချင်နှစ်သက်မှုကြောင့် ဖြစ်ပေကုန်၏။ လိုချင်နှစ်သက်မှု မရှိသော် သိမ်းပိုက်ခြင်း မရှိတော့ချေ။ ရုပ်တရား ကင်းကွာသော် တွေ့ထိမှု ဖဿသည်လည်း မရှိနိုင်တော့ပေ။

(မေး-၆) **မည်သို့ကျင့်သော ပုဂ္ဂိုလ်အား ရုပ်အာရုံ ကင်းကွာ**ပါသနည်း။ ချမ်းသာခြင်း၊ ဆင်းရဲခြင်းများသည်လည်း မည်သို့ကျင့်လျှင် တင်းကွာသွားနိုင်ပါသနည်း။ ဤအကြောင်းကိုလည်း ရှင်းလင်း ဟောကြားပါဦးလော့။

(ဖြေ-၆) ပကတိသည်လည်း မရှိ။ ရူးသွပ်ဖောက်ပြန်သော သညာသည်လည်း မရှိ။ ထင်ရှားသော ရှုပစျာန် သညာသည်လည်းမရှိ။ အမှတ်သညာ

လုံး၀ မရှိသည်လည်း မဟုတ်အောင် ကျင့်သော ပုဂ္ဂိုလ်အား ရုပ်အာရုံများ ကင်းကွာသွားပါသည်။ အကြောင်းကား သံသရာခွဲ့တရားအစုတို့သည် သညာလျှင် အကြောင်းရင်းရှိကြသောကြောင့် ဖြစ်၏။

(မေး-၇) ဤလောက၌ ပညာရှိဟု ၀န်ခံသူ အချို့တို့သည် ဤသို့အခြားသညာများမရှိပဲအရူပသညာမျှသာ ရှိအောင် ကျင့်ခြင်းဖြင့် နတ်၊ လူ၊ ဗြဟ္မာ သတ္တ၀ါတို့၏ စင်ကြယ်ခြင်းကို အမြတ်ဆုံးဟူ၍ ဟောကြားကြပါကုန်သလား။ သို့တည်းမဟုတ် ဤမှတပါး အခြားသော စင်ကြယ်ခြင်းကိုလည်း ဟောကြားကြပါကုန်သေးသလော။

(ဖြေ-၇) ဤလောက၌ ပညာရှိဟု ၀န်ခံသူ အချို့တို့သည် ဤသို့ အရူပသညာမျှသာ ရှိအောင် ကျင့်ခြင်းဖြင့်လည်း နတ်၊ လူ၊ ဗြဟ္မာ သတ္တ၀ါတို့၏ စင်ကြယ်ခြင်းကို အမြတ်ဆုံးဟူ၍ ဟောကြားကြကုန်၏။ ထိုပညာရှိဟု ၀န်ခံသူတို့တွင် ခန္ဓာ အကြွင်းမရှိ ချုပ်ခြင်း၌ ကျွမ်းကျင်လိမ္မာသည်ဟု ၀န်ခံသည့် အချို့ပုဂ္ဂိုလ်တို့ကမူ ဘ၀ပြတ်ခြင်းကို အမြတ်ဆုံးဟူ၍ ဟောကြားကြကုန်၏။

နိဂုံးချုပ်အဖြေ

အကြင်ရဟန်းသည် အရူပဘဝကို အမြတ်ဆုံး ဟူ၍လည်းကောင်း၊ ဘဝပြတ်ခြင်းကို အမြတ်ဆုံး ဟူ၍လည်းကောင်းဆိုသော ပုဂ္ဂိုလ်တို့သည် တည်မြဲခြင်း၊ ပြတ်စဲခြင်းကို စွဲမှီနေကြသည်ဟု သိသည့်ပြင် စွဲမှီရာ အယူတို့ကိုလည်း သိပြီး၍ မှန်သောဉာဏ်အမြင်နှင့် ပြည့်စုံ၏။ ထိုရဟန်းသည် သစ္စာလေးပါးကို ပိုင်းခြားသိမြင်၍ ကိလေသာတို့မှ လွတ်မြောက်ကာ ငြိမ်းခုံခြင်းသို့ မရောက်တော့ပေ။ ဘဝ ယုတ်မြတ် နောက်ထပ် ဖြစ်ခြင်းသို့လည်း မရောက်တော့ပေ။

# ၅၀။ စူဠဗျူဟသုတ်

## ဝါဒစစ်ဆင်ရေးအကျဉ်း

ဤစူဠဗျူဟသုတ်သည် ကပိလဝတ်ပြည်၊ မဟာဝုန်တော နတ်၊ ဗြဟ္မာတို့၏ အစည်းအဝေးတွင် ဝိတက်စရိုက်ရှိ၍ ကြံစည်စိတ်ကူးမှုများသော နတ်၊ ဗြဟ္မာတို့အား ရည်ရွယ်၍ ဟောကြားသောသုတ် ဖြစ်၏။ ဤသုတ်၌ အယူဝါဒ အမျိုးမျိုးနှင့် ပတ်သက်သော ပြဿနာကို အမေးအဖြေပြု၍ အကျဉ်းအားဖြင့် ဟောကြားထားပေသည်။

(မေး-၁) အယူဝါဒ အသီးသီး၌ တည်နေကြသော ပညာရှိတို့သည် မိမိဝါဒကို ခိုင်မြဲစွာ စွဲယူ၍ အမျိုးမျိုးသော အယူတို့ကို ဟောပြောနေကြပါသည်။ 'ငါတို့ယူသည့်အတိုင်း သိနားလည်သောသူသည်သာ တရားမှန်ကို သိမြင်၏။ ငါတို့အယူကို ကန့်ကွက်သူသည် အသိဉာဏ်မပြည့်စုံသူဖြစ်၏။ မလိမ္မာသော လူဖျင်း လူအ ဖြစ်၏။' ဟူ၍

ပြောဆိုနေကြပါသည်။ ယင်းသို့ ငြင်းခုံ ပြောဆို နေကြသူတို့တွင် မည်သူတို့၏ အယူ ဝါဒသည် မှန်ကန်သော အယူဝါဒဖြစ်ပါသ နည်း။ ထိုသူအားလုံးကပင် အယူဝါဒရေးရာ၌ ကျွမ်းကျင်တတ်သိသော ပညာရှိဟူ၍ ဝန်ခံနေ ကြပါသည်။

(ဖြေ-၁) သူတပါး၏ ဘာသာတရားကို လက်မခံပဲ ကန့်ကွက်သောသူတိုင်းသည် အသိဉာဏ်ခေါင်း ပါးသည့် လူဖျင်းလူအ ဖြစ်ခဲ့သော် မိမိအယူကို စွဲယူနေသူအားလုံးတို့သည် အသိဉာဏ်ခေါင်း ပါးသည့် လူဖျင်းလူအများ ဖြစ်ကြပေလိမ့်မည်။ မိမိအယူဖြင့်သာလျှင် ဖြူစင်၍ ကျွမ်းကျင်တတ် သိသောပညာရှိ ဖြစ်ပါကလည်း ထိုအယူဝါဒ အမျိုးမျိုးကို စွဲယူနေသူတို့တွင် တဦးတယောက် မျှ အသိဉာဏ်ခေါင်းပါးသူ မဖြစ်ပေရာ။ အကြင်အယူဝါဒကိုအစွဲပြု၍ အယူကွဲပြားသော နှစ်ဦးနှစ်ဖက်သားတို့သည် အချင်ချင်း မသိ မလိမ္မာသည့် လူဖျင်းလူအဟူ၍ နှိမ့်ချပြောဆို ကြကုန်၏။ ထိုအယူဝါဒကို မှန်ကန်သော အယူ ဝါဒဟူ၍ ငါမဆိုပေ။ ထိုသူတို့သည် မိမိတို့၏ အယူဝါဒ အသီးသီးကိုသာ အမှန်ပြုလုပ်၍ တဖက်သားကိုမူ လူဖျင်းလူအဟူ၍ နှိမ့်ချပစ်ပယ် တတ်ကြပေသည်။

(မေး-၂) အချို့က အမှန်ဟုဆိုသောတရားကို အချို့က အမှားဟု ဆိုကြပါသည်။ သူတော်သူမြတ်ဟု ဝန်ခံသူတို့သည် အဘယ်ကြောင့် အမှန်တရား တစ်မျိုးတည်းကို မဟော မပြောကြပါသနည်း။

(ဖြေ-၂) အမှန်တရားသည် တစ်ပါးတည်းသာ ရှိ၏။ နှစ်ခုမြောက် အမှန်တရား ဟူ၍ မရှိ။ ယင်း တစ်ခုတည်းသော အမှန်တရားကို သိလျှင် သတ္တဝါတို့သည် ငြင်းခုံကြမည် မဟုတ်။ သူတော်သူမြတ်ဟု ဝန်ခံသူတို့သည် အမျိုးမျိုးသော အမှန်တရားများကို မိမိဘာသာ ကြံဆ၍ ချီးကျူးပြောဆို နေကြခြင်း ဖြစ်၏။ ထို့ကြောင့် အမှန်တရား တစ်မျိုးတည်းကို မဟောပြောကြ ခြင်း ဖြစ်ပေသည်။

(မေး-၃) အယူဝါဒရေးရာ၌ ကျွမ်းကျင်လိမ္မာသည်ဟု ဝန်ခံနေသော ပုဂ္ဂိုလ်တို့သည် အမျိုးမျိုးသော အမှန်တရားတို့ကို အဘယ်ကြောင့် ဟောပြော ကြပါသနည်း။ ဆရာစဉ်ဆက်တို့ထံမှ ကြားနာ မှတ်သားခဲ့၍ ဟောပြောခြင်းပါလော။ သို့ တည်းမဟုတ် မိမိတို့ဘာသာ တွေးတောကြံဆ၍ ဟောခြင်းပါလော။

(ဖြေ-၃) လောက၌ လွဲမှားစွာ မှတ်သားမှုကြောင့် မပျက်မစီး အမြဲတည်သော အမှန်တရား အမျိုး မျိုးကို ဟောကြားနေကြခြင်း ဖြစ်၏။ မိမိတို့ အယူဝါဒနှင့်ကြံစည်တွေးဆခြင်းကိုထပ်တလဲလဲ

ပြုလုပ်၍လည်း မှန်သည်၊ မှားသည်ဟု နှစ်မျိုး ပြောဆို နေကြခြင်း ဖြစ်၏။

မြင်ရ ကြားရ တွေ့ထိရသောအရာနှင့် အလေ့အကျင့်တို့ကို အမှီပြု၍ ယုံကြည်ချက်နှင့် မညီသဖြင့် နှလုံးမသာယာဖွယ်ကို တွေ့မြင်ရသော်လည်း မူလစွဲယူဆုံးဖြတ်ထားမှု၌ ခိုင်မြဲစွာတည်၍ ရှင်လန်းဝမ်းမြောက်ကာ မိမိနှင့် အယူကွဲပြားသူကို တတ်သိနားလည်မှု မရှိသော လူဖျင်းလူအဟူ၍ ရှုတ်ချပြောဆိုကြလေသည်။

အကြောင်းအရာ တစ်ခုဖြင့် တပါးသူကို လူဖျင်း လူအဟု ရှုတ်ချပြောဆိုပြီးထိုအကြောင်းအရာဖြင့်ပင် မိမိကိုယ်ကို တတ်သိနားလည်သူဟူ၍ ချီးမြောက် ပြောဆိုတတ်ကြ၏။ ထိုကဲ့သို့သော သူများသည် မိမိကိုယ်ကို ပညာရှိများဟုဆိုလျက် မိမိနှင့် အယူကွဲပြားသူများကို ကဲ့ရဲ့ရှုတ်ချကာ မိမိအယူကိုသာ စိတ်အားထက်သန်စွာ ဟောပြောနေကြပေသည်။

ထိုကဲ့သို့ ဟောပြောနေသူသည် အနှစ်သာရကင်းသော အယူဖြင့် ပြည့်ဝပြီး မာန်မာနဖြင့် မူးယစ်လျက် တင်းတင်းပြည့်ဝ အလွန်တက်ကြွသော မာန်မာန ရှိနေ၏။ စိတ်နေစိတ်ထားအားဖြင့် မိမိကိုယ်ကိုမိမိ ငါပညာရှိဟု ဘိသိက်မြောက်ရာ ရောက်လေသည်။ အကြောင်းကား

သူ၏အယူမှာသူ့အတွက်ပြည့်စုံနေသောကြောင့် ဖြစ်၏။

အကယ်၍ တပါးသူ၏ နှိမ့်ချသည့်စကား ကြောင့် ယုတ်ညံ့သူဖြစ်ရသည်ဆိုလျှင် ယင်းသို့ နှိမ့်ချပြောဆိုသူကိုယ်တိုင်ကလည်း ယုတ်ညံ့သူ ဖြစ်ပေရာ၏။ အဘယ်ကြောင့်ဆိုသော် ထိုသူကို လည်း အခြားသူများက နှိမ့်ချပြောဆိုကြမည် ဖြစ်သောကြောင့်တည်း။ ထိုသို့မဟုတ် နှိမ့်ချ ပြောဆိုမည့်သူ ကိုယ်တိုင်ကမူ ပညာရှိသူဖြစ်ခဲ့ပါ မူကား အယူဝါဒ အမျိုးမျိုးကို ဟောပြော နေကြသူများတွင် လူဖျင်းလူအ တစ်ယောက်မျှ မရှိတော့ပေရာ။ အကြောင်းကား ထိုသူအားလုံး တို့သည် သူတပါးကို နှိမ့်ချပြောဆိုတတ်သူများ ချည်းဖြစ်သောကြောင့်ပေတည်း။

များသောအားဖြင့် တိတ္ထိတို့သည်- "ငါတို့ အယူမှ တပါးသော ဘာသာတရားကို ပြော ကြားနေသူတို့သည် စင်ကြယ်သော လမ်းစဉ်မှ လွဲချော်ကာ အသိဉာဏ် မပြည့်ဝသူများဖြစ် သည်။" ဟူ၍ ပြောဆိုတတ်ကြလေသည်။ ယင်းသို့ပြောဆိုခြင်းမှာ မိမိတို့အယူ၌ အလွန် အကဲ စွဲလမ်းနေကြသောကြောင့် ဖြစ်၏။

များသောအားဖြင့် တိတ္ထိတို့သည် -"ငါတို့ အယူ၌သာ စင်ကြယ်ခြင်း ဖြစ်၏။ အခြားသော ဘာသာဘာရားတို့၌ စင်ကြယ်ခြင်း မဖြစ်။"ဟု

ပြောဆိုကြလေသည်။ ဤသို့ဖြင့် မိမိတို့အယူ၌သာ ခိုင်မာစွာ စွဲမြဲသက်ဝင်နေကြလေသည်။

မိမိ၏ အယူဝါဒ၌သာလျှင် ခိုင်မြဲစွာ ဆုပ်ကိုင်ပြောဆိုသော်လည်း သူတပါးကို တတ်သိနားလည်မှု မရှိသော လူဖျင်းလူအဟူ၍ ရှုတ်ချပြောဆိုခြင်း မပြုသင့်ပေ။ သူတပါးကို မစင်ကြယ်သော အယူအကျင့်ရှိသည့် လူဖျင်းလူအဟူ၍ ပြောဆိုသူသည် မိမိဘာသာ ငြင်းခုံမှုကို ယူဆောင်လာသူ ဖြစ်၏။

ယင်းသို့ ငြင်းခုံမှုကို ယူဆောင်လာသူသည် မှားသောအဆုံးအဖြတ်၌ တည်၍ မိမိကိုယ်ပိုင်ဉာဏ်ဖြင့်နှိုင်းချိန်ပြီးနောက်ထပ်လူပုံအလယ်တွင် ငြင်းခုံခြင်းသို့ ရောက်ပြန်လေ၏။ မှားသောဆုံးဖြတ်မှုအားလုံးကို စွန့်ပယ်ပြီးသော ပုဂ္ဂိုလ်သည်ကား ငြင်းခုံမှုကို မပြုတော့ပေ။

# ၅၁။ မဟာဗျူဟသုတ်

## ဝါဒစစ်ဆင်ရေးအကျယ်

ဤမဟာဗျူဟသုတ်သည် ကပိလဝတ်ပြည်၊ မဟာဝုန်တောနတ်ဗြဟ္မာတို့၏အစည်းအဝေး၌ မောဟစရိုက်ရှိ၍ မိန်းမောတွေဝေမှုလွန်ကဲသော နတ်ဗြဟ္မာတို့အား ရည်ရွယ်ဟောကြားသောသုတ်ဖြစ်၏။ ဤသုတ်၌ အယူဝါဒအမျိုးမျိုးနှင့် ပတ်သက်သော ပြဿနာကို စူဠဗျူဟသုတ်ထက် အကျယ်ချဲ့ပြီး အမေးအဖြေပုံလုပ်ကာ ဟောကြားထားပေသည်။

(မေး) အယူဝါဒအမျိုးမျိုး၌ သက်ဝင်၍ ငါ့အယူသာမှန်သည်ဟု ငြင်းခုံနေကြသူများသည် ကဲ့ရဲ့မှု ကိုသာ ခံကြရပါသလော၊ သို့တည်းမဟုတ် ချီးမွမ်းခြင်းကိုလည်း ခံကြရပါသေးသလော။

(ဖြေ) ငြင်းခုံခြင်း၏အကျိုးသည် ကဲ့ရဲ့ခံရခြင်း၊ ချီးမွမ်းခံရခြင်းဟူ၍နှစ်မျိုးရှိ၏။ သို့သော်ချီးမွမ်းခံရခြင်းကားအနည်းငယ်မျှသာဖြစ်၍ကိလေသာငြိမ်းအေးရန်မစွမ်းနိုင်ပေ။ ဤအကြောင်းကို

သိမြင်ပြီး ဘေးရန်ခပ်သိမ်းငြိမ်း၍ ငြင်းခုံမှုကင်းရာ နိဗ္ဗာန်ကို မျှော်လင့်တောင့်တသော ပုဂ္ဂိုလ်သည် ငြင်းခုံမှုကို မပြုသင့်ပေ။

မှန်ကန်၏ဟု သမုတ်အပ်သော အယူဝါဒအားလုံးတို့သည် အသီးသီးသော ဆရာတို့ကြောင့် ဖြစ်ပေါ်လာကြ၏။ ဘုရားတပည့် ပညာရှိကား ထိုအယူဝါဒများသို့ မချဉ်းကပ်ပေ၊ ကပ်ငြိ တွယ်တာမှုကင်း၍ မြင်ရကြားရသော အာရုံတို့၌ နှစ်သက်မှု မပြုတော့သော ပညာရှိသည် ဘယ်အရာသို့မျှ တပ်မက်စွဲလမ်းမှုဖြင့် ကပ်ရောက်ခြင်း မပြုတော့ပေ။

သီလသာလျှင် အမြတ်ဆုံးဟု အယူရှိသူတို့သည် ကိုယ်နှုတ်ကို စောင့်ထိန်းခြင်းဖြင့် စင်ကြယ်ခြင်းကို ဟောပြောကြကုန်၏။ နွားခွေး စသည်တို့၏ အကျင့်၊ နတ်သိကြား စသည်တို့ ကိုးကွယ်သော အကျင့်များကို ဆောက်တည်ကျင့်သုံးနေကြ၏။ ကျွမ်းကျင်လိမ္မာသည်ဟု ဝန်ခံကာ-'ဤအယူသာ ငါတို့ကျင့်ကုန်အံ့။'ဟု ပြောဆိုသော သူတို့သည် မိမိအယူ၏ စင်ကြယ်ခြင်းကို ပြောဆိုကြကုန်သော်လည်း ဘဝ၌သာ ကပ်ငြိနေကြလေသည်။

ထိုကဲ့သို့ အယူရှိသူသည် မိမိကျင့်သုံးနေသော အလေ့အကျင့်မှ ရွေ့လျော့ပျက်စီးသွားလျှင် ပြုသင့်သော အမှုကို ချွတ်ယွင်းစေသောကြောင့် တုန်လှုပ်စိုးရိမ်နေ၏။ စင်ကြယ်ခြင်းကို ယောင်ယမ်းတောင့်တနေ၏။ ဥပမာအားဖြင့် အိမ်မှထွက်သောသူသည် ခရီးသွားဖော် ကုန်သည်များ၏နောက်တွင် ကျန်ရစ်နေခဲ့ပါက အဖော်များကို ယောင်ယမ်းတောင့်တနေသကဲ့သို့ ဖြစ်၏။

ထို့ကြောင့် ပညာရှိသော ပုဂ္ဂိုလ်သည် အလေ့အကျင့်အားလုံးနှင့်တကွ အပြစ်ရှိသောအမှု၊ အပြစ်ကင်းသောအမှုတို့ကို ပယ်ရှားပြီး စင်ကြယ်ခြင်း၊ မစင်ကြယ်ခြင်းများကိုလည်း မတောင့်တပဲ စင်စစ် ငြိမ်းအေးသောနိဗ္ဗာန်ကိုသာချီးမြှောက်၍ လှည့်လည်ရာ၏။

သေပြီးနောက်၌ မြဲ၏ဟု အယူရှိသူတို့သည် မကောင်းမှုကို စက်ဆုပ်ခြင်းနှင့် မြင်ရ၊ ကြားရ၊ တွေ့ထိရသော အရာတို့ကို အမှီပြု၍ စင်ကြယ်ခြင်းကို ချီးကျူးပြောဆိုကြကုန်၏။ ထိုသို့ ချီးကျူးခြင်းမှာ ဘဝ ကြီးငယ်တို့၌ တပ်မက်မှု တဏှာ မကင်းသောကြောင့် ဖြစ်ပေသည်။

ဘဝတဏှာဖြင့် တောင့်တနေသူအား ယောင်ယမ်းတမ်းတခြင်း၊ ကြံဆတွေးမိသောအရာတို့၌ တုန်လှုပ်စိုးရိမ်ခြင်းများ ဖြစ်ပေါ်လာ၏။ ဖြစ်ခြင်း၊ သေခြင်း မရှိသူများမှာမူ တုန်လှုပ် စိုးရိမ်ဖွယ်၊ ယောင်ယမ်းတမ်းတဖွယ် မရှိတော့ချေ။

(မေး-၂) အချို့သူတို့က အမြတ်ဆုံးဟုဆိုသော တရားတို့ကို အချို့သူတို့က ယုတ်ညံ့သည်ဟု ဆိုကြပါသည်။ ယင်းသို့ ပြောဆိုသော ဝါဒတို့တွင် ဘယ်ဝါဒသည် အမှန်ဖြစ်ပါသနည်း။ ယင်းသို့ ငြင်းခုံပြောဆိုသူ အားလုံးပင် ကျွမ်းကျင်တတ်သိ ပညာရှိဟု ဝန်ခံသူများ ဖြစ်ကြပါသည်။

(ဖြေ-၂) ကျွမ်းကျင်တတ်သိ ပညာရှိဟု ဝန်ခံနေသူများသည် မိမိယုံကြည်သည့် ဘာသာတရားကို ပြည့်စုံကောင်းမြတ်သော တရားဟု ဆိုပြီး အခြားသူ၏ ဘာသာတရားကိုမူ ယုတ်ညံ့သောတရားဟုဆိုကာ ငြင်းခုံနေကြကုန်၏။ မိမိ၏တရားကိုသာ အမှန်ဟု ထင်မြင်သတ်မှတ်နေကြကုန်၏။

သူတပါး၏ ကဲ့ရဲ့ရှုတ်ချမှုကြောင့်သာ ယုတ်ညံ့သူဖြစ်ခဲ့လျှင် မည်သူမျှ ဘာသာတရားတို့၌ ထူးခြားသောဂုဏ်ရှိသူ ဖြစ်နိုင်တော့မည် မဟုတ်။ အကြောင်းကား ဘာသာရေးဆရာအားလုံးသည် မိမိတရား၌ မြဲမြံစွာ စွဲယူပြီး သူတပါး၏တရားကို ယုတ်ညံ့သောတရားဟု ပြောဆိုတတ်ကြသောကြောင့် ဖြစ်၏။

မိမိအယူဝါဒကို ချီးမွမ်းကြသကဲ့သို့ မိမိတရားကို ပူဇော်ခြင်းသည်လည်း မှန်ကန်သည်သာ ဖြစ်လျှင် အယူဝါဒအားလုံးတို့သည် အမှန်ချည်းသာ ဖြစ်ကြပေရာသည်။ အကြောင်းကား ထိုအယူဝါဒအားလုံးမှာပင် စင်ကြယ်ခြင်းအသီးသီး ရှိသည်ဟု ယုံကြည်နေသောကြောင့် ဖြစ်ပေသည်။

မကောင်းမှု ကင်းကွာပြီးသောရဟန္တာပုဂ္ဂိုလ်အား သူတပါးက ညွှန်ကြားဖွယ် မရှိ။ မိစ္ဆာအယူတရားတို့၌ ကြံစည်ဆုံးဖြတ်၍ စွဲယူခြင်းလည်း မရှိတော့သဖြင့် ငြင်းခုံမှုများကို ကျော်လွှားလွန်မြောက်ပြီး ဖြစ်လေသည်။ အကြောင်းကား ထိုရဟန္တာပုဂ္ဂိုလ်သည် အရိယမဂ်မှတပါး အခြားသောတရားကို မှန်ကန်မြင့်မြတ်သောတရား ဟူ၍ မမြင်သောကြောင့် ဖြစ်ပေသည်။

အချို့ပုဂ္ဂိုလ်တို့သည် 'ဤအရာ မှန်ကန်ကြောင်း ငါကိုယ်တိုင် သိမြင်၏။' ဟူသော အယူဖြင့် ဝဋ္ဋဆင်းရဲမှ လွတ်မြောက်စင်ကြယ်ခြင်းကို ယုံကြည်ဆုံးဖြတ်ကြကုန်၏။ ယင်းသို့ ကိုယ်တိုင်သိမြင်ပြီးဖြစ်စေကာမူ သိမြင်ရုံမျှဖြင့် ထိုသူအား အကျိုးတစုံတရာ မပြီးမြောက်ချေ။ ထိုသူတို့သည် အမှန်ကို ရှောင်ရှားပြီး လွဲမှားသောနည်းလမ်းဖြင့် ဝဋ္ဋဆင်းရဲမှ လွတ်မြောက်စင်ကြယ်ခြင်းကို ပြောဆိုနေကြလေသည်။

ပကတိ မျက်စိ အမြင်ရှိသူသည် နာမ်ရုပ်ကို သာမန်အားဖြင့်သာ မြင်မည်ဖြစ်၏။ ယင်းသို့မြင်ပြီးနောက်လည်း ထိုနာမ်ရုပ်ရိုးရိုးကိုသာ စဉ်းစားကြံစည်၍ သိမည် ဖြစ်၏။ အနည်းငယ်ဖြစ်စေ၊ များပြားစွာဖြစ်စေ မြင်စေကာမူ ထိုသို့ ပကတိမျက်စိဖြင့် မြင်ရုံမျှဖြင့် ဝဋ်ဆင်းရဲမှ လွတ်မြောက်စင်ကြယ်ခြင်းကို လိမ္မာတတ်သိသော ပညာရှိတို့ မဟောကြားကြပေ။

အယူမှား၌ သက်ဝင်စွဲလမ်းလျက် ဟောပြောနေသူကို ဆုံးမသွန်သင် ပြုပြင်ပေးရန်မလွယ်ပေ။အကြောင်းကား ကြံဆစွဲမှတ်ထားသောအယူမှားကိုရွေသွားပြုလျက် ရှိနေသောကြောင့်ဖြစ်၏။ ထိုသူသည် မိမိ မှီခိုအားထားသော ဆရာအပေါ်၌ အကောင်းကိုသာ ချီးကျူးပြောဆိုလေ့ ရှိ၏။ ထိုဆရာ၏အယူ၌ စင်ကြယ်ခြင်းကို ဟောပြောလျက် အမှန်ဟုသာ မြင်၍ နေလေသည်။

မကောင်းမှုကို ပယ်ခွာပြီးသောအရိယာပုဂ္ဂိုလ်သည် သိသင့်သောတရားကို သိပြီးဖြစ်၍ တဏှာဒိဋ္ဌိဖြင့် တွေးတောကြံဆခြင်းသို့ မရောက်တော့ပေ။ လောကီဉာဏ်ဖြင့် မိတ်ဆွေဖွဲ့ခြင်းလည်း မရှိတော့ပေ။ ထိုအရိယာပုဂ္ဂိုလ်သည် အမှန်ကိုသိမြင်ပြီးဖြစ်သောကြောင့် ဆရာအသီးသီးတို့ကြောင့် ဖြစ်ပေါ်သည့် အမှန်ဟု သမုတ်အပ်သော မိစ္ဆာအယူတို့ကို လျစ်လျူရှုထားလေသည်။ အရိယာမှ တပါးသော ပုဂ္ဂိုလ်တို့သည်ကား အယူမှားကို မြဲမြံစွာ စွဲယူနေကြလေသည်။

လောက၌ အမှန်ကို သိမြင်ပြီးသောရဟန်းသည် ကိလေသာအထုံးအဖွဲ့တို့ကို ဖြေချွတ်ပြီး ဖြစ်သောကြောင့် ငြင်းခုံကွဲပြားနေကြသောလူတို့အလယ်တွင် ကွဲပြားမှုနောက်သို့ မလိုက်ပါပဲ

နေ၏။ မငြိမ်သက် ဖြစ်နေသူတို့အလယ်တွင် ငြိမ်သက်စွာနေ၏။ လျစ်လျူရှုလျက်နေ၏။ အခြားသူတို့က အယူများကို စွဲလမ်းနေကြသော်လည်း ထိုရဟန်းကား အယူအစွဲ မရှိတော့ပေ။

ထိုရဟန်းသည် လောကပွားစီးရေးတရား အဟောင်းတို့ကို စွန့်ပယ်ပြီး အသစ်လည်း မပြုတော့ပေ။ အလိုဆန္ဒနောက်သို့ လည်း မလိုက်။ မိစ္ဆာအယူ၌ သက်ဝင်စွဲယူ၍ ပြောဆိုခြင်းလည်း မရှိတော့ပေ။ အယူများတို့မှ လွတ်မြောက်၍ လောက၌ တဏှာ ဖြင့် ကပ်ငြိခြင်းလည်း မရှိသည့်အပြင် မိမိကိုယ်ကိုလည်း ကဲ့ရဲ့ ပြစ်တင်ခြင်း မပြုတော့ပေ။

ထိုရဟန်းသည် မြင်ကြားတွေ့သိရသော တရားအားလုံးတို့၌ သေမင်း၏ စစ်သည်မှ ကင်းလွတ်လျက်ရှိ၏။ ဝန်ထုပ်ဝန်ပိုးဟူ သမျှကို ချထားပြီး ဖြစ်၏။ ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်ပြီးဖြစ်၏။ တဏှာဒိဋ္ဌိဖြင့်ကြံတွေးစွဲယူခြင်း၊ ဘဝ၌ ပျော်မွေ့ခြင်း၊ တောင့်တခြင်းများလည်း မရှိတော့ပေ။

# ၅၂။ တုဝဋ္ဋကသုတ်

## လျင်မြန်စွာ ကိလေသာ ငြိမ်းအေးကြောင်းတရား

ဤသုတ်သည်လည်း ကပိလဝတ်ပြည်၊ မဟာဝုန်တောအတွင်း နတ်ဗြဟ္မာတို့၏ အစည်းအဝေး၌ ဟောကြားသောသုတ် ဖြစ်၏။ ဤသုတ်တွင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ရန် ကျင့်စဉ်ကို အလေးပေး၍ ဟောကြားထားပေသည်။

(အမေး-၁) နေမျိုးနွယ်ဖြစ်သော မြတ်စွာဘုရား၊ လောက၌ ရဟန်းသည် ကိလေသာ ဆိတ်သုဉ်း ငြိမ်းအေးရေးကို မည်သို့ ရှုမြင်သည်ရှိသော် တစုံတခုကိုမျှ မစွဲလမ်းပဲ ငြိမ်းအေးမှုကို ရရှိနိုင်ပါသနည်း။

အဖြေ-၁) ရဟန်းသည် သံသရာချဲ့ထွင်ရေး တရားစု၏ အရင်းမူလကိုလည်းကောင်း၊ ငါ ဟူသော ထောင်လွှားမှုကိုလည်းကောင်း ပညာဖြင့် အကြွင်းမဲ့ ချုပ်စေရာ၏။ မိမိ၏ အတွင်းသန္တာန်၌ ဖြစ်သော တဏှာဟူသမျှကို ပယ်ဖျောက်ရန် အခါခပ်သိမ်း သတိစွဲမြဲလျက် ကျင့်ကြံအားထုတ်ရာ၏။

ရဟန်းသည် မိမိ၏ဂုဏ်၊ ဆရာသမားစသည်တို့၏ ဂုဏ်ဖြင့် ခက်ထန်မှုကို မပြုရာ။ ခက်ထန်မှုကို ငြိမ်းအေးရေးတရား ဟူ၍ သူတော်ကောင်းတို့ မဆိုကြပေ။ မြင့်မြတ်သူ ဖြစ်ခြင်း၊ ယုတ်ညံ့သူ ဖြစ်ခြင်း၊ တန်းတူရည်တူ ဖြစ်ခြင်းတို့ကြောင့်လည်း မာန်မာနကို မဖြစ်စေသင့်ပေ။

ရဟန်းသည် မိမိ၏ အတွင်းသန္တာန်၌သာလျှင် ငြိမ်းအေးစေရာ၏။ အခြားတပါးမှ ငြိမ်းအေးမှုကို မရှာဖွေရာ။ မိမိ၏ အတွင်းသန္တာန်၌ ငြိမ်းအေးပြီးသော ပုဂ္ဂိုလ်အား အတ္တဟူ၍ မရှိတော့။ အတ္တ ပြုတ်စဲခြင်းကား ဘယ်မှာရှိနိုင်ပါတော့မည်နည်း။

သမုဒ္ဒရာ၏ အလယ်၌ လှိုင်းတံပိုးတို့ မဖြစ်မူ၍ တည်ငြိမ်နေသကဲ့သို့ ထို့အတူပင် တကျွာကင်းသူသည် လောကဓံကြောင့် မတုန်လှုပ်ပဲ တည်ငြိမ်၏။ရဟန်းသည် တစုံတခုသော အာရုံ၌ ရာဂစသည် ထူပြောများပြားအောင် မပြုလုပ်ရာ။

(အမေး-၂) ပွင့်ပွင့်လင်းလင်း မြင်နိုင်သော ဉာဏ်မျက်စိနှင့် ပြည့်စုံသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် ဘေးရန်ကို ကင်းပျောက်စေနိုင်သည့် ကိုယ်တိုင် မျက်မှောက် ပြုအပ်သောတရားကို ဟောကြားတော်မူခဲ့ပါ၏။ ယခု မဂ်ဖိုလ်နိဗ္ဗာန်နှင့် လျော်သော ကျင့်စဉ်ကိုလည်းကောင်း၊

ပါတိမောက္ခသံဝရသီလကို လည်းကောင်း၊ သမာဓိရရှိရန်ကိုလည်းကောင်းဟောကြားတော်မူပါလော့။

(အဖြေ-၂) ရဟန်းသည် မျက်စိတို့ဖြင့် လျှပ်ပေါ်မှု မရှိရာ။ ရွာသူရွာသားတို့၏ စကားမှ နားကို ပိတ်ထားရာ၏။ ရသာရုံ၌လည်း မမက်မောရာ။ လောက၌ တစုံတခုကိုမျှလည်း မြတ်နိုးတွယ်တာခြင်း မရှိရာ။ နာကျင်သော အတွေ့အထိဖြင့် တွေ့ထိသောအခါ ငိုကြွေးခြင်း မပြုရာ။ ဘဝကိုလည်း မတောင့်တရာ။ ကြောက်မက်ဖွယ် အာရုံတို့ကြောင့်လည်း မတုန်လှုပ်ရာ။ စားဖွယ် သောက်ဖွယ် အဝတ်အထည်တို့ကိုရလျှင် သိုမှီးစုဆောင်းခြင်း မပြုရာ။ ယင်းတို့ကို မရ၍လည်း ပူပန်ကြောင့်ကြမှု မရှိရာ။

ရဟန်းသည် စျာန်ဖြင့် မွေ့လျော်နေရာ၏။ လှည့်လည်သွားလာခြင်းဖြင့် လျှပ်ပေါ်သူ မဖြစ်ရာ။ ခြေဆော့လက်ဆော့ခြင်းမှ ရှောင်ကြဉ်ရာ၏။ ဆိတ်ငြိမ်သောကျောင်း အိပ်ရာ နေရာတို့၌ သာလျှင် နေထိုင်ရာ၏။ များစွာ အိပ်ခြင်းကို မပြုရာ။ အပူတပြင်း ကြိုးစားအားထုတ်လျက် နိုးကြားမှုကို မှီဝဲရာ၏။ ပျင်းရိခြင်း၊ လှည့်ပတ်ခြင်း၊ ရယ်ရွှင်ခြင်း၊ ပျော်မြူးခြင်း၊ တန်ဆာဆင်ခြင်းနှင့် မေထုန်အကျင့်တို့ကို ပယ်စွန့်ရာ၏။

တရားကို မြတ်နိုးသော ရဟန်းသည် အာထမ္ဗနနည်းဖြင့် မန္တာန်ရွတ်ခြင်း၊ အိပ်မက် လက္ခဏာ နက္ခတ်ဟောခြင်း၊ သားငှက်တို့၏ အသံဖြင့် အတပ်ဟောခြင်း၊ ကိုယ်ဝန်ကျဆေး ပေးခြင်း၊ ဆေးကုသခြင်းများကို မပြုလုပ်ရာ။ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းများကို မပြုလုပ်ရာ။ ဝန်တိုခြင်း၊ အမျက်ဒေါသထွက်ခြင်း၊ ကုန်းချော ခြင်းတို့ကို ပယ်ဖျောက်ရာ၏။ ရောင်းဝယ်ခြင်း၊ သူတပါးတို့အား စွပ်စွဲခြင်းကို မပြုရာ။ မြို့ထဲ ရွာထဲ၌ လူတို့နှင့် ရောထွေးယှက်တင်နေခြင်း၊ လာဘ်လာဘကို မျှော်ကိုး၍ လူတို့အား မြှောက် ပင့် ပြောဆိုခြင်းများမှလည်း ရှောင်ရှားရာ၏။

ရဟန်းသည် ကြွားဝါခြင်း၊ ပစ္စည်းရရှိရေး အတွက် ဆွယ်တရား ဟောခြင်း၊ ကြမ်းတမ်း ရိုင်းစိုင်းသော စကားကို ပြောဆိုခြင်း၊ ငြင်းခုံ ခြင်းတို့မှလည်း ရှောင်ရှားရာ၏။ သိလျက် မုသားပြောခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်းများ လည်း မပြုရာ။ အသက်မွေးမှု အတတ်ပညာ အလေ့အကျင့်တို့ဖြင့်လည်း သူတပါးကို မထီ မဲ့မြင် မပြုရာ။ ရဟန်းတို့၏ လည်းကောင်း၊ လူတို့၏လည်းကောင်း ကဲ့ရဲ့ခြင်းကို ခံရသူသည် ထိုသူတို့၏ များစွာသောစကားကို ကြားရသော် လည်း ကြမ်းတမ်းသော စကားဖြင့် တုန့်ပြန်

ပြောဆိုခြင်း မပြုရာ။ မှန်၏။ သူတော်ကောင်းတို့သည် ရန်တုံ့မူခြင်းကို ပြုရိုး မရှိကြပေ။

ရဟန်းသည် ဤတရားအားလုံးကို သိမြင်ဆင်ခြင်ကာ အခါခပ်သိမ်း သတိနှင့်ယှဉ်လျက် ကျင့်ကြံ အားထုတ်ရာ၏။ ခန္ဓာငါးပါး ချုပ်ငြိမ်းခြင်းကို ငြိမ်းအေးရာ၏ဟု သိမြင်ပြီး ဂေါတမမြတ်စွာဘုရား၏ သာသနာ၌ မမေ့မလျော့ နေထိုင်ရာ၏။

အာရုံခြောက်ပါးတို့ကို လွှမ်းမိုးနိုင်၍ကိလေသာတို့၏နှိပ်စက်မှုမခံရသော ထိုမြတ်စွာဘုရားသည် ကိုယ်တိုင် မျက်မှောက်ပြုအပ်သော တရားကို သိမြင်တော်မူ၏။ ထို့ကြောင့်ပင် ထိုမြတ်စွာဘုရား၏ သာသနာ၌ အခါခပ်သိမ်း မမေ့လျော့ပဲ ရိုသေကိုင်းညွတ်စွာ ကျင့်ကြံအားထုတ်သင့်လှပေသည်။

# ၅၃။ အတ္တဒဏ္ဍသုတ်

## မိမိကိုယ်မိမိ အပြစ်ဒဏ်ခတ်ခြင်း

ဤသုတ်သည် ရောဟိဏီမြစ်ရေကို အကြောင်းပြု၍ သာကီဝင် မင်းသားများနှင့် ကောလိယမင်းသားများ ခိုက်ရန်ဖြစ်ပွားကြခြင်းကို ဖြန်ဖြေရန် ဟောကြားသောသုတ် ဖြစ်၏၊

ဘေးရန်ဟူသမျှသည် မိမိပြုခဲ့သောဒုစရိုက်အပြစ်ဒဏ်ကြောင့်သာ ဖြစ်ပေါ်လာ၏။ သို့ဖြစ်ပါလျက် အချင်းချင်း ခိုက်ရန်ပွားနေသော ဤလူအပေါင်းကို ရှုကြကုန်လော့။ ငါဘုရားကိုယ်တိုင် ထိတ်လန့်မှုသံဝေဂ ရခဲ့ဖူးသည့်အတိုင်း ထိတ်လန့်ဖွယ်သဘောတရားကို ဟောကြားပေအံ့။

ရေနည်းငါးကဲ့သို့ တုန်လှုပ်နေသော သတ္တဝါအပေါင်းကိုလည်းကောင်း၊ အချင်းချင်း ခိုက်ရန်ပွားနေသော လူတို့သည်လည်းကောင်း မြင်ရ၍ ထိတ်လန့်ကြောက်ရွံ့မှုသည် ငါ့ထံသို့ဝင်ရောက်လာ၏။ ထက်ဝန်းကျင်တလောကလုံးသည် အနှစ်သာရမရှိ။ အရပ်မျက်နှာအားလုံးတို့သည် မမြဲခြင်းသဘောဖြင့် တုန်လှုပ်နေကုန်၏။ မိမိ၏မှီခိုအားထားရာကို အလိုရှိသူသည်

အိုခြင်း၊ သေခြင်းတို့ မလွှမ်းမိုးနိုင်သည့် တစုံတခုသောအရပ်ကို မတွေ့မြင်ရပေ။

နုပျိုသည့်အရွယ် ကုန်ဆုံးပြီးနောက် အိုခြင်း၊ သေခြင်းတို့ နှိပ်စက်ညှဉ်းဆဲခြင်း ခံရသောသတ္တဝါတို့ကို မြင်ရ၍ ငါ့အား မပေ့မလျော့မှု ဖြစ်ခဲ့၏။ ထိုအခါ ဤသတ္တဝါတို့၌ စိတ်နှလုံးကို မှီနေ၍ မြင်နိုင်ခဲသော ကိလေသာမြားငြောင့်ကို ငါမြင်ခဲ့၏။ ထိုမြားငြောင့်စူးဝင်နေသူသည် အရပ်ဆယ်မျက်နှာသို့ ပြေးလွှား နေရ၏။ ထိုမြားငြောင့်ကိုပင် နုတ်ပယ်လိုက်သည်ရှိသော် ပြေးသွား နစ်မြုပ်ရခြင်း မရှိတော့ပေ။

လူ့ပြည်လောက၌ တပ်မက်ဖွယ် ကာမဂုဏ်တို့ကို အကြောင်း ပြု၍ ဆင်အတတ်၊ မြင်းအတတ်စသော အတတ်ပညာအမျိုးမျိုး ကို သင်ယူကြကုန်၏။ ရဟန်းသည် ထိုကဲ့သို့သော အတတ်ပညာ တို့၌ လေ့လာလိုက်စားခြင်း မပြုရာ။ အလုံးစုံသော ကာမဂုဏ် တို့ကို အနိစ္စ စသောအားဖြင့် ထိုးထွင်းသိမြင်ပြီး မိမိ၏ ငြိမ်းအေး ရေးကိုသာ ကျင့်ကြံအားထုတ်အပ်ပေသည်။

ရဟန်းသည် အမှန်တရား၌ တည်လျက် ကြမ်းကြုတ်ခြင်း၊ လှည့်စားခြင်း၊ ကုန်းချောခြင်း၊ အမျက်ထွက်ခြင်းတို့မှ ကင်းရှင်း ကာ ငြူစူမှု၊ ဝန်တိုမှုတို့ကို ကျော်လွန်နိုင်ရာ၏။

နိဗ္ဗာန်သို့ ညွှတ်သောစိတ် ရှိသူသည် ငိုက်မြည်းခြင်း၊ ပျင်းရိ ခြင်း၊ ထိုင်းမှိုင်းတွေဝေခြင်းကို ဖျောက်ဖျက်ရာ၏။ မေ့မေ့ လျော့လျော့ မနေပဲ အလွန်အကဲ ထောင်လွှားမှု၌လည်း မတည် သင့်ပေ။

ရဟန်းသည် မုသားပြောခြင်း၊ ရုပ်အဆင်း၌ ချစ်ခင်နှစ်သက်ခြင်း မပြုရာ။ မာနထောင်လွှားခြင်းကို ပိုင်းခြား၍ သိရာ၏။ အဆောတလျင် မဆင်မခြင် ပြုလုပ်ခြင်းမှလည်း ရှောင်ကြဉ်ရာ၏။ အတိတ် ခန္ဓာဟောင်းကိုလည်းကောင်း၊ ပစ္စုပ္ပန်ခန္ဓာသစ်ကိုလည်းကောင်း နှစ်သက်မက်မောခြင်း မရှိရာ။ ထိုခန္ဓာများ ပျက်စီးသော်လည်း စိုးရိမ်ပူဆွေးခြင်း မရှိရာ။ တဏှာဆွဲငင်ရာသို့ လိုက်ပါခြင်း မရှိရာ။

မက်မောမှု တဏှာကို ကြီးစွာသော ရေအလျဉ်ဟူ၍ ငါဆို၏။ လျင်မြန်သော အရှိန်အဟုန်၊ တောင့်တမှု ဆွဲကိုင်ရာတန်လှုပ်မှုဟူ၍လည်း ငါဆို၏။ ကာမဂုဏ်ဟူသော ရွှံအိုင်ကားဖြတ်ကျော်ရန် ခဲယဉ်းလှပေ၏။ မကောင်းမှုကို ဆေးကြောပြီးသော ရဟန်းသည် သစ္စာတရားမှ မလွဲမရှောင်မူ၍ အာယတနအားလုံးကို စွန့်လွှတ်ပြီးလျှင် နိဗ္ဗာန်တည်းဟူသော ကုန်းထက်၌တည်၏။ ထိုရဟန်းကို ငြိမ်းအေးပြီးသူဟူ၍ ဆိုအပ်၏။

လောက၌ ကောင်းစွာနေထိုင်သွားလာသော ထိုပုဂ္ဂိုလ်သည် တဏှာဒိဋ္ဌိတို့ကို မမှီပဲ သဒ္ဓမ္မတရားအပေါင်းကို အနိစ္စစသော သဘောအားဖြင့် သိမြင်ပြီးဖြစ်၍ တစုံတခုကိုမျှမတောင့်တပေ။ ထိုပုဂ္ဂိုလ်သည်သာ ပညာရှိ မည်၏။ အသိဉာဏ်သို့ ရောက်ပြီးသူမည်၏။

ကာမဂုဏ်တို့ကိုလည်းကောင်း၊ လွန်နိုင်ခဲသော တွယ်တာကပ်ငြိမှုကိုလည်းကောင်း၊ လွန်မြောက်ပြီး၍ တဏှာရေလျဉ်ကို ဖြတ်ကာ ကိလေသာအနှောင်အဖွဲ့ မရှိတော့သောပုဂ္ဂိုလ်သည် မပူဆွေးရတော့ပေ၊ မကြုံနိုင်ရတော့ပေ။

ရှေးအတိတ်က ဖြစ်ပေါ်ခဲ့သော ကိလေသာတို့ကို ခြောက်ခန်းစေပြီးနောက် အနာဂတ်၌လည်း ကြောင့်ကြမှုကို မဖြစ်စေပဲ အလယ်ပစ္စုပ္ပန်၌လည်း စွဲယူခြင်းမပြုခဲ့သော် သင်သည် ချမ်းအေးသည်ဖြစ်၍ နေရလိမ့်မည်။ နာမ်ရုပ်၌ မြတ်နိုးတွယ်တာမှု လုံးဝမရှိသည့်ပြင် ပျက်စီးသွားသည့်အတွက်လည်း ဝမ်းနည်းပူဆွေးခြင်းမရှိသော ပုဂ္ဂိုလ်သည် လောက၌ ဆုံးရှုံးရန် မရှိတော့ပေ။ ဤဟာသည် ငါ့ဥစ္စာတည်း ဟူ၍လည်းကောင်း၊ သူတပါးတို့၏ ဥစ္စာတည်းဟူ၍လည်းကောင်း ကြောင့်ကြစွဲလမ်းခြင်းမရှိသောပုဂ္ဂိုလ်သည် မြတ်နိုးတွယ်တာဖွယ်ပစ္စည်းကို မရသော်လည်း 'ငါမရ'ဟူ၍ ဝမ်းနည်းပူဆွေးမှု မဖြစ်တော့ချေ။

တုန်လှုပ်ခြင်းမရှိသော ပုဂ္ဂိုလ်ကို ငါ့အား မေးသော် ထိုပုဂ္ဂိုလ်၌ ငြူစူမှုမရှိခြင်း၊ မက်မောတွယ်တာမှုမရှိခြင်း၊ တုန်လှုပ်မှုမရှိခြင်း၊ အာရုံအားလုံး၌ အညီအမျှ လျစ်လျူရှုခြင်းဟူသော ဤအကျိုးအာနိသင်လေးပါးကို ငါဆို၏။

တုန်လှုပ်ခြင်းကင်း၍ တရားသဘောကို သိမြင်သောပုဂ္ဂိုလ်အား တစုံတခုသော စေ့ဆော်အားထုတ်မှု မရှိတော့ပေ။ အထူးထူးသော အားထုတ်မှုမှကင်းသော ထိုပုဂ္ဂိုလ်သည် အရာရာ၌ အေးချမ်းမှုကို တွေ့မြင်ရ၏။

ရဟန်းသည် မိမိနှင့်တန်းတူသူ၊ မိမိအောက်နိမ့်ကျသူ၊ မိမိထက် သာလွန်သူတို့အပေါ်၌ မာန်မာနဖြင့် မပြောဆို။ ကိလေသာ ငြိမ်းအေးပြီးသော ထိုရဟန်းသည် ဝန်တိုခြင်း ကင်းသည်ဖြစ်၍ စွဲယူခြင်း၊ စွန့်လွှတ်ခြင်းများကိုလည်း မပြုတော့ပေ။

# ၅၃။ သာရိပုတ္တသုတ်

## ရှင်သာရိပုတ္တရာအား ဟောကြားသော တရား

ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်ပြီးနောက် ခုနစ်ဝါမြောက်တွင် တာဝတိံသာ နတ်ပြည်သို့ကြွ၍ သုံးလပတ်လုံး နတ်တို့အား အဘိဓမ္မာတရားကို ဟောကြားတော်မူပြီး သီတင်းကျွတ်လပြည့်နေ့၌ စောင်းတန်းသုံးသွယ်ဖြင့် သင်္ကဿမြို့ တံခါးဝတွင် လူ့ပြည်သို့ ကြွဆင်းတော်မူသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် မြောက်မြားစွာသော လူထုပရိတ်သတ်၏ အလယ်တွင် ရှင်သာရိပုတ္တရာ၏ ဉာဏ်ပညာကြီးမားပုံကို ထင်ရှားစေရန် ခက်ခဲနက်နဲသော ပြဿနာကို မေးမြန်းတော်မူသည်။ ရှင်သာရိပုတ္တရာကလည်း မေးသမျှ ပြဿနာတို့ကို မဆုတ်မဆိုင်း ဖြေကြားတော်မူသည်။ ယင်းသို့ဖြင့် ရှင်သာရိပုတ္တရာသည် ဗုဒ္ဓမြတ်စွာ၏ တပည့်သာဝကများတွင် ဉာဏ်ပညာ အကြီးမားဆုံးပုဂ္ဂိုလ် ဖြစ်ကြောင်း ထင်ရှားသွားလေတော့သည်။

ဤသို့ ပြဿနာကို ဖြေကြားပြီးနောက် ရှင်သာရိပုတ္တရာသည် ဗုဒ္ဓမြတ်စွာအား အောက်ပါ ချီးကျူးစကားများကို လျှောက်ကြားလေ၏။

"နှစ်သက်မွေ့လျော်ဖွယ်ရာ နတ်ပြည်လောကမှ ကြွလာတော်မူသည့် ဂိုဏ်းဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤသို့ သာယာချိုမြသော အသံဖြင့် တရားဟောကြားသည်ကို ရှေးအခါ ကျွန်ုပ် မမြင်ခဲ့၊ မကြားခဲ့ရဖူးပါ။

"ဉာဏ်မျက်စိနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် နတ်နှင့်တကွသော လူအပေါင်းအား အချင်းချင်း မြင်တွေ့နိုင်စေရန် အမိုက်မှောင် အားလုံးကို ပယ်ဖျောက်တော်မူပြီး တစ်ပါးတည်း မွေ့လျော်မှုကို ရရှိခဲ့ပါသည်။

"တဏှာဒိဋ္ဌိဟူသော အမှီအတွယ်ကင်း၍ မတုန်မလှုပ်ခြင်း တာဒိဂုဏ်နှင့်လည်း ပြည့်စုံတော်မူသည့် ဂိုဏ်းဆရာဖြစ်တော်မူသော မြတ်စွာဘုရားကို တပည့်များစွာတို့အတွက် ပြဿနာမေးလို၍ ကျွန်ုပ် လာခဲ့ခြင်း ဖြစ်ပါသည်။"

ယင်းသို့ ဗုဒ္ဓမြတ်စွာအား ချီးကျူးစကား လျှောက်ကြားပြီးနောက် ရှင်သာရိပုတ္တရာသည် မိမိ၏တပည့် ရဟန်းငါးရာတို့အတွက် လျှောက်ပတ်သော အကျင့်သီလ၊ နေရာဌာန စသည်တို့ကို မေးလျှောက်လေသည်။

"ကာမဂုဏ်ကို စက်ဆုပ်၍ သစ်ပင်ရင်း၊ သုသာန်၊ တော၊ တောင်၊ လိုဏ်ဂူ စသည့် ဆိတ်ငြိမ်သော နေရာတို့ကို မှီဝဲဆည်းကပ်သော ရဟန်းအား ကြောက်မက်ဖွယ် ဘေးရန်တို့သည် အဘယ်မျှ ရှိပါသနည်း။ အစွန်အဖျားကျသော ကျောင်းများ၌ နေထိုင်လျက် နိဗ္ဗာန်သို့ ဆိုက်ရောက်ရန် အားထုတ်နေသော ရဟန်းသည် မည်ကဲ့သို့သော ဘေးရန်တို့ကို တွန်းလှန် တိုက်ဖျက်ရပါမည်နည်း။

"ဤသာသနာ၌ နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ် ရှိသော ရဟန်းအား မည်သို့သော စကား၊ မည်သို့သော ကျက်စားရာ အာရုံ၊ မည်သို့သော အကျင့်သီလများ ဖြစ်သင့်ပါသနည်း။ ရွှေပန်းတိမ်သည်သည် ရွှေ၏ အညစ်အကြေးကို ထုတ်ပစ်သကဲ့သို့ ထို့အတူ သတိ၊သမာဓိ၊ပညာနှင့် ပြည့်စုံသော ထိုရဟန်းသည် မည်သို့သော အကျင့်သိက္ခာကို ဆောက်တည်၍ မိမိ၏ကိလေသာ အညစ်အကြေးကို ထုတ်ပယ်ပစ်သင့်ပါသနည်း။"

ထိုအခါ ဗုဒ္ဓမြတ်စွာသည် ရှင်သာရိပုတ္တရာ၏ မေးခွန်းများကို ဖြေကြားတော်မူ၏။

"သာရိပုတ္တရာ၊ ကာမဂုဏ်ကို စက်ဆုပ်ပြီး ဗောဓိဉာဏ်ကို အလိုရှိ၍ ဆိတ်ငြိမ်သော နေရာကို မှီဝဲဆည်းကပ်နေသော ပုဂ္ဂိုလ်၏ ချမ်းသာစွာ နေနိုင်ရေး အကျင့်တရားကို ငါ သိမြင်သည့်အတိုင်း သင့်အား ဟောကြားအံ့။

"သတိ၊ ပညာနှင့် ပြည့်စုံ၍ အပိုင်းအခြားရှိသော အကျင့်ကို ကျင့်လေ့ရှိသော ရဟန်းသည် မှက်၊ ခြင်၊ ယင်၊ မြွေ၊ ကင်း၊ သန်း၊ လူတို့၏ ထိပါး နှိပ်စက်မှု၊ အခြေလေးချောင်းရှိသော သတ္တဝါဟူသော ဘေးရန်ငါးမျိုးကို မကြောက်သင့်ပေ။

"ကုသိုလ်ကို အစဉ်ရှာမှီးနေသူသည် တပါးသော အယူအကျင့်ရှိသူတို့၏ များစွာကြောက်မက်ဖွယ်တို့ကို မြင်သော်လည်း မထိတ်လန့်သင့်။ ထို့ပြင် အခြားတပါးသော ဘေးရန်တို့ကိုလည်း နှိမ်နင်းတိုက်ဖျက်သင့်၏။

"အနာရောဂါ နှိပ်စက်မှု၊ ဆာလောင်မွတ်သိပ်မှု၊ အချမ်းအပူတို့ကို တွေ့ထိခံစားရသော် သည်းခံရာ၏။ ထိုဘေးရန်တို့ဖြင့် များစွာတွေ့ထိ နှိပ်စက်ခြင်းခံရသော်လည်း ဘဝသစ်ကို ဖြစ်စေ

တတ်သော ကုသိုလ် အကုသိုလ်ကံတို့၏ ဖြစ်ခွင့်ကို မပေးပဲလုံ့လ ကြိုးကုတ် အားထုတ်မှုကို မြဲမြံစွာ ပြုရာ၏။

"သူတပါး ပစ္စည်းကို ခိုးယူခြင်း၊ မုသားပြောခြင်းတို့ကို မပြုရာ။ သတ္တဝါဟူသမျှကို မေတ္တာဖြင့် ပြန့်နှံ့စေရာ၏။ စိတ်နောက်ကျုမှု ဖြစ်ပေါ်လာသော် မကောင်းမှု၏ အသင်းအပင်းဟု သိမြင်ပြီး ချက်ချင်း ပယ်ဖျောက် ရာ၏။ အမျက်ထွက်ခြင်း၊ ထောင်လွှားခြင်းတို့၏ အလိုသို့ မလိုက်ရာ။ ယင်းတို့၏ အရင်းအမြစ်ကို တူးဖြိုပစ်ရာ၏။ ထို့ပြင် ဣဋ္ဌာရုံ၊အနိဋ္ဌာရုံတို့ကိုလည်း လွှမ်းမိုးနိုင်အောင် အားထုတ်ရာ၏။

"ကောင်းသောနှစ်သက်ခြင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ပညာကို ရှေ့သွားပြု၍ ထိုဘေးရန်တို့ကို ပယ်ခွာရာ၏။ အစွန်အဖျားကျသောကျောင်း၌ မမွေ့လျော်မှုကို သည်းခံရာ၏။ 'ငါသည် ဘာကို စားရအံ့နည်း။ အဘယ်အိမ်မှာ စားရမည်နည်း။ ဒီည ဆင်းဆင်းရဲရဲ အိပ်ခဲ့ရပြီ။ နောက် ည ဘယ်မှာ အိပ်ရမည်နည်း။' ဤသို့ မြည်တမ်းကြောင်းဖြစ်သည့် ကြံစည်စိတ်ကူးမှုတို့ကို ပယ်ဖျောက်ရာ၏။

"ရဟန်းသည် အခါအားလျော်စွာ ဆွမ်း၊ သင်္ကန်းတို့ကို ရသော် ရောင့်ရဲမှုအတွက် အတိုင်းအဆကို သိရာ၏။ ယင်းသို့ စောင့်စည်းလျက် မြို့တွင်း၊ ရွာတွင်း၌ လှည့်လည်သော ရဟန်းသည် သူတပါးတို့က ထိပါးချုပ်ချယ်သော်လည်း ကြမ်းတမ်းသောစကားကို မပြောဆိုရာ။မျက်လွှာချထားပြီးခြေလျှပ်ပေါ်မှုမရှိရာ။ ဈာန်ဝင်စားလျက် များစွာ နိုးကြားမှုရှိသူ ဖြစ်ရာ၏။ လျစ်လျူရှုမှုကို အကြောင်းပြု၍ တည်ကြည်သောစိတ် ရှိလျက်

ကာမအာရုံ စသည်ကို ကြံစည်ခြင်း၊ နောင်တ တဖန် ပူပန်ခြင်းတို့ကို ဖြတ်တောက်ရာ၏။

"ဆရာသမား စသည်တို့က မိမိအား အပြစ်တင်စကား ပြောကြားခဲ့သော် သတိကို ဖြစ်စေလျက် နှစ်သက် ဝမ်းမြောက်ရာ၏။ သီတင်းသုံးဖော်တို့ အပေါ်၌ ဖြစ်မှားမှုဖြောင့်တံသင်းကို ဖျက်ဆီးရာ၏။ အပိုင်းအခြားကို မလွန်သည့်ကုသိုလ်နှင့်စပ်သော စကားကို မြွက်ဆိုရာ၏။ လူအများအား စုပ်စုံပြောဆိုရန်လည်း စေ့ဆော်အားထုတ်ခြင်း မပြုရာ။ ထို့ပြင် ရာဂစသော မှုန်မှုန်ငါးမျိုးကို ပယ်ဖျောက်နိုင်ရန် ကျင့်ကြံအားထုတ်ရာ၏။ ယင်းသို့ကျင့်သော် ရူပါရုံ၊ သဒ္ဒါရုံ စသောအာရုံတို့၌ တပ်စွန်းမှုကိုသည်းခံနိုင်ရာ၏။ သတိနှင့်ယှဉ်လျက် လွတ်မြောက်သောစိတ်ရှိသော ရဟန်းသည် တရားသဘောကိုဆင်ခြင်စဉ်းစားလျက် တည်ကြည်သောစိတ်ရှိကာ အဝိဇ္ဇာအမိုက်တိုက်ကို ပယ်ဖျောက်ရာ၏။

[ ၅။ ပါရာယနဝဂ် ]

# နိဗ္ဗာန် တည်းဟူသော တဖက်ကမ်းသို့ ရောက်ကြောင်းတရားများ

## ဗာဝရီရသေ့ကြီး

ကောသလတိုင်း၊ သာဝတ္ထိပြည်၌ ပသေနဒီကောသလမင်း နန်းတက်သောအခါ ခမည်းတော် မဟာကောသလမင်းကြီး လက်ထက်က ခန့်ထားခဲ့သော ဗာဝရီပုဏ္ဏားကြီးကို ပုရောဟိတ်ဆရာကြီးအဖြစ် ဆက်လက်ခန့်ထားသည်။ သို့သော်လည်း ဗာဝရီပုဏ္ဏားကြီးသည် အသက်အရွယ် ကြီးရင့်သဖြင့် မကြာမီ တပည့်(၁၆)ယောက်နှင့်အတူ ရသေ့ဝတ်ပြီး မင်း၏ဥယျာဉ်၌ နေထိုင်လေ၏။ ထို့နောက် လူနှင့်နီးသောအရပ်၌ နေထိုင်ရခြင်းမှာကြောင့်ကြမှုများလှသောကြောင့် ဗာဝရီရသေ့ကြီးသည် တပည့်များနှင့်အတူ သာဝတ္ထိပြည်၏ တောင်ဖက်တွင် တည်ရှိသော ဒက္ခိဏာပထတိုင်းသို့ ထွက်ခွာသွားပြီး အဿကတိုင်းနှင့် အဠကတိုင်းတို့၏ကြား ဂေါဓာဝရီမြစ်၏ ရေလယ်ကျွန်းတစ်ခု၌ ဆွမ်းခံခြင်း၊ သစ်သီးသစ်မြစ်ကို မှီဝဲခြင်းဖြင့် သီတင်းသုံးနေထိုင်လေ၏။

## အလှူခံပုဏ္ဏား ရောက်လာခြင်း

ဗာဝရီရသေ့ သီတင်းသုံးရာ ကျောင်းသခ်မ်းကို အမှီပြု၍ လူနေစည်ကားသော ရွာကြီးတစ်ရွာ ဖြစ်ပေါ်လာ၏။ ထိုရွာမှ ရရှိသော အခွန်အတုတ်ကို ဗာဝရီရသေ့ကြီးအား လှူဒါန်းကြရာ ရသေ့ကြီးသည် ထိုအခွန်အတုတ်ဖြင့် အလှူပွဲကြီးကို ပြုလုပ်လေသည်။ ထိုအလှူပွဲကြီး ပြီးစီး၍ ရသေ့ကြီး မိမိကျောင်းသခ်မ်း ထဲသို့ ဝင်သွားသောအခါ ခြေခွင်၍ ခေါင်း၌ မြူမှုန်အလိမ်း လိမ်းကပ်ငြိနေသော ပုဏ္ဏားတစ်ယောက် ဆိုက်ရောက်လာပြီး ရသေ့ကြီးထံမှ အသပြာငွေငါးရာကို တောင်းခံလေသည်။

ဗာဝရီရသေ့ကြီးက ရှိသမျှပစ္စည်းအားလုံးကို လှူဒါန်းလိုက်ပြီးဖြစ်၍ အသပြာငွေငါးရာ မရှိတော့ကြောင်း ပြောဆိုတောင်းပန်သည်။ ထိုအခါ အလှူခံပုဏ္ဏားသည် အံ့ဩထိတ်လန့်ဖွယ်ရာများကို ပြောဆိုပြုလုပ်ပြီး-"အသပြာငွေငါးရာကို မပေးလျှင် ခုနစ်ရက်စေ့မြောက်သောနေ့၌ သင်၏ဦးခေါင်းသည် ခုနစ်စိတ်ကွဲပါစေ။" ဟူ၍ ကျိန်ဆိုလေသည်။ ဗာဝရီရသေ့ကြီးသည် ထိုပုဏ္ဏား၏စကားကြောင့် စိုးရိမ်ကြောင့်ကြ ပွားကာ ဈာန်သမာပတ်၌ မပျော်မွေ့နိုင်ပဲ ရှိလေသည်။

## ဦးခေါင်းကို သိသူ

ဤသို့ ဗာဝရီပုဏ္ဏားကြီး စိတ်မချမ်းမသာ ဖြစ်နေသည်ကို ကျောင်းစောင့်နတ် မြင်သော် ရသေ့ကြီး၏ အကျိုးစီးပွားကို လိုလားသဖြင့်-"အရှင်ရသေ့ကြီး၊ ဤပုဏ္ဏားကား အသပြာငွေကို လိုချင်၍ အံ့ဩထိတ်လန့်အောင် ပြုခြင်း ဖြစ်ပါသည်။

သူသည် ဦးခေါင်းကိုလည်းကောင်း၊ ဦးခေါင်းပြုတ်ကျမှုကို လည်းကောင်း သိသူ မဟုတ်ပါ။”ဟု ပြောဆိုလေသည်။ “ဦးခေါင်းကိုလည်းကောင်း၊ ဦးခေါင်း ပြုတ်ကျမှုကိုလည်း ကောင်း သိမြင်နိုင်သူ ရှိပါသလော။”ဟု ဗာဝရီရသေ့ကြီးက မေးသောအခါ ကျောင်းစောင့်နတ်သည် ဤသို့ ပြောဆို လေသည်။

“အရှင်ရသေ့၊ ဩက္ကာကမင်း၏ အနွယ်ဖြစ်သော သာကီ ဝင်မင်းမျိုးမှ သိဒ္ဓတ္ထအမည်ရှိသော မင်းသားသည် နေပြည် တော်မှ ထွက်ခွာပြီး ပညာအလင်းရောင်ကို ပြုတော်မူလျက် ရှိပါသည်။ ထိုသိဒ္ဓတ္ထမင်းသားသည် တရားအားလုံးကို သိမြင် ပါ၏။ အရှင်ရသေ့သည် ထိုဘုရားရှင်ထံသို့ ချဉ်းကပ်၍ မေး လျှောက်ပါလော။”

## ဘုရားဟူသောစကား

ဗာဝရီရသေ့ကြီးသည် ‘ဘုရား’ ဟူသော စကားကို ကြား လျှင် နှစ်သက်ဝမ်းမြောက်၍“မည်သည့်အရပ်၌ ထိုမြတ်စွာဘုရား သည် နေတော်မူပါသနည်း။”ဟုမေးမြန်းလေသည်။ ကောသလ တိုင်း၊သာဝတ္ထိပြည်၌ နေတော်မူကြောင်း ကျောင်းစောင့်နတ်က ဖြေကြားလျှင် ရသေ့ကြီးသည် တပည့်လုလင်တို့ကို ခေါ်၍- “တပည့်တို့၊ဘုရားဟူ၍ ကျော်စောသည့်ပုဂ္ဂိုလ်သည် လောက၌ ဖြစ်ပေါ်နေ၏။ သင်တို့သည် သာဝတ္ထိပြည်သို့ ဆောလျင်စွာ သွား၍ ထိုမြတ်စွာဘုရားကို ဖူးမြင်ကြချေလော။” ဟု ပြောဆို လေသည်။

"အရှင်ရသေ့၊ ဘုရားစင်စစ်ဖြစ်ကြောင်း ကျွန်ုပ်တို့ မည်သို့ သိနိုင်ပါမည်နည်း။"

"တပည့်တို့၊ ယောကျ်ားမြတ်တို့၏လက္ခဏာ (၃၂) ပါးသည် ဝေဒကျမ်းတို့၌ ပါရှိပြီးဖြစ်၏။ ထိုလက္ခဏာတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် လူ့ဘောင်၌နေသော် စကြာမင်းဖြစ်လတ္တံ့၊ ရဟန်း ပြုသော် ဘုရားစင်စစ်ဖြစ်လတ္တံ့၊ တပည့်တို့၊သင်တို့သည် ထိုမြတ်စွာဘုရားကို စိတ်ဖြင့်သာလျှင် ပြဿနာတို့ကို မေးကြကုန်လော့။ အကယ်၍ အပိတ်အပင်မရှိ မြင်နိုင်သောဘုရား ဖြစ်ခဲ့သော် စိတ်ဖြင့်မေးအပ်သော ပြဿနာတို့ကို နှုတ်ဖြင့်မြွက်ဟ၍ ဖြေကြားပေးလိမ့်မည်။"

**စိတ်မေးခွန်းကို ဖြေကြားခြင်း**

ဗာဝရီရသေ့ကြီးက ဤသို့ပြောဆိုသောအခါ အဇိတ၊ တိဿ၊ မေတ္တေယျ အစရှိသော တပည့်လုလင် တဆယ့်ခြောက်ယောက်တို့သည် ရသေ့ကြီးကို ရှိခိုးပြီး မြောက်အရပ်သို့ ရှေးရှုထွက်ခဲ့ကြလေသည်။ ထိုတပည့်လုလင် တစ်ဆယ့်ခြောက်ယောက်တို့သည် အာဟိဿတိမြို့၊ ဥဇ္ဇေနီပြည်၊ ကောသမ္ဗီပြည်၊ သာဝတ္ထိပြည် စသည်တို့သို့ အစဉ်အတိုင်း ရောက်ပြီးနောက် ရာဇဂြိုဟ်ပြည် ပါသာဏက စေတီတည်ရှိရာ တောင်ပေါ်သို့ တက်ရောက်ခဲ့ကြလေသည်။ ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့အား တရားဟောတော်မူလျက်ရှိ၏။ မြတ်စွာဘုရား၏ကိုယ်တော်၌ ပြည့်စုံသော လက္ခဏာတို့ကို တွေ့မြင်ရလျှင် အဇိတလုလင်သည် ရွှင်လန်းဝမ်းမြောက်လျက် ဗာဝရီရသေ့၏ အသက်အရွယ်၊ အင်္ဂါလက္ခဏာနှင့် တပည့်အရေအတွက်တို့ကို ဖြေကြားရန် စိတ်ဖြင့်

သာလျှင် မေးလျှောက်လေသည်။ ထိုအခါ ဗုဒ္ဓက ဗာဝရီ ရသေ့မှာ အသက်တစ်ရာ့နှစ်ဆယ်ရှိပြီး သူ၏ကိုယ်အင်္ဂါ၌ထူးခြား သော လက္ခဏာသုံးခုရှိကြောင်း၊ တပည့်ငါးရာတို့အား ဗေဒင် လက္ခဏာကျမ်းများကို ပို့ချပေးနေသူဖြစ်ကြောင်းမြွက်ဟာဖြေဆို တော်မူသည်။ ဗာဝရီရသေ့၏ကိုယ်မှ ထူးခြားသော လက္ခဏာ သုံးခုမှာ လျှာဖြင့် မျက်နှာကို ဖုံးအုပ်နိုင်ခြင်း၊မျက်မှောင်ကြား၌ ဥဏ္ဏာလုံမွေးရှင်ပေါက်ခြင်း၊ အိမ်ဖြင့်ဖုံးလွှမ်းအပ်သော ယောကျာ်း နိမိတ်ရှိခြင်းတို့ ဖြစ်ကြောင်းကိုလည်း ထပ်မံမိန့်ကြားတော်မူ သည်။

ထို့နောက်ဗုဒ္ဓမြတ်စွာသည်အဇိတလုလင်မေးလျှောက်သော ဗာဝရီရသေ့ကြီး၏ ပြဿနာတို့ကို ဖြေကြားတော်မူသည်။

"အရှင်ဘုရား၊ဗာဝရီရသေ့ ပုဏ္ဏားသည် ဦးခေါင်းကိုလည်း ကောင်း၊ ဦးခေါင်း ပြုတ်ကျမှုကိုလည်းကောင်း မေးလိုက် ပါ၏။ ထိုအမေးကို ဖြေကြားတော်မူပါလော့။"

"အဇိတ၊အမှန်ကိုမသိခြင်း အဝိဇ္ဇာသည် ဦးခေါင်းမည်၏။ သဒ္ဓါသတိ သမာဓိ ဆန္ဒဝီရိယတို့နှင့်ယှဉ်သော အသိဉာဏ်ဝိဇ္ဇာ သည် ဦးခေါင်းကို ဖြုတ်ချတတ်သောတရား မည်၏ ဟူ၍ သတ်မှတ်လေလော့။"

ထို့နောက်တဖန် ယုံမှားသံသယရှိသမျှကို မေးမြန်းကြရန် ဗုဒ္ဓမြတ်စွာက ခွင့်ပြုတော်မူသဖြင့် လုလင် တစ်ဆယ့်ခြောက် ယောက်တို့သည် ပြဿနာအသီးသီးကို တယောက်စီမေးလျှောက် ကြလေသည်။

# ၃၅။ အဇိတလုလင်၏မေးခွန်း

"အရှင်ဘုရား၊ လောကကို ဘယ်တရားက ဖုံးလွှမ်းထားပါသနည်း။ လောကသည် ဘယ်တရားကြောင့် မထင်ရှားပဲ ဖြစ်နေပါသနည်း။ အဘယ်တရားကို လောကအား ကပ်ငြိနေသောတရားဟူ၍ ဆိုပါသနည်း။ ဘယ်တရားသည် လောက၏ဘေးကြီး ဖြစ်ပါသနည်း။"

"အဇိတ၊ လောကကို မသိမှု အဝိဇ္ဇာက ဖုံးလွှမ်းထား၏။ ဝန်တိုမှု 'မစ္ဆရိယ'နှင့် မေ့လျော့မှု 'ပမာဒ'တို့ကြောင့် လောကသည် မထင်ရှားပဲ ဖြစ်နေ၏။ တဏှာကို လောကအား လိမ်းကျံနေသော တရားဟုဆို၏။ မွေးခြင်း၊ သေခြင်းစသော ဆင်းရဲအပေါင်းသည် လောက၏ဘေးကြီး ဖြစ်ပေ၏။"

"အရှင်ဘုရား၊ အဆင်း၊ အသံစသော အာရုံအားလုံးတို့၌ တဏှာရေလျှဉ်တို့သည် စီးဆင်းနေပါကုန်၏။ ထိုတဏှာရေလျှဉ်တို့ကို မည်သည့်တရားသည် တားဆီးနိုင်ပါသနည်း။ မည်သည့်တရားသည် ပိတ်ဆို့နိုင်ပါသနည်း။"

"အဇိတ၊ ထိုတဏှာရေလျှဉ်တို့ကို သတိသည် တားဆီးနိုင်၏။ ပညာသည် ပိတ်ဆို့နိုင်ပေ၏။"

"အရှင်ဘုရား၊ ထိုပညာသတိတို့နှင့်တကွ နာမ်ရုပ်အားလုံးသည် အဘယ်၌ ချုပ်ငြိမ်းပါသနည်း။"

"အဇိတ၊ နာမ်နှင့်ရုပ် အကြွင်းမဲ့ချုပ်ရာအရပ်ကို သင့်အား ငါဟောအံ့။ ဝိညာဏ်ချုပ်သည်နှင့်တပြိုင်နက်၌ဝိညာဏ်ချုပ်ရာအရပ်၌ပင် နာမ်နှင့်ရုပ်သည် ချုပ်ငြိမ်းလေ၏။"

"အရှင်ဘုရား၊ တရားကို သိပြီးသော ပုဂ္ဂိုလ်နှင့် တရားကို သိရန် ကျင့်ကြံနေဆဲ ပုဂ္ဂိုလ်တို့၏ အကျင့်ကို ကျွန်ုပ်အား ဟောကြားပါလော။"

"အဇိတ၊ ရဟန်းသည် ကာမဂုဏ်တို့၌ တွယ်တာမက်မောခြင်း၊ စိတ်နောက်ကျုခြင်း မရှိအောင် အားထုတ်အပ်၏။ တရားအားလုံးတို့၌ ကျွမ်းကျင်လိမ္မာလျက် သတိရှိစွာ နေထိုင်အပ်၏။"

## ၃၆။ တိဿမေတ္တေယျလုလင်၏မေးခွန်းကို ဖြေခြင်း

"အရှင်ဘုရား၊ ဤလောက၌ အဘယ်သူသည် ရောင့်ရဲလွယ်သူ ဖြစ်ပါသနည်း။ အဘယ်သူအား တုန်လှုပ်မှုများ မရှိပါသနည်း။ အဘယ်သူသည် အစွန်းနှစ်ဖက်ကိုလည်းကောင်း၊ အလယ်ကိုလည်းကောင်း ပညာဖြင့် သိ၍ မလိမ်းကျံ မကပ်ငြိပါသနည်း။ အဘယ်သူကို ယောကျ်ားမြတ်ဟု ဆိုပါသနည်း။ အဘယ်သူသည် ဘဝအဆက်အနွယ်ကို လွန်မြောက်ပါသနည်း။"

"အဇိတ၊ အကြင်ရဟန်းသည် ကာမဂုဏ်တို့၌ အပြစ်ကို မြင်၍ မြတ်သောအကျင့်ကို ကျင့်သုံးပြီး ဖြစ်၏။ တဏှာကင်းလျက် အခါခပ်သိမ်း သတိရှိ၏။ တရားသဘောများ ကိုပညာဖြင့် ဆင်ခြင်၍ ကိလေသာငြိမ်းအေးပြီး ဖြစ်၏။ ထိုရဟန်းအား တုန်လှုပ်မှုများ မရှိတော့ပေ။ ထိုရဟန်းသည် ဒုက္ခသစ္စာ၊ သမုဒယသစ္စာဟူသော အစွန်းနှစ်ဖက်ကိုလည်းကောင်း၊ နိရောဓ

သစ္စာ ဟူသော ဆလယ်ကိုလည်းကောင်း ပညာဖြင့် သိ၍ တဏှာဒိဋ္ဌိတို့ဖြင့် လိမ်းကျံကပ်ငြိခြင်း မရှိတော့ပေ။ ထိုရဟန်းသည် ဘဝအဆက်ဆက်ကို လွန်မြောက်ပြီးသူ ဖြစ်ပေ၏။''

## ၅၇။ ပုဏ္ဏကလုလင်၏မေးခွန်းကိုဖြေခြင်း

''အရှင်ဘုရား၊ ဤလောကဌ် များစွာသော ရသေ့၊ ရဟန်း၊ မင်း၊ ပုဏ္ဏားတို့သည် အဘယ်ကိုမှီ၍ နတ်တို့အား ယဇ်ပူဇော်ခြင်းကို ပြုလုပ်ကြပါသနည်း။''

''ပုဏ္ဏက၊ ဤလောကဌ် များစွာသော ရသေ့၊ ရဟန်း၊ မင်း၊ ပုဏ္ဏားများသည်လူ၊ နတ်၊ ဗြဟ္မာ အဖြစ်ကို တောင့်တကာ အိုခြင်း၊ နာခြင်း စသောဆင်းရဲကိုမှီလျက် နတ်တို့အား ပူဇော်မှုကို ပြုလုပ်ကြကုန်၏။''

''အရှင်ဘုရား၊ ဤသို့ နတ်တို့အား ပူဇော်မှုကို အမြဲမပြတ် ပြုလုပ်နေသူတို့သည် မွေးခြင်း၊ သေခြင်း၊ အိုခြင်း၊ နာခြင်းစသော ဆင်းရဲကို လွန်မြောက်နိုင်ပါကုန်သလော။''

''ပုဏ္ဏက၊ လူ၊ နတ်၊ ဗြဟ္မာအဖြစ်ကို တောင့်တလျက် ဘဝ၌ တပ်မက်စွဲသမ်းကာ ပူဇော်မှုပြုသူတို့သည် မွေးခြင်း၊ သေခြင်းစသော ဆင်းရဲကို မလွန်မြောက်နိုင်ကြပေ။''

''အရှင်ဘုရား၊ ယင်းသို့ဖြစ်သော် မည်သူသည် ထိုဆင်းရဲများကို လွန်မြောက်နိုင်ပါသနည်း။''

''ပုဏ္ဏက၊ လောကဌ် အကြင်သူအား အတွင်းအပတရားအားလုံးကို ပညာဖြင့်ဆင်ခြင်သိမြင်၍ တစုံတခုသောအကြောင်းကြောင့်မျှ တုန်လှုပ်ခြင်း မရှိတော့ပေ။ ကိလေသာ ငြိမ်းအေး၍

ဒုစရိုက် အခိုးအငွေ့မှ ကင်းပြီးဖြစ်သော ထိုသူသည် မွေးခြင်း၊ သေခြင်းစသော ဆင်းရဲကို လွန်မြောက်နိုင်ပေ၏။”

## ၃၈။ မေတ္တဂူလုလင်၏မေးခွန်းကိုဖြေခြင်း

“အရှင်ဘုရား၊ ဤလောက၌ များပြားစွာ ဖြစ်ပေါ်နေသော ဆင်းရဲဟူသမျှတို့သည် အဘယ်ကြောင့် ဖြစ်ပေါ်လာကြပါကုန်သနည်း။”

“မေတ္တဂူ၊ ထိုဆင်းရဲဟူသမျှတို့သည် ကိလေသာစသော အမှီအစွဲကြောင့် ဖြစ်ပေါ်လာကြကုန်၏။”

“အရှင်ဘုရား၊ ပညာရှိတို့သည် သံသရာဧရယဉ်ကိုလည်းကောင်း၊ မွေးခြင်း၊ သေခြင်း၊ အိုခြင်း၊ နာခြင်း၊ စိုးရိမ်ပူဆွေးရခြင်းများကိုလည်းကောင်း မည်သို့ လွန်မြောက်ကြပါသနည်း။”

“မေတ္တဂူ၊ ပစ္စုပ္ပန်၊အတိတ်၊အနာဂတ် စသော တရားအားလုံး၌ နှစ်သက်စွဲလမ်းခြင်းကို နှုတ်ပယ်သည်ရှိသော် ဝိညာဏ်သည် တစ်တခုသော ဘဝ၌ တည်ရာကို ရရှိနိုင်တော့မည် မဟုတ်။ သတိနှင့်ယှဉ်လျက် ဤသို့ စွဲမြဲစွာနေလေ့ရှိသော ရဟန်းသည် မွေးခြင်း သေခြင်း၊ အိုခြင်း နာခြင်း၊ စိုးရိမ်ပူဆွေးရခြင်းစသော ဆင်းရဲများကို ဤဘဝ၌ပင် စွန့်ပယ်နိုင်ပေရာ၏။”

## ၃၉။ ဓောတကလုလင်၏ မေးခွန်းကို ဖြေခြင်း

“အရှင်ဘုရား၊ ကျွန်ုပ်သည် အရှင်ဘုရား၏ တရားစကားကို ကြားနာ၍ မိမိ၏ ရာဂဒေါသ ငြိမ်းအေးရေးကို ကျင့်ကြံအားထုတ်လိုပါ၏။ သင့်လျော်သောတရားကို ဟောကြားတော်မူပါလော့။”

"မောဂ္ဂလာန၊ ယင်းသို့ဖြစ်လျှင် သင်သည် အပူတပြင်းကြိုးစား အားထုတ်လော့။ အသိဉာဏ်ရင့်ကျက်၍ သတိစွဲမြဲသော ရဟန်းသည် ငါဘုရား၏တရားကို ကြားနာပြီး ဤဘဝ၌ပင် မိမိ၏ ရာဂဒေါသ ငြိမ်းအေးရေးကို ကျင့်ကြံ အားထုတ်နိုင်ပေ၏။"

"ပညာမျက်စိနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် ကျွန်ုပ်ကို ယုံမှားမှုတို့မှ လွတ်မြောက်စေတော်မူပါလော့။"

"မောဂ္ဂလာန၊ လောက၌ တစုံတယောက်သောသူကိုမျှ ယုံမှားမှုတို့မှ လွတ်မြောက်စေရန် ငါဘုရား စွမ်းနိုင်မည်မဟုတ်။ သင်သည် မြတ်သောတရားကို ထိုးထွင်းသိမြင်ခဲ့ရာ ဤသံသရာရေအလျဉ်ကို လွန်မြောက်နိုင်ပေရာ၏။"

"အရှင်ဘုရား၊ ဤဘဝ၌ပင်ကောင်းကင်ပြင်ကဲ့သို့ အနှောင့်အယှက်ကင်း၍ အေးချမ်းလွတ်လပ်စွာနေနိုင်ရန်အတွက် ကျွန်ုပ်အား ကိလေသာ သခါရ ဆိတ်သုဉ်းရေးတရားကို ဟောကြားညွှန်ပြတော်မူပါလော့။"

"မောဂ္ဂလာန၊ လောက၌ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် စသောတရားအားလုံးကို ကပ်ငြိတွယ်တာဖွယ်ဟူ၍ သိမြင်ပြီး ဘဝကြီးငယ် အသွယ်သွယ်၌ တပ်မက်မှုကို ပယ်သတ်ပါလေလော့။"

## ၆၀။ ဥပသီဝ မေးခွန်းကို ဖြေခြင်း

"အရှင်ဘုရား၊ ကျွန်ုပ်သည် တစ်ယောက်ထီးတည်း အမှီမရှိပဲ ဤသံသရာရေအလျဉ်ကို ကူးမြောက်ရန် မစွမ်းနိုင်ပါ။ အကြင်

တရားကို မှီ၍ ဤသံသရာရေအလျဉ်ကို ကူးခတ်နိုင်ရာ၏။ ထိုမှီရာ တရားကို ဟောကြားတော်မူပါလော့။"

"ဥပသီဝ၊ သတိနှင့်ယှဉ်လျက် အာကိဉ္စညာယတနသမာပတ်ကို ရှုကာ ဘာမျှမရှိခြင်းဟူသော ထိုသမာပတ်ကို အမှီပြု၍ သံသရာရေအလျဉ်ကို ကူးမြောက်လေလော့။ ကာမဂုဏ်တို့ကို ပယ်၍ ယုံမှားခြင်းတို့မှ ကင်းကွာလျက် တဏှာ၏ ကုန်ခန်းရေးကို နေ့ရောညပါ ထင်စွာရှုလော့။"

"အရှင်ဘုရား၊ ကာမဂုဏ်တို့၌ တပ်စွန်းခြင်းကင်းလျက် အာကိဉ္စညာယတနသမာပတ်ဟူသော မြတ်သော သညာဝိလောက္ခ၌ သက်ဝင်နေသော ပုဂ္ဂိုလ်သည် ထိုအာကိဉ္စညာယတန ဗြဟ္မာ့ဘုံ၌ မပြောင်းမရွေ့ပဲ တည်ပါသလော။"

"ဥပသီဝ၊ ထိုပုဂ္ဂိုလ်သည် အာကိဉ္စညာယတန ဗြဟ္မာ့ဘုံ၌ တမ္ဘာပေါင်းခြောက်သောင်းမျှ မပြောင်းမရွေ့ပဲ တည်ပေရာ၏။"

'ဉာဏ်မျက်စိနှင့်ပြည့်စုံသော မြတ်စွာဘုရား၊ ထိုပုဂ္ဂိုလ်သည် အာကိဉ္စာညာယတန ဗြဟ္မာ့ဘုံ၌ နှစ်ပေါင်းများစွာ မပြောင်းမရွေ့ပဲ တည်ခဲ့သော် ထိုဘုံ၌ပင် ဆင်းရဲအပေါင်းမှ လွတ်မြောက်လျက် ငြိမ်းအေးသွားရာပါသလော။ သို့တည်းမဟုတ် သူ၏ ဝိညာဉ်သည် ရွေ့လျောနိုင်ပါသေးသလော။"

"ဥပသီဝ၊ လေဟုန်ဖြင့် လွင့်ပါသွားသော မီးလျှံသည် ချုပ်ပျောက်၍ တစုံတခုသော ဝေါဟာရဖြင့် မခေါ်မဝေါ်အပ်သကဲ့သို့ထိုအတူပင် နာမကာယမှလွတ်မြောက်သွားသော ရဟန်းသည်လည်း ချုပ်ပျောက်ခြင်းသို့ ရောက်လေ၏။ တစုံတခုသော ဝေါဟာရ ဖြင့်မခေါ်ဝေါ်အပ်ပေ။"

"အရှင်ဘုရား၊ချုပ်ပျောက်ခြင်းသို့ ရောက်သွားသော ထိုသူသည် မရှိတော့ပြီလော။ သို့မဟုတ် မြဲသောသဘောဖြင့် ပျက်စီးခြင်း ကင်းသွားပါသလော။"

"ဥပသီဝ၊ချုပ်ပျောက်ခြင်းသို့ ရောက်သွားသော ထိုသူသည် ထုထည်ပမာဏ မရှိတော့ချေ။ ခေါ်ဝေါ်ရန်အမည်ဝေါဟာရလည်း မရှိတော့ချေ။"

## ၆၁။ နန္ဒလုလင်၏မေးခွန်းကို ဖြေခြင်း

"အရှင်ဘုရား၊ လောက၌ မုနိအမည်ခံသူများ ရှိကြပါသည်။ အဘယ်ကြောင့် မုနိဟု ခေါ်ပါသနည်း။ အသိဉာဏ်နှင့်ပြည့်စုံသူကို မုနိဟု ခေါ်ပါသလော။ သို့မဟုတ် ခေါင်းပါးသော အသက်မွေးမှုနှင့်ပြည့်စုံသူကို မုနိဟု ခေါ်ပါသလော။"

"နန္ဒ၊ ဤသာသနာ၌ လိမ္မာကျွမ်းကျင်သူတို့သည် အမြင်စင်ကြယ်မှု၊အကြား စင်ကြယ်မှု၊သမာပတ်ဉာဏ်စသည်တို့ဖြင့်မုနိဟု မဆိုကြကုန်။ကိလေသာရန် ကင်းအောင် ပြု၍ စိတ်ဆိုးခြင်း၊ တွယ်တာခြင်း မရှိသူတို့ကိုသာ မုနိဟု ခေါ်ကြကုန်၏။"

"အရှင်ဘုရား၊ အချို့သော ရဟန်း၊ ပုဏ္ဏားတို့သည် မြင်ခြင်း၊ ကြားခြင်းဖြင့်လည်းကောင်း၊ အကျင့်သီလ ဆောက်တည်ခြင်းဖြင့်လည်းကောင်း စင်ကြယ်၏ဟု ဆိုကြပါသည်။ ထိုသူတို့သည် ထိုသို့သော အကျင့်များဖြင့် မွေးခြင်း၊ သေခြင်း၊ အိုခြင်း၊ နာခြင်းတို့ကို လွန်မြောက်နိုင်ကြပါသလော။"

"နန္ဒ၊ ထိုသူတို့သည် ထိုသို့သောအကျင့်များဖြင့် မွေးခြင်း၊ သေခြင်း၊ အိုခြင်း၊ နာခြင်းတို့ကို မလွန်မြောက်နိုင်ကြချေ။"

"အရှင်ဘုရား၊ ယင်းသို့ဖြစ်သော် ဤလောက၌ အဘယ်သူသည် မွေးခြင်း၊သေခြင်း၊နာခြင်း၊ အိုခြင်းတို့ကို လွန်မြောက်နိုင်ပါသနည်း။"

"နန္ဒ၊ ဤလောက၌ ထိုကဲ့သို့သော အကျင့်များကို စွန့်ပယ်ပြီး တပ်မက်မှုတဏှာကို ပိုင်းခြား၍သိကာ အာသဝကင်းကွာပြီးသောပုဂ္ဂိုလ်တို့သည် သံသရာရေအလျဉ်ကို ကူးမြောက်နိုင်ကြကုန်၏။"

## ၆၂။ ဟေမကလုလင်၏ မေးခွန်းကို ဖြေခြင်း

"အရှင်ဘုရား၊ ရှေးသရေအခါက ဆရာတို့ ပြောဆိုခဲ့သော အယူဝါဒများသည် တဆင့်ကြားမျှသာ ဖြစ်၏။ တွေးတောကြံဆမှု တိုးပွားရုံမျှသာ ဖြစ်ပါ၏။ ကျွန်ုပ်သည် ထိုအယူဝါဒများ၌ မပျော်မွေ့ပါ။ သတိနှင့်ယှဉ်လျက် ကျင့်ကြံသော် ကပ်ငြိတွယ်တာမှုကို ကျော်လွန်၍ တဏှာကို ပယ်သတ်နိုင်ကြောင်းဖြစ်သော တရားကို ကျွန်ုပ်အား ဟောကြားပါလော့။"

"ဟေမက၊ ဤလောက၌ နှစ်သက်မြတ်နိုးအပ်သည့် အဆင်း၊ အသံ စသော အာရုံခြောက်ပါးတို့၌ လိုချင်တပ်စွန်းမှုကို ကင်းပျောက်စေသည့် ရွှေ့လျောခြင်းကင်းရာ နိဗ္ဗာန်သည် ရှိ၏။ ထိုနိဗ္ဗာန်ကို သိမြင်၍ အမြဲ သတိနှင့်ယှဉ်ကာ မျက်မှောက်ဘဝ၌ပင် ငြိမ်းအေးပြီးသောပုဂ္ဂိုလ်တို့သည် ကပ်ငြိတွယ်တာမှုကို ကျော်လွန်နိုင်ကြပေသည်။"

## ၆၃။ တောဒေယျ လုလင်၏ မေးခွန်းကို ဖြေခြင်း

"အရှင်ဘုရား၊ ကိလေသာ ကာမလည်း မကိန်းအောင်း၊ တပ်မက်မှုတဏှာလည်း မရှိသည့်ပြင် သို့လောသို့လော တွေးတောမှု ဝိစိကိစ္ဆာကို ကျော်လွန်ပြီးသော ပုဂ္ဂိုလ်အား မည်သို့သော လွတ်မြောက်မှု 'ဝိမောက္ခ' ကို အလိုရှိအပ်ပါသနည်း။"

"တောဒေယျ၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်အား အခြားတပါးသော လွတ်မြောက်မှု 'ဝိမောက္ခ' ကို အလိုမရှိအပ်တော့ပေ။"

"အရှင်ဘုရား၊ ထိုသူသည် တောင့်တမှု ကင်းပြီး ဖြစ်ပါသလော။ သို့မဟုတ် တောင့်တမှု ရှိပါသေးသလော။ ထိုသူသည် ပညာရှိသူ ဖြစ်ပါသလော။ သို့မဟုတ် ပညာဖြင့် ကြံစည်တတ်သူ ဖြစ်ပါသလော။"

"တောဒေယျ၊ ထိုသူသည် တောင့်တမှုကင်းပြီးသူ ဖြစ်၏။ တောင့်တမှုရှိသူ မဟုတ်တော့။ ထိုသူသည် ပညာရှိသူ ဖြစ်၏။ ပညာဖြင့် ကြံစည်တတ်သူ မဟုတ်။ ဤသို့ ကြောင့်ကြမှု ကင်း၍ ကာမဌ်သည်းကောင်း၊ ဘဝဌ်လည်းကောင်း တွယ်တာကပ်ငြိခြင်း မရှိသူကို မုနိဟူ၍ သိမှတ်လော့။"

## ၆၄။ ကပ္ပလုလင်၏ မေးခွန်းကို ဖြေခြင်း

"အရှင်ဘုရား၊ ဘေးအန္တရာယ်များလှသော သြဃလေးဖြာ သံသရာအလယ်၌ တည်လျက် အိုခြင်း၊ သေခြင်းတို့၏ နှိပ်စက်မှုကို ခံနေကြရသော သတ္တဝါတို့၏ မှီခိုအားထားရာ ကျွန်းကို ကျွန်ုပ်အား ဟောကြားပါလော့။"

"ကပ္ပ၊ ကြောင့်ကြမှု စွဲလမ်းမှုများကင်း၍ အိုခြင်း၊ သေခြင်းတို့ကုန်ရာ ဖြစ်သော နိဗ္ဗာန်ကို ထိုသတ္တဝါတို့၏ မှီခိုအားထားရာ ကျွန်းဟူ၍ ငါဆို၏။ ထိုနိဗ္ဗာန်ကို သိမြင်၍ မျက်မှောက်ဘဝ၌ပင် ငြိမ်းအေးပြီးသူတို့သည် မာရ်နတ်၏ အလိုသို့ မလိုက်ပါရတော့ချေ။"

## ၆၅။ ဇတုကဏ္ဏိ လုလင်၏ မေးခွန်းကို ဖြေခြင်း

"ဉာဏ်အမြင်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် ကျွန်ုပ်အား ငြိမ်းအေးရေးလမ်းစဉ်ကို ဟောကြားတော်မူပါလော့။ မွေးခြင်း၊ သေခြင်း၊ အိုခြင်း၊ နာခြင်းစသောဆင်းရဲကို စွန့်ပယ်နိုင်ရေး တရားကို ဟောကြားတော်မူပါလော။"

"ဇတုကဏ္ဏိ၊ သင်သည် ကာမဂုဏ်တို့မှ ထွက်မြောက်ခြင်းကို အေးချမ်းရာဟူ၍ ရှုမြင်ပြီး ကာမဂုဏ်တို့၌ မက်မောတွယ်တာမှုကို ပယ်ဖျောက်လေလော့။ တဏှာဒိဋ္ဌိတို့ဖြင့် စွဲယူထားသည့် ပယ်စွန့်သင့် ပယ်စွန့်ထိုက်သော ကြောင့်ကြမှုသည် သင့်အား မဖြစ်ပေါ်စေလင့်။

"ဇတုကဏ္ဏိ၊ သင်သည် ရှေးအတိတ်ကို အာရုံပြု၍ဖြစ်သော ပူပန်မှုကို ခြောက်ခန်းစေလော့။ နောင်အနာဂတ်၌လည်း ကြောင့်ကြမှု မဖြစ်ပေါ်စေလင့်။ ယခုပစ္စုပ္ပန်၌လည်း စွဲလမ်းခြင်း မပြုခဲ့သော် သင်သည် အေးချမ်းစွာ နေရပေလိမ့်မည်။

"ဇတုကဏ္ဏိ၊ နာမ်တရား၊ ရုပ်တရားအားလုံး၌ တပ်မက်ခြင်းကင်းသော ပုဂ္ဂိုလ်အား သေမင်း၏ အလိုသို့ လိုက်ပါကြောင်းဖြစ်သော အာသဝတို့ မရှိတော့ပေ။"

## ၆၆။ ဘဒြာဝုဓ လုလင်၏ မေးခွန်းကို ဖြေခြင်း

"ကောင်းသောပညာ ရှိတော်မူသော မြတ်စွာဘုရား၊ အရှင်၏ တရားစကားကို ကြားနာလိုကြသဖြင့် အင်္ဂ၊မဂဓအစရှိသော တိုင်းတို့မှ များစွာသော လူတို့သည် စုဝေးရောက်ရှိလာကြပါသည်။အရှင် သိမြင်အပ်သည့် မှန်ကန်သောတရားကိုထိုသူတို့အား ဟောကြားတော်မူပါလော့။"

"ဘဒြာဝုဓ၊ အတိတ်၌ ဖြစ်စေ၊ ပစ္စုပ္ပန်၌၊ အနာဂတ်တို့၌ ဖြစ်စေ စွဲလမ်းတပ်မက်မှု မှန်သမျှကို ပယ်ဖျောက် အပ်၏။ လောက၌ အကြင်အကြင် အာရုံကို စွဲလမ်း၏။ ထိုထိုအာရုံဖြင့် မာရ်နတ်သည် သတ္တဝါတို့သို့ အစဉ်လိုက်လေ၏။ ထို့ကြောင့် ပညာနှင့်ပြည့်စုံပြီး သတိစွဲမြဲမှုရှိသော ရဟန်းသည် သေခြင်းတရား၏တည်ရာ ခန္ဓာငါးပါး၌ ကပ်ငြိတတ်သော ဤသတ္တဝါ အပေါင်းကို စွဲယူတတ်သော သတ္တဝါတို့ဟူ၍ ရှုလျက် တလောကလုံး၌ တစုံတခုကိုမျှ စွဲလမ်းခြင်း မပြုသင့်ပေ။"

## ၆၇။ ဥဒယ လုလင်၏ မေးခွန်းကို ဖြေခြင်း

"အရှင်ဘုရား၊ တရားအားလုံးတို့၏ တဖက်ကမ်းသို့ ရောက်တော်မူသော မြတ်စွာဘုရားကို ပြဿနာမေးလိုသဖြင့် ကျွန်ုပ်လာပါသည်။ အဝိဇ္ဇာကို ဖျက်ဆီးတတ်သော ပညာဖြင့် လွတ်မြောက်မှုကို ဟောကြားတော်မူပါလော့။"

"ဥဒယ၊ ကာမဂုဏ်တို့၌ လိုလားနှစ်သက်မှုနှင့် နှလုံးမသာယာမှုကို ပယ်ခြင်း၊ ထိုင်းမှိုင်းတွေဝေမှုကို ဖျောက်ဖျက်ခြင်း၊ နောက်တတဖန်ပူပန်မှုကိုဖယ်ရှားခြင်းတို့ကို လျစ်လျူရှုမှုကြောင့်

ဖြစ်သော သတိ၏ စင်ကြယ်ခြင်းရှိသော တရားသဘောကို ကြံစည်ခြင်းလျှင် ရှေ့သွားရှိသော အဝိဇ္ဇာကိုဖျက်ဆီးတတ်သော ပညာဖြင့် လွတ်မြောက်မှုဟူ၍ ငါ ဆို၏။"

"အရှင်ဘုရား၊ လောကသည် အဘယ် သံယောဇဉ်နှောင်ကြိုးဖြင့် ဖွဲ့နှောင်နေပါသနည်း။ ထိုလောကကို သုံးသပ်ခြင်းကား အဘယ်ပါနည်း။ အဘယ်တရားကို စွန့်ပယ်ခြင်းဖြင့် နိဗ္ဗာန်ဟူ၍ ဆိုအပ်ပါသနည်း။"

"ဥဒယ၊ လောကသည် နှစ်သက်ခြင်းဟူသော သံယောဇဉ်နှောင်ကြိုးဖြင့် ဖွဲ့နှောင်မိနေ၏။ ထိုလောကကို သုံးသပ်ခြင်းကား ကြံစည်ခြင်း ဝိတက်ဖြစ်၏။ တပ်မက်မှုကို ပယ်ခြင်းဖြင့် နိဗ္ဗာန်ဟူ၍ ဆိုအပ်၏။"

"အရှင်ဘုရား၊ သတိနှင့်ယှဉ်လျက် မည်သို့နေသောသူအား ကုသိုလ်၊အကုသိုလ်ကံနှင့်တကွဖြစ်သော ဝိညာဏ်သည် ချုပ်ပါသနည်း။"

"ဥဒယ၊ ကိုယ်တွင်း၌ လည်းကောင်း၊ ကိုယ်ပ၌လည်းကောင်း ခံစားမှုဝေဒနာကို နှစ်သက်မြတ်နိုးခြင်း မပြုပဲ သတိနှင့် ယှဉ်လျက်နေသောသူအား ကုသိုလ်၊ အကုသိုလ်ကံနှင့် တကွသော ဝိညာဏ်သည် ချုပ်၏။"

## ၆၈။ ပေါသာလလုလင်၏ မေးခွန်းကိုဖြေခြင်း

"သာကီနွယ်ဖွား မြတ်စွာဘုရား၊ ရုပ်အမှတ်သညာကို လွန်မြောက်၍ ရုပ်ကာယအားလုံးကို ပယ်ခွာထားပြီး အတွင်းသန္တာန်၌ လည်းကောင်း၊ အပြင်သဏ္ဌာန်၌ လည်းကောင်း

ဘာမျှမရှိဟု ရှုသောပုဂ္ဂိုလ်၏ဉာဏ်ကို ကျွန်ုပ် မေးလျှောက်ပါ၏။ ထိုကဲ့သို့သောပုဂ္ဂိုလ်ကို မည်ကဲ့သို့ သိအပ်ပါသနည်း။"

"ပေါသာလ၊ ဝိညာဏ်၏တည်ရာအားလုံးကို သိမြင်သော မြတ်စွာဘုရားသည် ကံ၏စွမ်းအားဖြင့်တည်၍ အာကိဉ္စညာယတနစျာန်၌ တိမ်းညွတ်ကိုင်းရှိုင်းသော ထိုပုဂ္ဂိုလ်ကို သိမြင်တော်မူ၏။

"ပေါသာလ၊ ထိုပုဂ္ဂိုလ်သည် ကိဉ္စညာယတနဘုံ၌ဖြစ်သော ကံကို 'ပလိဗောဓ' ဟူ၍လည်းကောင်း၊နှစ်သက်မှုကို 'သံယောဇဉ်'ဟူ၍လည်းကောင်း သိမြင်၍ ထိုစျာန်မှထသော် ထိုစျာန်၌ အနိစ္စ စသောအားဖြင့် ရှု၏။ အကျင့်မြတ်ကို ကျင့်သုံးပြီးသော ထိုရဟန္တာပုဂ္ဂိုလ်၏ဉာဏ်သည် မဖောက်မပြန် မှန်ကန်လှပေ၏။"

## ၆၉။ မောဃရာဇလုလင်၏ မေးခွန်းကို ဖြေခြင်း

"သာကီနွယ်ဖွား မြတ်စွာဘုရား၊ လောကကို အဘယ်သို့ ရှုသူကို သေမင်းသည် မမြင်နိုင်ပါသနည်း။"

"မောဃရာဇ၊ အခါခပ်သိမ်း သတိနှင့်ယှဉ်လျက် မိမိကိုယ်၌ စွဲလမ်းမှု'အတ္တဒိဋ္ဌိ'ကို နုတ်ပယ်ပြီး လောကကို ဆိတ်သုဉ်းသော အားဖြင့် ရှုလော့။ ဤသို့ လောကကို ရှုသူကို သေမင်းသည် မမြင်နိုင်ပေ။"

## ၇၀ ။ပိင်္ဂိယလုလင်၏မေးခွန်းကို ဖြေခြင်း

"အရှင်ဘုရား၊ ကျွန်ုပ်သည် အိုမင်း၍ အားနည်းလှပါပြီ။ ရုပ်အဆင်း ပျက်ပြား၍ မျက်စိ၊နားများလည်း မကောင်းတော့ပါ။ အရှင်၏တရားကို မကြားနာရမီ တွေဝေစွာဖြင့် မသေလို

ပါ။ ဤနေရာ၌ပင် မွေးခြင်း၊ အိုခြင်း ကင်းရေးတရားကို ဟောကြားတော်မူပါလော့။”

“ပိင်္ဂိယ၊ မေ့မေ့လျော့လျော့ နေသူတို့သည် ရုပ်ကြောင့် ဆင်းရဲပင်ပန်းနေသူတို့ကို မြင်လျှင် ရုပ်ကြောင့်ပင် ဖောက်ပြန်ခြင်းသို့ ရောက်ကြကုန်၏။ ထို့ကြောင့် သင်သည် မမေ့မလျော့ နေထိုင်ကာ တဖန် ဘဝသစ်၌ မဖြစ်ရန် ရုပ်ကို စွန့်ပယ်လေလော့။”

“အရှင်ဘုရား၊ လောကဝယ် အရပ်ဆယ်မျက်နှာတို့၌ အရှင်မြတ် မမြင်မကြား၊ မသိအပ်သော တရားသည် တစုံတခုမျှ မရှိပါ။ ထို့ကြောင့် အရှင်မြတ်သည် ကျွန်ုပ်အား မွေးခြင်း၊ အိုခြင်းကင်းရေး တရားကို ဟောကြားတော်မူပါလော့။”

“ပိင်္ဂိယ၊ တဏှာဖိစီး၍ ပူပန်မှု ဖြစ်ပွားကာ အိုခြင်း၏ နှိပ်စက်မှုကို ခံနေရသော သတ္တဝါတို့ကို သင် တွေ့မြင်နေရ၏။ ထို့ကြောင့် သင်သည် မမေ့မလျော့ နေထိုင်လျက် တဖန် ဘဝသစ်၌ မဖြစ်ရန် တဏှာကို စွန့်ပယ်လေလော့။”

## ရသေ့(၁၆)ဦး တရားထူးရခြင်း

ရသေ့လုလင် (၁၆)ဦး၏ မေးခွန်းများကို ဗုဒ္ဓမြတ်စွာက ဖြေကြားလိုက်သောအခါ အဇိတအစရှိသော ရသေ့(၁၅)ဦးတို့သည် မိမိတို့မေးခွန်း၏အဆုံးတွင် အသီးသီး အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားကြသည်။ ပိင်္ဂိယရသေ့ကား မိမိ၏ဆရာလည်းဖြစ်၊ ဦးရီးတော်လည်းဖြစ်သော ဗာဝရီရသေ့ကြီးသံ စိတ်ရောက်နေသည့်အတွက် အနာဂါမိဖိုလ်မျှကိုသာ ရရှိသည်။

ဤသို့တရားထူးကို ရရှိသည်နှင့် တပြိုင်နက်မှာပင် နောက်ပါ ပရိသတ်များစွာတို့နှင့်အတူ ထိုရသေ့(၁၆)ဦးတို့သည်တန်ခိုးဖြင့် ပြီးသော သပိတ်သင်္ကန်းကို ဆောင်ကာ 'ဟေဟိဘိက္ခု' ရဟန်း အဖြစ်သို့ ရောက်သွားကြလေသည်။

**ဗာဝရီရသေ့ကြီးလည်း တရားရ**

ထိုအခါ ရှင်ပိင်္ဂိယသည် ဗုဒ္ဓမြတ်စွာထံ ခွင့်ပန်ပြီး ဆရာဖြစ် သောဗာဝရီရသေ့ကြီးထံပြန်သွားကာ ဗုဒ္ဓမြတ်စွာ၏အကြောင်း များကို ပြောကြား၏။ မိမိကြားနာခဲ့ရသော တရားကိုလည်း ထပ်ဆင့် ဟောကြားလေ၏။ ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည်၌ တည်နေတော်မူလျက်ပင် ဗာဝရီနှင့် ပိင်္ဂိယ တို့ထံ ရောင်ခြည်တော်ကိုလွှတ်ကာ လျောက်ပတ်သောတရားကို ဟောကြားတော်မူ၏။ ထိုတရားအဆုံးတွင် ရှင်ပိင်္ဂိယသည် အရဟတ္တဖိုလ်သို့လည်းကောင်း၊ ဗာဝရီ ရသေ့ကြီးသည် အနာ ဂါမိဖိုလ်သို့လည်းကောင်း ဆိုက်ရောက်လေ၏။

**ပါရာယနအမည်တွင်**

ရသေ့(၁၆)ဦးတို့က မေးလျှောက်၍ ဗုဒ္ဓမြတ်စွာက ဖြေ ကြားခဲ့သော ဤတရား (၁၆)ပုဒ်တို့တွင် တစ်ပုဒ်ပုဒ်သော တရား၏ အနက်အဓိပ္ပာယ်ကို သိမြင်၍ ထိုတရားနှင့်လျော် ညီစွာ ကျင့်ကြံအားထုတ်သောပုဂ္ဂိုလ်သည် အိုခြင်း၊သေခြင်း၏ ကမ်းတဖက်ဖြစ်သောနိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်၏။ ဤသို့ နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်သို့ ရောက်စေနိုင်သောအကြောင်း ပင် ဤတရားများသည် 'ပါရာယန'ဟု အမည်တွင်ခဲ့လေသည်။

ဝင်းပေါ်ဦး စာပေဖြန့်ချိရေး • ရန်ကုန်